တိုးတက်သော ဆိုရှယ်လစ်စနစ်

THE ADVANCED SOCIALISM

ပထမခေါင်းဆောင်
သွင်မာင်

တိုးတက်သော ဆိုရှယ်လစ်စနစ်

ပထစခေါင်းဆောင်–သခင်တင်

ဗ၊တ၊လ၊စ ပုံနှိပ်တိုက်။ အမှတ် ၃၉၇ ပြည်လမ်း။ရန်ကုန်မြို့တွင်ရိုက်နှိပ်၍၊
ပေါ်ပြူလာစာပေ အတွက် ဦးအုန်းမြင့်
မှတ်ပုံတင်အမှတ် (၀၃၉၈) ကထုတ်ဝေသည်၊

ပြည်လုံးကျွတ် ဖြန့်ချိရေးကိုယ်စားလည်
ပင်းယတိုက်
အမှတ် ၂၈၉–ဘားလမ်း၊ ရန်ကုန်မြို့၊
တယ်လီဖုံး (၁၃၃၅၄)

ပ.ထ.စ ခေါင်းဆောင်–သခင်တင်



အမျိုးသားခေါင်းဆောင်ကြီး- ဦးနု

ထုတ်ဝေသူ၏

အမှာ

သခင်တင်သည်– မြို့ပြဘက်ဆိုင်ရာ အရာရှိကြီးတဦး၏သား ဖြစ်သော်လည်း မိဘများ အကြောင်းမသင့်ကြသဖြင့် ငယ်ရွယ်စဉ်က ကျေးရွာတခုတွင် မူလတန်း ပညာကို ၁၁ ဆည်းပူးခွင့် ရခဲ့ပါသည်။

မူလတန်းပညာကုန်ဆုံးပြီးနောက် ကျောင်းမှထွက်၍ အလွန်ဆင်းရဲ ပင်ပန်းနေသော (တောသားကလေး) သခင်တင်အား သူ၏ဖခင်က မြို့သို့ ခေါ်ယူလျက် ပညာကို ဆက်လက် သင်စေသော်လည်း မိထွေး၏ညှဉ်းပန်းမှုကို မခံနိုင်သဖြင့် အလယ်တန်းပညာမျှဖြင့် ကျောင်းမှထွက်ရ၍ ရွာသို့ပြန်လည်ရောက်ရှိခါ ကျွန်သွားကျောင်းခြင်း ကျေးရွာဓလေ့ဖြစ်သော အင်းလုပ်ငန်းနှင့် အခြားလယ်ယာကိုင်းကျွန်း လုပ်ငန်းများကို ပင်ပန်းကြီးစွာဖြင့် လုပ်ကိုင်ရင်း ကြီးပြင်းလာသူဖြစ်ပါသည်။

အလယ်အလပ်တန်းစား မြေပိုင်ရှင်ကြီးတဦးနှင့် ဒုတိယ အိမ်ထောင်ပြု၍သွားသော သခင်တင်၏ မိခင်သည် အိမ်ထောင်သစ်၌ စီးပွားရေးတွင် ဩဇာခရှိသော်လည်း အလွန်ဆင်းရဲ ပင်ပန်းနေသော သခင်တင်အားအရင်းအနှီး ငွေ ၅၀၀–ကို ထုတ်ပေးသဖြင့် သခင်တင်သည် မြစ်ဝ ကျွန်းပေါ်ဒေသ တလျှောက်၌ အထည်ထုတ်ကို ထမ်း၍ ရောင်းချရသော အထည်သည်ကလေးဘဝသို့ ကူးပြောင်းခဲ့ပြန်သည်။

တနေ့သောအခါတွင် အထည်သည် သခင်တင်၏ ကုန်ပစ္စည်းအားလုံးကို သူခိုးခိုးယူခြင်းကို ခံလိုက်ရသဖြင့် သခင်တင်မှာ အလွန်အမင်း စိတ်ပျက်ဝမ်းနည်းနေစဉ် ၎င်း၏ဆွေမျိုးသားချင်းအချို့ကလည်း အထင်အမြင်သေး၍ နှိမ့်ချဆက်ဆံလာသည်ကို ခံစားနေရပြန်သဖြင့် (အလုပ်လက်မဲ့–ပစ္စည်းမဲ့ ဖြစ်နေသော သခင်တင်သည် ရက်ခြင်း၊မခံချင်ခြင်း အစရှိသောစိတ်များ ဖြစ်ပေါ်လာပြီး ကာလအတန်ကြာမျှ အဆက်ပြတ်ခဲ့ရသော ပညာကိုဆက်လက်

သင်ကြားရန် ၎င်း၏ စိတ်ကို ဆုံးဖြတ်၍ မိခင်အား တိုးလျှိုးတောင်းပန် ခဲ့လေသည်။

သခင်တင်၏ ပထွေးမြေပိုင်ရှင်သည် သခင်တင်အား ပညာကို ဆက်လက်သင်ကြားပေးသော်လည်း သခင်တင်မှာ မြေပိုင်ရှင်၏ လုပ်ငန်းများကို အားလုံး သိမ်းကျုံး လုပ်ကိုင်ပေးရခြင်းအားဖြင့် အရာရှိကြီးတဦးက အခေါ်တော်-အချော့တော် များနှင့် မွေးခဲ့သော သခင်တင်မှာ ကျဲကျောင်းသား နွားကျောင်းသား ကလေးဘဝ၌ရှင်း၊ ကျေးရွာသား လက်လုပ်လက်စားဆင်းရဲသားဘဝ၌ရှင်း အထည်အထုပ်ကို ထမ်း၍ ရောင်းသူ အထည်သည်ကလေးဘဝ၌ရှင်း မြေပိုင်ရှင်တဦး၏ဘဏ ဗဟုသုတကိုင်ရှင်း ကိုယ်တွေ့ လေ့လာ လုပ်ဆောင် ခဲ့ရသူ တဦးဖြစ်ပါသည်။

၁၉၀၃-ခုနှစ်တွင် မြန်မာပြည်အလယ်ပိုင်း ပျော်ဘွယ်မြို့၌ မွေးဖွားခဲ့သော သခင်တင်သည် အင်္ဂလိပ်-မြန်မာ အထက်တန်းပညာကို ဆက်လက်သီးပွဲပြီးနောက် ရန်ကုန်မြို့တွင် စာရေးကလေး ဖြစ်လာပြီး ဥပဒေပညာကို ဆက်လက်သင်ကြားလျက် ၁၉၂၇-ခုနှစ်တွင် သာယာဝတီ ခရိုင်၌ ရှေ့နေ တဦးဖြစ်၍ ကာပါသည်။

၁၉၃၁-၃၂ ခုနှစ်များတွင် မြန်မာပြည်၏ သမိုင်း၌ အလွန် ထင်ရှားကျော်ကြားခဲ့သော သာယာဝတီ ဆရာစံ၏ သူပုန်မှုများ၌ သခင်တင်သည် သူပုန်များဘက်မှ ရှေ့နေလိုက်ပြီး ၁၉၃၅-ခုနှစ်တွင် မြန်မာပြည်၌ အလွန်တရာတက်တက်ကြွကြွရှိသော ဒို့ဗမာ အစည်းအရုံး (သခင်အဖွဲ့)သို့ ဝင်ရောက်ပြီး အမျိုးသား ခေါင်းဆောင်ကြီး သခင်မြ-သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) သခင်နု (ဝန်ကြီးချုပ်ဦးနု) အစရှိသူများနှင့် တွဲဖက်၍ နိုင်ငံရေးကို ဆောင်ရွက်ခဲ့လေသည်။

၁၉၄၁-ခုနှစ်တွင် သခင်တင်သည် (မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး)၏ ဥက္ကဋ္ဌဖြစ်လာပြီး ဗြိတိသျှကိုလိုနီစံနစ်ကိုရှင်း၊ ဂျပန်ဖက်ဆစ်စံနစ်ကိုရှင်း ဗိုလ်ချုပ်အောင်ဆန်း သခင်မြ၊ သခင်နုနှင့် အခြားတော်လှန်ရေး ခေါင်းဆောင်များနှင့်အတူ တွဲဖက်တော်လှန်ခဲ့သူ တဦး ဖြစ်ပါသည်။

သခင်တင်သည် ၁၉၄၇-ခုနှစ်၌ အစိုးရအဖွဲ့တွင် ဝန်ကြီးတဦး ဖြစ်လာပြီး မြန်မာနိုင်ငံ၏ အကြီးဆုံးစီးပွါးရေးလုပ်ငန်းကြီးများဖြစ်သော ဆန်-စပါးနှင့် သစ်ရောင်းဝယ်ရေးလုပ်ငန်းတို့ကို ပြည်သူပိုင်လုပ်ခြင်း၊ လယ်ယာများကို

ပြည်သူပိုင်လုပ်၍ တောင်သူလယ်သမားများအား အခမဲ့ ဝေငှပေးခြင်း၊ ကိုလိုနီခေတ်၏ ဗျူရိုကရေစီ အုပ်ချုပ်ရေး ယန္တရားကို ပယ်ဖျက်၍ ဒီမိုကရေစီ အုပ်ချုပ်ရေးစံနစ်ကို တတ်ဆင်ရန် စီမံဆောင်ရွက်ခြင်း အစရှိသည့် တော်လှန်ပြောင်းလဲမှုများကို လုပ်ကိုင်ခဲ့ပြီး ၁၉၅၂ - ခုနှစ်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သော အာရှ ဆိုရှယ်လစ် ကွန်ဖရင့်တွင် စီးပွါးရေးဆိုင်ရာကော်မီတီ၏ချယ်ယာမင်အဖြစ် ဆောင်ရွက်ခဲ့၍ ၁၉၅၇-ခုနှစ်တွင်ဒုတိယဝန်ကြီးချုပ် အဖြစ်ဆောင်ရွက်ခဲ့ပါသည်။

၁၉၆၀-ခုနှစ်တွင် ဦးနု၏ပြည်ထောင်စုအဖွဲ့ အစိုးရတွင် ဘဏ္ဍာရေးနှင့် အမျိုးသားစီမံကိန်းဌာနဝန်ကြီး ဖြစ်လာလျက် အဖွဲ့ဝင်ပေါင်း (ရှစ်သိန်း) ကျော်ရှိ၍ မြန်မာပြည်တွင် အင်အားအကြီးဆုံးဖြစ်သော ပြည်ထောင်စုအဖွဲ့တွင်ခေါင်းဆောင်(Supreme leader)ဖြစ်လာပြီး ၁၉၆၂-ခု မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီ၏ အာဏာ သိမ်းပိုက်ရာ၌ ဝန်ကြီးချုပ်ဦးနုနှင့်အတူ အထိန်းသိမ်းခံရစဉ် ဤစာအုပ်ကို ရေးသားခဲ့ခြင်းဖြစ်ပါသည်။

စာဖတ်သူမိတ်ဆွေအား သခင်တင်နှင့် ထိုမျှလောက် မိတ်ဆက်ပေးခြင်းအားဖြင့် သခင်တင်၏ အတွေးအခေါ်အယူအဆများသည် သဘာဝကျရုံမျှမက တော်လှန်သည့် အတွေးအခေါ်အယူအဆများလည်း ဖြစ်နေခြင်းမှာ အထူးအံ့ဩစရာမရှိသည်ကို စာဖတ်သူမိတ်ဆွေကိုယ်တိုင် တွေ့ရှိပါလိမ့်မည်။

ဒုန်းမြင့်

ထုတ်ဝေသူ။

၁၉၆၃–ခု၊ ဩဂုတ်လ ၂–ရက်နေ့သတင်းစာအစည်းအဝေး၌ပြောကြားသော

ပထစခေါင်းဆောင် သခင်တင်၏

နိဒါန်းစကား။

ပြည်ထောင်စုမြန်မာနိုင်ငံက ရင်ဆိုင်နေရသော ပြဿနာကြီးများမှာ (၁) အမျိုးသားစည်းလုံးရေး။ (၂) ငြိမ်းချမ်းရေး။ (၃) ဒီမိုကရေစီရေး– (၄) ဆိုရှယ်လစ်အရေးများဖြစ်ပါကြောင်း။

ဩဂုတ်လ ၁၁–ရက် နေ့တွင် ပြုလုပ်ခဲ့တဲ့ သတင်းစာ ရှင်းလင်းပွဲ၌ (၁) အမျိုးသားစည်းလုံးရေးရှိမှု။ (၂) ငြိမ်းချမ်းရေး ဖြစ်ပေါ်လာနိုင်ပုံကို ကျွန်တော် ရှင်းလင်း ပြောကြားပြီးဖြစ်ပါကြောင်း။

ထိုကဲ့သို့ ရှင်းလင်းပြောကြားရာ၌(ပထစ)အစိုးရလက်ထက်တွင် အမျိုးသားစည်းလုံးရေးအတွက် နိုင်ငံရေးအဖွဲ့အသီးသီးအား အစိုးရအဖွဲ့ အဆင့်မှစ၍ ခရိုင်၊ မြို့နယ်၊ ကျေးရွာ အခြေခံအထိ ပူးပေါင်းလုပ်ဆောင်သော နည်းလမ်းများကို လက်တွေ့ကျင့်သုံးခဲ့ပုံကို ကျွန်တော်ပြောကြားခဲ့ပြီးဖြစ်ပါသည်။

ပြည်ထောင်စု အတွင်းတွင် အချင်းချင်း မပြေ မလည် ဖြစ်နေခဲ့သော လူမျိုးစု ပြဿနာများကိုလည်း တွေ့ဆုံဆွေးနွေးပွဲကျင်းပပေးခြင်းဖြင့် ပြေလည်မှုကို ရှာဖွေနေစဉ် အဖမ်းခံကြရသည်များကိုလည်း ပြောကြားခဲ့ပြီးပါပြီ။

ထိုစဉ်က မြေအောက်အင်အားစုများကိုလည်း ဖိတ်ခေါ်၍ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အမျိုးသားစည်းလုံးရေးကို ရယူရန် လမ်းစဉ်များကို ကြေငြာပြီးဖြစ်သည်ကိုလည်း ပြောကြားခဲ့ပြီးဖြစ်ပါသည်။

နောက်တဆင့် ကျွန်တော်တို့၏ လမ်းစဉ် အရ မြေပေါ် မြေအောက် နိုင်ငံရေးအဖွဲ့များနှင့် လူမျိုးစုများစသည်ဖြင့် တမျိုးသားလုံး၏ စည်းလုံးရေးအတွက် တမျိုးသားလုံး၏ နီးနှောဖလှယ်ပွဲကြီး ကျင်းပ၍ တမျိုးသားလုံး၏ ပြန်လည်စည်းလုံးရေးဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရန်(ပထစ)၏ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများကို ပြောကြားပြီးနောက် ယခု ဗိုလ်ချုပ်ကြီးနေဝင်း၏ အစိုးရက ဆောင်ရွက်နေသော ပြည်တွင်းငြိမ်းချမ်းရေး လမ်းစဉ်တွင် လိုအပ်နေသေးသည်ဟု ကျွန်တော်တို့အဖွဲ့မှ ယူဆသည့်အကြံဉာဏ်များကိုလည်း စေတနာရိုးဖြင့် တင်ပြခဲ့ပြီးပါပြီ။

ထိုသို့တင်ပြရာ၌ ယခု ဗိုလ်ချုပ်ကြီးအစိုးရဦးဆောင်၍ လုံးပမ်းနေသော ပြည်တွင်း ငြိမ်းချမ်းရေး လမ်းစဉ် များမှာ ဦးနု ကိုယ်တိုင် ခေါင်းဆောင်၍ ဆောင်ရွက်ခဲ့သည်များနှင့် မူအားဖြင့် တူညီ နေသည် ဖြစ်သော ကြောင့်၎င်း၊ ဦးနုနှင့်တကွ အခြား ဖမ်းဆီးခြင်းခံနေကြရသော ခေါင်းဆောင် များသည် အမျိုးသားစည်းလုံးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများအတွက် အလွန်ကြီးမားသည့် အထောက်အကူကို ပေးစွမ်းနိုင်သူများ ဖြစ်ခြင်းကြောင့်၎င်း၊ ထိုပုဂ္ဂိုလ်များအား အမြန်ဆုံး လွတ်သင့်သည်ဆိုခြင်းကို၎င်း၊ ကျွန်တော်ပြောခဲ့ပြီးဖြစ်ပါသည်။

ယနေ့ ဆက်လက်ပြီးပြောကြားလိုသည်မှာ (၁) အမျိုးသား စည်းလုံးရေး၊ (၂) ငြိမ်းချမ်းရေး၊ (၃) ဒီမိုကရေစီရေးနှင့်၊ (၄) ဆိုရှယ်လစ်အရေးများမှာ ဂွင်းဆက်လုပ်ငန်းများဖြစ်သည့်အပြင် တခုနှင့်တခုလည်း အမှီသဟဲပြုနေသော လုပ်ငန်းများ ဖြစ်သောကြောင့် ကျန်ရှိနေသေးသော ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်အရေးများကို သတင်းစာများမှတဆင့် ပြည်သူလူထုအား တင်ပြဆွေးနွေးမည်ဖြစ်ပါသည်။

'ယခုကဲ့သို့ ကြိုးပမ်း ရခြင်းမှာ ထိုအရေးအခင်း များမှာ ပုဂ္ဂိုလ်တဦး၊ လူပါစု၊ အဖွဲ့တဖွဲ့၏ အရေးအခင်းများမဟုတ်ဘဲ ပြည်သူလူထုကြီးတရပ်လုံးနှင့် လူလောကတရပ်လုံးကို ဆက်စပ်နေသော အရေးအခင်းများဖြစ်သောကြောင့် ဖြစ်ပါသည်။

ထိုမျှကျယ်ပြော နက်နဲသိမ်မွေ့သော ပြဿနာရပ်များကို တင်ပြရာ၌ ကျွန်တော်တို့၏ အယူအဆနှင့် ဝါဒလမ်းစဉ်များမှာ အပြီးပြည့်စုံပြီဟု မဆိုလိုပါ။ (အခြြည့်ခံ)သဘော အခြေခံ မူများကိုသာတင်ပြနိုင်ပါသည်။

ယခုဝေငှမည့် စာတမ်းတွင် လူ့လောက၏ ပြဿနာရပ်များကို သုံးသပ်ပုံ သုံးသပ်နည်း၊ ကမ္ဘာ့ သမိုင်းကို သုံးသပ်ပုံ သုံးသပ် နည်း များနှင့် အချက်အချို့ တွင် လက်ဝဲလက်ျာသမိုင်းဆရာများနှင့် ကျွန်တော်တို့အယူအဆ ကွဲလွဲချက်များကို တွေ့ကြရပါလိမ့်မည်။ ထိုကဲ့သို့ အယူအဆကွဲလွဲသည့်အချက်များတွင် ကျွန်တော်တို့၏ယူဆချက်များ မှန်ကန်ကြောင်းကို သမိုင်းဖြစ်စဉ်နှင့်၎င်း၊ မာ(ခ်)(စ်)နှင့် အိမ်ဂျယ်(လ်)တို့၏ စာပေများကို ကိုးကားချ၍၎င်း၊ သရုပ်ပြထားခြင်းများကိုလည်း တွေ့ရပါလိမ့်မည်။

ဒီမိုကရေစီရေးနှင့် ပတ်သက်၍လည်း လက်ဝဲ၊ လက်ျာ ရှုဒေါင့် အမြင်များကို သိပ္ပံနည်းကျ သုံးသပ်ဝေဖန်ချက်များနှင့် ကျွန်တော်တို့၏အယူအဆကို

အလောက်အထားများနှင့် ရှင်းရှင်း လင်းလင်း ဖော်ပြထားခြင်းများ ပါရှိပါသည်။

ဆိုရှယ်လစ်အရေးတွင်လည်း အထက်ပါနည်းအတိုင်းပင်ဖြစ်၍ ကမ္ဘာ့ဆိုရှယ်လစ်နိုင်ငံအသီးသီး၏ လုပ်ဟန်၊ ကိုင်ဟန်နှင့် ကျွန်တော်တို့ နိုင်ငံ၏လက်ရှိအခြေအနေနှင့်ဟတ်၍ လမ်းစဉ်များကို သုံးသပ်ဖော်ထုတ်ထားသည်ကိုလည်း တွေ့ရပါလိမ့်မည်။

ထို့ပြင် မာ့(ခ်)(စ်) သဘောတရားကို သိပ္ပံနည်းကျ ဝေဖန် သုံးသပ်ထားသည့် ဦးနု၏အယူအဆများကိုလည်း နောက်ဆက်တွဲအဖြစ် ပူးတွဲဖော်ပြထားပါသည်။

ကျွန်တော်တို့ (ပထစ)အဖွဲ့ချုပ်မှ ယခုကဲ့သို့ကြိုးပမ်းဆောင်ရွက်ရခြင်းမှာ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်အရေးများကို စာတွေ့၊ လက်တွေ့ ကျင့်သုံးရာ၌ မှန်ကန်ခြင်းမရှိလျှင် ကျွန်တော်တို့ တမျိုးသားလုံးမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တော်လှန်မှုခရီးတလျှောက်တွင် ရှေ့သို့မရောက်ဘဲ နောက်သို့ ဂျွန်းပြန်ဇောက်ထိုးကျနိုင်ခြင်းကြောင့် ထိုဘေးအန္တရာယ်များမှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။

ထို့ကြောင့် ယနေ့ကြွရောက်လာကြသော သတင်းစာ ဆရာများအား ကျွန်တော် တို့က အလေးအနက် မေတ္တာရပ်ခံ လိုသည်မှာ ယခုကျွန်တော်တို့ တမျိုးသားလုံးရင်ဆိုင်နေကြရသည့် အရေး အခင်း များကို ငြိမ်းချမ်းမှန်ကန်စွာ ဖြေရှင်းနိုင်ရေးအတွက် ယခုဝေသည့် စာတမ်းကို အဖြတ်အတောက်မရှိဘဲ ပြည်သူလူထုအားငှင်း၊ ကမ္ဘာ့ နိုင်ငံ တကာအားရင်း၊ တင်ပြ ပေးရန်ဖြစ်ပါသည်။

ပြည်ထောင်စု စည်းလုံးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်အရေးများအောင်ပါစေ။

ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်အရေးများ အောင်ပါစေ။

သခင်တင်။

(ခေါင်းဆောင်)

ပြည်ထောင်စုအဖွဲ့ချုပ်။

ရဲဘော်တို့

ပြည်ထောင်စု မြန်မာသမတနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဝါဒလမ်းစဉ်များနှင့်ပါတ်သက်၍ ယခုတလောတွင် အမျိုးမျိုးအဖုံဖုံတွေးတောဝေဖန် ဆွေးနွေးငြင်းခုံနေကြသည်ကို တွေ့ရပါသည်။ စင်စစ်အားဖြင့် ဤဖြစ်ရပ်များမှာ အဆန်းတကျယ်ကိစ္စများမဟုတ်ကြပါ။ ကမ္ဘာ့သမိုင်းကိုကြည့်လျှင် လူသားများသည် နိုင်ငံရေးအရ သော်၎င်း၊ စီးပွားရေး အရသော်၎င်း၊ လူမှုရေးအရသော်၎င်း အမြင်ချင်း ဝိဝါဒကွဲလွဲမှုများဖြစ်ပေါ်လာသည့်အချိန်မျိုး၌ ယခုကဲ့သို့ပင် ဆွေးနွေးတွေးတောဝေဖန် ငြင်းခုံကြလျက် နည်းမှန် လမ်းမှန်ကို ရှာကြံကြစမြဲဖြစ်ပါသည်။

ငါတို့အတွက်မှာမူကား ကိုလိုနီတော်လှန်ရေးကို အောင်မြင်စွာ ဆင်နွှဲခဲ့ပြီးနောက် ပြည်ထောင်စုမြန်မာသမတနိုင်ငံကို ၁၉၄၈-ခုနှစ်တွင် စတင်တည်ထောင်စဉ်ကပင်လျှင် ဆိုရှယ်လစ် တော်လှန်ရေး စခန်းသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်ကြောင်း၊ ပြည်သူလူထုက သန္နိဋ္ဌာန်ချမှတ်လျက် ကမ္ဘာသို့ အတိအလင်း ကြေငြာ၍ ဆိုရှယ်လစ်ပန်းတိုင်သို့ ချီတက်နေဆဲ ဖြစ်သည့်အားလျော်စွာ မိမိတို့၏ ဝါဒလမ်းစဉ်များကို အခါအားလျော်စွာ ထပ်မံသုံးသပ်၍ တိကျပြတ်သားလာအောင် ဆက်လက်ရှုပ်လုံးဖော်ရန်သာ လိုသည်ဟု ယူဆပါသည်။

ထိုကဲ့သို့ရုပ်လုံးဖော်သည်ဆိုရာ၌ လူပေါ်ကာစ ခေတ်မှစ၍ ဖြစ်ပေါ်ပြောင်းလည်းခဲ့သော လူ့အဆောက်အအုံ အသီးသီးနှင့် ၁၉-ရာစုခေတ်တွင် မာ့(ခ်)၊ စ)နှင့် အိန်ဂျယ်(လ်)တို့ ပြုစုပျိုးထောင်ခဲ့သော ဝါဒလမ်းစဉ်များ၏ အနှစ်သာရများအပြင် ၂၀ ရာစု ခေတ်တွင် သိပ္ပံပညာ တိုးတက်မှုများကိုပါ၊ ငါတို့ပြည်ထောင်စု၏ အခြေအနေအရပ်ရပ်နှင့် စပ်ဟပ်ဝေဖန် ဆုံးသတ်လျက်

အောက်ပါဝါဒ လမ်းစဉ် သုံးသပ်ချက်များကို အကျဉ်းချုံး၍ တင်ပြ လိုက်ပါသည်။

နိုင်ငံတနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဝါဒလမ်းစဉ် ဆိုသည်မှာ ယနေ့ခေတ် မနက်ဖြန်ရေးပြီး သဘက်ခါ ရုပ်လုံးပေါ်၍ရသော ကိစ္စများ မဟုတ်ကြပါ။ ဤကဲ့သို့ဆိုလိုက်ခြင်းကြောင့် မိုင်တရာခန့်ပတ်ဝန်းကျင်၏ အပြင်လောကတွင် ဖြစ်ပျက်ခဲ့သော ကိစ္စတရပ်၏ အကြောင်းကို သုံးနှစ်သုံးမိုးကြာမှ သိရသောခေတ်၏ အတွေးအခေါ် အယူအဆထုံးတမ်းနည်းနာ နိဿယများကို မပြောင်းမလည်းဘဲ စွဲမြဲကြည်တန့်စေရမည်ဟု မဆိုလိုပါ။ သို့ရာတွင် ရှေးခေတ် အဆက်ဆက်မှ ဖြစ်စဉ်အရပ်ရပ်တို့ကို လုံးဝပြစ်ပစ်ခြင်းကိုလည်း အခါခပ်သိမ်း မပြုစေလိုပါ။

ဥပမာအားဖြင့် လူပေါ်ကာစခေတ်တွင် လူသားတို့၌ ရုတ်စိတ်ပေါ်ခဲ့သည်မှစ၍ မတော်ရာ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ဖုံးကွယ်ရန် သစ်ရွက်၊ ထစ်ခက်၊ သားရေများကို အဆင့်ဆင့်အသုံးပြုခဲ့သည်မှ အစပြုပြီး ယခုခေတ်တွင် အထက်တန်းဆာ အမျိုးမျိုးပေါ်ထွက်လာသည်အထိ ပြောင်းလည်းလာခြင်းတွင် သစ်ရွက်၊ သစ်ခက်ဖြင့် အရှက်ကို ဖုံးလွှမ်းခြင်းအား လူသားတို့က စွန့်လွှတ်ပြစ်ပယ်လိုက်ပြီးဖြစ်သော်လည်း လူဘို့၌ အစတတ်ဆာ ပတ်သင်ကြခြင်း၏ အကြောင်းရင်းမူ အဖြစ်နှင့်မကင်း တည်ရှိ၍နေပေသည်။ ထိုနည်းရင်းမင် ရေတွင်ပေါ်၍ မျောခဲ့သော သစ်တုံးအသည် သဘောယာဉ် ပို့ဆောင် ရာ၌ အသုံးတည့်ခြင်းကို အကြောင်းပြုလျက် ယခုခေတ် ရေယာဉ်အမျိုးမျိုး ပေါ်ပေါက်လာရခြင်းမှာ ငါတို့ခေတ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဝါဒလမ်းစဉ်များကို တွေးတောကြံဆသတ်မှတ်ရာ၌ အဓိကမှီးငြမ်းပြုအပ်သော သာဓကများဖြစ်ကြပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးသမိုင်းကို လေ့လာခဲ့လျှင် အကြမ်းအားဖြင့် ခေတ်ကြီး (၄) ပိုင်းကို ထင်ရှားစွာ တွေ့နိုင်ပါသည်။ ၎င်းတို့မှာ—

(၁) သက္ကရာဇ်မပိုင်နှင့် ပဒေသရာဇ်ခေတ်အပိုင်း။

(၂) ကိုလိုနီခေတ်အပိုင်း။

(၃) ပါလီမန်ဒီမိုကရေစီခေတ်အပိုင်းနှင့်

(၄) အမျိုးသားဒီမိုကရေစီခေတ်အပိုင်းများ ဖြစ်ကြပါသည်။

အထက်ဖော်ပြပါ ခေတ်အပိုင်း များမှာ တခေတ်မှ တခေတ်သို့ ကူး

ပြောင်းရာ၌ ခေတ်ဟောင်းအား ယာဉ်ပြတ် စွန့်ခဲ့ပြီး ခေတ်သစ် တခုသည် နတ်ဗိမာန်ကဲ့သို့ ဘွားကနဲ ပေါ်ပေါက်လာခြင်းမျိုးမဟုတ်ပါ။ ခေတ်သစ်တခု ဝင်ရောက်လာခြင်း၏ အနေအထားနှင့်နှုန်းအတိုင်း ခေတ်ဟောင်းကိုစွန့်လွှတ်ထတ်ပါသည်။ ဤကဲ့သို့ ခေတ်ပြောင်းရာ၌ အချို့ ခေတ်ဟောင်းများသည် ခေတ်သစ်ထဆက်၊ ခုစ်ဆက် အရှိသည်ဖြင့် ပြောင်းခဲ့သော်လည်း အချင်တန်း၍ပါလာ ထတ်သကဲ့သို့ ခေတ်ပြောင်းရာတွင် မူအသစ်အဆင့်များလည်း မရှိကြပါ။ နိုင်ငံ တခုနှင့်တခု၏ ခေတ်ပြောင်းပုံအဆင့်ခြင်းလည်း မတူညီကြပါ။

ဥပမာအားဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပဒေသရာဇ်စနစ်မှ အမျိုးသား ဒီမိုကရေစီခေတ်အထိ အချင်းတန်း၍ပါလာပြီး မြေရှင်ကြီးစနစ်မှာ ကိုလိုနီခေတ်သို့ရောက်ပြီးမှ ပေါက်ဖွားလာခြင်းများဖြစ်ပါသည်။

မှတ်ချက်

ပဒေသရာဇ်စနစ်ကို ပယ်ဖျက်ပြီးသည်မှာ ၁၉၅၉ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့ဖြစ်၍ မြေရှင်ကြီးစနစ် ပေါ်ပေါက်လာသည်မှာ ၁၈၈၅ ခုနှစ်၊ ကူးအကာ ထူးပြောင်းဖော်လုပ်ပြီးသည့် နောက်ပိုင်းတွင်မှဖြစ်ပါသည်။ ပါလီမန်ဒီမိုကရေစီစနစ်၏ မျိုးစေ့မှာ ၁၈၉၇ ခုနှစ် ဗြိတိသျှအုပ်ချုပ်ရေးခေတ်မှ စတင်ခဲ့သည်ဟုဆိုရပါမည်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် တည်ထောင်ခဲ့ရာ၌ နိုင်ငံတော် သမတက ပြည်သူလူထု ကိုယ်စား အောက်ပါအတိုင်းကြေငြာခဲ့ပါသည်။

"အမြဲထာဝစဉ် ရှေးရှုသုံးသပ်လျက် ရှိသော ကျွန်ုပ်တို့၏ မူလ ရည်ရွယ်ချက်သည်ကား မြန်မာပြည်ထောင်စုတွင် အရင်းရှင်ဝါဒကို ပိတ်ပင် မပေးဘဲလျက် ၎င်းနိုင်ငံ၏ လုပ်ငန်းဆောင်တာ အဝဝကို တိုင်းသူပြည်သားများသာ ပိုင်ဆိုင်ခွင့်ရှိသော ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရန် ဖြစ်ပေသည်"

အထက်ပါကြေငြာချက်သည် နတ်ဗိမာန်ကဲ့သို့ ပေါ်ထွက်လာခြင်းမျိုး မဟုတ်ပါ။ ပြည်ထောင်စုအတွင်း တော်လှန်ရေးအဆင့်ဆင့်နှင့် ကမ္ဘာ့အသုပ်သမားနှင့် အခြားတိုးတက်သည့်မူတန်းစားများနှင့် ပညာရှင်တို့၏တော်လှန်မှု အတွေ့အကြုံအဆင့်ဆင့်၏ အသီးအပွင့်ဖြစ်သည်ဟုဆိုရပါမည်။

ဆိုရှယ်လစ် လူ့နေမှုစနစ်ကို တည်ဆောက်မည် ဆိုရာ၌ မြန်မာ ပြည်

သောင်စု၏ ဗီဇမျိုးစေ့မဟုတ်ပါ။ ကမ္ဘာ့နိုင်ငံတကာ၏ ပစ္စည်းမဲ့နှင့် ဓနရှင် လူတန်းစား ပဋိပက္ခ အတွေ့အကြုံဖြစ်စဉ်များမှ စုပေါင်းပေါ်ထွက်လာသော ဗီဇမျိုးစေ့ဖြစ်၍ မိုင်တရာခန့်ကွာဝေးသော ဒေသမှသတင်းကို သုံးနှစ်သုံးမိုး ကြာမှ ကြားသိနိုင်သည့်ခေတ်မှ တကမ္ဘာလုံး၏ ဖြစ်စဉ်ကို မိနစ်ပိုင်း၊ စက္ကန့်ပိုင်း အတွင်းကြားသိနေရသော ယခုခေတ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဝါဒလမ်းစဉ်များကို ကြံဆရေးဆွဲရာ၌ ကမ္ဘာ့ဖြစ်စဉ်နှင့် အနာဂါတ် ရေ့ရှုချက်များကို မျှော်၍ ပြည်ထောင်စု မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် အနာဂါတ် မျှော်မှန်းချက် များကို မှန်ကန်စွာတွက်စစ် ဝေဖန်ခြင်းပြုရန်လိုအပ်ပါသည်။

ဤလူ့လောက၌ လူတိုင်း လူတိုင်းသည် မိမိတို့၏ အရည် အချင်း အလျောက် အလုပ်လုပ်၍ မိမိတို့လုပ်သလောက် အကျိုးခံစားခွင့်ရှိခြင်းကို မည်သည့်လူကောင်းသူကောင်းတယောက်သည် မလိုလားဘဲ ရှိပါအံ့နည်း။

ထို့ထက်လွန်၍ဆိုရသော်ဤလူ့လောက၌လူတိုင်း လူတိုင်းသည် မိမိတို့၏ အရည်အချင်းအလျောက် အလုပ်လုပ်၍ မိမိတို့လိုသလောက် အကျိုးခံစားခွင့် ရှိမည်ဆိုလျှင်ကား အဘယ်မည်သောလူသားသည် မလိုလားအပ်ဟု ဆိုဝံ့ပါမည်နည်း။

မိမိတို့အရည်အချင်းအလျောက်အလုပ်လုပ်၍ လုပ်သလောက် အကျိုးခံစားခွင့်ရှိစေရန်မှာ သမညဆိုရှယ်လစ်စခမ်းဖြစ်၍ မိမိတို့ အရည် အချင်း အလျောက် အလုပ် လုပ်၍ လိုသလောက် အကျိုး ခံစားခွင့်ရှိစေရန်မှာ ဆိုရှယ်လစ်စံနစ်၏အန္တိမအဆင့်ပန်းတိုင်ဖြစ်ပါသည်။

မှတ်ချက်

(လိုသလောက်အကျိုးခံစားခွင့်ဆိုရာ၌ အကန့်အသတ်အတိုင်းအတာမရှိသော လူ့အလိုကို ဖြည့်စွမ်းခြင်းမျိုးမဟုတ်ပါ၊ သူ့အမျိုးသားကုန်ထုတ် စွမ်းအား၏ အဆင့်နှင့်သူ အများသုံးကုန်ပစ္စည်းများကို စားသုံးရန်လိုသလောက် အကျိုး ခံစားသွားနိုင်ခွင့်မျိုးကိုသာ ဆိုလိုပါသည်၊ လူ့အလိုကိုဖြည့်နိုင်ရန်မှာ (အာလာဒင်၏ ဂူစ္ဆာသယမှန်မီးအိမ်) တလုံးစီပေးရန် လိုပေလိမ့်မည်)

ဤပန်းတိုင်များမှာ လူတိုင်းလူတိုင်းက လက်ခံသင့်သော ပန်းတိုင်များ ဖြစ်သည်ကို သာမန်ကြည့်ရုံမျှနှင့်ပင်ထင်ရှား ပေါ်လွင်နေပါလျက် (ဝါ)(လူကို

လူချင်းအနိုင်ကျင့်ပြီး လက်ဝါးကြီးအုပ် ခေါင်းပုံဖြတ် အမြတ်ကြီး စား နေကြသောလက်တဆုပ်စာမျှသာရှိသည့် လူ့ဘီလူးကြီးများမှတပါး ကမ္ဘာ့လူများစုကြီးက အကြွလက်ခံသင့်သော ပန်းတိုင်များ ဖြစ်သည်မှာ လင်းပြင်တွင် ဟိမဝန္တာ တောင်ပေါက်နေသလို ထင်ရှားနေပါလျက် အဘယ့်ကြောင့် ကမ္ဘာ့လူသား လူများစုကြီးသည် (ဝါ) လိုသလောက် အကျိုး ခံစားခွင့်ရဘို့ကို အသာထားပြီး လုပ်သလောက် အကျိုး ခံစားရဘို့နှင့် အများကြီး ခရီး ကွာခြား နေသေးသော အညွှင်းဆဲခံ ခေါင်းပုံအဖြတ်ခံ ကမ္ဘာ့လူများစုကြီးသည် ထိုပန်းတိုင်များ သို့ ယနေ့အရောက်နေခြင်း ပေါက်သူ့ထက်ငါအလုအယက်အားကျိုးမာန်တက်ချီတက်သိမ်းပိုက်ခြင်း မပြုကြသေးဘဲ ဖင့်လေးတွေဝေ နေကြလေကုန်သနည်း။

အထက်ပါ မေးခွန်းများကို ပြေလည်အောင် ဖြေကြားရန်အတွက် (၁) ကမ္ဘာမြေကြီး၏အစဖြစ်ပေါ်လာပုံ (Origin of the Earth)ကိုရင်း၊ (၂) သက်ရှိသတ္တဝါတို့၏အစ(Beginning of Life on Earth)ကိုရင်း၊(၃) လူ၏အစ(Origin of Man)ကိုရင်း၊ စတင်ဆွေးနွေးငြင်းခုန်နေရန်မလိုပါ၊ အဖြေမှာအလွန်အလွန်လွယ်ကူလှပါသည်။

(အဖြေ)

လုပ်သလောက်အကျိုးခံစားခွင့်ရှိသော ဆိုရှယ်လစ် သမည စခမ်းနှင့် လိုသလောက်အကျိုးခံစားခွင့်ရှိသော ဆိုရှယ်လစ်အန္တိမ ပန်းတိုင် စခမ်းများ၏ ရည်မှန်းချက်များ မှာအလွန်ကြီးအထူးကောင်းသလောက် ထိုပန်းတိုင်များသို့ အရောက်ချီတက်ရာတွင် လိုက်နာကျင့်သုံးရမည့်လမ်းစဉ်များမှာ ၂၀–ရာစုနှစ်လူ့ယဉ်ကျေးမှု၏ ရှေ့ရှုချက်များနှင့် ဆန့်ကျင်နေသည့်အပြင် ဆိုရှယ်လစ်ဒီမိုကရေစီ၏အနှစ်သာရနှင့်လည်းဖီလာဖြစ်နေသောကြောင့်ဖြစ်ပါသည်။

ထိုသို့ဖြစ်ခဲ့လျှင် ၄င်းလူကြိုက်နည်းနေသည် ဆိုသော ယင်းလမ်းစဉ်သည် အဘယ်လမ်းစဉ်ဖြစ်သနည်း၊ လူသားတို့ကအဘယ်ကြောင့်မျှအထိ မကြိုက်နိုင်အောင်ရှိနေကြပါသနည်း။

ယင်းလမ်းစဉ်မှာ အာဏာရှင်လမ်းစဉ်ဖြစ်ပါသည်၊ ထိုလမ်းစဉ်ကိုလက်ကိုင်ထားလျက် ဆိုရှယ်လစ်ပန်းတိုင်သို့ချီတက်ရန် ကျိုးစားနေသော အာဏာရှင်နိုင်ငံများတွင် လူအများ၏ မျက်စေ့နားဟူသမျှကို နှစ်ပေါင်းများစွာပိတ်

ပင်ထားလျှက် ကမ္ဘာ့လူ့လောကရှိ အခြားသောလူးသားများနှင့် အဆက်အသွယ် ဖြတ် တောက် ထား ရှိတွင် မျှမက ပြည်သူလူထုအား အာဏာရှင်ဂိုဏ်းဝင်တစုက ထင်သလိုဖမ်း၊ ထောင်ချ၊ တကျွန်းပို့၊ သေနတ်နှဲ့ပစ်သတ်၊ လျှို့ဝှက်ပလပ်တပ်၊ သံချပ်ကားစစ်တပ်များနှင့် ဒလကြမ်းနှိမ်နင်း ထားထိုးထားသည်ကိုပင် အရေးမစိုက် မကြောက်မလန့်နိုင်တော့ဘဲ တိုင်းတပါးသို့ထွက်ပြေးတိမ်းရှောင်နေကြခြင်းအား ဖြင့် အာဏာရှင်နိုင်ငံများ တွင် လူဖြစ်နေကြရခြင်းထက် အသက်သေရခြင်းကို ရွေးချယ်နေကြသည်အထိ လူတွေက ကြိုက်နှစ်သက်ဘဲရှိနေကြပါသည်။

အာဏာရှင်လမ်းစဉ်ကို အာဏာအပြခံနေကြရသော ပြည်သူလူထုကြီးကသာ မကြိုက်နှစ်သက်ကြသည်မဟုတ်သေး၊ အာဏာရှင် ဂိုဏ်းအချင်းချင်းလည်း တဂိုဏ်းကို တဂိုဏ်းက အာဏာပိုင်နေကြသဖြင့် မကြိုက်နိုင်ကြပါ၊ ဤမျှနှင့်လည်း မရပ်သေး၊ အာဏာရှင်ဂိုဏ်းတခုတည်း၌မှာပင်လျှင် တဦးကိုတဦးက မကြိုက်နိုင်၊ မယုံကြည်နိုင်ကြဘဲအဖြုတ်ဦးသူကအာဏာရှင်၊ ဖြစ်စတန်းလမ်းစဉ်မြဲသောကြောင့် ပိုင်ဘက်ပေါ်လျှင် သုတ်ဖြုတ်ခြင်း၊ ဘမ်းဆီးခြင်းနှင့် ပြည်နှင်ဒဏ်ပေးခြင် တို့နှင့်သာ စခမ်းသွားနေကြသည်မှာ ယနေ့အထိပင်ဖြစ်ဂါသည်။

မှတ်ချက်

အာဏာရှင်လမ်းစဉ်ဟူသမျှသည် လူမှုတော်လှန်ရေးစခန်းတွင် လူသားတို့က ကျော်၍ အထင်သေးခြင်းမှ ပေါ်ထွက်လာသော (ဖေါက်ပြန်သည့်) အကျိုးတရားဖြစ်၍ ပုဂ္ဂိုလ်စွဲကိုးကွယ်ဆီးကပ်သည့်လမ်းစဉ်သို့ အချိန်မရွေးကူးပြောင်းသွားတတ်ပြီး ရာဇဝင်ဘီးကို နောက်သို့ပြန်လှည့်မည့်သော လမ်းစဉ်လည်းဖြစ်ပါသည်၊ အာဏာရှင်စနစ်၏ဖေါက်ပြန်ပုံကို အကျယ်သိနိုင်ရန် အဒ်ဝင်လျူဝစ်ရေးသားသော လက်တင်အမေရိကတွင် လက်နက်နှင့် နိုင်ငံရေးခေါ် စာအုပ်ကိုညွှန်းအပ်ပါသည်။

ဤအတိုင်းဖြစ်နဲ့လျှင် ထိုမျှမှန်မြတ်မှန်ကန်သော ဆိုရှယ်လစ်ပန်းတိုင်သည် အာဏာရှင်လမ်းစဉ်ကို လူအများက ရှုံ့မှန်းကြသဖြင့် ထိမ်ခေါက်ပျောက်ပျက် မေးမှိန်သွားရန်အကြောင်းရှိသလော။

မတိမ်ကောနိုင်ပါ၊ မပျောက်ပျက်နိုင်ပါ၊ ဆိုရှယ်လစ်ပန်းတိုင်သို့ချီတက်

နိုင်သည့်ခရီးလမ်းကြောင်းမှာ တသွယ်တည်းမဟုတ်ပါ၊ အနုမြူခေတ်ကွင်းလူသားတို့သည် အာကာသသို့ ခရီးလမ်းကြောင်း ကောင်းကောင်းကြီးပေါက်ရောက်နေသလို ယခုခေတ်လူသားများနှင့် သင့်လျှော်လျောက်ပတ်၍ ချောမောစွာပြစ် နိုင်လိုဘွယ်ရှိသော ခရီးလမ်းကြောင်းများသည်လည်း ဆိုရှယ်လစ်ပန်းတိုင်သို့ ခရီးတောက်လျှောက် ဥဒဟိုပေါက်၍နေပါပြီ။

ရှဲဘော်တို့။

ဤစကားများမှန်သည် မမှန်သည်ကို ပေါ်လွင်ထင်ရှားစေရန် သမိုင်းဖြစ်စဉ်များနှင့်မှတ်ကျောက်တင်လျှက်စစ်ဆေးကြည့်ရှုကြဦးစို့။

ရှေးပဝေသဏီက လူသားတို့သည် သစ်သီး၊သစ်ရွက်ကို မှီခိုကြပါသည်၊ ထို့နောက်၌ မိမိတို့၏အစာရေစာအတွက် အမဲသား ငါးများကို ရှာဖွေစားသောက်ရန် တနေရာမှတနေရာသို့ ပြောင်းရွှေ့သွားလာနေထိုင်ကြသောကြမ်းကြုတ်ရက်စက်သူများဖြစ်လာကြပြီး ကိုယ်ပိုင်ပစ္စည်းဟူ၍ မိမိတို့နှင့် အတူသယ်ဆောင်သွားနိုင်သည်၊ (အမဲသားငါးရှာဖွေရန်လိုအပ်သော) လက်နက်ကရိယာအနည်းငယ်သာဖြစ်ပါသည်။

လူသားတို့သည် ထိုခေတ်မှတဖန် ရေကြည်ရာ၊ မြက်နုရာ အရပ်တို့၌ အိုးအိမ်အတည်တကျ ဆောက်လုပ်လျှက် လယ်ယာကိုင်းကျွန်းနှင့် ငါးရှာဖွေမွေးမြူထိမ်းကြောင်းသည့်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်း မြူကြပြီးလျှင် ကျေးရွာမြို့ပြကိုအည်ထောင်လာကြသည်မှအစပြု၍ ကိုယ်ပိုင်ပစ္စည်းများသည်လည်း တိုးပွားများပြားလာပါသည်၊

တိုက်ကျိုရှိလူသားများ၏ အသက်မွေးဝမ်းကြောင်းနှင့် နေထိုင်မှုစံနစ်ပြောင်းလည်းသည်နှင့်အမျှ လူ့စရိုက်များသည်လည်း နူးညံ့ပျော့ပြောင်းလာသည်ကိုအစွဲ့ခေါ်ခြင်းမဟုတ်၍ လက်နက်စွဲကိုင်လျှက် ရုပ်ရင်းကြမ်းတမ်းစွာလှည့်လည်ကျက်စားနေသူများက မကြာခဏ တိုက်ခိုက်သုယက် သတ်ဖြတ်ခြင်းကိုပြုကြပါသည်၊ နောင်အခါတွင် ထိုစရိုက်ကြမ်း သူများသည် တိုက်ခိုက်လုယက်သတ်ဖြတ် ရမျှနှင့်တင်းတိမ်ရောင့်ရဲခြင်းမရှိတော့ဘဲ ယဉ်ကျေးသိမ်မွေ့သူများနေထိုင်သည့် ရွှင်ရွာဒေသများကို တိုက်ခိုက်သိမ်းပိုက်ကြလျှက် အတည်တကျနေထိုင်ကြပြီး၊ မင်းလုပ်အုပ်ချုပ်သည့်အပြင် စစ်နိုင်သူများက စစ်ရှုံးသူများအား ကျေးကျွန်အဖြစ် ခိုင်းစေကြသည်မှစ၍လူ့လောက ကမ္ဘာ့အကြီးအကဲများ

များ၊ မင်းဆွေမင်းမျိုး များ နယ်စားပါယ်စား အုပ်ချုပ်သူများနှင့် အရှင်သခင်များပေါ်ပေါက်၍လာကြပါသည်။

ဤနည်းအားဖြင့် ကာလကြာမြင့်လတ်သော် ကမ္ဘာအရပ်ရပ်၌ လူကိုလူချင်းအနိုင်ကျင့်လျက် လူတန်းစားအသီးသီးခွဲခြားလာကြပါသည်၊ ထိုကဲ့သို့လူတန်းစားခွဲခြား မှုရင့်ကျက်လာသောအခါ လူအချင်းချင်း ဇာတ်အနိမ့်အမြင့်သီးခြားလာသည်အထိ အယူအဆများ ပေါ်ထွက်လာကြပါသည်။

အုပ်ချုပ်သူများသည် အုပ်ချုပ်ခြင်းကိုခံရသူများအပေါ်တွင် ၎င်း၊ ပစ္စည်းရှိများသည် ပစ္စည်းမဲ့များအပေါ်တွင်၎င်း၊ လူကိုလူချင်း ကြမ်းကြုပ်ရက်စက်စွာ စေခိုင်းလုယက် ညှင်းဆဲသတ်ဖြတ် အမြတ်ထုတ်မင်းလုပ် အုပ်ချုပ်ခဲ့ကြသည်ကို ကမ္ဘာ့သမိုင်းအစောင်စောင်တွင် ပေါ်လင်ထင်ရှားစွာ မှတ်တမ်းတင်ပြီးရှိနေသဖြင့် ဤနေရာတွင် အကျယ်တဝင့်ဆက်လက် ဆွေးနွေးတင်ပြရန်လိုမည်မထင်ပါ။

ထိုကဲ့သို့ လူနည်းစုက လက်နက် အာဏာအားကိုး ပစ္စည်းအားကိုးဖြင့် လူများစု လူထုကြီးအား အဓမ္မ စိုးမိုးချုပ်ချယ်ခဲ့သည့် Government of the Manyby the Few,) ခေတ်မှ ဒီမိုကရေစီ အုပ်ချုပ်ရေး (Government by the body of whole citizens) ခေါ် နိုင်ငံသားအားလုံး၏ အုပ်ချုပ်ရေးသို့ ခရစ်မပေါ်မီ နှစ်ပေါင်း (၆၀၀)ခန့် အချိန်တွင် ဂရိနိုင်ငံ (Greece) ၌စတင်ပေါ်ထွက်ခဲ့ဘူးပါသည်။

ထိုခေတ်တွင် မြို့ပြကို နိုင်ငံဟု၍ နိုင်ငံသားကို (စီတီဇင်း) ဟု ခေါ်ဝေါ်သုံးနှုန်းကြပါသည် ဒီမိုကရေစီ အုပ်ချုပ်ရေးပေါ်စတွင် နိုင်ငံသား အားလုံး၏ အုပ်ချုပ်ရေး ဟုဆိုသော်လည်း ကျေးကျွန်များနှင့် ကျွန်လွတ်များပါဝင်ခွင့်မရကြပ၊ အချို့သော ဒီမိုကရေစီ အုပ်ချုပ်ရေး များတွင် ပစ္စည်းပိုင်ဆိုင်မှုကို အရည်အချင်းအဖြစ် ထည့်သွင်း သတ်မှတ်ခဲ့ ဘူး သော်လည်း နောင်အခါတွင် ၎င်းသတ်မှတ်ချက်ကို ဖြုတ်ပစ်လိုက် ကြပါသည် ဤအတိတ်သမိုင်းသည် ကားယခုခေတ် ဒီမိုကရေစီ အုပ်ချုပ်ရေး နှင့်ပတ်သက်၍ သန့်ရှင်း (ဖဆပလ) အစည်းအဝေးတခုတွင် ကျွန်တော် ပြောခဲ့ဘူးသော ဟောပြောချက်ကို လေ့လာနိုင်ရန် နောက်ဆက်တွဲ အဖြစ် ဖော်ပြလိုက်ပါသည်။

မြို့ပြကို ပြည်တည်သည့်ခေတ်မှ လူတို့၌ လောဘ--ဒေါသကြီးထွားလာပြီး မြေရှင် အရင်းရှင် စနစ် များ ပေါ်ပေါက်လာလျက် ကမ္ဘာနှင့် ချီပြီး လုယက် သတ်ဖြတ် ဝံ့ကိုင်ကိုက် နယ်ချဲ့အချင်းချင်း အငေ မတဲ့ကြဘဲ စစ်ခင်း၍အ

ချင်းချင်း တိုက်ခိုက်ကြ ရာမှ ငါတို့၏မျက်မှောက်ခေတ်ဖြစ်သော (၁၉၁၄-၁၈) ခုနှစ်များ အတွင်း၌ ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာလျက်နိုင်သူများက ရှုံးသူတို့၏ အင်ပိုင်ယာကိုခွဲဝေ ချမ်း ယူငင်လိုက်ကြပြီးမှုများမကြာမီ (၁၉၃၉-၄၅) ခုနှစ်များအတွင်း၌ ဒုတိယအကြိမ် ကမ္ဘာစစ်ကြီးတခု ထပ်မံဖြစ်ပွားခဲ့ပါသည်

ဒုတိယ ကမ္ဘာစစ်ကြီး၏ဒဏ်ကိုအလူးအလဲခံလိုက်ကြရသော နိုင်ငံများသည် စစ်ပွဲများကို ငြီးငွေ့ကုန်ကြပြီး ဖြစ်သည့်အတိုင်း လူ့လောက၌ စစ်ပွဲများ နောက်ထပ် မဖြစ်ပွားစေရန် ရည်သန်လျက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ၁၉၄၅-ခုနှစ်တွင် ဆန်ဖရန်စစ္စကိုမြို့၌ လက်မှတ်ရေးထိုး ချုပ်ဆိုလိုက်ကြပါသည်။စစ်ကြီးပြီးသောအခါ ကိုလိုနီနယ်ချဲ့စနစ်သည်သည်းပြိုကွဲပျက်စီး အားနည်း၍လာပါသည်။ စစ်မဖြစ်မီက လက် အောက် ခံ ကိုလိုနီဘဝနှင့် နေခဲ့ကြရသော နိုင်ငံအများသည်လည်း အင်ပါယာ နယ်ချဲ့ များ ၏ လက်အောက်မှ လွတ်မြောက်လျက် နိုင်ငံရေးလွတ်လပ်မှုကို ရရှိလာကြပါသည်။ကျန်ရှိနေသေးသော ကိုလိုနီနိုင်ငံများသည်လည်း လွတ်လပ်ဆဲ လွတ်လပ်လတံ့ အခြေအနေသို့ ရောက်ရှိလာကြလျက် ကမ္ဘာတွင် အောက်ကျ နောက်ကျဖြစ်နေကြသောနိုင်ငံများကိုလည်း ဖွံ့ဖြိုးတိုးတက် လာစေရန် နိုင်ငံကြီး များ က ဝိုင်းဝန်း ကူညီလာကြရခြင်းဖြင့် သာယာဝပြောသော ကမ္ဘာသစ်ကြီးကိုဖန်တည်းရန် ဂရုပြုလုံးပမ်း၍လာကြရပါတော့သည်။

မှတ်ချက်။

(ဤနေရာတွင် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း ၁၉၄၅-ခုနှစ် ဩဂုတ်လ၌ ဟီရိုရှီးမားမြို့ပေါ်သို့ အနုမြူဗုံးကို ပထမ အကြိမ် ဖေါက်ခွဲလိုက်သည်မှစ၍ ကမ္ဘာ့ လူသားတရပ်လုံးသည် စစ်မက် ဖြစ်ပွားခြင်း ကို အလွန်ထိပ် လန့်မုန်းတီးလာကြပြီး လူ့လောက၏ ပြဿနာဟူသမျှကို ငြိမ်းချမ်းသောနည်းဖြင့်သာ ဖြေရှင်းကြရန် အုံကြွအရေး ဆိုလာသည်ကို သတိပြုရန်ဖြစ်ပါသည်)။

နိုင်ငံရေးလွတ်လပ်မှုရသည်ဆိုရာ၌ပြည်ပမှဖြစ်စေ တိုင်းရင်းသားအချင်းချင်းကဖြစ်စေ လက်နက်အာဏာဖြင့်စိုးမိုးအုပ်ချုပ်သည်ကိုခံရခြင်းမျိုးမှလုံးဝလွတ်မြောက်၍ တိုင်းသူပြည်သား အများစု၏ ဆန္ဒအရ တိုင်းသူ ပြည်သားတို့၏ ကိုယ်စား တိုင်းသူ ပြည်သား များ အတွက် အုပ်ချုပ်စီမံပိုင်ခွင့်ရှိ သော (Government of the people, by the people, for the people.)နိုင်ငံ

၏အသွင်လက္ခဏာများနှင့် ပြည့်စုံမှသာလျှင် တင်းပြည့်ကျပ်ပြည့် နိုင်ငံရေး လွတ်လပ်မှု ရရှိသည်ဟု ဆိုနိုင်ပါသည်။ ဤအခွင့်အရေးသည် လူပေါ်ကာစ ခေတ်မှစ၍ ခေတ်အဆက်ဆက်တွင် လူသားများ၏ မရည်မှန်းနိုင်သော အသက်စည်းစိမ်တို့ဖြင့် အစတေးခံ၍ ရရှိထားသော လူ့အမွေအနှစ်ကြီးတရပ် ဖြစ်ပါသည်။

ရဲဘော်တို့။

နိုင်ငံရေးလွတ်လပ်မှု စစ်စစ်ကို ရသည့်တိုင်အောင် လူသားတို့၏ ဘဝ သာယာမှု ခရီးသည် အဆုံးမပါတ်သေးပါ။နိုင်ငံရေး လွတ်လပ်မှုသည်လူသား များအတွက် လောက၏ သာယာမှုကို ဖြစ်စေ မည့် စီးပွားရေးနှင့် လူမှုရေး ရည်မှန်းချက်ပန်းတိုင်များဆီသို့ ချီတက်နိုင်ရန် အခွင့် အလမ်း မျှသာ ဖြစ်ပေ သေး သည်။ (Independence is not an end, it is a means for achieving the economic and social objectives.)

ကိုယ်ပိုင် ပစ္စည်း ဖြစ်ပေါ်လာပုံ၏အစကိုအထက်တွင်အနည်းငယ်ဖော် ပြခဲ့ပြီး ဖြစ်သည့်အတိုင်း ဝမ်းစာအတွက် ထွန်ယက် စိုက်ပျိုးလုပ်ကိုင်ကြသည့် ခေတ် (Subsistence Agriculture.) မှ စီးပွားရေးအဖြစ် ထွန်ယက် စိုက်ပျိုး သည့်ခေတ် (Commercial Agriculture) သို့ ကူးပြောင်းလာသည်နှင့်အမျှ မြေပိုင်ရှင် စံနစ်သည်လည်း ကြီးထွားရှိလာပါသည်။ ထိုစံနစ် ကြီးထွားရှိလာ သည်နှင့် အမျှ ခေါင်းပုံဖြတ်မှု မှာလည်း ပိုပြီး ရက်စက်ကြမ်းကြုတ်၍ လာပါ သည်၊ တောင်သူလယ်သမားများသည် မခံရပ် နိုင်သည့်အဆုံး၌ တော်လှန် ပုန် ကန်ခဲ့ကြသည်မှာလည်း အကြိမ်ပေါင်းများစွာပင် ဖြစ်ပါသည်။

မြေရှင်ကြီးများနှင့် လူချမ်းသာကြီးများကို အကြီးအကျယ် ချောက် ခြား သွားစေလျက် ယခုခေတ် ဆိုရှယ်လစ်အတွေးအခေါ် လှုပ်ရှားမှု များကို မွေးထုတ်ခဲ့သော တော်လှန်ရေးကြီးမှာ ၁၄-ရာစုနှစ်တွင် ဥရောပ၌ ဖြစ်ပေါ် ခဲ့သော တောင်သူ လယ်သမား ကျေးရွာကြီးများ၏ တော်လှန်ပုန်ကန် ခဲ့ခြင်း များဖြစ်သည်ဟုဆိုလျှင် အသစ်အဆန်းဟု ထင်ကောင်း ထင်စရာရှိသော်လည်း ဤစကားသည် မှန်သောစကားဖြစ်ပါသည်။

ခရစ် သက္ကရာဇ် ၁၄ ရာစုနှစ်များအတွင်းတွင် ဥရောပနှင့်ကမ္ဘာအနှံ့ အပြား၌ ပလိပ်ကပ် ရောဂါအကြီးအကျယ်ဆိုက်ရောက်ခဲ့ပါသည် ထိုကပ်ရော ဂါကြီးသည် တောရော မြို့ပါဖြစ်ပွားသဖြင့် သန်းပေါင်း များစွာသော လူ

များသေကြေပျက်စီးကုန်ကြပြီး လယ်ယာများကိုထွန်ယက်မည့်သူမလုံလောက် သိုးဆိတ်ကျွဲနွားများမှာလည်း ထိန်းကျောင်းသူမရှိတော့သဖြင့် ပေါက် လွတ် ပဲစား သွားခြင်ရာသွားကုန်သည့် အခြေသို့ ဆိုက်ရောက်လျက်အငတ်ဘေးကြီး သည်လည်း ထပ်ချပ်မကွာကပ်၍ပါလာလေသည်။ လူသတ္တဝါအများ၏အခြေ အနေ ထိုမျှဆိုးဝါးနေသဖြင့်စားရေရိက္ခာဈေးနှုန်းများသည် လည်းအဆမတန် တိုးတက်၍ လာသည်ဖြစ်ရကား၊မြေရှင်ကြီးများသည် လောဘကို မသတ်နိုင် ဘဲ တောင်သူလယ်သမားများအား အခကြေးငွေကိုလည်း တိုး၍မပေးအခြား ဝင်ငွေကောင်းသော လုပ်ငန်းများကိုလည်း ပြောင်းရွှေ့လုပ်ကိုင်ခွင့် မပြုကြဘဲ ၎င်းတို့(မြေရှင်ကြီးများ)ပိုင်သည့်လယ်ယာများကိုသာထွန်ယက်လုပ်ကိုင်စေရန် အတင်းအဓမ္မ စေ ခိုင်း ကြပါတော့ သည်။ ဤကဲ့သို့ သော အခြေအနေတွင် တောင်သူလယ်သမားများမှာ သီးမခံနိုင်ကြတော့ဘဲ ဤလူ့လောက၏ဖေါက် ပြန်လှသော လူနေမှု စံနစ်မညီမျှခြင်းကို ပါယ်ဖျက်ပစ်ရန်တောင်းဆိုကြလျက် အကြီးအကျယ် တော်လှန်ပုန်ကန်ကြပါသည်။(၁၃၅၈)ခုနှစ်တွင်ပြင်သစ်ပြည်၌ တောင်သူလယ်သမား တော်လှန်ရေးကြီး ပေါ်ပေါက်လာပြီး မြေရှင်ကြီး များ၏ဂိုများကို မီးတင်ရှို့လိုက်ကြလျက် နယ်အနှံ့အပြား တွင်လည်း လူ ချမ်းသာကြီးများ၏ ပစ္စည်းများကို ချေမှုန်းဖျက်ဆီးလိုက်ကြ ပါသည်။အင်္ဂလန် ပြည်တွင်လည်း (၁၃၈၀) ခုနှစ်မှစ၍ တောင်သူလယ်သမားများက တော်လှန် ခဲ့ကြပါသည် အင်္ဂလိပ် တောင်သူ လယ်သမားများ၏ တော်လှန်ရေး ကြေး ကြော်သံနှင့် အရေးဆိုချက်များမှာ မှတ်သားဘွယ် ကောင်းသဖြင့်အောက် တွင်ထည့်သွင်း ဖေါ်ပြလိုက်ပါသည်။

"အထက်တန်းလွှာ အုပ်ချုပ်သူများနှင့် မြေရှင်ကြီးများသည် ငါတို့ ကျေးမွဲများထက် အဘယ်ကြောင့် အခွင့်ထူးခံ မြင့်မြတ်သော လူတန်းစား ဖြစ်နိုင်ပါသနည်း?သူတို့သည် ငါတို့အား အဘယ်ကြောင့် အစေအခိုင်းကျေး ကျွန်များအဖြစ် နှိမ့်ချ ထားနိုင်ပါသနည်း?ငါတို့၏ချွေးနည်းစာဖြင့်သူတို့သည် သားမွေး ကတ္တီပါ အနွေးထည်များကို ဝတ်ဆင်နေကြပြီး ငါတို့မှာအ ဘယ် ကြောင့် အစုတ်စုတ်အပြတ်ပြတ်နှင့် နေကြရပါသနည်း?သူတို့ သည် စိုင်အရက် ကိုသောက်-အမွှေးထုံသော ဟင်းလျာများနှင့် နူးညံ့ ပျော့အိသော ပေါင် မုန့်ကိုစားကြပြီးငါတို့မှာ အလွန်ကြမ်းသော အုတ်စပါးနှင့် လုပ်သည့် မုန့်နှင့် ကောက်ရိုးကိုသာ စားရပြီး-ရေကို သာ သောက်နေကြရပါသနည်း?သူတို့မှာ အိမ်ကောင်း ယာကောင်းများနှင့် အားလပ်ပျော်ရွှင်စွာနေထိုင်နိုင်ကြပြီး ငါတို့

မှာ မိုးရွာ မရှောင် နေပူမရှောင် ပင်ပန်းကြီးစွာဖြင့်၊ ကျွဲနွားများနှင့် အတူ ရုန်းပြီး ထွန်ယက် စိုက်ပျိုး၍ နေကြ ရပါလျက် ထိုလယ်ယာများနှင့် ပစ္စည်းများကိုသူတို့က ပိုင်ဆိုင်နေကြသည်မှာတရားသဖြင့်ဖြစ်ပါ၏လော....?။

ထိုခေတ် တောင်သူလယ်သမားများ၏ တော်လှန်မှုများသည် မှန်ကန်၍ ကျယ်ပြန့် ပြင်းထန်သော လှုပ်ရှားမှုကြီးဖြစ်သော်လည်း အခြားလူတန်းစားများ၏ ပူးပေါင်းအုံကြွတောက်ခံခြင်းကို မရရှိသည်ကတကြောင်း၊ ဘုရင်များ၊ အုပ်ချုပ်သူများနှင့် မြေရှင်ကြီးများ၏ ရက်စက် ကြမ်းကြုတ်စွာ သတ်ဖြတ်နှိမ်နင်းခြင်းကို အလူးအလဲ အပြင်းအထန်ခံကြရသည်ကတကြောင်း များကြောင့် နောက်ဆုံးတွင် တော်လှန်ရေးမှာ ပျက်ပြုန်းသွားရလေတော့သည်။

ကိုယ်ပိုင်ပစ္စည်းတိုးပွားများပြားလာရခြင်း၏ အကြောင်းရင်းကို ဆက်လက်၍ ဖေါ်ပြရသော် ရှေးလူတို့သည် မိမိတို့ဝမ်းစာအတွက် အမဲသားငါး ရှာဖွေစားသောက်သော ပစ္စည်းကရိယာများ ကိုသာ ပိုင်ဆိုင်သည့် အခြေမှ အိုးအိမ်အတည်တကျနှင့်နေသော မြို့ပြခေတ်သို့ ကူးပြောင်းလာသည်နှင့်အမျှ လူသုံးပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်း၊ အိမ်ယာ အဆောက်အဦး ဆောက်လုပ်ခြင်း အစရှိသော လုပ်ငန်းများသည်လည်း တိုးပွားများပြားလာပါသည်။

ထိုခေတ်၏အစတွင် ကုန်ပစ္စည်း ထုတ်လုပ်ခြင်းမှာ ကိုယ်တိုင်ထုတ်လုပ်သူများနှင့် လုပ်ငန်း ဆရာကြီးများ ကိုယ်တိုင် ကြီးမှူး လုပ်ကိုင်သည့် ပစ္စည်းထုတ်လုပ်မှုအဆင့်မျှသာ ရှိခဲ့ရာမှ ၁၈– ရာစု နှစ်များအတွင်းတွင် ပစ္စည်းထုတ်လုပ်သူ အချင်းချင်းစုပေါင်းကြလျက် စက်ရုံ၊ အလုပ်ရုံကလေးများကို စတင်တည်ထောင်ခဲ့ကြပါသည်။ ထိုစက်ရုံ အလုပ်ရုံများတွင် လက်နှင့်သက်သက်ထုတ်လုပ်ရာမှ စက်အားကို အသုံးပြုနိုင်သောအဆင့်သို့ တိုးတက်လာသည့်အခါ လူ၏လုပ်အားမှာ များစွာသက်သာခွင့် ရရှိလာသည့်အလျောက် တိုးတက်ကြံစည်တည်ထွင်ခြင်းဖြင့်စက်ကရိယာများကို ရေအားနှင့်မောင်းနှင်သည့်ခေတ်သို့၎င်း (၁၇၆၅)ခုနှစ်တွင် (James Watt) ဆိုသူ တည်ဆောက်သော ရေနွေးငွေ့နှင့် မောင်းနှင်သည့် စက်ပေါ်ပေါက်လာသည်မှစ၍ စက်မှုတော်လှန်ရေးခေတ်သို့၎င်း၊ အကြီးအကျယ်တိုးတက်ပြောင်းလဲခဲ့ပါသည်။

၁၈၄၀–ခုနှစ်တွင် ကုန်ပစ္စည်းအများအပြားကို စက်နှင့်ထုတ်လုပ်နိုင်ပြီဖြစ်၍ စက်ရုံ၊ အလုပ်ရုံကြီး အများအပြား ပေါ်ထွက်လာပြီး အလုပ်သမားအများအပြားကို ခိုင်းစေကြလေသည်။ ယင်းကဲ့သို့ စက်ရုံကြီးများပေါ်ထွက်

လာခြင်းကြောင့် ကိုယ်ပိုင်ပစ္စည်းတုတ်လုပ်သူများနှင့် ကိုယ်တိုင်ဦးစီး၍ပစ္စည်းထုတ်လုပ်သူဆရာကြီးအများအပြားမှာ နောက်ထပ်ပေါ်ထွက်လာသည့် စက်ရုံကြီးများ၏ ပြိုင်ဆိုင်မှုကို မခံနိုင်ကြတော့ဘဲ အခစား အလုပ်သမားများ ဘဝသို့ လျောကျသက်ဆင်းကုန်ကြလေတော့သည်။ ဤခေတ်မှစ၍ စက်မှုလုပ်ငန်းကြီးများကိုအရင်းအနှီးမရှိဘဲ၊မလုပ်နိုင်သော အဆင့် (ဝါ)ကိုယ်ပိုင်လုပ်ငန်းသမားကလေးများ လက်လှမ်းမမှီသောအဆင့်သို့ ကူးပြောင်းကြပြီး အရင်းရှင်စံနစ်သက်ဝင်၍လာပေတော့သည်။

မှတ်ချက်

စက်မှု တော်လှန်ရေး ခေတ်မှာ နှစ်ပိုင်းရှိပါသည်။ လူသို့မဟုတ် တိရိစ္ဆာန်အစရှိသော သတ္တဝါများ၏ ခွန်အားကို အသုံးပြု ရသည့် စက်မှုလုပ်ငန်းခေတ်အပိုင်းနှင့် ရေ- သို့မဟုတ်၊ ရေနွေးငွေ့အင်အားကို အသုံးပြုသော စက်မှုတော်လှန်ရေးခေတ်များဖြစ်ပါသည်။ နောင်အခါတွင် သိပ္ပံပညာ၏တိုးတက်မှုကြောင့် အင်အားအမျိုးမျိုးကို တွေ့ရှိသုံးစွဲလာခဲ့ရာမှ လျှပ်စစ်အင်အားထိုမှတဆင့် အနုမြူ အင်အား အထိ တိုးတက်နေဆဲဖြစ်၍ စက်များမှာလည်း လူ၏လုပ်အားနေရာကို ဝင်ရောက်ယူငင်နိုင်ကြယုံမျှမက အချို့သောနေရာများတွင် လူထက်ပင်တိကျမှန်ကန်စွာ လုပ်နိုင်စွမ်းရှိသော အလိုအလျောက် စက်မှုယန္တရားအဆင့် (Automation) သို့ ရောက်ရှိနေပေပြီ။

ဝမ်းရေးလယ်ယာခေတ်မှ ကုန်သွယ်မှုလယ်ယာခေတ်သို့ ပြောင်းသဖြင့် မြေရှင်ကြီးများက ခေတ်သစ် ထွန်ယက် စိုက်ပျိုးသည့် စံနစ်ကို တည်ထွင် လာသည်နှင့် အမျှ ယှဉ်ပြိုင် နိုင်စွမ်း မရှိသော တောင်သူ လယ်သမား အမြောက်အများသည်လည်း လိုလောက်သည့် အသက်မွေးဝမ်းကြောင်း အလုပ်မရှိတော့သည့်အလုပ်လက်မဲ့များ ဖြစ်ကုန်ကြ ပြီး မြို့ကြီး, ပြကြီးများရှိ စက်ရုံများသို့ သွား ရောက်ကြ၍ လယ်ယာလုပ်ငန်းထက် ဝင်ငွေကောင်းသော စက်ရုံ အလုပ်သမားများ အဖြစ် အသက်မွေးဝမ်းကြောင်း ကူးပြောင်းကြရပါသည်။

ဤသည်တို့မှာ မြေရှင်ကြီး စံနစ်နှင့် စက်မှု တော်လှန်ရေး ခေတ် တို့၏ လူ့လောက၊ လူ့ဘဝများကို လက်လှမ်းမမှီနိုင်အောင် ခွဲခြားစေခဲ့သော ခေတ်သစ် လူတန်းစား ခွဲခြားမှု ဖြစ်ပေါ် လာခြင်း၏ အကြောင်းရင်း တရပ် ဖြစ်ပါသည်။

မှတ်ချက်

(ဤနေရာတွင် ငါတို့နိုင်ငံတွင် မြေရှင်ကြီးစနစ် ကြီးထွား လာခြင်းနှင့် ကွာခြားပုံကို သတိပြုရန်လိုပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် တောင်သူ လယ်သမားများ၊ မြေမဲ့သာမဲ့ဖြစ်ကြရသည်မှာ မြေရှင်ကြီးများက လယ်ယာများကို ခေတ်မီနည်း စနစ်များနှင့် တိုးတက်ဖြစ်ထွန်းအောင် လုပ်ဆောင်လာခြင်းနှင့် မြို့ပြများတွင် ဝင်ငွေကောင်းသော စက်မှုလုပ်ငန်းကြီးများ ဖြစ်ထွန်းလာ ခြင်း ကြောင့် မဟုတ်ပါ။ နိုင်ငံခြား သားများ နှင့် တိုင်းရင်းသား အချို့က တောင်သူ လယ်သမားများ အပေါ်တွင် အဆမတန် ကြီးမားသော အတိုးနှုန်းထားများဖြင့် လယ်စားရိတ် ငွေများကို ချေးငှါး ကြခြင်း၊ လယ်ယာ သီးစားခများကို အဆီး အတား မရှိ၊ အဆ မတန် များပြားစွာ ရယူခြင်းနှင့် ထိုခေတ်ရှိ ကိုလိုနီအစိုးရတို့က တောင်သူလယ်သမားများထံမှ မြေခွန်တောင်း ခြင်းမှတပါး၊ တောင်သူ လယ်သမား များအား ပြေပလောက်အောင် ကာကွယ် စောင့်ရှောက် ပေးခြင်း မပြုသောကြောင့် လယ်ယာမလုပ်သူ မြေပိုင်ရှင်များ(Absentee Landlords) လက်တွင်းသို့ လယ်ယာ အမြောက် အများ ရောက်ရှိသွားခြင်းဖြင့် မြေရှင်ကြီးစနစ် ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်ပါသည်)

ကျေးပိုင်ကျွန်ပိုင်နှင့် ပဒေသရာဇ် မြေရှင်ကြီး ခေတ်များမှ ကျွတ်လွတ် လာကြသော ပစ္စည်းမဲ့လူသားများသည် အရင်းရှင်ခေတ်သို့ တဖန်ငင်ရောက် ရပြန်သဖြင့် (ကြွက်ကြွက်ဆူနေသော ရေနွေးပအိုးထဲသို့ ကျရောက်နေသူများ အား ဆယ်ယူ၍ ဆီပူအိုး ထဲသို့ ပြောင်း လိုက် ဘိသကဲ့သို့ ရှိပေ တော့သည်) ဝမ်းရေးလယ်ယာခေတ်တွင် လယ်ယာအလုပ်သမားတဦးသည် ရိုးသားဖြောင့် မတ်၍ မိမိ၏အလုပ်၌လုံ့လဝီရိယရှိပါမူ၊ ၎င်း၏လုပ်ခမှ ငွေကြေးစုဆောင်းပြီး တနေ့သော အခါတွင် မြေပိုင်၊ လယ်လုပ် ဘသို့ တိုးတက် နိုင်စွမ်း ရှိပါသည်။ ထိုကဲ့သို့ တိုးတက်ဘူးသော သာဓက များလည်းရှိခဲ့ဘူးပါသည်။ ထိုနည်းတူစွာ ပင် ကုန်ပစ္စည်းကို ကိုယ်ပိုင်ထုတ်လုပ်သည့်ခေတ်တွင် အလုပ်သမားတဦးသည် ကိုယ်ပိုင် ထုတ်လုပ်သူ၏ ဘဝသို့ တက်လှမ်းနိုင်ရန် အခွင့်အလမ်း လွယ်ကူခဲ့ပါ သည်။ ယုတ်စွအဆုံး၊ ကျေးပိုင် ကျွန်ပိုင် ခေတ်၌ပင်လျှင် ကျေးကျွန် အဖြစ်မှ ရွေးနှုတ်နိုင်လောက်သည့် အခြေအနေများရှိကြပါသေးသည်။ ထို့ကြောင့်ပင် လျှင် ဥရောပ သမိုင်းတွင် (ဘောဘီလုံး) နှင့် (ရောမ) ခေတ်များ၌ ကျေးကျွန် တို့သည် ငွေကြေးစုဆောင်း၍ မိမိတို့ကိုယ်ကို ရွေးနှုတ်ခွင့်ရှိခြင်းကို ဥပဒေနှင့်

ပင် ပြဋ္ဌာန်းသတ်မှတ် ပေးခဲ့ရသော သာဓကများ အထင်အရှား ဖြစ်ပါသည်။ မြန်မာ့သမိုင်း၌လည်း “သုံးဝိသာ ကိုယ်နေကြီးကို ရွေးခွင့်ပြုခဲ့ရသည်” များ ကိုလည်း ကြားဘူးပါသည်။ သို့ရာတွင် အရင်းရှင်၊ မြေရှင် စနစ်မှ ပစ္စည်းမဲ့ အလုပ်သမားနှင့် တောင်သူလယ်သမားကျောသွေးများ၏ လွတ်ရာလမ်း မှာကား ရွေးနှုတ်ခွင့် မဟုတ်ပါ။ ဆိုရှယ်လစ် တော်လှန်ရေး ကိုသာ အားကိုးစရာ ရှိပါ တော့သည်။

စက်မှုတော်လှန်ရေးခေတ်သည် (၁၈)ရာစုနှစ်များအတွင်း ဗြိတိန်ပြည် တွင် စတင်ခဲ့ပြီး (၁၉)ရာစုနှစ်များအတွင်းသို့ ရောက်သောအခါ ကမ္ဘာ့အစိတ် အပိုင်းအချို့သို့ ပြန့်နှံ့ သွားပါသည်။ မြေရှင်ကြီး စနစ်နှင့် စက်မှု တော်လှန် ရေး ခေတ်များသည် တောင်သူ လယ်သမား၊ အလုပ် သမားများနှင့် စားသုံးသူ ပြည်သူများအား ခေါင်းပုံဖြတ် အမြတ်ကြီး စားမှုကို ဖြစ် ပေါ် စေခဲ့ သော် လည်း ထိုခေတ်များကပင် လူ့လောက၌ သာတူညီမှုကို ဖြစ်စေမည့် ဆိုရှယ်လစ်ခေတ် အား မွေးထုတ်ပေးလိမ့်မည်။

ရဲဘော်တို့။

လူ့သမိုင်းအစကတည်းက လူကို လူချင်း အနိုင်ကျင့်ရာမှအုပ်စိုးသူ လူတန်းစားနှင့် အုပ်စိုးခြင်းကိုခံရသူ လူများစုကြီး ပေါ်ထွက်ခဲ့ရပုံများကို ဖော်ပြခဲ့ပြီးပါပြီ။ နောင် အခါတွင် ထိုအုပ်စိုးသူ လူတန်း စားသည် ဘုရင်များ နှင့် ဆွေတော် မျိုးတော်များ၊ နယ်စားပယ်စားများ၊ စစ်သူကြီးများ အစရှိသော အမည် ပညတ်များကို ခံယူကြလျက်၊ အလွန် ကြီးကျယ်ခမ်းနားသည့် အဆောင်အ ယောင်၊ အဆောက်အဦ၊ နန်းတော်ကြီးများ၊ ရဲတိုက်ကြီးများနှင့် အတော မသပ်အောင် စီမံခံ၍လာကြပါသည်။ ထိုသူများသည် ကာလ အတန်ကြာလတ် သော်- ယင်းကဲ့သို့ ကြီးကျယ် ခမ်းနားသည့် စီးစိမ်များကို ကြေနပ် ရောင့်ရဲ တင်းတိမ်ခြင်းမရှိနိုင်သဖြင့်ရှေ့ သို့တဆင့်တိုး၍ ကမ္ဘာကိုလွှမ်းမိုးအုပ်ချုပ်လိုစိတ် များ ဖြစ်ပေါ်လာကြသဖြင့် ပြည်သူတို့ထံမှ ကောက်ခံထားသည့် ချွေးနည်းစာ အခွန်ဘဏ္ဍာငွေများကို စစ်ရေးအတွက် ရက်ရက်ရောရောကြီး သုံးဖြုန်း ပစ်ကြ ပါသည်။

ထိုနည်းဖြင့် ဘုရင် သို့မဟုတ် အုပ်စိုးသူများ ပေါ်ထွန်းလာကြသည့် အ ခါ၌ ပြည်သူလူထု အပေါ်တွင် အခွန် အတုတ်များကို အဆမတန်တိုးတက်၍ ခန့်ခွဲစည်းကြပ်ကြပါသည်။ ဤကဲ့သို့ အခွန်အတုတ်များ တိုးတိုင်း တိုးတိုင်း မှာ

လည်း သူဌေး ဘဏ်ကြွယ် ပစ္စည်းရှင် မြေရှင်ကြီးများအပေါ်သို့ မပြောပလောက်ရုံသာ တာ နိကျရောက်၍ ပစ္စည်းမဲ့ကျေးမဲ့ တောင်သူလယ်သမား စားသုံးသူ ဆင်းရဲသား လူများစုကြီး အပေါ်မှာသာ ဆင့်ခါဆင့်ခါ တာဝန်ကျရောက်ပါသည်။ ထိုမျှသာမကသေး စစ်မက်ဖြစ်ပွားလာ၍ တိုက်ခိုက်ရန်လိုသည့် အခါများ၌လည်း ပစ္စည်းမဲ့ အလုပ်သမား တောင်သူလယ်သမား ဆင်းရဲသားများကိုပင်တပ်ဦးမှတင်၍ တိုက်ကြပါသည် ဤသည်တို့မှာ ဆိုရှယ်လစ်လူနေမှုစံနစ် တော်လှန်ရေး အတွေး အခေါ်များ လူသားတို့၏ ဦးခေါင်း အတွင်းသို့ တဖွါးဖွါး ပွါးများဝင်ရောက်စေသည့် ကြေကွဲဘွယ်ရာ သမိုင်းသင် ဖြစ်စဉ်များဖြစ်ပါသည်။

လူကို လူချင်း ထိုမျှအာဏာပြင်းခဲ့သော ဘုရင်မင်းတရားမျာ နှင့် အုပ်စိုးသူ အဂမှ လူတန်းစားသည် မြေရှင် အရင်းရှင် များနှင့် ပေါင်း ဘက်ကြလျက် စားကွက်ချဲ့ကြရာမှ ကိုလိုနီစံနစ် နယ်ချဲ့စံနစ်များ ကမ္ဘာတွင်ခေတ်စားလာပြီး လူပြန်ပေး ဒမြ ဂိုဏ်းကြီးများ သဘွယ် အင်ပိုင်ယာ ကြီးများကိုချဲ့ခဲ့ကြပါသည်။

လူသားတို့၏ သဘာဝသည် ဖိလွန်းလျှင် ကြွလာတတ်သည့် အတိုင်း ခရာဇ်သက္ကရာဇ် (၁၇၇၅) ခုနှစ် တွင် မတရား ဖိနှိပ်မှုဒဏ်ကို မခံနိုင်ကြသော အမေရိကန် လူမျိုးများသည် လက်နက်စွဲကိုင်ကြလျက် ဗြိတိသျှ အုပ်စိုးသူများအား စတင်၍ တော်လှန်ပုန်ကန်ကြလေသည် (၁၇၇၆) ခုနှစ်တွင် အမေရိကန်ကွန်ဂရက်သည် ဗြိတိသျှ ကိုလိုနီ အဖြစ်မှ လွတ်မြောက် ကြောင်း ကျေညာ၍ (၁၇၈၂)ခုနှစ်တွင် အမေရိကန် လွတ်လပ်ရေးကို အသိအမှတ် ပြုသောစာချုပ်ကို ဗြိတိသျှတို့က ပြင်သစ်ပြည် ပါရစ်မြို့၌ လက်မှတ်ရေးထိုး ချုပ်ဆို ခြင်းဖြင့် အမေရိကန် ပြည်ထောင်စု သမတနိုင်ငံကို အောင်မြင်စွာ တည်ထောင်ခဲ့ လေသည်။ ထိုအောင်ပွဲသည် ကမ္ဘာ့ လူသားအချင်းချင်း အဂမှ စိုးမိုး အုပ်ချုပ်နေသော ပဒေသရာဇ် စံနစ်နှင့် ကိုလိုနီစံနစ်များကို တော်လှန်ပုန်ကန်ကြလျက် နှောင်ကြိုးမှ အလွတ်ရုန်းကြရန် လူသားတို့အား တပ်လှန့် နှိုးလိုက်သကဲ့သို့ ရှိပေတော့သည်၊

၁၇၈၉- ခုနှစ်တွင် ပြင်သစ်ပြည်၌ ပေါ်ပေါက်လာသော တော်လှန်ရေးကြီးသည် အမေရိကန် တော်လှန်ရေး၏ ဂရက် ရိုက်ခတ်မှု အကြောင်းမကင်းသော်လည်း ယင်းတော်လှန်ရေး နှစ်ခုမှာ အသွင် ခြင်း ခြားနားကြပါ

သည်။ ထိုတော်လှန်ရေးကို ဓနရှင် **တော်လှန်ရေး** ဟု သမုတ်ကြ သော်လည်း ၎င်းတော်လှန်ရေးမှာ ပြည်သူတို့အပေါ်၌ ရက်စက်ကြမ်းကြုတ်စွာ စိုးမိုးအုပ်ချုပ် မင်းလုပ်နေသော ဘုရင်ကိုသာ တော်လှန်ပုန်ကန် ကြ ခြင်းမဟုတ်ဘဲ ပစ္စည်းပိုင်ရှင်ကြီးအချို့ကိုပါ သိမ်းကြုံး တော်လှန်ပုန်ကန်လိုက်ကြပြီးသမတနိုင်ငံ ကို ထူထောင်နိုင်ခြင်း ဖြစ် သဖြင့် (၁၇၄၈-၇၁) ခုနှစ် များ အတွင်း (ပြင်သစ်ကွန်မြန်း) နှင့် နိဂုံးချုပ်ခဲ့သော ပြင်သစ်တော်လှန်ရေးကြီး၏ရှေ့တော်ပြေး ဖြစ်သည့်အပြင် ပစ္စည်းမဲ့များ၏ ပဏာမအောင်ပွဲဟုလည်းခေါ်ဆိုနိုင်ပါသည်။

ကား(လ်)မာ့ခ(စ်)တ ၎င်း၏ မနရှင်နှင့် တန်ပြန် တော်လှန်ရေး ခေါင်းစဉ်နှင့်ဒုတိယဆောင်းပါးတွင်ရေးသားခဲ့သည်မှာ ၁၆၄၈-ခုနှစ်၁၇၈၉-ခုနှစ်တော်လှန်ရေးများမှာ အင်္ဂလိပ်နှင့် ပြင်သစ်တော်လှန်ရေးများမဟုတ်ကြပါ ၎င်းတို့မှာ ဥရောပတော်လှန်ရေးများသာဖြစ်ပါသည် အောင်ပွဲများမှာလည်း သီးခြား လူတန်းစား တရပ်က ရရှိ သော အောင်ပွဲ မဟုတ် ပါ စသည်ဖြင့် ဖြစ်ပါသည်။

အောင်ပွဲရ ပြင်သစ် တော်လှန်ရေးတပ်များသည် ဘုရင်အုပ်ချုပ်ရေးစံနစ်ကို အလွန်မုန်းတည်းစက်ဆုပ် နေကြသဖြင့် ဥရောပတခွင်တွင် ဘုရင်စံနစ်ဖြင့် အုပ်ချုပ်နေသော ဟော်လန်ပြည်၊ ဘယ်လ်ဂျီယံပြည်၊ ဆွစ်ဇာလန်ပြည်၊ ဂျာမနီ တောင်ပိုင်းနှင့် အီတလီ မြောက်ပိုင်း များ သို့ ချီတက် ကြ လျက် ဘုရင်အုပ်စိုးသည့် စံနစ်ကို တိုက်ခိုက် ဖျက်သိမ်းကြ၍ သမတ နိုင်ငံများကို ထူထောင်လိုက်ကြပါသည်။

ပြင်သစ်တော်လှန်ရေးသည် ဥရောပတခွင်တွင် ဘုရင်အုပ်စိုးသည့်စံနစ်ကို တော်လှန်စေ၍ ပစ္စည်းမဲ့တော်လှန်ရေးအား အစပျိုးပေးခဲ့သည်မှန်သော်လည်း ထိုတော်လှန်ရေးမှာ အခါမရသေးချင်း တိကျပြတ်သား မှန်ကန် သည့် ဝါဒလမ်းစဉ်အရ စည်းရုံး လှုပ်ရှားရသော တော်လှန်ရေးမဟုတ်ခြင်း တော်လှန်ပြီးသည့် နောက်၌လည်း အာဏာသိမ်းပိုက် တက်ရောက်လာသောအစိုးရမှာ စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံခြားရေးဝါဒလမ်းစဉ်များကျနစွာမရှိခြင်း အစရှိသော အကြောင်းများကြောင့် ပြင်သစ်ကာယ်တင်ရေး တပ်များ သည် များမကြာမီ ၎င်းတို့ ကိုယ်တိုင်ကယ်တင်ပေးခဲ့သည့် နိုင်ငံများမှ ပစ္စည်းဥစ္စာ

များကို အမိ ပြင်သစ်ပြည်အတွက် လုယက်ယူငင်ကြသဖြင့် ကယ်တင်ရှင်စစ်ကြီးသည်ဓါးမြအကြီးစား နယ်ချဲ့သမားများ၏ စစ်ပွဲအသင်သို့ ကူးပြောင်း သွားပြီး တော်လှန်ရေးကြီးမှာလည်း ပြိုကွဲပျက်စီး ခြင်းဖြင့် နိဂုံးသတ်ရလေသည်။

ပြင်သစ်တော်လှန်ရေးအည် အထက်တွင်ဖေါ်ပြထားသကဲ့သို့ ဦးတည်ချက် ပြောင်းလဲ သွားသည်နှင့်အမျှ ဆင်းရဲသားနင်းပြားတောင်သူလယ်သမားများသည်လည်း ကျွန်မှ သားဘောက်ဘဝသို့ ဒလိမ့်ခေါက်ကွေး လျှောကျရသည်ကို စာရေးဆရာကြီး အိုပ်(ချ်)ဂျီဝဲ(လ်) ကအောက်ပါ သဘော အတိုင်း မှတ်ချက်ချထားသည်ကို ဘတ်ရပါသည်။

"ပြင်သစ်ပြည်သည် ဘုရင်စိုးသော နိုင်ငံအဟောင်း နှင့် တထပ်တည်း ပြန်၍ တူညီစပြု၍လာလေသည် ထိုနိုင်ငံသစ်သည် နိုင်ငံ အ ဟောင်းထက်ပင် ပို၍ ကြမ်းကြုတ် ရက်စက်လာပါသည် သရဖူ ဆောင်းထားသော နေရာတွင် လွတ်မြောက်ရေး ဦးထုပ်ကို ပြောင်း၍ ဆောင်း လိုက်ခြင်း သာ ဖြစ်ပါ သည် ဘုရင့် စစ်တပ် အဟောင်းနေရာတွင် စစ်တပ်အသစ် နှင့် ပျက်စီး ယိုယွင်း နေသော ရေတပ်လည်း ရှိပါသည် သူဌေး သူကြွယ် အဟောင်းများ နေရာ တွင် သူဌေးသူကြွယ် အသစ်စက်စက်များလည်း ရောက်၍လာပါ သည် တောင်သူလယ်သမား အဟောင်းများ နေရာတွင်ကားအလုပ် အကိုင် ကိုရှေးကသက် ပိုမို ပင်ပန်းဆင်းရဲစွာလုပ်ကိုင်ကြရ၍အခွန်အတုတ်များကိုလည်းပိုပြီး ထမ်းဆောင်ကြရသော တောင်သူလယ်သမားအသစ်များရောက်၍လာပါတော့သည်။

ပြင်သစ်ပြည်၏ အခြေအနေမှာ နောက်ပိုင်းတွင် ပို၍ပင်ဆိုး၀ါး လာပါသည်။ ပြင်သစ် သမတ နိုင်ငံမှာ နယ်ချဲ့အင်ပါယာ နိုင်ငံကြီး ဖြစ်လာပြီး ကောဇိကာကျွန်းမှ စစ်သားကလေးနပိုလီယံ မှာလည်း ဧကရာဇ် ဘုရင်မင်းတရားကြီးအဖြစ်သို့ အဘိသေက ခံယူကူးပြောင်း သွားသဖြင့် ၎င်း အား ဥရောပတိုက်တခုလုံး စုရုံး၍ တိုက်ခိုက် ဖြုတ်ချ ရ သည့် အခြေ သို့ ဆိုက်ရောက်ရလေတော့ သည်။

ရဲဘော်တို့

လူ့လောကတွင်လူ့သမိုင်းဖြစ်စဉ်များနှင့်အတူလူ့ အတွေးအခေါ်များသည်လည်း ပြောင်းလဲနေကြပါသည်။ ကိုလိုနီနယ်ချဲ့တော်လှန်ရေး ပစ္စည်းမဲ့တော်လှန်ရေး စိတ်ခါတ်များသည်လည်း တက်ကြွရင့်ကျက် ၍လာပါသည်။ထိုကဲ့သို့ ခေတ်ဟောင်းမှ ခေတ်သစ်သို့ ကူးပြောင်းရန် ကြိုးစိတ်ကူး ရှေ့ဆောင်

စီစဉ်ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများအနက် ထိုခေတ်တွင် ထင်ရှားသောပုဂ္ဂိုလ်ကြီးတဦးမှာ ရောဘတ် အိုဝင် ဆိုသူပင်ဖြစ်ပါသည်။

ရောဘတ် အိုဝင် သည် ဆို ရှယ်လစ် ၀ါဒကို စတင် ထည်ထွင်သူ ဖြစ်ရာ (၁၈၃၅)ခု နှစ်လောက်မှစ၍ (ဆိုရှယ်လစ်ဇင်း) ဆိုသော စကားလုံးကိုရှေးဦးစွာ သုံးနှုန်းခဲ့သူလည်း ဖြစ်ပါသည်။ သို့ပင် ဖြစ်ငြား သော်လည်း အိုဝင်သည် ပစ္စည်းမဲ့ အလုပ်သမားတဦးမဟုတ်ပါ။ အင်္ဂလန်ပြည် မန်ချက်စတာမြို့မှ ချည်မျှင်စက်ပိုင်ရှင်တဦးသာဖြစ်ပါသည်၊ အိုဝင်သည် စက်ရုံအလုပ်သမားများ၏အလွန်ဆိုး၀ါးသော အဇခြေအနေကိုမျက်မြင်ကိုယ်တွေ့ ဖြစ်သည့်အတိုင်း အလုပ်သမားများအား ၎င်းတို့ဘ၀ဆိုးမှ ရှေးဦးစွာ ကယ်တင်ခဲ့သူနှင့် ရှေ့ဆောင်ရှေ့ရှက်ပြုသူ ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။

အလုပ်အမားများအား အဆမတန် ခိုင်းစေကြခြင်းမှ အလုပ်ချိန်နာရီကို လျှော့ချရန် စက်ရုံအလုပ်ရုံများတွင် အလွန်ညစ်ပတ် ပေရေ နေသည်များကို ပြုပြင်၍ အလုပ်အမားများအတွက် ကျန်းမာရေးနှင့် ညီညွတ်သန့်ရှင်းစေရန် အလုပ်သမားများ၏ ရှေ့သို့တက်လမ်းရှိစေရေးအတွက် သင် ကြားပို့ချပေးစေရန် ရောင်းရေး၀ယ်တာ မကောင်းသော အချိန်များ၌ အလုပ်လက်မဲ့ဖြစ်ကြရသော အလုပ်သမားများအား အလုပ်လက်မဲ့လစာပေးစေရန် အစရှိသော အလုပ်သမားသက်သာခွင့်များကို စတင်တည်ထွင် ဆောင် ရွက် ပေးသူမှာ ရောဘတ် အိုဝင်ပင်ဖြစ်ပါသည်။

အိုဝင်သည် အင်္ဂလန် နိုင်ငံတွင်သာလျှင် မကဘဲ အမေရိကန် ပြည်သို့လည်း သွားရောက်လျက် စက်ရုံ အလုပ်ရုံပိုင်ရှင်ကြီးများ၏ အဒတာမသတ်နိုင်သော လောဘသက္ကာယများကို အကြီးအကျယ် ဝေဘန်ရှုံ့ချပြီး အလုပ်သမားများ၏ ဘ၀သာယာရေးအတွက် ဆောင်ရွက်သည့်အပြင် လူ့လောက၏တရား မျှတ ရေးအတွက် စာပေ အားဖြင့်လည်း ရေးသား ပြုစုခဲ့သူဖြစ်ပါသည် ထို့ပြင် အိုဝင်သည် အလုပ်သမားများထိုစဉ်အခါက ရရှိနေကြသည့် လုပ်ခ ကြေးငွေများမှာ တန်တိုးတည်တံ့ခြင်း မရှိသဖြင့် နစ်နာ နေ ခြင်းမှ လွတ်ကင်းစေရန် ရည်သန်လျက် ငွေကြေးအစား အလုပ်နာရီကိုမှတ်သား၍ ကုန်ပစ္စည်းနှင့် အချိန်မရွေး လဲလှယ် ရယူနိုင် သော အဘိုး တန် စာချုပ် စာတမ်း အ မှတ် အ သား ကို ထုတ် ပေး စေ ရန် စမ်း သပ် တည် ထွင် ခြင်း ကိုပင် ပြုခဲ့ပါသည်။

ရောဘတ် အိုဝင် ၏ အခြား အရေးကြီးသော တည်ထွင်မှုတခုမှာ အရင်းအနှီးမရှိသော ဆင်းရဲသား အလုပ်သမားနှင့် တောင်သူလယ်သမားများအား စုပေါင်းလုပ်ကိုင်နိုင်သည့် (သမဝါယမ) စနစ်ကို တည်ထွင်ပျိုးထောင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုစနစ်သည် ရှေ့ အင်အားကြီးမားသူများ၏ ခေါင်းပုံဖြတ် ဖိနှိပ်မှု ဒဏ်ကို တော်လှန်နိုင်စွမ်းရှိပြီး ဆိုရှယ်လစ် စီးပွားရေး စံနစ်ကိုလည်း တိုက်ရိုက်အကျိုးပြုသော စံနစ်ဖြစ်ပါသည်။ ယခု အချိန်၌ (သမဝါယမ) လုပ်ငန်းများသည် ကမ္ဘာအနှံ့အပြားတွင် ကြီးပွား ထွန်းကားလျက်ရှိနေပါသည် ထိုခေတ်တွင် အထူးမှတ်သားဘွယ် ကောင်းသော အချက်တခုမှာ ရှေးဦးစွာ ပေါ်ပေါက်လာကြသည့် ဆိုရှယ်လစ်ကြီးများမှာ အလုပ်သမားလူတန်းစား များမဟုတ်ကြခြင်းပင်ဖြစ်ပါသည်။

အလုပ်ရှင်များ၏ ဖိနှိပ်မှုဒဏ်ပြင်းထန်လွန်းသဖြင့်အလုပ်သမားများက မိမိတို့အခွင့်အရေးကိုခံရန် အသင်း အပင်းဖွဲ့လိုသော်လည်းထိုခေတ်တွင်ဥပဒေများက ခွင့်မပြုသဖြင့် ပုံးလျှိုး ဝှက်လျှိုး ဖွဲ့စည်းကြ ရသောကြောင့် အလုပ်သမားအသင်းများမှာ သူတို့၏ အကျိုးကို အရာရောက်အောင်အတိ အလင်း ဆောင်ရွက်ပေးနိုင်စွမ်းမရှိကြဘဲ လျှို့ဝှက် လုပ်ငန်းများကို လုပ်ဆောင်ကြရပါသည်။ (၁၈၂၄)ခုနှစ်တွင် အင်္ဂလန်ပြည်၌ အလုပ်သမား အဖွဲ့များကို ဥပဒေအရ ဖွဲ့စည်းခွင့်ပြုလိုက်သဖြင့်ထိုအချိန်မှစ၍ အလုပ်သမားများသည် အသင်းအပင်း များကို စုပေါင်းဖွဲ့စည်းကြလျက် အလုပ်ရှင်များအားအဘိအလင်းအရေးဆိုနိုင်ခွင့်ကို ရရှိလာကြအည့်အတိုင်း (ထရိတ်ယူနီယံ) ခေါ်သော အလုပ်သမား အဖွဲ့အစည်းများ အမြောက်အများ ပေါ်ထွက်လာကြပါသည်။

အလုပ်သမား အဖွဲ့များကို ရှေးဦးစွာ ဗြိတိန် နှင့် အမေရိကန် ပြည်ထောင်စုများ၌ တည်ထောင် လိုက်ကြသည်မှစ၍ နောင်အခါတွင်ပြင်သစ်ဂျာမနီနှင့်အနောက် ဥရောပတခွင်လုံးသို့ ပြန့်နှံ့သွားပါသည်။ ထိုအချိန်တွင်ပေါ်ပေါက်ခဲ့သော(ထရိတ်ယူနီယံ) ခေါ် အလုပ်သမားအဖွဲ့များ ၏အဓိက လုပ်ငန်းများမှာ အလုပ်ရှင်များထံမှ အခွင့်အရေး ရနိုင်သလောက် ရအောင် စုပေါင်း၍ အရေးဆိုရန်သာ အဓိကဖြစ်ပြီး ဆိုရှယ်လစ်များကမူကား အရင်းရှင် စံနစ်တခုလုံးကို ပြောင်းလဲပစ်ရန် အဆိုပြုကြသည်ကို တွေ့ရပေသည်။ ထိုကဲ့သို့ အလုပ်သမား များနှင့် ဆိုရှယ်လစ်များ၏ လှုပ်ရှားမှုများသည် တသီးတခြားစီ ဖြစ်နေခြင်းကို နောင်အခါ၌ ကား(လ်) မာ့ခ(စ်)၏ အောင်မြင်စွာ ဆက်စပ်

ပေးခြင်းဖြင့် နိုင်ငံရေးသဘောတရား ရှေ့ဆောင်သော အလုပ်သမား လှုပ်ရှားမှုကြီးအသွင်သို့ ကူးပြောင်းလာခဲ့ပါသည်။

ကား(လ်)မာ့ခ်(စ)သည် ဂျူးလူမျိုး ရှေ့နေကြီး တဦး၏ သားဖြစ်ပြီး လူတန်းစားခွဲခြားမှု အလွန်ပြင်းထန်သော ဂျာမဏီပြည်တွင် ကြီးပြင်းလာသူဖြစ်ပါသည်။ သူသည် ပဌမတွင် ဥပဒေပညာကို သင်ယူသော်လည်း နောက်ပိုင်း၌ ရာဇဝင်နှင့် စိတ္တဗေဒပညာများကိုသင်ယူခဲ့ပါသည်။ သူ၏ပတ်ဝန်းကျင်မှာလည်း လူကိုလူခြင်း ထနားကြင်နာစိတ်ကင်းမဲ့စွာ ခေါင်းပုံဖြတ် အမြတ်ကြီးစားနေကြသော စီးပွားရေး လောကကြီးဖြစ်၍ အလုပ်သမား ပစ္စည်းမဲ့နှင့် အရင်းရှင် များ၏ ပဋိပက္ခ များ မှာ လည်း ပြင်းထန်စ ပြုနေချိန် ဖြစ်ပါသည်။

မာ့ခ် (စ) ၏ လိုရင်း အတွေးအခေါ်မှာ အရင်းရှင်များသည် မိမိတို့လောဘကို မထိန်းသိမ်းနိုင်သဖြင့် အချင်းချင်း အပြိုင်အဆိုင် စီးပွားရှာရာမှ နောင်အခါတွင် ပစ္စည်းဥစ္စာများသည် လူနည်းစုကလေး၏လက်တွင်းသို့ စုပြုံရောက်ရှိလာကြပေလိမ့်မည်။ ထိုအချိန်တွင် ခေါင်းပုံအဖြတ် ခံရပါများသဖြင့် လူတန်းစားစိတ်ဓါတ်တက်ကြွ၍ ရဲစိတ်ရှိမာန်ဝင်နေကြသော ပစ္စည်းမဲ့ အလုပ်သမားများကလူတန်းစားတိုက်ပွဲဆင်နွှဲခြင်းအားဖြင့်စက်ရုံအလုပ်ရုံများကိုသိမ်းပိုက်လျက် နိုင်ငံရေး အာဏာကို အရယူပြီး အရင်းရှင် စံနစ်ကို ဖျက်သိမ်း၍ ဆိုရှယ်လစ်လောကကို ထူထောင်ရန်ဖြစ်သည်။

မာ့ခ် (စ) ၏ လူတန်းစား တိုက်ပွဲ လမ်းစဉ်မှာ ထိုခေတ် အလုပ်သမားလောက၌ အထူးစိတ်ဝင်စား ကြပါသည်။ ၎င်းကိုယ်တိုင်ကလည်း အရင်းရှင်စံနစ်နှင့် ဆိုရှယ်လစ်စံနစ်များနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများကိုပြုလုပ်ခြင်း၊စာပေများပြုစု ရေးသားခြင်းနှင့်အလုပ်သမားလှုပ်ရှားမှုများနှင့်နိုင်ငံရေးလှုပ်ရှားမှုများကို ဦးစီးခေါင်းဆောင်မှုပေးခြင်း အစရှိသည်တို့ကို ဒုက္ခဆင်းရဲအမျိုးမျိုး အကြားမှမနေမနားဆောင်ရွက်ခဲ့သည့်အတွက် အလုပ်သမားသွေးစည်းမှုကြီးကို ရရှိပြီးပဌမအကြိမ် (ကမ္ဘာ့နိုင်ငံလုံးဆိုင်ရာ) ခေါ် အလုပ်သမားအဖွဲ့ချုပ်ကြီးကို(၁၈၆၄)ခုနှစ်တွင်အောင်မြင်စွာထူထောင်နိုင်ခဲ့ကြပါသည်။

မာ့ခ်(စ)၏ လူတန်းစား တိုက်ပွဲလမ်းစဉ်သည် ခရာဇ်သက္ကရာဇ် ၁၉ရာစုထက်ဝက်ကျော်သည်မှစ၍ စက်မှုထွန်းကားသော နိုင်ငံများ၏ အလုပ်သမား

လောကတွင် အလွန်ခေတ်စား၍လာပါသည်။ သို့ရာတွင် ထိုကဲ့သို့ ခေတ်စားသည့် စက်ရုံလုပ်ငန်းများ ထွန်းကားရာ မြို့ကြီးများတွင် စက်ရုံ အလုပ်သမားဦးရေထက် မြို့နေလူလတ်တန်းစားဦးရေက ပိုမိုများပြားနေသည်ကတကြောင်း၊ ကျေးလက် ဒေသများမှ တောင်သူလယ်သမားများမှာလည်း စက်ရုံ အလုပ်ရုံများထက် မိမိတို့၏ လက်ငုတ်ဖြစ်သော လယ်ယာများကို ပိုင်ဆိုင်ခွင့် ရရှိရေးသာ စိတ်ဝင်စားနေကြသည်ကတကြောင်းတို့ကြောင့် အရင်းရှင် စီးပွားရေးစံနစ်ကို တော်လှန်၍ ဆိုရှယ်လစ်စီးပွားရေးစံနစ် ကိုထူထောင်ရန်အတွက်လူများစုနည်းနှင့် အာဏာသိမ်းပိုက်ရန်မှာ အချိန်များစွာကြာမည်ဟု မာ့ခ် (စ) ဝါဒီများကယူဆကြလေသည်။ ထိုအယူအဆကြောင့်ပင်လျှင် နိုင်ငံရေးအာဏာကို စက်ရုံ အလုပ်သမားလူနည်းစုနှင့်ပင် တော်လှန်သိမ်းပိုက်ပြီး ဆိုရှယ်လစ်နိုင်ငံကို တည်ဆောက် သွားရန် သတ်မှတ် ချခြင်းကို "ပစ္စည်းမဲ့အာဏာရှင် လမ်းစဉ်" ဟုခေါ်ဆိုကြပါသည်။

မှတ်ချက်

(မာ့ခ်(စ်)၏ ဝါဒ သဘောတရား အကြောင်းနှင့် ပတ်သက်၍ အမျိုးသားခေါင်းဆောင်ကြီးဦးနု၏ ဝေဖန်ဆွေးနွေးဟောပြောချက်များမှ ကောက်နှုတ်ချက်တို့ကို နောက်ဆက်တွဲအဖြစ်နှင့်ဖော်ပြလိုက်ပါသည်)။

၁၉၁၄–ခုနှစ်တွင် ပဌမ ကမ္ဘာစစ်ကြီး ဖြစ်ခဲ့ပါသည်။ ထိုစစ်ကြီးသည် ကမ္ဘာတွင်ရှေးယခင်က ဖြစ်ခဲ့ဘူးသော စစ်ပွဲများထက် လူသူ ပစ္စည်း အသေအကြေ အပျက်အစီး အဆမတန်ပို၍များပါသည်။ ၁၉၁၈ခုနှစ်တွင် စစ်ကြီးပြီးဆုံးသော အခါ၌ ကောက်ယူရရှိသောစာရင်းများအရ စစ်သားပေါင်း ၈ သန်းကျော် ကျဆုံးပြီး အရပ်သားပေါင်း ၂၅–သန်းခန့်မျှ သေကြေပျက်စီးကြရပါသည်။ အခြားသန်းပေါင်းများစွာသော လူအပေါင်းမှာလည်း အိုးမဲ့၊အိမ်မဲ့ အလုပ်လက်မဲ့များ ဖြစ်ကုန်ကြရသည်ကိုလည်း တွေ့ရပါသည်။

ရုရှပြည်၏ ဇာဘုရင်သည် ပဌမကမ္ဘာစစ်ကြီးတွင် မဟာမိတ်များဖက်မှ ဝင်၍တိုက်ပါသည်။ ဇာ ဘုရင်၏ အုပ်ချုပ်ရေးမှာ အလွန်ကြမ်းကြုတ်ရက်စက်ပြီး ပြည်သူလူထုအား ထောက်ထားညှာတာခြင်းမပြုပါ။ ရုရှလူထုကြီးမှာလည်း အလွန်ဆင်းရဲနွမ်းပါးသူများဖြစ်ကြ၍ စစ်ကြီးဖြစ်လာသောအချိန်တွင် စစ်ထဲသို့ မလိုက်မနေရအမိန့်ဖြင့် ဆင်းရဲသားများကို ဆင့်ခေါ်ပြီး လက်နက်ပစ္စည်း

မပြည့်စုံဘဲနှင့်ပင် စစ်မြေပြင်သို့ စေလွှတ်သောကြောင့် အများအပြားကျဆုံးကုန်ပါသည်။ စားရေရိက္ခာများမှာလည်း တဖြည်းဖြည်း ခေါင်းပါးလာသဖြင့် ၁၉၁၆–ခုနှစ်တွင် ရုရှလူထုကြီးသည် သည်းမခံနိုင်တော့ဘဲ၊ ပီကရိုဂရက်မြို့တွင် ရိက္ခာများကို လုယက်ကြပြီး သပိတ်ထကြပါသည်။ လူထုအုံကြသည့်ဒါဏ်ကိုမခံနိုင်သော ဇာဘုရင်သည် ထီးနန်းကိုစွန့်သော်လည်း အလွန်အတိဒုက္ခရောက်နေကြသော လူထုကြီး၏ ဒေါသကို ဟန့်တားခြင်း မပြုနိုင်ဘဲ၊ တိုင်းသူ ပြည်သားများက ဘုရင်အုပ်ချုပ်သည့်စံနစ်ကို အပြီးသတ်တော်လှန်ပုန်ကန်လိုက်ကြလျက် ကာရင်စကီးအစိုးရကို တင်မြှောက်ကြပါသည်။

ထိုအချိန်အတွင်းမှာပင် ပီတရိုဂရက်မြို့၌ အလုပ်သမားများနှင့် စစ်သားများ ပူးပေါင်းပြီး ဆိုဗီယက် အဖွဲ့များကိုဖွဲ့စည်းကြ၍ စစ်တိုက်ခြင်းကို ရပ်စဲရန်နှင့် စတောက်ဟုန်းမြို့တွင် ကမ္ဘာ့ဆိုရှယ်လစ် ကွန်ဖရင့်ကြီး ကျင်းပရန်များကို အရေးဆိုလာကြပြန်ပါသည်။ ထိုကဲ့သို့ ရုရှတို့က အရေးဆိုခြင်းကို ဂျာမန်နှင့် ဩစတြီးယား တိုင်းပြည်များနှင့် အင်္ဂလန်ပြည် လေဘာပါတီ ဝင်များကလည်း စစ်ကို အလွန်အကြူး အထူးငြီးငွေ့နေကြသည့်အလျောက် ဝိုင်းဝန်းထောက်ခံကြပါသည်။ ထိုကဲ့သို့ နိုင်ငံရေးများ လှုပ်ရှား နေချိန်တွင် ဘာလင်မြို့၌ လူထုကြီးက မကြေမနပ်ဖြစ်ပြီး ရိက္ခာများကို လုယက် ဆူပူ ကြပါသည်။ ကာရင်စကီးအစိုးရသည်လည်း ဆိုရှယ်လစ်ညီလာခံကြီးကို ခေါ်ဆိုကျင်းပရေးအတွက် ကြိုးစားသေးသော်လည်း မဟာမိတ်များက ကမ္ဘာတွင် သမတနိုင်ငံများ ထွန်းကားလာပြီး ဆိုရှယ်လစ်ဝါဒ လွှမ်းမိုးသွားမည်ကို စိုးရိမ်ကြောက်ရွံ့ကြသဖြင့် ကန့်ကွက် ဖျက်ဆီးကြသောကြောင့် မအောင်မြင်ဘဲ ရှိရလေသည်။

ရုရှတို့သည် စစ်ပွဲတွင် အရေးမလှဘဲ အကျအဆုံး အလွန်များပြားနေသော်လည်း မဟာမိတ်များက ထိရောက်သော အကူ အညီကို မပေးကြဘဲ၊ လှုံ့လှဲ၊ ရှောင်တိမ်းနေခဲ့ကြပါသည်။ စစ်အတွင်း ဒုက္ခပင်လယ်ဝေပြီး မကြေမနပ်ဖြစ်နေကြသော စစ်မျက်နှာမှ ရုရှစစ်သားများသည်လည်း နောက်ဆုံး၌ ပုန်ကန်ထကြွလာပါတော့သည်။ ၁၉၁၇ခုနှစ်၌ လီနင်ခေါင်းဆောင်သော ဘော်လ်ရှီဗစ် ဆိုရှယ်လစ်များက ဦးဆောင်၍ တကြိမ်ထပ်မံပြီး တော်လှန်ပုန်ကန်ကြလျက် အာဏာသိမ်းပြီးလျှင် ဂျာမဏီနှင့် သီးခြားစစ်ပြေငြိမ်းရေး စာချုပ်ကို လက်မှတ်ရေးထိုးလိုက်ပါသည်။

ရုရှတော်လှန်ရေးမှာ ပြင်သစ်တော်လှန်ရေးထက်ပင် ကြမ်းကြုတ် ရက်

စက်ပါသည်။ ထိုတော်လှန်ရေးတွင် နိုင်ငံရေးအာဏာကိုသိမ်းပိုက်ရုံဟုတ်မဟုတ်ဘဲ ပစ္စည်းမဲ့များက လယ်ယာများနှင့်တကွ စက်ရုံ၊ အလုပ်ရုံများကိုပါ သိမ်းပိုက်လိုက်ကြပါသည်။ အချို့နေရာများ၌ ပစ္စည်းများကို မီးတိုက်ဖျက်ဆီး၍ လူအများ ကိုလည်း သတ်ဖြတ် ပစ်ကြ ပါသည်၊ ရေတပ်သား များ ကလည်း အရာရှိများကိုသတ်၍ ဆီဗာတ် (စ) တိုပိုနှင့် ကရွန်း (စ) ဒက် ခံတပ်များကို သိမ်းပိုက်လိုက်ကြပြီး ကိုယ့်မင်းကိုယ်ချင်း အုပ်ချုပ်သူများ ဖြစ်၍ လာကြပါသည်။ စင်မျက်နှာအသီးသီးမှ လက်နက်ကိုယ်စီဖြင့် ပြန်လည်ဆိုက်ရောက်လာကြသော ထောင် သောင်း မကသည့် စစ်သား များသည်လည်း ရည်ရွယ်ချက်အတိအကျမရှိဘဲ ထင်ရာသွားကြလျက် လုယက်၊ သတ်ဖြတ်၊ ဆိုးသွမ်းနေကြသည်မှာ မင်းမဲ့တိုင်းပြည်ပမာပင်ဖြစ်ပါသည်။ ဘိုလ်ရှီဗစ်များသည် ကာရင်စကီးအစိုးရထံမှ နိုင်ငံရေးအာဏာကို သိမ်းပိုက်ပြီးသည့်နောက်ပိုင်းတွင် ငြိမ်ဝပ်ပိပြားရေး အတွက် အတော်ပင် အုပ်ချုပ်၍ ယူရ ပါသည်။ ၁၉၁၈–ခုနှစ်သို့ ရောက်သည့်တိုင်အောင် မြို့ကြီးများ၊ မီးရထားလုပ်ငန်းများနှင့် သင်္ဘောသွားလာရေးလုပ်ငန်းများလောက်ကိုသာ အုပ်ချုပ်နိုင်ကြပါသည်။

လီနင်ခေါင်းဆောင်သော အစိုးရသည် အာဏာရှင်ပုံစံဖြစ်ပြီး ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့် ရင်ဆိုင်နေကြရလျက် များစွာသော ကိစ္စတို့တွင် မိမိတို့ရည်မှန်းချက် စီမံကိန်းများအတိုင်း မလုပ်နိုင်သည်ကို တွေ့မြင်ကြရပြီး အတိုက် အခံ အမျိုးမျိုးကို ရင်ဆိုင်၍ ပြုပြင် ပြောင်းလည်းမှု အများအပြားကို လုပ်ဆောင်ကြရပါသည်။ လီနင်သည် မာ့ခ်(စ)နှင့် အိန်ဂျယ်(လ်)တို့ပြုစုခဲ့သော ဆိုရှယ်လစ်စာပေများကို ထပ်မံဖွင့်သောအဖွင့်စာပေအမြောက်အများကိုလည်း ရေးသားပြုစုခဲ့သည့်ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။

ဤသည်တို့မှာ လူ့လောကဇာတ်ခုံတွင် အုပ်ချုပ်ရေးစနစ်အမျိုးမျိုးနှင့် စီးပွားရေးစနစ်အမျိုးမျိုး ပေါ်ပေါက်ခဲ့ခြင်း၏ နောက်ခံသမိုင်း အကျဉ်းမျှဖြစ်ပါသည်။

ရဲဘော်တို့

လူပေါ်ကာစခေတ်မှစ၍ ယနေ့တိုင်အောင် ဖြစ်သော ခေတ် အဆက်ဆက်တွင် ငါတို့၏ မိဘ၊ ဘိုးဘွား၊ ဘီဘင်များသည် ၎င်းတို့၏ အသက်စီးစိမ်အိုးအိမ်ပေါင်း ကုဋေ–ကုဋာများစွာတို့ကို အစတေးခံ၍ ရှာဖွေ တွေ့ရှိခဲ့သော

လူ့လောက၏ ငြိမ်းချမ်းသာယာရေးနှင့် တိုးတက်မှုအမှန်တရား အနှစ်များသည်ကား တခြားမဟုတ်၊ (လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်း) တည်းဟူသော လူ့အခြေခံ အခွင့်အရေးများပင် ဖြစ်သည်ကို ကမ္ဘာ့ သမိုင်းဖြစ်စဉ်များက ကောင်းကောင်းကြီး ညွှန်ပြ၍နေချေပြီ။

ထိုသို့ဖြစ်ရကား (လွတ်လပ်ခြင်း)တရားမျှတခြင်း (ညီမျှခြင်း) တည်းဟူသော မူကြီးများနှင့်အညီ ငါတို့လိုက်နာကျင့်သုံးရန် သင့်လျော်မှန်ကန်မည့် ဝါဒလမ်းစဉ်များကို ညာဝါး၊ ဖြန်းသန်းခြင်းမပါဘဲ (ဝါ) ကိုယ်ကျိုးမဘက်ဘဲ သတ္တိရှိရှိဖြင့် ရေးဆွဲသတ်မှတ်ရန်လိုပါသည်။

ငါတို့ ပြည်ထောင်စုအတွက် မည်သည့် အုပ်ချုပ်ရေးမူသည် အသင့်လျော်ဆုံး၊ အမှန်ကန်ဆုံးဖြစ်မည်ဆိုသည်ကို စတင် ဆွေးနွေးရာ၌ ပုံတူကူးချခြင်းမျိုးမဟုတ်ဘဲ၊ အတိတ်ဖြစ်စဉ်များ၏ အတွေ့အကြုံများ အပေါ်တွင်မှီး၍ မိမိတို့၏ ပတ်ဝန်းကျင် အခြေအနေအရ သင့်လျော် မှန်ကန် ရန်သာ အဓိကဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံတကာ၏ အုပ်ချုပ်ရေးသမိုင်းကို ပြန်လည် သုံးသပ် ခဲ့လျှင် အမျိုးမျိုး အဖုံဖုံပြောင်းလဲခဲ့သည်ကိုတွေ့ရှိရမည် ဖြစ်သော်လည်း အနှစ်သာရအားဖြင့် အကျဉ်းချုံးလိုက်လျှင် မူကြီး (၄) မျိုး (၄) စားသာ ရှိသည်ကို ထင်လျှားစွာတွေ့နိုင်ပါသည်။

၎င်း(မူ)ကြီးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) လက်အောက်ခံ ကျွန်နိုင်ငံ အုပ် ချုပ် ရေး (ဝါ) ကိုလိုနီ အုပ်ချုပ်ရေး။

(၂) လူနည်းစုက လူအားလုံးကို အုပ်ချုပ်ခြင်း (ဝါ) သက်ဦးဆံပိုင်အုပ်ချုပ်ရေး၊ ကေရာဇ်၊ ပဒေသရာဇ်အုပ်ချုပ်ရေး (ဝါ) အာဏာရှင် အုပ်ချုပ်ရေး။

(၃) လူများစုက လူအားလုံးကို အုပ်ချုပ်ခြင်း (ဝါ, ပါလီမန် ဒီမိုကရေစီ အုပ်ချုပ်ရေး (ဝါ) အမျိုးသား ဒီမိုကရေစီ အုပ်ချုပ်ရေး။

(၄) လူအားလုံးကလူအားလုံးကို အုပ်ချုပ်ခြင်း (ဝါ) အုပ်ချုပ်ခြင်းကို စီးပွားရေး အခြေခံစခန်း၊ ပေါင်းသင်းဆက်ဆံရေးအခြေခံစခန်းများသို့ ပြန်လည်အပ်နှင်းခြင်း (ဝါ) ဆိုရှယ်လစ် ဒီမိုကရေစီအုပ်ချုပ်ရေးစခန်း။

အထက်ပါ အုပ်ချုပ်ရေး မူကြီးများအနက် ယခုကဲ့သို့သော အနုမြူခေတ်မျိုးတွင် လူရင့်မကြီး၊ လူသားစစ်စစ်ကြီးများအတွက် အသင့်လျော်ဆုံး၊ အကောင်းဆုံး၊ အမှန်ဆုံးဖြစ်သော အုပ်ချုပ်ရေး (မူ)သည် အဘယ် (မူ)ဖြစ်သည်ကို (လွတ်လပ်ခြင်း၊ တရားမျှတခြင်း ညီမျှခြင်း) တည်းဟူသော လောကပါလ မှတ်ကျောက်နှင့်တင်လိုက်လျှင် ဘွင်းဘွင်းရှင်းရှင်းကြီး ပေါ်လွင်ထင်ရှားလာမည်ဖြစ်ပါသည်။

အထက်တွင် အုပ်ချုပ်ရေးပုံစံ လေးမျိုး လေးစား ဖော်ပြထားသည့်အနက် အမှတ်(၁)နှင့် (၂)အုပ်ချုပ်ရေးပုံစံများမှာ ယခုခေတ် လူ့ယဉ်ကျေးမှုနှင့် သင့်လျော် လျောက်ပတ် စပ်ဟတ်သော (မူ)များ မဟုတ်သောကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြနေရန်ပင် လိုမည် ထင်ပါ။

အုပ်ချုပ်ရေး (ပုံစံ)အမှတ်(၃) အချက်နှင့် ပါတ်သက်၍အနည်းငယ်ရှင်းလင်း ဖော်ပြလိုပါသည် ဒီမိုကရေစီ၏အဓိက(မူ)များမှာ ပထမ အချက် အနေနှင့် အရွယ်ရောက်သူ နိုင်ငံသားတိုင်းအားမိမိနိုင်ငံ၏နိုင်ငံရေး (ဥပဒေပြုရေးအုပ်ချုပ်ရေးနှင့်တရားစီရင်ရေး) စီးပွားရေးနှင့် လူမှုရေးများတွင် တာဝန် ရှိစေခြင်း (ဝါ) အာဏာပိုင်စေခြင်းပင်ဖြစ်ပါသည် ဒုတိယ အချက် မှာ အချုပ်အခြာ အာဏာပိုင်ပြည်သူတိုင်းသည် (ကိုယ့်ဝမ်းစာ ကိုယ်ကျောင်း နေရသည့် အခြေအနေမျိုးတွင်) မိမိ၏ အတွက်နှင့်တကွ အထူးသဖြင့်တနိုင်ငံလုံးအတွက်နှင့်ပါတ်သက်သော အထက်ဖော်ပြရာပါအရေးအခင်းများကိုအချိန်ပြည့် ကိုယ်တိုင်တာဝန်ယူရန်မဖြစ်နိုင်သောကြောင့် စီးကမ်းကာလနားမျ နှင့် အချိန်ကာလအပိုင်းအခြားကိုပါ သတ်မှတ်ကန့်သတ်ပေးပြီး ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ကြလျက် တာဝန်နှင့် ဝတ္တရားကို ခံယူစေသော (မူ)ဖြစ်ပါသည်။

မှတ်ချက်

(နိုင်ငံ တနိုင်ငံသည် လွတ်လပ်၍ ပြည်သူ့အချုပ်အခြာ အာဏာပိုင်နိုင်ငံအစစ်ဖြစ်ရန်မှာ အထက်တွင်အကျဉ်းမျှ ဖော်ပြလိုက်သော အဓိက မူကြီး

များရှိရပါမည် ဤမူကြီးများကင်းမဲ့နေလျှင် ထိုနိုင်ငံမှာ လွတ်လပ်သည် ဆိုသော်လည်း အထက်တွင် ဖော်ပြ ထား သည့် အမှတ်(၂) အမျိုးအစား နိုင်ငံမျိုးသာဖြစ်ပါသည်)။

ဒီမိုကရေစီနှင့် ပါတ်သက်၍ ယခုဆွေးနွေးချက်တွင် နောက်ဆက်တွဲအဖြစ် ဖော်ပြပါရှိသဖြင့် ဤနေရာ၌အကျယ်ချဲ့၍ဆွေးနွေးတင်ပြခြင်းမပြုလိုက်ပါ အုပ်ချုပ်ရေး ပုံစံအမှတ်(၄)အမျိုးအစားနှင့် ယခု တလောတွင် အတော်အတန် ခေတ်စားနေသော ဆိုရှယ်လစ် ဒီမိုကရေစီဆိုသော စကား၏အဓိပ္ပါယ်နှင့် ၎င်းတို့ လက်တွေ့ကျင့်သုံးရန် သင့်လျော်မှန်ကန်သည့် ဝါဒ လမ်း စဉ် များ အကြောင်းကိုဆက်လက်ဆွေးနွေးပါမည်။

အထက်တွင် ရည်ညွှန်းခဲ့သည့်အတိုင်း မာ့ခ(စ်) ဆစ်ဇင်း–လီနင်နစ်ဇင်းသဘောတရားအရ ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်မှုကို ဖျက်သိမ်းပြီးသောအခါ လူ့လောက လူနေမှု အဆောက်အဦသည်လည်း လူတန်းစား ခွဲခြားခြင်း ကင်းသော လူ့လောကသစ်ကြီးသို့ ကူးပြောင်းသွားမည်ဟုအဆိုရှိပါသည်။

လူတန်းစားမဲ့ လောက ဆိုခြင်းမှာ ကိုယ်ပိုင် ပစ္စည်း လုံးဝ မရှိသော လောကမဟုတ်နိုင်ပါ ရှိပြန်ကျင်လည်း လူတကိုယ်လျှင် အပ်တချောင်း၊ခုံဘိနပ်တရံ၊ အဝတ်အထည် ၁၃–ကိုက် အစရှိသဖြင့် အရည်အတွက် အမျိုး အစားတူညီနေရန်လည်းမလိုပါ ထိုခေတ်၌ဘာ သုံးစွဲနိုင်သော ပစ္စည်း အမျိုးအစား အလွန်များပြားနေမည် ဖြစ်ခြင်းကြောင့် ကိုယ်နှင့်မကွာထားရန် ပစ္စည်း အနည်းငယ်သာလိုမည်ဖြစ်၍ မြေရှင် အရင်းရှင်စနစ်ကို တဖန် ပြန်၍ ဦးလည် သွားလောက်အောင် လောဘသက္ကာယ မပွားနိုင်သော(ဝါ) အမြတ်အစွန်းမထုတ်နိုင်သည့် ကိုယ်ပိုင်ပစ္စည်းမျိုးမှာ ရှိမြဲရှိ၍နေမည်ဟု ယူဆရန်ရှိပါသည်။

နောက်တချက်မှာလည်း တံခါးပေါက်စောင့်တဦးအတွက် ကျိုးပန်းဆီးပူးရန်လိုအပ်ခြင်းမျိုးနှင့် လူ့အဖွဲ့အစည်း တခုပ်လုံးအထိ အကြိုးပြုနိုင်သော အရည်အချင်းအသီးသီးအတွက် ငယ်စဉ်တောင်ကျေးမှစ၍ ပင်ပန်းကြီးစွာဖြင့် သော်၎င်း၊ စွန့်စားခြင်းနှင့် အန္တရာယ်များခြင်းတို့ကို ရင်ဆိုင်၍သော်၎င်း၊ အရည်အချင်းများကို ဆီးပူးကြရသူ အသီးသီး၏ဇွဲနှင့် စွန့်စားလိုစိတ်များကို လျော့နည်းပျောက်ကွယ်သွားစေမည့် လူနှင့်လူ တူညီကြမည့်လောကမျိုးဖြစ်ရန်မလိုပါ၊ တူညီသောအကျိုးခံစားခွင့်ကို ပေးရန်လွယ်ကူသလောက် တူညီသော လုံ့လဝီရိယနှင့် လုပ်အားကိုရရန်မလွယ်ပါ။

ထိုအချိန်မျိုးတွင်ယခုခေတ်လူသားတို့ ကျွေမြင် နားလည်နေကြသော

အစိုးရမျိုးလည်း ရှိရန်မလိုတော့ပါ၊ ဤကဲ့သို့ဆိုလိုက်သဖြင့် အုပ်ချုပ်ရေး ကင်းမဲ့သော တိုင်းပြည်ဟူ၍သည်း မယူဆစေလိုပါ၊ (လွတ်လပ်ခြင်း၊ တရား မျှတခြင်း၊ ညီမျှခြင်း) ဟုဆိုအပ်သော လောကပါလတရားများသည် ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်မှုနှင့် လူတန်းစားကွယ်ပျောက်သွားရုံမျှဖြင့် ပျောက်ပျက်ချုပ် ငြိမ်းသွားနိုင်သောတရားများမဟုတ်ပါ၊ လူတို့၌ ပစ္စည်းနှင့်လူတန်းစားကို အ ကြောင်းမပြုဘဲ ဖြစ်နိုင်သည့် လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ အစရှိသောတရားများသည် ရှိမြဲရှိနေကြဦးမည်ဖြစ်၍ လူ့လောကတွင် ပဋိပက္ခ ဖြစ်ခြင်းမငြိမ်းနိုင်သေးပါ၊ သို့ဖြစ်သောကြောင့် ယခုခေတ်တွင် လူမကိစ္စများ ကို ဗဟိုမှ ချုပ်ကိုင်ပြီး အုပ်ချုပ်နေသည့် ပုံသဏ္ဌာန်မှ လူ့အဆောက်အအုံ အသစ်၏ စီးပွါးရေးအခြေခံစခန်း၊ပေါင်းသင်းဆက်ဆံရေး အခြေခံစခန်းများ တွင် လူထုအဖွဲ့အစည်းအားလုံး ပါဝင် စီမံခန့်ခွဲသောအုပ်ချုပ်ရေး ပုံသဏ္ဌာန် မျိုးသို့ကူးပြောင်းသွားရန်ရှိပါသည်၊ နောက်တကြောင်းမှာလည်း ယခုအချိန် တွင်မဖွံ့ဖြိုးမတိုးတက်ကြသေးသော နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်သည့် အဆင့်သို့ရောက်ရှိလာကြမည် ဖြစ်သည်လည်းတကြောင်း၊ ယခုခေတ်၏ ကုန် ထုတ်ကရိယာများသည်လည်း ကုန်ထုတ်စွမ်းအား အထူးတိုးပွါးများပြားလာ မည်ဖြစ်သည်ကတကြောင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ပစ္စည်း ကရိယာများတိုးတက် ဖြစ်ထွန်းနေသည်က တကြောင်းများကြောင့် ရှေ့အဖို့ တွင် ယခုခေတ်ကဲ့သို့ တနိုင်ငံစီအနေနှင့် သီးခြားကင်းလွတ်၍ ကုန်ထုတ်လုပ် ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ဆက်သွယ်ခြင်းများကို ဆက်လက်လုပ်ကိုင်ရန် မဖြစ်နိုင်တော့သော အခြေအနေသစ်များ ပေါ်ထွက်လာပြီး (အစိုးရအုပ်ချုပ် သည့်သဘောမျိုးမဟုတ်ဘဲ) တိုက်ကြီးများအဆင့်မှ ကမ္ဘာ့အဆင့်သို့ နိုင်ငံတ ကာအဖွဲ့အစည်းများမှတဆင့် စုပေါင်း၍ တာဝန်ငွေ ဆောင်ရွက်ခြင်းမျိုးကို (International Socialist Division of Labour.) ရှေ့ရှု ပြောင်းလဲ သွားရန် အခြေအနေနှင့်အလားအလာများရှိပါသည်၊ထို့ကြောင့် နောင်အခါ တွင်ရှိမည့်အုပ်ချုပ်ရေးကဏ္ဍမှာ သက်ဆိုင်ရာစီးပွါးရေးနှင့် ပေါင်းသင်းဆက် ဆံရေးအခြေခံစခမ်းများ၏ ငြိမ်ဝပ်ပိပြားရေး၊ လူမှုရေးနှင့် ဒေသဆိုင်ရာ ကုန်ထုတ်လုပ်ရေးလောက်သာလျှင် ကျန်ရှိတော့မည်ဖြစ်၍ ဗဟိုမှချုပ်ကိုင် ထားသည့်အသွင်အားလုံးမှ ဒေသဆိုင်ရာလူများ၏လက်တွင်းသို့ သက်ဆိုင်ရာ အဖွဲ့အစည်းများမှတဆင့် တာဝန်များကို ပြန်လည်အပ်နှင်းရမည့် အုပ်ချုပ်ရေး မျိုးကို အမှတ်(၄) အဆင့်အဖြစ် အထက်၌ဖော်ပြထားခြင်းဖြစ်ပါသည်။

နောက်တချက်မှာ ဆိုရှယ်လစ်ဒီမိုကရေစီဆိုသောစကား၏အဓိပ္ပါယ်ပင် ဖြစ်ပါသည်၊စစ်ခေါင်းဆောင်များကအာဏာသိမ်းပိုက်၍ကျွန်တော်အားဘမ်း ဆီးချုပ်နှောင်ထားစဥ်အတွင်း၌ နိုင်ငံရေးအမြင်လောကတွင် ဆိုရှယ်လစ်ဒီ မိုကရေစီ ဆိုသောစကားလုံးကို စစ်အာဏာရှင်လမ်းစဉ်၊ သို့မဟုတ် ပစ္စည်းမဲ့ တပါတီအာဏာရှင် လမ်းစဉ်အဖြစ်နှင့် အဓိပ္ပါယ်လွဲမှားစွာ သုံးစွဲနေကြသည် ကို တွေ့ရပါသည်။ ဆိုရှယ်လစ်ဒီမိုကရေစီသည် ထိုပုဂ္ဂိုလ်တစုက ဆိုလိုသော အဓိပ္ပါယ်မျိုးသာ ဖြစ်ခဲ့ပါမူ ကမ္ဘာ့လူများစုကြီးကထိုစကားလုံးကိုအထင်အမြင် သေး၍ ရှုံ့မှုံ့ကန့်မှုကိုပင် စီးရိမ်မကင်းဖြစ်မိပါသည်။ အမှန်အားဖြင့် ယခု ခေတ်တွင် အဆင့်အတန်းအမြင့်ဆုံးဖြစ်သော ဆိုရှယ်လစ်နိုင်ငံဖြစ်သည့် ဆိုဗီ ယက်ယူနီယံ၌ပင်လျှင် ပစ္စည်းမဲ့အာဏာရှင် (ဝါ) ပစ္စည်းမဲ့ ဒီမိုကရေစီ (Proletarian Democracy.) အဆင့်မှ ဆိုရှယ်လစ် ဒီမိုကရေစီ (Socialist Democracy.)အဆင့်သို့ယခုမှစတင်ဝင်ရောက် ဆဲပင်ရှိနေသေး သည်ကို သတိပြုသင့်ပါသေးသည်၊ ထို့ကြောင့် လက်ဝဲနိုင်ငံရေးသမားအမည် ခံ ပုဂ္ဂိုလ်အချို့ နားရှင်းစေရန် ရည်သံ၍(ကွန်မြူနစ်စခန်းသို့ ချီတက်ရာလမ်း (Road to Communism)ခေါ် ၂၂- ကြိမ်မြောက် ဆိုဗီယက် ကွန်မြူနစ်ပါတီကွန်ဂရက်မှတ်တမ်း)စာအုပ်ကိုညွှန်း၍ဘာသာပြန်ကောက်နုတ် ချက်အချို့ကို ဖော်ပြလိုက်ပါသည်။

ဝ ဝ ဝ ဝ

ပစ္စည်းမဲ့ ဒီမိုကရေစီသည် ပြည်သူတရပ်လုံး၏ ဆိုရှယ်လစ် ဒီမိုကရေစီအ ဖြစ်သို့ ပြောင်း၍လာနေပါသည်၊ ကျွန်ုပ်တို့ နိုင်ငံ၏ လူတန်းစား ဆက်ဆံမှု မှာ ယခုကဲ့သို့သော အဆင့်အသစ်ကို ဝင်ရောက်ခဲ့ပေပြီ....(စာမျက်နှာ ၁၁၇)။

ဝ ဝ ဝ ဝ

ကျွန်ုပ်တို့နိုင်ငံတွင် ဆိုရှယ်လစ်အစိုးရသည် တဖြည်းဖြည်း ပြည်သူတို့ ကိုယ်တိုင် အုပ်ချုပ်သော ကိုယ်ပိုင်အစိုးရအခြေသို့ တိုးတက်နေပါသည်.... (စာမျက်နှာ ၁၄၂)။

ဝ ဝ ဝ ဝ

ပစ္စည်းမဲ့အာဏာရှင်အဆင့်မှ ပြည်သူအားလုံး၏ နိုင်ငံသို့ ဟုခေါင်းစဉ်တပ်ထားသော စာပိုဒ်များ (စာမျက်နှာ ၂၄၈-မှစသည်)။

○ ○ ○ ○

နောက်တချက်အလျှင်းသင့်၍ လက်ဝဲနိုင်ငံရေးသမားအမည်ခံ ပုဂ္ဂိုလ်အချို့အား မေတ္တာရပ်လိုသည်မှာ ပါလီမန်ဒီမိုကရေစီကို လက်ခံသူတိုင်းအား ဖောက်ပြန်ချေးသမားဟု စွပ်စွဲပြီး သိမ်းကြုံး၍ မဆဲမိကြစေရန်ဖြစ်ပါသည်။

ဆိုရှယ်လစ်နိုင်ငံကိုတည်ဆောက်ရာ၌ ပါလီမန်ဒီမိုကရေစီ သို့မဟုတ် အမျိုးသားဒီမိုကရေစီကို ရွေးချယ်သည်ဖြစ်စေ သို့တည်းမဟုတ် ပစ္စည်းမဲ့ဒီမိုကရေစီ (ဝါ) ပစ္စည်းမဲ့အာဏာရှင်လမ်းစဉ်ကို ရွေးချယ်သည်ဖြစ်စေ ပန်းတိုင်မှာတူညီကြသဖြင့် အခြေခံအားဖြင့် ခြားနားခြင်းမရှိကြပါ၊ ဤကိစ္စနှင့်ပါတ်သက်၍ ခေါင်းဆောင်ကြီး အင်(န်) အက်(စ်) ကရုးရှော့ဖ်၏ မိန့်ခွန်းကို ရည်ညွှန်းလိုက်ပါသည်။

○ ○ ○ ○

ညီအစ်ကိုနိုင်ငံများ၏ မြင့်မြတ်သောဂုဏ်နှင့်ပြည့်စုံသော မာ့ခ်(စ်)စ္စ–လီနင်နစ္စ--ပါတီများသည် မိမိတို့စုပေါင်းရရှိကြသော အတွေ့အကြုံ များကို ဆိုရှယ်လစ်တော်လှန်ရေးနှင့် ဆိုရှယ်လစ်တည်ဆောက်ရေးအတွက် အမြောက်အများ အထောက်အပံ့ ပေးခဲ့ကြလေပြီ၊ ဆိုဗီယက် ဆိုရှယ်လစ် သမတနိုင်ငံ၏ မြောက်များကြွယ်ဝသော အတွေ့အကြုံများအပြင် ပစ္စည်းမဲ့အာဏာရှင်လမ်းစဉ်၏ အသွင်သစ်တခုဖြစ်သော ပြည်သူ့ဒီမိုကရေစီလမ်းစဉ်၏ အတွေ့အကြုံများကိုငှင်း၊ ဒီမိုကရေစီတော်လှန်ရေးစခန်းမှ ဆိုရှယ်လစ်စခန်းသို့ ငြိမ်းချမ်းစွာကူးပြောင်းသည့်အတွေ့အကြုံများကိုငှင်း၊ ပါလီမန်နှင့်ပါတီအများတည်ရှိနိုင်သော လမ်းစဉ်ကိုအသုံးပြုလျက် ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး လမ်းစဉ်၏အတွေ့အကြုံများကိုငှင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများတွင် ဆိုရှယ်လစ်လူနေမှုခံနစ်ကို တည်ထောင်ရေး၏ အတွေ့အကြုံများကိုငှင်း၊ ဖွံ့ဖြိုးတိုးတက်မှုမရှိသေးသော နိုင်ငံများက အရင်းရှင်စီးပွါးရေးစခန်းကို ကျော်လွှား၍ ဆိုရှယ်လစ်စနစ်ကို ကူးပြောင်းသည့်အတွေ့အကြုံများနှင့် တောင်သူလယ်သမားများသည် အချိန်ကြာမြင့်စွာမှ အစဉ်အလာဖြစ်ခဲ့သော မြေယာ

ပိုင်ဆိုင်မှု၌ အစွဲအလမ်းကြီးမားခြင်းကို အထောက်အထားပြု၍ နယ်ပါယ်ဒေသများတွင်မြေယာများကိုပြည်သူပိုင်မလုပ်ဘဲဆိုရှယ်လစ်အသွင်သို့ ပြောင်းလဲသော အတွေ့အကြုံများသည်ငှင်း၊ ယခုအခါ၌ နိုင်ငံတကာ အလုပ်သမားလူတန်းစားလှုပ်ရှားမှုကြီးကို အကျိုးပြုလျက်ရှိပေပြီ။ (စာမျက်နှာ ၁၇၀)

○ ○ ○

ကမ္ဘာဦးမှစ၍ မျိုးလူတို့သည် ကိစ္စဟူသ၍ကို ပုံတကူးချခဲ့သည်များလည်း ရှိပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုထွင်းကြံစည်တည်ထွင်လုပ်ဆောင်ခဲ့ကြသည်များလည်းရှိပါသည်၊ ထိုကဲ့သို့လုပ်ဆောင်ခဲ့ကြရာ၌ လူ့လောက အတွက် အကျိုးပြုသောလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြသလို အကျိုးမဲ့သောလုပ်ငန်းများကိုလည်းလုပ်ဆောင်ခဲ့ကြလေသည်၊ ငါတို့၏ယခုလက်ရှိ ခေတ်တွင်လည်းထိုနည်းနှင်နှင်ပင်ဖြစ်၍နေပေသေးသည်၊ ထို့ကြောင့်ဤလူ့လောကတွင်ကိစ္စတခုကိုဆောင်ရွက်ရာ၌ အတိတ်မှဖြစ်ပေါ်ခဲ့ဘူးသော အစဉ်အလာရှိမှ ဆောင်ရွက်ကြစတမ်းဆိုလျှင် ယခုခေတ်လူသားများသည် (လူ့လောက၏ မြောက်များစွာသော တိုးတက်မှုများကိုအပထား၍) ပုဆိုးဝတ်ရမှန်းသိသော လူ့ယဉ်ကျေးမှုအဆင့်သို့ပင် ရောက်ကြဦးမည်မဟုတ်ပါ။

ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးအတွက် လွန်လေပြီးသော ခေတ်က မြေရှင်အရင်းရှင်များကို နှိပ်စက် သတ်ဖြတ် ကြပြီး မိမိတို့၏ ယုံကြည်ချက်ကို လူထုကလက်ခံစေရန် အာဏာရှင်နည်းဖြင့် အတင်းအကြပ် ပြုလုပ်ခဲ့ဘူးသော အစဉ်အလာရှိသဖြင့် ယခုခေတ်ဘွင် ထိုလမ်းစဉ်ကို ငါတို့ လိုက်နာကြရပါမည်လော ?။

ဆိုရှယ်လစ် နိုင်ငံကို တည် ဆောက်ရာ၌ နိုင်ငံရေးအာဏာသည် အမျိုးသားဒီမိုကရေစီအင်အား လူများစု၏ လက်တွင်းသို့ရောက်ရှိနေခဲ့လျှင် ထိုနိုင်ငံမျိုး၌ မည်သည့် အာဏာရှင် လမ်းစဉ်ကိုမျှ ကျင့်သုံးရန် မလိုခြင်းမှာယခုခေတ်တွင် အလွန်ထင်ရှား၍ သစ်လွင် တိုးတက် သော အယူ အဆများ ဖြစ်၍နေခဲ့ လေ ပြီ ။

ဒီမိုကရေစီ အင်အားစု၏ လက်ဝယ်သို့ အပ်နှင်းထားသော နိုင်ငံရေးအာဏာကို ပြည်သူ့ဆန္ဒ နည်းလမ်းမျိုးဖြင့် မဟုတ်ဘဲ လက်နက်နှင့် အဓမ္မသိမ်းပိုက် ယူငင်ခြင်းမျိုးမှာ တော်လှန်ရေးမဟုတ် နန်းသွင်းအာဏာလုပွဲ တမျိုးသာဖြစ်သည်ဟု စာရေးဆရာ (အက်ဒဝင်လျူးဝင်း) ကဆိုပါသည်။

အမျိုးသား ဒီမိုကရေစီ နိုင်ငံ၏ အင်္ဂါရပ် များကိုဖေါ်ပြထား သော မော်စကိုမြို့တွင် ရိုက်နှိပ်ထုတ်ဝေသည့် (လူမှုရေး) တိုးတက်မှု ဥပဒေ များ The Lawgs of soci l Devel pment, by G. Glezerman) ခေါ်စာအုပ်မှ ကောက် နုတ်ဘာသာ ပြန်ချက်ကိုအောက်တွင်ဖေါ်ပြလိုက်ပါသည်။

၀ ၀ ၀ ၀

၁၉၆၁–ခုနှစ်အတွင်းတွင် ကျင်းပသည့်ကွန်မြူနစ် ပါတီများနှင့်အလုပ်သမား ပါတီများ အစည်းအဝေးတွင် ဖေါ်ပြကြသည့်အတိုင်း နိုင်ငံတခုသည် နိုင်ငံရေးလွတ်လပ်မှုနှင့် စီးပွားရေး လွတ်လပ်မှုများကို အညီအညွတ်လက်ကိုင်ထား၍ နယ်ချဲ့စနစ်ကိုငှင်း၊ သူတို့၏ စစ်အုပ်စုများကိုငှင်း၊ မိမိနိုင်ငံအတွင်းတွင် စစ်စခမ်းများ ထားရှိခြင်းကိုငှင်း (ဆန့်ကျင်ခြင်း) နယ်ချဲ့အရင်း အနှီး များ ထိုးဖေါက် ဝင်ရောက်မှုကို တိုက်ဖျက်ခြင်း၊ သက်ဦးဆံပိုင် အစိုးရနှင့် အာဏာရှင်အစိုးရအုပ်ချုပ်ရေးများကို တားဆီးပိတ်ပင် ခြင်း၊ ပြည်သူ လူထုအား ကျယ်ပြန့်သည့် ဒီမိုကရေစီ အခွင့်အရေးများနှင့် လွတ်လပ်မှုအခွင့် အရေးများကို အခိုင်အလုံရရှိစေခြင်းနှင့် ဒီမိုကရေစီရေးနှင့် လူမှုရေးများကို ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် တရားဥပဒေများကို ပြုရန်အခွင့် အလမ်း ရရှိ စေခြင်းများနှင့် ပြည့်စုံလျှင် ထိုနိုင်ငံသည်အမျိုးသားဒီမိုကရေစီနိုင်ငံဖြစ်သည်။

၀ ၀ ၀ ၀

အရင်းရှင်လမ်းစဉ်မဟုတ်သောစီးပွားရေးစနစ်သည် (Non-capital ist way) အရင်းရှင် စခမ်းကို ကျော်လွှား၍ ဆိုရှယ်လစ် စီးပွားရေး စခမ်းသို့ ချီတက်နိုင်သည်ကို လက်တွေ့အားဖြင့် မငြင်းနိုင်သော အခြေအနေတွင် (အာဏာငန်းဘက်နေသူများ မဟုတ်ခဲ့လျှင်) တော်လှန်သည့် ပါလီမန် ဒီမိုကရေစီ (ဝါ) အမျိုးသား ဒီမိုကရေစီ သည်လည်း အာဏာရှင် အဆင့် ကို ကျော်လွှားပြီး ဆိုရှယ်လစ် ဒီမိုကရေစီ စခမ်းသို့ ရောက်ရှိနိုင်ခြင်းကို ငြင်းနေရန်မသင့်တော့ပေ။

မှတ်ချက်

(ပါလီမန် ဒီမိုကရေစီဆိုရာ၌ အရင်းရှင် စီးပွားရေးစနစ်ကို ရှေ့ရှုသော ပါလီမန် ဒီမိုကရေစီနှင့် ဆိုရှယ်လစ် စီးပွားရေးစနစ်ကို ရှေ့ရှုသော ပါလီမန်

ဒီမိုကရေစီများမှာ တူညီခြင်းမရှိကြပါ။ ဆိုရှယ်လစ် စီးပွားရေး စနစ်ကို ရှေ့ရှုသောပါလီမန်ဒီမိုကရေစီမှာ တော်လှန်သော ဒီမိုကရေစီဖြစ်၍ အရင်းရှင်စီးပွားရေး စနစ်ကို ဆန့် ကျင် ပြီး ဆိုရှယ်လစ် စီးပွားရေး စနစ်ကို လက် ခံ ထား သော အမျိုးသား ဒီမိုကရေစီနိုင်ငံဖြစ်သည် ထို့ကြောင့် အဆိုပါ နိုင် ငံ မျိုး တွင် ရာခိုင်နှုန်းပြည့် တော်လှန်သည့် ဥပဒေများကို ပြုနိုင်၍ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ရာ၌ (၁) လွတ်လပ်စွာဝေဘန်နိုင်ခွင့် (ဟောပြောခြင်း။ ရေး သားခြင်းနှင့်အခြားနည်းဆန္ဒပြသနိုင်ခြင်းများအပါအဝင်)(၂)လွတ်လပ်စွာစည်းရုံးနိုင်ခွင့်၊ (၃)တရားရုံးများ၏လွတ်လပ်စွာစီရင်နိုင်ခွင့်၊ (၄)ပြည်သူလူထုကလွတ်လပ်စွာ ဥပဒေပြုနိုင်ခွင့် နှင့်(၅) ပြည်သူလူထုက ကြိုက်နှစ် သက် သော ပုဂ္ဂိုလ်များအား ရွေးကောက်တင်မြှောက်၍ အစိုးရအာဏာကို အပ်နှင်း နိုင်ခွင့်များ ရှိကြပါသည်)၊

ရဲဘော်တို့

ယခုဆက်လက်၍ တရုပ် ပြည် ကွန်မြူ နစ် ပါ တီ၏ ဆိုရှယ်လစ်တည်ဆောက်ရေးလမ်းစဉ်ကို ဆွေးနွေးလိုပါသည်။ တရုပ်အစိုးရမှာ ပါတီ့ည်းမဲ တပါတီအာဏာရှင်အစိုးရမဟုတ်ပါ ကွန်မြူနစ်ပါတီ၏ ရှေ့ဆောင်မှုဖြင့် ဒီမိုကရေစီသစ်ဟုခေါ်သော ပါတီအချို့ပေါင်းစည်းထားသည့် အာဏာရှင် အစိုးရတမျိုး ဖြစ်ပါသည်၊တပါတီအာဏာရှင် လမ်းစဉ်ကို တရုပ်ပြည်က အဘယ်ကြောင့်မလိုက်သည့်အကြောင်းကို (ခေါင်းဆောင်ကြီး မော်စီတုံး၏ လက်ရွေးစဉ်စာပေများ အတွဲ(၄) ၁၉၅၆–ခု လောရင့်(စ်)နှင့် ဝတ်(စ်)ဟက် (လန်ဒန်) တွင်ဖေါ်ပြထားပါသည်)။

ပိုလန်ပြည် ကွန်မြူနစ်ပါတီနှင့် အစိုးရ သည်လည်း ဆိုဗီယက်ရုရှ၏ လမ်းစဉ်အတိုင်း ဆောင်ရွက်ခြင်းမပြုပါ ၎င်းတို့၌ လမ်းစဉ်သီးခြားရေးဆွဲ ပြီး ဆိုရှယ်လစ်နိုင်ငံတိုင် ကွန်မြူနစ် ပန်းတိုင်များသို့ ချီတက်နေကြပါသည်၊ အထူးသဖြင့် ဂိုလ်မူ(လ်)ကားခေါင်းဆောင်သော ကွန်မြူနစ်ပါတီနှင့်အစိုးရ သည် ပြည်သူတို့အား အတင်း အကြပ် ပြုခြင်းထက် သွေးဆောင်သော လမ်းစဉ်ကို ပို၍နေရာပေးပါသည်၊ မြေယာတော်လှန်ရေးနှင့် ပတ်သက်၍ကား ဆိုဗီယက်ယူနီယံ လမ်းစဉ်ကို ၎င်းတို့က လက်မခံကြပါ။နိုင်ငံတကာ ဆက် သွယ်ရေးနှင့်

ပါတီသက်၍ အမေရိကန် အစိုးရ၏ အကူအညီကိုပင် လက်ခံခြင်းပြုခဲ့သည်ကို တွေ့ရပါသည်။

ယူဂိုစလားဗီးယား ကွန်မြူနစ်လမ်းစဉ်မှာ ဆိုဗီယက် လမ်းစဉ်နှင့် ပို၍ ပင်ကွဲလွဲပါသည်။ နိုင်ငံခြားရေးပါဒနှင့်ပါတ်သက်လျှင်လည်းဘက်မလိုက် နိုင်ငံများနှင့် ပိုမိုရင်းနှီးစွာ ဆက်ဆံသည်ကိုတွေ့နိုင်ပါသည်။ ဆိုဗီယက် ယူနီယံ၏ မြေယာစနစ်ကိုလည်း လုံးဝလက်မခံပါ။ ၁၉၄၈–ခု နှစ်တွင် (စတာလင်) က ယူဂိုစလပ် ကွန်မြူနစ်ပါတီအား ပြုပြင်ရေးသမားဟုစွပ်စွဲ၍ ၎င်း၏ အုပ်စု အတွင်းမှ ထုတ်ပါယ်ခဲ့သည်အထိလမ်းစဉ်ကွဲလွဲခဲ့ဘူးပါသည်။

အီတလီပြည်မှ ကွန်မြူနစ်ပါတီမှာ ဥရောပတိုက်တွင် အလွန်အင်အားကြီးမားသောပါတီဖြစ်ပါသည်၊ ၁၉၅၆–ခုနှစ် အီတာလီယံ ကွန်မြူနစ်ကွန်ဂရက်တွင် ဆိုရှယ်လစ်လမ်းစဉ်ကိုချမှတ်ရာ၌ အီတလီကွန်မြူနစ် ပါတီသည် ကွန်မြူနစ်မဟုတ်သော အခြားပါတီများနှင့် မဟာမိတ်ဖွဲ့၍ ပါလီမန်တွင် လက်ဝဲအင်အားစုညီညွတ်ရေးကိုအရယူပြီး ကွန်မြူနစ်ပန် တိုင်သို့ချီတက်ရန်ဆုံးဖြတ်ခဲ့ပါသည်။

မှတ်ချက်

(၁) အထက်တွင်ဖော်ပြလိုက်သည်မှာ မှာ သဘောပေါက်ရန် ရည်ရွယ်၍ဖော်ပြခြင်းဖြစ်ပါသည်၊ အမှန်အားဖြင့် မည်သည့်နိုင်ငံမဆို ဆိုရှယ်လစ်ပန်းတိုင်သို့ချီတက်ရာတွင် အရေးကြီးသော အခြေခံမူများမှလွဲ၍ သူ့အခြေအနေ၊ သူ့အတွေ့အကြုံ၊ သူ့နည်းနှင့်သူ သွားနေကြသူများအား နာကြီးစွာ ဆဲရေးပုတ်ခတ်ခြင်း မပြုသင့်ဟုထင်ပါသည်၊ ပျော့ကွက်ညံ့ကွက် ဟူသည်မှာ– မည်သည့်လမ်းစဉ်နှင့်မဆို အနည်းနှင့်အများ ရှိနိုင်ပါသည်၊ ဥပမာအားဖြင့် အာဏာရှင်လမ်းစဉ်ကိုလက်ခံနေကြသူများသည် ပြည်သူလူထုအခပေါ်မှာသာ အာဏာရှင်လမ်းစဉ်ကိုသုံးရန် အပူတပြင်းအော်ဟစ်နေကြပြီး ၎င်းတို့ကိုယ်ပိုင် ပါဝင်နေကြသောပါတီများအတွင်းမှာမူ "ပါတီတွင်းဒီမိုကရေစီ" အပြည့်အဝ ပေးရမည်ဟု လက်သီးလက်မောင်းတန်း၍ တောင်းဆိုနေခြင်းမျိုးမှာ ညံ့ကွက် တမျိုးဖြစ်ပါသည်။

(၂) နောက်တချက်မှာ ငါတို့လက်ဝဲနိုင်ငံရေးလောကတွင်အချို့သော ပုဂ္ဂိုလ်များသည် မိမိတို့လက်ခံထားသော ဝါဒအခြေခံရည်မှန်းချက်၏မှန်မြတ်

မှန်ကန်ခြင်း၊ သိမ်မွေ့နက်နဲခြင်း၊ အစရှိသောဂုဏ်ပုဒ်များကို ငဲ့ညှာခြင်းမရှိကြဘဲ နိုင်ငံရေးစကားဆုံး ခပ်ထွားထွားများကိုသုံးနှုန်းပြီး မလိုလျှင်တမျိုးလို လျှင်တမျိုး ဟာဝန်မဲ့စကားများနေကြခြင်းပင်ဖြစ်ပါသည်၊ ဥပမာအားဖြင့်ကိစ္စ တခုကိုမကြိုက်လျှင် "စာအုပ်ကြီးသမား၊ တရားသေသမား"ဟု ဆိုကြလေသည်၊ ကြိုက်လျှင်"မာ့ခ်(စ)စ္စ လီနင်နစ္စ"ဟုခေါ်ကြပြန်သည်၊ တဖန်မိမိတို ကလိုလားခဲ့လျှင် "ပဋိပက္ခရှိမှ တိုးတက်မှုရှိသည်" ဟုဆိုကြပါသည်၊ရန်မဖြစ် လိုသောအခါတွင်မူကား–"ငြိမ်းချမ်းစွာအတူတကွယှဉ်တွဲနေရေး" ဟုဆိုကြပြန်သည်၊မိမိတို့ကဖေါ်လံဖါးလိုသောအခါ"တော်လှန်ရေး"ဟု အမည်ပညတ် သတ်မှတ်၍ ကောင်းချီးပေးကြပါသည်၊ မလိုသည့်အခါတွင်မူကား "တန်ပြန် တော်လှန်ရေး" ဟူသောဆိုင်းဘုတ်ကိုချိတ်၍ ပေးလိုက်ပါတော့သည်။ ယခုအ ချိန်တွင် လက်ဝဲနိုင်ငံရေးသမားများ၏ စကားလုံးများသည် နိုင်ငံရေးပျက် လုံးများ၏အဆင့်အတန်းသို့ လျောကျကုန်ချေပြီ။

ဆိုဗီယက်ယူနီယံသည်ပစ္စည်းမဲ့လူသားအမြောက်အများအကြီးအကျယ် အဆုံးအရှုံးအသေပျောက်ခံကာ သွေးချောင်းစီးမျှ တော်လှန် ပုန်ကန်ရပြီး ၁၉၁၇–ခုနှစ်တွင် ပြည်သူတို့က နိုင်ငံရေးအာဏာကိုသိမ်းပိုက်နိုင်ခဲ့ပါသည်၊ပြည် ထောင်စုမြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီစနစ်နှင့် ဂျပန်ဖက်စစ် စနစ်များကို ပစ္စည်းရောလူပါ အမြောက်အများ အဆုံးအရှုံးခံ၍ လက်နက်စွဲကိုင် တော် လှန်ခဲ့ရသော်လည်း လွတ်လပ်ရေးမရခဲ့ပါ၊ သို့ရာတွင် ဒုတိယကမ္ဘာစစ်ကြီးပြီး ချိန်၌ ဗိုလ်ချုပ်အောင်ဆန်းအမှူးရှိသော ခေါင်းဆောင်များ၏ စွမ်းဆောင်မှု ကြောင့် တိုင်းရင်းသားစည်းလုံးမှုကိုရရှိလျက် ဗြိတိသျှတို့ထံမှ ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်း ရယူခြင်းဖြင့် လွတ်လပ်ရေးကို ရရှိခဲ့ပါသည်၊ အိန္ဒိယပြည် သည် မဟာတ္တမဂန္ဒီ၏လမ်းစဉ်အရ လက်နက်မကိုင်ရဘဲ နိုင်ငံရေး အာဏာကို ဗြိတိသျှတို့ထံမှ လွှဲပြောင်းရယူနိုင်ပါသည်၊ ဤအဖြစ်အပျက်များမှာ သူ့အ ချိန် သူ့နေရာ သူ့အခြေအနေများအရ တမျိုးနှင့်တမျိုး စွန့်စား ရပုံနှင့် အနစ်နာခံရပုံလမ်းစဉ်ခြင်းမတူကြသော်လည်း အချုပ်အချာအာဏာ (ဝါ) နိုင်ငံရေးအာဏာကို ရရှိကြခြင်းတွင် တူညီကြပါသည်။

ထိုနည်းတူစွာပင်လျှင် ပါလီမန်ဒီမိုကရေစီလမ်းစဉ်နှင့် ဆိုရှယ်လစ်ပန်း တိုင်သို့ ချီတက်နေသူကြများနှင့်အာဏာရှင်လမ်းစဉ်နှင့် ဆိုရှယ်လစ်ပန်းတိုင်သို့ ချီတက်နေကြသူများမှာ သူ့အခြေအနေ သူ့အချိန်အခါများအတိုင်း ခရီး သွားဟန်ခြင်းမတူကြသော်လည်း ပန်းတိုင်စခန်းမှာ တူညီခြင်းရှိကြပါသည်။

ဤနေရာတွင် "ရှေးဖြစ်ဟောင်းအောင်းမေ့ဘွယ်" ဘခုကိုသတိရ၍ ပြန်လည်ပြီး ဖေါက်သည်ချလိုက်ပါသည်၊ ၁၉၄၈–ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံအား အချုပ်အချာအာဏာပိုင်လွတ်လပ်သောနိုင်ငံအဖြစ် ကြေညာပြီးသည့်နောက်၌ တော်လှန်ရေးရဲဘော်တဦးက မိမိတို့ရရှိသော လွတ်လပ်ရေးသည် အတုအယောင်မဟုတ်ဘဲ လွတ်လပ်ရေးအစစ်အမှန်ဖြစ်စေရန် အတွက် အင်္ဂလိပ်နှင့် အမေရိကန် နယ်ချဲ့များကို စစ်ကြေညာလျှင် ကောင်းမည်ဟု ဝန်ကြီးချုပ်ဦးနုအားသွားရောက် အကြံပေးသည်ဟုကြားဘူးပါသည်၊ ဦးနုက အကျိုးအကြောင်းကို အကျယ်တဝန့်ရှင်းလင်းပြသလျက် စစ်ကြေညာရန်မလိုကြောင်းနှင့် ပြောင်းပြန်ပြောကြားသည်တွင် ထိုရဲဘော်က ကြေနပ်ပုံမရဘဲ (စတိ) လောက်ဖြစ်စေ စစ်ကြေညာလျှင် ဖြစ်နိုင်၊ မဖြစ်နိုင်ကို ထပ်မံမေးမြန်းသေးသည်ဟုဆိုပါသည်။

ဥပမာအားဖြင့် မန္တလေးမြို့ကို ဆိုရှယ်လစ်စခန်းအဖြစ်ထား၍ ရေကြောင်းမှ နှစ်ထပ်သင်္ဘောနှင့်ရန်ကုန်မှ ဆန်တက်ရာ၌ ပါလီမန်ဒီမိုကရေစီလမ်းစဉ်ကိုလိုက်သူများမှာ သင်္ဘောဦးခန်းမှ ချေမ်းသာသာယာစွာလိုက်ပါကြသူများနှင့် အလားတူ၍ အာဏာရှင်လမ်းစဉ်ကို ယခုကဲ့သို့သော အနုမြူခေတ်မျိုးတွင် လိုက်ပါသူများမှာ သင်္ဘော၏အမိုးပေါ်မှ နေပူ၊ မိုးရွာ၊ လေတိုက်၊ လိမ့်ကျနိုင်သည့် ဘေးဒုက္ခများကို ရင်ဆိုင်ပြီး လိုက်ပါကြသူများနှင့် အလားတူကြပါသည်။

ဤစကားဥပမာသည် ဆီလျော်မှန်ကန်ပါသည်၊ ရှင်းပါဦးအံ့၊ယခုဆွေးနွေးချက်များ၏ အစပိုင်း၌ ဆိုရှယ်လစ်ပန်းတိုင်သို့ အလွန် ကြမ်းတမ်းသည့် အာဏာရှင်လမ်းစဉ်နှင့် ချီတက်ခဲ့ရသော နိုင်ငံများမှ တိုင်းသူ ပြည်သားတို့သည် မိမိတို့၏အသက်ကိုပင် ပဓါနမထားနိုင်ဘဲ ပြေးကြ,လွှားကြရသည်အထိ ဖြစ်ခဲ့သည်များကို ဖေါ်ပြခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍ဘော်ပြလိုသည်မှာ ဆိုဗီယက်ကွန်မြူနစ်ပါတီနှင့် အစိုးရအဖွဲ့ခေါင်းဆောင်ကြီး နီကီတာ၊ကရုရှဗ်သည် မျှားမကြာမီက ကျင်းပ ပြီးစီးခဲ့သော ရုရှကွန်မြူနစ်ပါတီ၏ ၂၂–ကြိမ်မြောက် ကွန်ဂရက်တွင် တင်သွင်းသည့် အစီရင်ခံစာ၌ စတာလင်၏လက်ထက်၌ ခေါင်းဆောင်အချင်းချင်းကို ရက်ဘယ်လိုလို၊ သတ်ဖြတ်၊ ဖမ်းဆီး၊ နှိပ်စက် ရုံမျှမက အာဏာရှင် တဦး တယောက်၏ မာန်ဟုံ့တချက်ပြင်းလိုက်လျှင် အကွပ်အ ထိမ်းမရှိ၊ တိုင်းသူပြည်သားများသာ

လျှင် သတ်ဖြတ်၊ ညှင်းဆဲခြင်းကို ခံကြရပြီး ကသိကအောင့်နှင့် အတိဒုက္ခရောက်ခဲ့ကြရသည်ကို ပေါ်လွင်ထင်ရှားစွာဖွင့်ချထားသည်ကို တွေ့နိုင်ပါသည်။ သို့ရာတွင် ထိုမျှအမှားအယွင်းများကို ရက်ရက်စက်စက် လုပ်ကိုင်နေသူ အာဏာရှင် စတာလင်အား ၎င်းသေဆုံးသည်အထိ မည်သူတဦးတယောက်ကမျှ ဖြုတ်၍မချနိုင်ခဲ့ပါ။ (ကျွန်တော်၏ ကိုယ်တွေ့ အဖြစ်အပျက်မှာ စတာလင်အသက်ထင်ရှားစရှိစဉ်က ရုရှပြည်တွင် ညစာစားပွဲ၌ စကားပြောရာတွင် စတာလင်၏အမည်ကိုထည့်၍ပြောတိုင်း၊ ထမင်းစားပွဲရှိ ယောကျ်ား၊ မိန်းမများသည် မိမိ၏နေရာမှ မတ်ရပ်ထ၍ "ငါတို့၏ခေါင်းဆောင်ကြီးနှင့် ဆရာကြီးနှင့် စတာလင်" ဟု ကြွေးကြော်ရပါသည်။ ရရှည်ညစာ စားပွဲ၏ ထုံးတမ်းမှာ ထမင်းစရှိစားသည်နှင့် စကားပြောလေ့ရှိသောကြောင့် ဇေါ်(ဒ်)ဂါ အရက် အနည်းငယ်သောက်ပြီးသောအခါတွင် လူတိုင်းလိုလိုပင် စတာလင်၏အမည်ကို မကြာခဏ ထုတ်ဖေါ်ချီးကျူး၍ စကားပြောကြသောကြောင့် ထမင်းစားပွဲမှာ (မတ်ရပ်) ချီးကျူးပွဲကြီး အသွင်သို့ ပြောင်းလဲလူဘနန်းရှိပါတော့သည်) ရုရှပြည်သည် အကယ်၍ သာထိုစဉ်အခါက ပါလီမန်ဒီမိုကရေစီနိုင်ငံဖြစ်ခဲ့ပါမူစတာလင်မှာတကြိမ်မက ပြုတ်ကျနိုင်သည်ကိုခန့်မှန်းနိုင်ကြပါသည်။ ဤလက်တွေ့အဖြစ်အပျက်မှာသင်္ဘောကိုခေါင်မိုးပေါ်မှစီးသူ၏အဖြစ်နှင့် ဦးခန်းမှ စီးသူတို့၏ အတွေ့တို့ ကွာခြားပုံသာကေဖြစ်ပါသည်။

ဆိုဗီယက်ရုရှနိုင်ငံတွင် ခေါင်းဆောင်ကြီး နီကီတာ၊ ကရုရှဗ်၏ လက်ထက်သို့ ရောက်ရှိသည်မှစ၍ ပုဂ္ဂိုလ်စွဲကိုးကွယ်ဆီးကပ်သည့် လမ်းစဉ်ကို တိုက်ဖျက်ပစ်ပြီး အတိတ်ကာလမှ အမှားအယွင်းများကိုသတိရှိရှိ၊ ပြောင်ပြောင်ကြီး ဖွင့်ချလာသည့်အပြင် တပါတီ အာဏာရှင်လမ်းစဉ်မှ ပြည်သူ လူထု တရပ်လုံး ပါဝင်သည့်လမ်းစဉ်သို့ ပြောင်းမည်ဟူ၍၎င်း၊ စစ်ရေးလမ်းစဉ်မှ ငြိမ်းချမ်းရေး လမ်းစဉ်သို့၎င်း၊ အပြောတွင်မဟုတ်ဘဲ၊ တကယ် လက်တွေ့ လုပ်ဆောင်လာသည်ကို တွေ့ရသဖြင့် အနုမြူခေတ်နှင့် အလွန်ပင်သင့်တင့် လျော်ကပ်ပတ်သည်ကိုတွေ့ရပါသည်။

ရဲဘော်တို့

ဆိုရှယ်လစ်နိုင်ငံကို တည်ဆောက်ရာ၌ ပါလီမန်ဒီမိုကရေစီလမ်းစဉ်သည် မှန်ကန်သော လမ်းစဉ်မဟုတ်၊ ပစ္စည်းမဲ့ အာဏာရှင် လမ်းစဉ် သည်သာလျှင်

မှန်ကန်၍ လျှင်မြန်သည်ဆိုသော တရားသေ အယူအဆနှင့်ပတ်သက်၍ ကပ်မ ပြီး ဆွေးနွေးတင်ပြလိုပါသည်။

အထက်ပါ အယူအဆမှာ အခါခပ်သိမ်း မှန်ကန်သည်ဟု မဆိုနိုင်ပါ။ တောင်သူလယ်သမား (၈၅)ရာခိုင်နှုန်းမျှရှိသော မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံမျိုး၊ လက်ရာအင်အားစုများနှင့်မြေရှင်ကြီးများနယ်မထူနိုင်တော့သည့်နိုင်ငံမျိုး ပစ္စည်းမဲ့နှင့် အရင်းရှင်ဟူ၍ ပြတ်သားသည့်လူတန်းစားခွဲခြားမှု မရှိသလောက် နည်းပါးသောသည့် နိုင်ငံမျိုးအတွက် ပို၍ပင် မှန်ကန်ခြင်းမရှိနိုင်ပါ။

ပါလီမန်ဒီမိုကရေစီ၏ အလွန်တန်ဘိုးရှိသော အင်္ဂါရပ်မှာ ပြည်သူ့ဆန္ဒအရ ကိုယ်စားပြုရာ၌ တညီသည့် အခွင့်အရေးရှိခြင်းကိစ္စတခုကို မဆောင် ရွက်မှီ ပြည်သူလူထုက မညှာမတာ မကြောက်မရွံ့ရဘဲ အထပ်ထပ် ဝေဘန် ဆွေးနွေးခွင့်ရှိခြင်း၊ အများ၏ဆန္ဒကို လိုက်နာရသော မူဖြစ်၍ ပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်း နိုင်သော လမ်းစဉ် ဖြစ် ခြင်း များကြောင့် ဆိုရှယ်လစ် လမ်းစဉ်ကို ချီတက်နေကြသော နိုင်ငံများအတွက် နောင်အခါတွင် နိုင်ငံသား တိုင်း၌ ရှိကြရမည့်အရည်အချင်းအတွေ့အကြုံများ ဖြစ်သောကြောင့် ယခုမှပင် စတင်၍ ကိုယ်တွေ့လေ့လာထားသင့်သည့်အင်္ဂါရပ်ပင်ဖြစ်ပါသည်။

(ပြည်သူလူထုအား အုပ်ချုပ်ရေးဥပဒေပြုရေးနှင့် တရားစီရင်ရေးများ၌ ကိုယ်ထိလက်ရောက် ပါဝင်ဆောင်ရွက်ခွင့်မပြုဘဲနှင့် နိုင်ငံတနိုင်ငံ၏နိုင်ငံရေး အဆင့်အတန်းကို ဘယ်နည်းနှင့်မျှ မြှင့်တင်ခြင်းမပြုနိုင်ပါ)။

ဆိုရှယ်လစ်နိုင်ငံကို တည်ဆောက်ရာ၌ ကုန်ထုတ်ပစ္စည်းပေါများကြွယ် ဝမှုလုပ်ငန်းတခုတည်းမှာသာလျှင်မဟုတ် လူသားများ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အချင်း ပြည့်ဝမှုသည်လည်း အလွန်အရေးပါအရာရောက်၍ မရှိ မဖြစ် သော အင်္ဂါရပ်ကြီးတခု ဖြစ် သည် ကို မမေ့ အပ်ပါ ထို့ကြောင့် ကုန်ထုတ် ပစ္စည်း ပေါများကြွယ်ဝရေး နှင့် လူသားတို့၏ အရည် အချင်း အဘက်ဘက်မ မြှင့်မားတိုးတက်ရေးများကို ဘက်ညီအောင် ဆောင်ရွက်နိုင်သည့် လမ်းစဉ်ကို ငါတို့ တည်ထွင်လိုက်နာရပေမည်။

အာဏာရှင် လမ်းစဉ်သည် နိုင်ငံတခု၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မ ကို လျှင်မြန်စေသည် ဟုဆိုသော အယူ အဆမှာ လည်း အခါခပ်သိမ်းမှန်ကန် သော မူသေလမ်းစဉ် မဟုတ်ကြောင်းကို အောက်ပါအဖြစ်မှန် သာဓက များ က ထင်လျှားစေပါလိမ့်မည်။

ဒုတိယ ကမ္ဘာစစ်ကြီးတွင် အာဏာရှင်နိုင်ငံများ ဖြစ်ကြသော ဂျာမနီ၊ အီတလီနှင့် ဂျပန်နိုင်ငံများသည် ဖြူခါ၊ပြာခါ၊ ပျာပုံသာသာကျန်တော့သည် အထိ ပျက်စီးဆုံးရှုံးသွားကြသည့်အပြင် စစ်ကြီးပြီးသော အခါ၌ လည်း စစ် လျော်ကြေးများကိုပေး၍ နေကြရ ပါသေး သည်၊ ထို့ပြင် မဟာမိတ်တို့၏ စစ်အုပ်ချုပ်ရေးလက်အောက်တွင်စိမ့်ခန့်ခွဲမှုကိုလည်း ခံနေကြရပါသေး သည်၊ ထိုနောက်မှ ပါလီမန် ဒီမိုကရေစီစံနစ်အုပ်ချုပ်ရေးသို့ ကူးပြောင်းကြပြီး ၎င်း တို့နိုင်ငံအသီးသီး၏စီးပွားရေးထူထောင်မှုကိုလုပ်ကိုင်ကြရသည်ဖြစ်သော်လည်း ထိုနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အာဏာ ရှင် နိုင်ငံ များ ထက် နှေးကွေးသည်ကို မတွေ့ရပါ။

၁၉၄၉-ခုနှစ်တွင်ဂျပန်ပြည်၌လူတဦး၏ဝင်ငွေမှာအမေရိကန်ဒေါ်လာ (၁၀၀) သာဖြစ်သော်သည်း ၁၉၆၁- ခုနှစ်တွင် ဒေါ်လာ (၄၀၀)သို့ တိုးတက် လာပါသည်၊ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးချိန်တွင် ဂျပန်၏ သံမဏိအထွက်မှာ သုည အခြေသို့ ကျဆင်းနေခဲ့ရာမှ ၁၉၅၃-ခုနှစ်တွင် တန်ချိန် (၁၂၆၀၀၀၀၀) ဖြစ်၍ ၁၉၆၁-ခုနှစ်တွင် တန်ချိန် (၂၇၁၀၀၀၀၀) အထိ ထုတ်လုပ် နိုင် သဖြင့် ကမ္ဘာတွင် စတုတ္ထ သံမဏိ ထုတ်လုပ်နိုင်သော နိုင်ငံ၏အဆင့်သို့ရောက်ရှိကာပါ သည် (ပထမ မှာ အမေရိကန်၊ ဒုတိယ မှာ ဆိုဗီယက် ယူနီယံ၊ တတိယမှာ ဂျာမဏီဖြစ်ပါသည်။

ဂျပန်၏ အမျိုးသားကုန်ထုတ်လုပ်မှုအင်အား (G. N. P)မှာ၁၉၅၈-ခု နှစ်တွင် အမေရိကန်ဒေါ်လာသန်းပေါင်း (၁၁၀၀၀) ဖြစ်၍ ၁၉၆၀-ခုနှစ်တွင် ဒေါ်လာသန်းပေါင်း (၄၁၀၀၀) ဖြစ်ပြီးလျှင် ၁၉၆၁-ခုနှစ်၌ သန်းပေါင်း (၄၈၀၀၀)ဖြစ်ပါသည်။

ဂျပန်၏ကုန်ထုတ်မှုလုပ်အင်အားကို တသမတ်တည်းဈေးနှုန်း၊(Constant Prices)ဖြင့် တွက်ချက်ခဲ့လျှင် ၁၉၅၁-ခုနှစ်မှ ၁၉၆၀-ခုများအတွင်း စီးပွါး ရေးတိုးတက်မှုဖြမ်းမျှခြင်းနှုန်း (Average Growth) မှာ ၉.၆-ဖြစ်ပါ သည် ထိုနှုန်းသည်ဆိုဗီယက်ယူနီယံနှင့်တကွ ကွန်မြူနစ်နိုင်ငံအသီးသီး၏ တိုး တက်မှု နှုန်းထက်သာလွန်နေသည်ကိုတွေ့ရနိုင်ပါသည်။

ထိုနည်းနှင်နှင်ပင် အနောက်ဂျာမဏီနှင့် အီတလီနိုင်ငံများ၏ စီးပွား ရေးတိုးတက်မှုမှာလည်း အလွန်လျှင်မြန်၍ ပါလီမန် ဒီမိုကရေစီ လမ်းစဉ်ကို လိုက်နာနေကြသောနိုင်ငံများဖြစ်ကြပါသည်။

အထက်ပါသာဓကများမှာ အရင်းရှင် စီးပွားရေးစံနစ်က ဆိုရှယ် လစ် စီးပွားရေးစံနစ်ထက် ကောင်းမွန်သည်ကိုပြဆိုခြင်းမဟုတ်ပါ၊ အမှန် အားဖြင့်

အမေရိကန် ပြည်ထောင်စု၏ လူတဦးစီဝင်ငွေနှင့် စားသုံးမှုနှုန်းမှာ ဆိုဗီယက်ယူနီယံ၏ လူတဦးစီ ဝင်ငွေနှင့် စားသုံးမှုနှုန်းထက် မြင့်မားနေသည်ကိုတွေ့နိုင်သော်လည်းဆိုဗီယက်ယူနီယံတွင် အရင်းရှင် နိုင်ငံများကဲ့သို့ အလုပ်လက်မဲ့ ပြဿနာမရှိခြင်း၊ မြေရှင်အရင်းရှင် လူတန်းစားများမရှိသဖြင့် ခေါင်းပုံဖြတ်မှုလည်းမရှိ၊ လူတဦးမှာ ငတ်ပြတ်မွဲတေနေပြီး အခြား တဦးမှာ စားသုံး၍ မကုန်နိုင်အောင် ပေါများ ကြွယ်ဝနေခြင်းမျိုး လည်း မရှိသော နိုင်ငံဖြစ်၍ ရည်မှန်းချက် မတူခြင်းကို သတိပြုရန်ဖြစ်ပါသည်။ ဆိုလိုရင်းမှာ စီးပွားရေး တိုးတက်မှု လျင်မြန်ခြင်းမှာ နိုင်ငံရေး ပုံစံကြောင့်မဟုတ် ဆိုရှယ်လစ် စနစ်ကို တည်ဆောက်ခြင်း နှင့် မည်သို့မျှ မဆန့် ကျင် သော အခြား အကြောင်းများကြောင့်သာဖြစ်သည်ကို ထင်လျားစေရန်ဖော်ပြခြင်း ဖြစ်ပါသည်၊ ထိုကြောင့် မည်သည့်နိုင်ငံမှ နည်းလမ်းပင်ဖြစ်စေကာမူ ဆိုရှယ်လစ်စနစ်ဘည်ဆောက်ခြင်းကို အကျိုးပြုလျှင် ထိုနည်းလမ်းကို မိုငြမ်းပြုသင့်သည်သာဖြစ်ပါသည်။

ဥပမာအားဖြင့်ဆိုဗီယတ်ယူနီယံတွင်လယ်ယာထွက်ကုန်ထုတ်လုပ်မှုတိုးတက်ရေးလုပ်ငန်းများသည် စက်မှုကုန်ထုတ်လုပ်မှုတိုးတက်ရေးကဲ့သို့ ကြေနပ်ဘွယ်မရှိသဖြင့် ခေါင်းဆောင်ကြီး အင်(န) အက် (စ) ကရူးရှော့ဗ်က အရင်းရှင်နိုင်ငံများမှဖြစ်စေကာမူ ကောင်းသော နည်းလမ်းများ ဖြစ်လျှင် အတုယူရမည်ဟု မကြာခဏ ပြောကြားသည်ကိုကြားဘူးပါသည်၊ ဤသြဝါဒမှာမှန်ကန်သော သြဝါဒဖြစ်သည်ကို အောက်ပါ သာဓကများကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။

အမေရိကန်ပြည်တွင် တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအားသည် စက်မှုအလုပ်သမားများ၏ ကုန်ထုတ်စွမ်းအားထက် လျှင်မြန်စွာတိုးမြင့်နေပါသည်၊ ၁၉၃၀–ခုနှစ်များမှစ၍ တောင်သူလယ်သမားဦးရေမှာ အမေရိကန်တပြည်လုံးရှိ လူဦးရေ၏ ၂၅-ရာခိုင်နှုန်းမှ ၁၀-ရာခိုင်နှုန်းအောက်သို့လျော့ကျသွားပါသည်၊ သို့ရာတွင် တောင်သူလယ်သမားအဦး၏ ကုန်ထုတ်စွမ်းအားမှာ(လက်ရှိအလွန်မြင့်မားနေရာမှ)ထိုအချိန်အတွင်းမှာပင်နောက်ထပ်ရာခိုင်နှုန်း (၇၀) တိုးတက်လာပါသည်၊ ထိုကဲ့သို့ထူးခြားစွာ ၀ းတက် လာခြင်းမှာလည်း ဆိုရှယ်လစ်ဝါဒနှင့် မည်ကဲ့သို့မျှမဆန့်ကျင်သော (၁) ခေတ်မှီ တိုးတက်သည့် စက်ကရိယာများကိုအသုံးပြုခြင်း။ (၂) အစွမ်းသတ္တိပိုမိုကြီးမားသောမြေဩဇာများကိုအသုံးပြုခြင်း၊ (၃) ပိုးမွှားများကို နိုင်နင်းစွာ ဖျက်ဆီးသုတ်သင်နိုင်သောဆေးရွာါးများကိုသုံးခြင်း၊ (၄) သီးနှံအထွက်အများဆုံးသောမျိုးကောင်း

မျိုးသန့်များကိုသာသုံးခြင်းနှင့် (၅) ထွန်ယက်စိုက်ပျိုးရေးလုပ်ငန်းတွင် ခေတ်ဇွဲကျွမ်းကျင်မှုရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဒင်းမတ်ပြည်တွင် တောင်သူလယ်သမားတဦး၏ တနှစ်တာလုပ်ငန်းမှ ထွက်သောရိက္ခာမှာ လူဦးရေ (၄၀) စားသုံးရန်အတွက်လုံလောက်၍ ၁၉၃၉-ခုနှစ်တွင် တောင်သူလယ်သမားတဦးထုတ်လုပ်နိုင်ခဲ့ခြင်း၏ နှစ်ဆ ဖြစ်သည်ဟု ဆိုပါသည်၊ ထိုကဲ့သို့ကုန်ထုပ်ပိုမိုများပြား တိုးပွားလာရခြင်းမှာလည်း နိုင်ငံရေးဝါဒကြောင့်မဟုတ်ဘဲ လုပ်ငန်း၏ ခေတ်မှီတိုးတက် ကျွမ်းကျင်မှုကြောင့်သာဖြစ်ပါသည်။

ရဲမှဘော်တို့

ဆိုရှယ်လစ်နိုင်ငံအဆင့်သို့ရောက်ရှိစေရန်မှာစားသုံးမှုအတွက်ရိက္ခာနှင့်လူသုံးပစ္စည်း အထူးပေါများကြွယ်ဝအောင် ထုတ်လုပ်ရန်တာဝန်သည် အဓိကတာဝန်တခုဖြစ်ပါသည်၊ သို့ရာတွင် ငါတို့နိုင်ငံမှာ ပစ္စည်းထုတ်လုပ်မှုတွင် အစစဖွံ့ဖြိုးသည့်အဆင့်သို့ပင်ရောက်ရှိနိုင်ရန် အလှမ်းဝေးနေသေးသည်ကတကြောင်း၊ ယခုခေတ်တွင်လူသားတို့၏ စားသုံးကုန်ပစ္စည်း အမျိုးအစားများသည်လည်း နေ့ရှိသ၍တိုးပွါး များပြားနေသည်ကတကြောင်းတို့ကြောင့် ငါတို့၏ ပစ္စည်းထုတ်လုပ်မှုတာဝန်မှာ ကြီးမားများပြားရုံတွင်မကသေးဘဲ နေ့ရှိသ၍ တိုးပွါးနေသည်ကိုလည်း သတိပြုရပါမည်။

ပြည်ထောင်စု မြန်မာနိုင်ငံအဖို့မှာကား သဘာဝပစ္စည်းပေါများကြွယ်ဝ၍ရာသီဥတုနှင့် တောတောင်ရေမြေ အခြေအနေများမှာ အထူးကောင်းမွန်သည့်အပြင် ပြည်ထောင်စုသားများမှာလည်း ဇာတ်အနိမ့်အမြင့် ခွဲခြားသော အယူဝါဒနှင့် လူတန်းစားကွဲပြားမှုမှာလည်း အလွန်နည်းပါး သေးသည့် အပြင် အရင်းရှင်စနစ် မြေရှင်ကြီးစနစ် ဟူ၍လည်း ပြောပလောက် အောင် မရှိသဖြင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်ရန် အခြေအနေ အထူးကောင်းမွန်သည်ဟုဆိုနိုင်သော်လည်း ငါတို့မှာ နိုင်ငံ၏ သမိုင်း တ လျှောက် လုံး တွင် သက်ဦးဆံပိုင် နှင့် ကိုလိုနီလောင်းရိပ်အောက်၌ ကျရောက်ခဲ့ရသော အချိန်ကာလအလွန်ရှည်လျားသဖြင့် အဘက်ဘက်မှ အောက်ကျ နောက်ကျ ဖြစ်နေသော နိုင်ငံ၏အဆင့်၌သာ ရှိနေပေသေးသည်။

ပြည်ထောင်စု မြန်မာနိုင်ငံကို ဆိုရှယ်လစ်နိုင်ငံအဆင့်သို့ ရောက်ရှိစေရန်အတွက် စားသုံးကုန် ပစ္စည်းပေါများကြွယ်ဝလာစေရန်စက်မှုနှင့် အခြား တည်ဆောက်မှု လုပ်ငန်းများကို ငါတို့ကိုယ်ပိုင် ပစ္စည်းလုပ်အားများဖြင့်အထူးကျိုးစား လုပ်ဆောင်ရမည် မှန်သော်လည်း လောလောဆယ်လိုအပ်သည့် အရင်းအနှီး နှင့် မရှိမဖြစ်သော ကျွမ်းကျင်မှုလုပ်အား များအားလုံးကိုကား ငါတို့ကိုယ်တိုင် စွမ်းဆောင်နိုင်သည့် အချိန်အထိ စောင့်ဆိုင်းလုပ်ကိုင်ရမည်ဆိုလျှင် နှစ်ပေါင်းများစွာကြာမြင့်ရန် အကြောင်းရှိပါသည်၊ ထို့ကြောင့်ဆိုရှယ်လစ်စီးပွားရေး ကို တည်ဆောက်ရာ၌ လိုအပ်၍ အကျိုးရှိမည့် အရင်း အနှီး နှင့် ကျွမ်းကျင်မှု အကူအညီများကို နိုင်ငံရေး နှောင်ကြိုးမပါရှိလျှင် မည်သည့်ဌာနကမဆို(ရဲရဲတင်းတင်းကြီး) လိုအပ်သလောက် ရယူရန် ကျိုးပမ်းရ ပေမည်၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် စီးပွားရေး တိုးတက်မှုနှုန်းသည် အထူး လျှင်မြန်လာနိုင်သည်ကို အလားတူ လုပ်ဆောင်နေကြသော လက်ဝဲ–လက်ယာနိုင်ငံများအား ကြည့်၍သိနိုင်ပါသည်။

ငါတို့ နိုင်ငံတွင် အထက်ပါ နည်းလမ်းအတိုင်း ဆောင်ရွက်သည့် တိုင်အောင် လူသားများဘက်မှ လျော့နည်းနေခဲ့သော အရည်အချင်း ပြည့်ဝမှုကို အမီလိုက်နိုင်ရန် အထူးအစီအစဉ်များ ပြုလုပ်ရပေဦးမည် ငါတို့၏ လက်ရှိ အရည်အချင်းမှာကား ဂျာမနီ၌ နောက်ဆုံးပေါ်စက်ရုံကြီး ပေါင်း စက်ရုံ ကြီးပေါင်း(၅၀) ခန့်ကို ချက်ချင်းအလကားပေးမည့်သူ ပေါ်ပေါက်လာသည့်တိုင်အောင် ပြင်ပမှ ကျွမ်းကျင်မှုအကူအညီမရလျှင် ၎င်းစက်ရုံများကို သော့ခတ်၍ ဒရဝမ် ငါးထားရမည့် အခြေအနေမျိုးမှာပင် ရှိနေပေသေးသည်၊ လူ့ အရည် အချင်းကို မြှင့်တင်ရန် ကိစ္စမှာ စက်ရုံကြီးများကို အကြွေး ဝယ်ယူ တည်ဆောက်ပြီး လိုအပ်သော ကျွမ်းကျင်သူများကို ငှါးရမ်းလုပ်ကိုင်ချင်း မျိုး ကဲ့သို့ မမြန်ပါသို့ရာတွင် ရေကူးသင်ရာ၌ချောင်း မြောင်းရေကန်များ အလျှင် ရှိနေခြင်းမှာ ရေကူးအလျှင်အမြန် တတ်ကျွမ်းနိုင်ရန်အတွက် အခြေခံ အထောက်အပံ့ ဖြစ်စေဘိသကဲ့သို့ ငါတို့၏ ဆိုရှယ်လစ် နိုင်ငံတည်ဆောက်ရာတွင်လည်း ဤဥပမာ အတိုင်း စီစဉ် ဆောင်ရွက် သင့်ပေသည်၊

ငါတို့သည် ဆိုရှယ်လစ်ပန်းတိုင်ခရီးသို့ချီတက်ရာ၌ ပဌမခရီးစခမ်းဖြစ်သော ဖွံ့ဖြိုးတိုးတက်မှုအဆင့်သို့ ရောက်ရှိနိုင်ရန်ပင်လျှင် မည်မျှ အလှမ်းကွာဝေး ကျယ်ပြော နက်ရှိုင်းနေသေးသည်ကို ခန့်မှန်းနိုင်ရန် ရည်သန်လျက် ဖွံ့

ဖြိုးတိုးတက်ပြီးနှင့် မဖွံ့ဖြိုးသေးသော နိုင်ငံများ၏ အမျိုးသားဝင်ငွေ၏ လူတဦးစီ တနှစ်ဖျမ်းမျှခြင်းနှိုင်းယှဉ်ချက် ဂဏန်းများကို အောက်တွင် ဖော်ပြလိုက်ပါသည်။

(ဂဏန်းများမှာ အမေရိကန်ဒေါ်လာဖြစ်သည်)

၁။ အမေရိကန်ပြည် အမျိုးသားဝင်ငွေတဦးစီ တနှစ်ဖျမ်းမျှခြင်း				၂၉၂၇၊
၂။ ဗြိတိန်ပြည်	။	။	။	၁၁၀၀၊
၃။ အိန္ဒိယပြည်	။	။	။	၆၀၊
၄။ ပါကစ္စတန်ပြည်	။	။	။	၆၅၊
၅။ အင်ဒိုနီးရှားပြည်	။	။	။	၆၅။
၆။ မြန်မာပြည်	။	။	။	၅၆၊

(မော်စကိုမြို့မှထုတ်ဝေသော ၂၀–ရာစုအရင်းရှင်စံနစ် စာအုပ်မှ)

(အမေရိကန်နှင့် ဗြိတိန်ပြည် များမှ ဖွံ့ဖြိုး တိုးတက်ပြီး နိုင်ငံများဖြစ်သည်။

မှတ်ချက်

(အထိုက်ပါဂဏန်းများကိုကြည့်ခြင်းအားဖြင့် ငါတို့အချင်းချင်း ခွက်စောင်းခုတ်နေကြမည့်အစား ငါတို့၌ရှိသမျှသော ပစ္စည်းရောလူပါ သူ့နေရာနှင့်သူ တမျိုးသားလုံး အုံကြွ၍ (ဗိုလ်ချုပ်အောင်ဆန်းစကားအတိုင်း "မြဲအောင်"လုပ်နိုင်မှ)နောင်လာမည့် နှစ်ပေါင်း(၄၀) ခန့်အတွင်းတွင် ဆိုရှယ်လစ်စခမ်းကို မျှော်မှန်းနိုင်စရာရှိပါသည်)။

နောက်တကြောင်းမှာ ဖွံ့ဖြိုးတိုးတက်မှုစခမ်းတွင် စက်မှုလုပ်ငန်းများကို အများအပြား အကြီးအကျယ်တိုးပွားလာရေးအတွက် အရင်းအနှီးမြှုပ်နှံရန်လိုပါသည်၊ ဤကိစ္စကိုဆောင်ရွက်ရာ၌ အရင်းရှင်စံနစ် မဟုတ်သော လမ်းစဉ် (Non- Capitalist Way)ကို လိုက်နာခြင်းမှာစီးပွားရေးတိုးတက်မှုလျှင်မြန်ပြီး ငါတို့နိုင်ငံ၏အခြေအနေနှင့်လည်း အသင့်လျော်ဆုံးဖြစ်ပါသည်။

စက်မှုတိုးတက်ရေးစခမ်းအတွက် ဆောင်ရွက်ရာတွင်မြှုပ်နှံပြီး အရင်း

အရင်းအနှီးများ တိုးပွါးအောင် လုပ်ခြင်း (Accumulation of Capital) မမြုပ်နှံရသေးသောအရင်းအနှီးများ အချီးအနှီးဖြစ်မနေစေဘဲ အသစ်မြုပ်နှံအောင်ဆောင်ရွက်ခြင်း၊ ငုတ်လျှိုးနေသော အရင်းအနှီး အင်အားကို ထွက်ပေါ်လာအောင် ပညာပေး၍ဆောင်ရွက်ခြင်း၊ တသီးပုဂ္ဂလ အကျိုးပြုအမြတ်အစွန်းဝေပုံချက်ကို လျှော့ချ၍ အလုပ်သမားအကျိုးပြုကိစ္စများနှင့် မျှတစွာ ဝေပုံကျမှုကို ရှေ့ရှုစေခြင်း။ နှောင်ကျိုးမဲ့ စီးပွါးရေးနှင့် ကျွမ်းကျင်မှုအကူအညီများကိုရယူခြင်း အစရှိသည်တို့မှာ မဖွံ့ဖြိုး မတိုးတက်သေးသောနိုင်ငံအဆင့်မှ အရင်းရှင်စခမ်းကိုကျော်လွှားပြီး ဆိုရှယ်လစ်စီးပွါးရေး အဆင့်သို့ တက်လှမ်းသောလမ်းစဉ်အချို့ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဖွံ့ဖြိုးတိုးတက်သည့်အဆင့်အတွက် (စက်မှုအရင်းအနှီး) ကိုတိုးပွါးအောင်ဆောင်ရွက်ရန်မှာ(မုချ) လုပ်ရမည့်တာဝန်ဖြစ်ပါသည်၊ ထိုတာဝန်ကိုထမ်းဆောင်ရာ၌ ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်(ငွေရင်း) (ထုတ်လုပ်အား အရင်း) နှင့် (ကုန်ဝတ္ထုပစ္စည်းအရင်း)များကို အမြဲတစေလှုပ်ရှားလည်ပတ်နေစေရန် စီစဉ်မှုသည် အရေးကြီးသောကဏ္ဍတခုဖြစ်သည်ကို သတိပြုရပေမည်။

ဤစကားကိုပို၍ သဘောပေါက်နားရှင်းစေရန် ရည်သန်လျက် အောက်တွင်ပုံစံတခုရေးဆွဲ၍ ရှင်းလင်းဖေါ်ပြလိုက်ပါသည်။

~~(ကုန်ဝတ္ထုပစ္စည်းအရင်း + ငွေရင်း + ထုတ်လုပ်အားအရင်း)~~

ငွေကိုသူ့အတိုင်းထားလျှင် အရင်းအနှီးမဖြစ်ပါ၊ သို့ဖြစ်၍ စက်မှုဖွံ့ဖြိုးတိုးတက်စေရန် စက်မှုလုပ်ငန်းတွင် ရင်းနှီးစေရပါမည်၊ အထက်ပါပုံစံ၌ ငွေသည်ထုတ်လုပ်အားအရင်း(လုပ်အားနှင့် ကုန်တုတ်ကရိယာ)အဖြစ်သို့အသွင်ပြောင်းလှည့်လည်သည်ကို ဖေါ်ပြထားပါသည်၊ ထို့မှတဖန်ထုတ်လုပ်အားအရင်းကို-ကုန်ဝတ္ထုပစ္စည်းအရင်း-သို့သဏ္ဍာန်ပြောင်းလဲသွားပုံကိုရည်ညွှန်းပြီး-ကုန်ဝတ္ထုပစ္စည်းမှတဖန်- ငွေရင်းအဖြစ်သို့ ပြန်လည်ပြောင်းလဲ လှည့်လည်ပုံကို ပြဆိုခြင်းဖြစ်ပါသည်။

ပဌမအဆင့်ဖြစ်သော ငွေအရင်းမှ ထုတ်လုပ်အားအရင်းသို့၎င်း၊ ဒုတိယအဆင့်ဖြစ်သော ထုတ်လုပ်အားအရင်းမှ ကုန်ဝတ္ထုပစ္စည်းအရင်းသို့၎င်း၊ တတိယအဆင့်ဖြစ်သော ကုန်ဝတ္ထုပစ္စည်းအရင်းမှ ငွေရင်းသို့၎င်း၊ လှည့်လည်ရာတွင် မူလ ရင်းနှီးငွေတန်ဘိုးထက်ပို၍ ရသောငွေ တန်ဘိုး အရည်အတွက်ကို (အပိုတန်ဘိုး။Surplus Value.)ဟု ခေါ်ပါသည်။

အရင်းရှင် စီးပွားရေးစံနစ်သည် (အပိုတန်ဘိုး) ကိုများသည်ထက်များအောင်လုပ်၍ အချို့ကို အစိုးရအတွက် အခွန်ပေး၍ အချို့ကိုအရင်းအနှီးအဖြစ် ပြန်လည် မြုပ်နှံပြီး အချို့ကို အရင်းရှင်များက အကျိုးခံစားကြပါသည်။

အရင်းရှင်စီးပွါးရေးစံနစ်ကို ထိန်းသိမ်းစောင့်ရှောက်ရသော အစိုးရမျိုးသည် အခွန်အထုတ်ရရှိသောငွေများကို စစ်ဘက်နှင့် အုပ်ချုပ်ရေးဘက်များတွင် မတန်တဆသုံးစွဲကြခြင်းအားဖြင့် အရင်းရှင်စီးပွါးရေးစံနစ်ကို ကျွေးကန်၍ပေးကြရပါသည်။

ဆိုရှယ်လစ်စီးပွါးရေးစံနစ်သို့ ရှေ့ရှုချီတက်နေကြသော မဖွံ့ဖြိုးမတိုးတက်သေးသည့် နိုင်ငံသည်လည်း(အပိုတန်ဘိုး)ကို များသည်ထက်များအောင်လုပ်၍ အချို့ကိုအစိုးရအတွက် အခွန်အထုတ်ပေး၍ အချို့ကိုအရင်းအနှီးအဖြစ်ပြန်လည်မြုပ်နှံပြီး အချို့ကို အလုပ်လုပ်သူ အသီးသီးအတွက် အကျိုးခံစားစေပါသည်။

ဆိုရှယ်လစ် စီးပွားရေးစခမ်းသို့ ချီတက်နေသော နိုင်ငံကို ထိန်းသိမ်းစောင့်ရှောက်ရသော အစိုးရမျိုးသည် စစ်ဖက်နှင့် အုပ်ချုပ်ရေးဖက် အသုံးစားရိတ်များကို အနည်းဆုံးသို့လျှော့ချပြီး ကုန်ထုတ်အလုပ်သမားနှင့် စားသုံးသူများ၏ လူနေမှု အဆင့်အတန်း တိုးတက်ရေးနှင့် လူနေမှုအဆောက်အအုံခုလုံး၏ ဖွံ့ဖြိုးတိုးတက်သာယာရေးများကို အကျိုးပြုသော အသုံးစားရိတ်များကို အများအပြား သုံးစွဲခြင်းဖြင့် ဆိုရှယ်လစ်စီးပွားရေးစံနစ်ကို ကျွေးကန်၍ပေးကြရပါသည်။

(အပိုတန်ဘိုး)ကိုမယူဘဲ မည်သည့်စီးပွားရေးစံနစ်မျိုးမဆို မိမိ၏(မ)တည်ရင်းနှီးငွေကို တိုးပွားအောင် မလုပ်နိုင်ပါ။ (အပိုတန်ဘိုး)ကို ရယူသောနည်းလမ်းများမှာ သုံးမျိုးရှိပါသည်။ ၎င်းတို့မှာ–

(၁) အလုပ်သမားများအား ပေးသင့် ပေးထိုက်သလောက်မပေးဘဲ၊ ခေါင်းပုံဖြတ်ခြင်းအားဖြင့် ရရှိသော (အပိုတန်ဘိုး)။

(၂) ကုန်ထုတ်စွမ်းအားကိုတိုးပွားစေခြင်းဖြင့်ရရှိသော(အပိုတန်ဘိုး)

ဥပမာအားဖြင့် အလုပ် သမား တရာ၏ လုပ်အားဖြင့် ထုတ်လုပ်ရသော အလုပ်ကို အလုပ်သမား နှစ်ဦးမျှဖြင့် (စက်ခလုပ် ယန္တရား) တပ်ဆင်၍ ထုတ်လုပ်ရရှိသော (အပိုတန်ဘိုး)မျိုးနှင့်–

(၃) အရင်းအနှီးနှင့် အခြားကုန်ကျစားရိတ်အားလုံးကို စုပေါင်း၍ ကျသင့်သော တန်ဘိုးထက် စားသုံးသူများထံမှ ပို၍ရယူသော (အပိုတန်ဘိုး) များဖြစ်ကြပါသည်။

အထက်တွင်ဖေါ်ပြထားသော စီးပွားရေးဥပဒေသ များကို အထောက်အထားပြု၍ ပုဂ္ဂလိကအရင်းအနှီး မြှုတ်နှံမှုမှန်သမျှကို ပြည်သူပိုင်လုပ်ခြင်းအား ပဌမအဆင့်ထား၍ ဆိုရှယ်လစ် စီးပွားရေးကို တည်ဆောက်သည့် လမ်းစဉ်မှာ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ၏ အခြေမှ ဆိုရှယ်လစ်အဆင့်သို့ ကူးပြောင်းသော အခါမျိုးတွင်သာ လိုက်နာသင့်သောလမ်းစဉ်ဖြစ်သည်ကို ငါတို့ရှင်းလင်းနားလည်ကြရန်လိုပါသည်။

နောက်တကြောင်းမှာလည်း ဖွံ့ဖြိုးတိုးတက်မှုမရှိသေးသော နိုင်ငံများတွင် ဆိုရှယ်လစ်စံနစ်ကို တည်ဆောက်ရာ၌ ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင် အရင်းအနှီးအင်အားများကို တည်ရှိနေပြီးဖြစ်သော ကုန်ဝတ္ထုပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ နှင့် အခြားအရေးမကြီးသည့် စီးပွားရေးလုပ်ငန်းများကို လက်ပြောင်း၊ လက်လွှဲ ပြုလုပ်ရာတွင် သုံးစွဲ ပစ်ခြင်းထက် အသစ် တိုးချဲ့သည့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအား တိုက်ရိုက် အကျိုးပြုသော ကိစ္စများတွင်သာ ထိုအရင်း အနှီး များကို မြှုတ်နှံရန် ဆောင်ရွက် ရပေမည်။ ဤကဲ့သို့ ဆိုလိုက်ခြင်းကြောင့် အရင်းရှင်မြေရှင်နှင့် အမြတ်ကြီးစား စီးပွားရေးလုပ်ငန်းများကို အကန့်အသတ် အချုပ်အချယ်မရှိ ခွင့်ပြုလိုက်ရန်မဟုတ်ပါ။ ဆိုရှယ်လစ်စံနစ်ကို တည်ဆောက်ဆဲဖြစ်သော ထိုနိုင်ငံ၏အခြေအနေများအရ ပြည်သူပိုင်နှင့် ပုဂ္ဂလိက ကဏ္ဍများကို ခွဲခြားသတ်မှတ်၍ အဆင့်ဆင့် ချုပ်ကိုင် ထိန်းသိမ်းပေးခြင်းအားဖြင့် ဆိုရှယ်လစ်အဆင့်သို့ ကူးပြောင်းစေရန် စီမံဆောင်ရွက်ရမည်ဖြစ်ပါသည်။

မှတ်ချက်

(အရင်းအနှီးသည် မီး နှင့် အလားတူ၍ သုံးတတ်လျှင် လူသားတို့၏ အကြီးဆုံးသော မိတ်ဆွေကောင်းဖြစ်သကဲ့သို့ မသုံးတတ်လျှင် အကြီးဆုံးသော ရန်သူဖြစ်နိုင်ပါသည်)။

ဆိုရှယ်လစ်စံနစ်၏ အန္တိမအဆင့်သို့ ကူးပြောင်းသွားသည့် အချိန်တွင် မြေရှင်များလည်းမရှိ၊ အရင်းရှင်များလည်းမရှိ၊ လုတန်းစားလည်းမရှိ၊ ယခု

ခေတ်အစိုးရမျိုးလည်းမရှိ၊အာဏာရှင်များပါမရှိတော့သည့်အခြေအနေမျိုးသို့ ရောက်ရှိမည်ဖြစ်သည့်အပြင်လုပ်သလောက် အကျိုးခံစားခွင့်ရှိသောအဆင့်မှလိုသလောက်အကျိုးခံစားနိုင်သောစခန်းသို့ကူးပြောင်းမည်ဖြစ်၍ ထိုအချိန်အခါနှင့်အခြေအနေမျိုးတွင်ရှိကြမည့် လူသား များ၏ တာဝန်မှာ မည်မျှ ကြီးမားလေးလံပြီး သိမ်မွေ့နူးညံ့နေမည်ကို ခန့်မှန်းသင့်ပါသည်။ ထို့ကြောင့် ဆိုရှယ်လစ်လောကတွင် လူတိုင်းလူတိုင်း၌ အခြေခံရှိအပ်သော အရည်အချင်း၊ ဗဟုသုတ အဆင့်အတန်းကို ထောက်ရှုလျက် ပြည်သူတို့အား အဖက်ဖက်မှ နားမျက်စေ့များကိုဖွင့်၍ ပေးထားရမည်သာဖြစ်ပါသည်၊

သို့ဖြစ်ခြင်းကြောင့် ငါတို့သည် ဆိုရှယ်လစ်စံနစ်ကို တည်ဆောက်ရာ၌ လူတိုင်းလူတိုင်းအား (လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်း) တည်းဟူသော ဆိုရှယ်လစ်လောက၏ အခြေခံ အသီဥာဏ်များနှင့်တကွ အတွေ့အကြုံများကို လက်တွေ့ ဆည်းပူးလေ့လာခွင့်ပြုကြရမည်သာဖြစ်၍ မြေရှင်၊ အရင်းရှင်စံနစ်များကိုသာမက ဗဟိုလ်မှ ချုပ်ကိုင်ထားသော ဗြူရိုကရေစီ ယန္တရားများကိုပါ ဖျက်ဆီး ချုပ်သိမ်း၍ ဒီမိုကရေစီ ယန္တရားကို အမြန်ဆုံး တပ်ဆင်ရပေမည်။

မိမိတို့၏ စားဝတ်နေရေးကိုသာ အဓိကထား၍ ကျဉ်းမြောင်းစွာ ပရိယေသနရှာမှီးနေကြသူများသည်လည်း ဆိုရှယ်လစ် ခေတ်တွင် လူ့လောက၏ သာယာရေး၊ ငြိမ်းချမ်းရေး၊ ကျန်းမာရွှင်လန်းရေးအစရှိသော လူနေမှုအဆင့်တခေတ်ထက်တခေတ် မြင့်တက်ရေးကို ကျယ်ပြန့်စွာ တာဝန်ထမ်းရွက်ကြသော ပုဂ္ဂိုလ်များ၏ ဘဝသို့ ကူးပြောင်းကြရမည်ဖြစ်ပေသည်။

လူ့အမိုင်းဖြစ်စဉ်ကို စိစစ်လိုက်သည့်ရှိသော် နိုင်ငံရေးဘက်တွင် လူများစုကြီးအား လူနည်းစု လက်တဆုပ်စာမျှက အမွေ စိုးမိုး အုပ်ချုပ်သည့် စံနစ် (Government of the many by the few) ကို အကြောင်းပြု၍၎င်း၊ စီးပွားရေးဖက်မှာလည်း လူများစုကြီးအား လူနည်းစု လက်တဆုပ် စာမျှက ခေါင်းပုံဖြတ်အမြတ်ထုတ်ခဲ့သည့်စံနစ် (Exploitation of the many by the few) ကို အကြောင်းပြု၍၎င်း၊ အစဉ်တစိုက် ဖြစ်ပေါ်ခဲ့သော ပဋိပက္ခဖြစ်စဉ်ကြီးများကိုသာ တွေ့မြင်ကြရပေမည်။ ကမ္ဘာ့လူသားတို့သည် ထာဝစဉ်ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးများကို မှန်ကန်စွာ တည်ဆောက်လိုလျှင် နိုင်ငံရေးတွင်၎င်း၊ စီးပွားရေးတွင်၎င်း၊လူနည်းစုကလေးက လူများစုကြီးအား

အနိုင်ကျင့်လွှမ်းမိုးသည့်စနစ်ဟူသမျှကို ဤလူ့လောကမှကွယ်ပျောက်သွားသည် အထိ တိုက်ဖျက်နှင်ထုတ်ပစ်ရန်လိုပေသည်။

ထို့ကြောင့် ငါတို့၏ ပြည်ထောင်စုသမတ မြန်မာနိုင်ငံတွင် ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ရာ၌ လူ့သမိုင်း တလျှောက် တွင်ဝါဒ အမျိုးမျိုး လမ်းစဉ်အသွယ်သွယ် ပေါ်ပေါက်ခဲ့သည်တို့အနက်မှ ငါတို့၏အခြေအနေအချိန်အခါများနှင့် တော်လျော်စပ်ဟပ်၍ သမိုင်းဖြစ်စဉ် များအရ မှန်ကန်သော သိပ္ပံနည်းကျဝါဒ လမ်းစဉ် များကို တိကျပြတ်သားစွာ ရေးဆွဲသတ်မှတ်သင့်သည်ဖြစ်သောကြောင့်၊ ပူးတွဲပါအတိုင်းရေးဆွဲပြီး အတည်ပြုရန် တင်ပြအပ်ပါသည်၊

ငါတို့၏ဝါဒ

၁။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားများသည် လွတ်လပ်ခြင်း–တရားမျှတခြင်း–ညီမျှခြင်း–တည်းယူသော လူ့အခွင့်အရေးများကို ရရှိအကျိုးခံစားနိုင်ရန်။

(ခ) ကျေးကျွန်စနစ်၊ ပဒေသရာဇ်စနစ်၊ ဖက်ဆစ်စနစ်၊ အာဏာရှင်စနစ်၊ ကိုလိုနီစနစ်၊ နယ်ချဲ့စနစ်နှင့် လူသားအချင်းချင်း အနိုင်ကျင့်ခြင်းကို လုံးဝပါယ်ဖျက်၍ အချုပ်အချာ အာဏာသည် ပြည်သူလူထုထံမှ သက်ဆင်းရမည်ဟူသော မူကို ချွင်းချက်မရှိလက်ခံရန်။

ဂ၊ မြေရှင် အရင်းစံနစ်များကို လုံးဝပါယ်ဖျက်၍ ဆိုရှယ်လစ်နိုင်ငံကို တည်ဆောက်ရန်။

နိုင်ငံရေးရည်မှန်းချက်

၂။

(က) ဥပဒေပြုရေး။

လူမျိုးမရွေး ဘာသာမရွေး ကျားမ မရွေး လူတန်းစားမရွေး အရွယ်

ရောက်ပြီးသူ ပြည်သူတို့ကရွေးကောက် တင်မြှောက်သည့် ကိုယ်စားလှယ် အဖွဲ့ကသာလျှင်ပြည်သူတို့၏ ကိုယ်စား ဥပဒေပြုခွင့်ရှိစေရန်။

(ခ) အုပ်ချုပ်ရေး၊

တည်ဆဲဖြစ်သော စီးပွားရေးလူမှုရေး ယဉ်ကျေးမှု အဆင့်များနှင့် အညီ ရွေးကောက်တင်မြှောက်ဖွဲ့စည်းသည့် ပြည်သူ့ကိုယ်စားလှယ်အဖွဲ့ များနှင့် ပုဂ္ဂိုလ်တို့ကသာ ပြည်သူတို့၏ ကိုယ်စားအုပ်ချုပ်စေရန်။

(ဂ) တရားစီရင်ရေး။

ပြည်သူ့ကိုယ်စားလှယ် အဖွဲ့များက ပြုသော တရားဥပဒေ အရတည်ထောင်ဖွဲ့စည်းသည့် တရားရုံးများကသာလျှင် တရားဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်ရှိစေရန်။

စီးပွားရေးရည်မှန်းချက်

၃။

(က) ပဌမအဆင့်။

စိုက်ပျိုးရေးနှင့် စက်မှုလက်မှုစီးပွားရေးလုပ်ငန်းများကို ဘက်ညီဖွံ့ဖြိုးတိုးတက်သည့် အဆင့်သို့စီမံကိန်းအရတည်ဆောက်ရန်။

လက်ဝါးကြီးအုပ် အရင်းရှင်စနစ်နှင့် မြေရှင်ကြီးစနစ်များကို ပါယ်ဖျက်ရန်။

သော့ချက်စက်မှု လုပ်ငန်းကြီးများနှင့် ပြည်သူ့သုံးလုပ်ငန်း ကြီးများ (Public Utility Undert:kings) ကိုတိုးချဲ့ရန်နှင့် ပြည်သူ များက ပိုင်ဆိုင်စေရန်။

အလုပ်သမားများ၏ အရည်အချင်းနှင့် ကုန်ထုတ်စွမ်းအား တိုးတက်ရေးလူမှုဖူလုံရေးများကို ဆောင်ရွက်ရန် အလုပ်သမား အဖွဲ့များကို အားပေးရန်။

တောင်သူလယ်သမားများအား လယ်ယာများကို အတိုးအခ မရှိဝေငှပေးရန် ၎င်းတို့အပေါ်တွင် တင်ရှိနေသော ကြွေးမြီများကို လျော်ပစ်၍ လယ်ယာ စားရိတ်များကို လုံလောက်အောင် ထုတ်ချေးရန်။ သီးထပ်နှင့်

တိရိစ္ဆာန်မွေးမြူရေးကိုင်း ခေတ်မှီစိုက်ပျိုးရေးစံနစ်များနှင့် လယ်ယာသမဝါယမလုပ်ငန်းများကိုင်း အားပေးရန်။

သမဝါယမနှင့် ပုဂ္ဂလိက ပိုင်းရင်းသား ကုန်ထုတ်နှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ(ဘဏ်လုပ်ငန်းအပါအဝင်)တို့ကို အားပေးရန်။

(ခ) ဒုတိယအဆင့်။

အလုပ်လုပ်နိုင်သူတိုင်း မိမိအရည်အချင်းရှိ သလောက်လုပ်၍ လုပ်သလောက်အကျိုးခံစားခွင့်ရှိသော စီးပွားရေးအဆင့်ကိုတည်ဆောက်ရန်။

အရင်းရှင်စံနစ် မြေရှင်စံနစ် များကိုပယ်ဖျက်ရန်။

ကုန်ထုတ်လုပ်ငန်းကြီးများကို တိုးချဲ့ရန်နှင့် အရေးကြီးသည့် ကုန်စည်လက်ကားဖြန့်ဖြူးရေးလုပ်ငန်းကြီးများ။ ဘဏ်လုပ်ပန်းများနှင့် သွင်းကုန်လုပ်ငန်းများကိုပြည်သူပိုင်လုပ်ရန်။

အလုပ်သမားများ၏ လူနေမှုအဆင့်အတန်းကိုမြင့်တင်ပေး၍ ပြည်သူပိုင်စက်ရုံအလုပ်ရုံများကို အလုပ်သမားကိုယ်စား လည်များကပါဝင် အုပ်ချုပ်စေရန်။

ပြည်သူ့စက်မှုလယ်ယာနှင့်မွေးမြူရေးဌာနများသုတေသနဌာနများနှင့် သမဂါယမ စက်မှုလယ်ယာနှင့်မွေးမြူရေးဌာနများတည်ထောင်ရန်။တောင်သူလယ်သမားဘဏ်များဖွင့်၍ လူမှုဖူလုံရေး ငွေစုငွေချေးနှင့်သီးနှံအာမခံကျွဲနွားအာမခံလုပ်ငန်းများကိုတည်ထောင်ရန်။

အလပ်စားနှင့်အငယ်စား ကုန်ထုတ်လုပ်ငန်းများနှင့် ပြည်သူပိုင် ကဏ္ဍတွင် မပါသော ကုန်စည်ဖြန့်ဖြူးရေးလုပ်ငန်းများကို သမဝါယမများကသော်၎င်း၊ ပြည်သူနှင့် တိုင်းရင်းသား ပုဂ္ဂလိက ဖက်စပ်များကသော်၎င်း လုပ်ကိုင်ရန်)

(ဂ) တတိယအဆင့်။

အလုပ်လုပ်နိုင်သူတိုင်း မိမိတို့ အရည်အချင်း ရှိသလောက် လုပ်၍ လိုသလောက် အကျိုးခံစားခွင့်ရှိသော စီးပွားရေးအဆင့်ကို တည်ဆောက်ရန်။

(ကုန်ထုတ်ကရိယာ အားလုံးနှင့် သဘာဝပစ္စည်း များ အားလုံးကို ပြည်သူများကပိုင်စေရန်)

မှတ်ချက်

လိုသလောက်ဆို သောစကား၏ ဆိုလိုရင်း အဓိပ္ပါယ်ကို ဤစာတမ်း၏ ရှေ့ပိုင်းတွင် ဖေါ်ပြခဲ့ပြီးဖြစ်ပါသည်။

လူမှုရေးရည်မှန်းချက်

၄။

နိုင်ငံရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု အဆင့်အသီးသီးတွင်တာဝန်ကိုကြေပြွန်စွာ ထမ်းဆောင်နိုင်စွမ်း ရှိမည့်အရည် အချင်း များနှင့် ပြည့်ဝသော ပြည်ထောင်စုသားများ ပေါ်ထွက်လာရေးအတွက် ဆီလျော်သည့် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် အထူးသဖြင့် သုတေသန လုပ်ငန်းများ ကို အလေးပေး၍ တည်ထွင်ထူထောင်ရန်။

မှတ်ချက်။

အထက်တွင် လမ်းစဉ် သဘောသက်ရောက်သော ကိစ္စများကို ဤကဲ့သို့ ( )ဂွင်းပိတ် ဖေါ်ပြထားသည်မှာ မူဝါဒကို အဓိပ္ပါယ် ပေါ်လွင်စေရန်သာ ရည်ရွယ်၍ ဖေါ်ပြလိုက်ခြင်းဖြစ်ပါသည်၊ လမ်းစဉ်အသေးစိတ် များကိုမူကား သီးခြားရေးဆွဲရမည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝါဒ

၅။

ငါတို့နိုင်ငံ၏ ပထဝီဝင်အရ တည်နေပုံကို ထောက်ရှု၍သော်၎င်း ငါတို့နိုင်ငံနှင့် တကွ ကမ္ဘာ့နိုင်ငံတကာတွင် ပေါ်ပေါက်နေဆဲဖြစ်သော နိုင်ငံရေး စစ်ရေး၊ စီးပွားရေး အခြေအနေ အရပ်ရပ်ကို သုံးသပ် ဝေဘန်၍သော်၎င်း၊ ငါတို့၏ နိုင်ငံခြားရေး ဝါဒကို အောက်ပါအတိုင်းသတ်မှတ်သည်။

(၁) ကမ္ဘာ့နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာပေါင်းသင်းဆက်ဆံရန်၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစေရန်၊

(၂) ကမ္ဘာတွင် စစ်ရေးအရသော်၎င်း လူမျိုးရေး အရ သော်၎င်း၊ ဘာသာရေးအရသော်၎င်း၊ အုပ်စုဖွဲ့ခြင်းကို ဆန့်ကျင်ရန်။

မည်သည့် အုပ်စုကိုမျှ ပါဝင်ခြင်းမပြုဘဲ တိကျပြတ်သားသည့် ဘက်မလိုက်ရေးဝါဒလမ်းစဉ်ကိုကျင့်သုံးရန်။

(၃) ကိုလိုနီစံနစ် နယ်ချဲ့စံနစ်များကို ဆန့်ကျင်၍ မလွတ်လပ်သေးသော နိုင်ငံအားလုံးကို အမြန်ဆုံးလွတ်လပ်စေရေးအတွက် အားပေးကူညီရန်။

(၄) ကုလသမဂ္ဂ အဖွဲ့ချုပ်ကြီး၏ တည်တံ့ ရေးနှင့် ဩဇာတိက္ကမ ကြီးထွားရေးများ အတွက် အစွမ်းကုန်ကျိုးပမ်းရန်။

ကုလသမဂ္ဂ အဖွဲ့ချုပ်ကြီး၏ ပဋိညာဉ် စာချုပ်ကို လေးစားရိုသေရန်။

(၅) လူ့သတ္တဝါများနှင့် လူ့လော၏ တိုး တက် မှု များကို ချေမှုန်း ပျက်ပြုန်းစေမည့် အနုမြူ ဟိုက်ဒရိုဂျင် အစရှိ သည့် လက်နက်များနှင့် ကျူး ကျော်တိုက်ခိုက်ရေး အတွက် ဖြစ်သော လက်နက်ဟူသမျှကိုဖျက်သိမ်းပြစ်ရန်။

စစ်ဟူသမျှကို ဆန့်ကျင်၍ နိုင်ငံအချင်းချင်း၏ ပြဿနာများ ကို ကမ္ဘာ့ ကုလသမဂ္ဂ အဖွဲ့မှတဆင့် ငြိမ်းချမ်းစွာ ဖြေရှင်းကြရန်၊

နောက်ဆက်တွဲ(က)

၁၉၅၉–ဇူလိုင်လ ၁၉–ရက်နေ့တွင်ကျင်းပသော
ဖဆပလ(သန့်ရှင်း)အဖွဲ့ချုပ်မကြီးမှူးကျင်းပသော
(၁၂)ကြိမ်မြောက်အာဇာနည်နေ့အခမ်းအနား
သဘာပတိ ဒုတိယ ဥက္ကဋ္ဌသခင်တင်၏
မိန့်ခွန်းမှ ကောက်နုတ်ချက်။

ဗိုလ်ချုပ်အောင်ဆန်းကျေးဇူး

ကြွရောက်လာကြတဲ့ အမျိုးသမီးအမျိုးသားတို့ခင်ဗျား။

၁၉၄၇–ခုနှစ်ဇူလိုင်လ ၁၉–ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည် အမျိုးသား ခေါင်းဆောင်ကြီးများဟာ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေး ဒီမိုကရေစီရေး အမျိုးသား စည်းလုံးရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် မိမိတို့ရဲ့ အသက် တွေကို အစတေးခံခဲ့ကြရပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးများရဲ့ ကျေးဇူး ကြောင့် ကျွန်တော်တို့ဟာ ၁၉၄၈ခုနှစ်မှာလွတ်လပ်ရေးအောင်ပန်းကိုဆွတ်ခူး နိုင်ခဲ့ကြပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း အစရှိတဲ့ အာဇာနည် ခေါင်းဆောင် ကြီးများ ဟာ လွတ်လပ်ရေးကို ကျွန်တော်တို့အတွက် အသက်နဲ့စတေးပြီး ပေးခဲ့တာ ကြောင့် ဒီခေါင်းဆောင်ကြီးတွေရဲ့ ကျေးဇူးဟာ ဘယ်လောက်ကြီးတယ် ဆိုတာကို ပြောလို့ မဆုံးအောင် များပါတယ်၊ ဒါလောက်များတဲ့ ကျေးဇူး တွေကို ကျွန်တော်တို့တတွေက ဘယ်လောက်သိကြသလဲ၊ ကုန်ကုန်ပြောရမယ် ဆိုလျှင် ခေါင်းဆောင်ကြီးတွေက ကျွန်တော်တို့ကို ပေးခဲ့တဲ့ လွတ်လပ်ရေး ဆို တာ ဘာတွေလဲ ဘာကို ပေးခဲ့ တာလဲ ဆိုတာ ကိုဘဲ ဒီကနေ့ ကျွန် တော်တို့ ပြန်လည်ပြီး သုံးသပ်ဘို့ လိုလိမ့်ဦးမည်လို့ ကျွန်တော်ယူဆပါတယ်။

လွတ်လပ်ရေးဆိုတာ

ဒါကြောင့် ပဌမအချက် အနေနဲ့ လွတ်လပ်ရေးအကြောင်းကို အနည်း ငယ် ပြောလိုပါတယ်။ လွတ်လပ်ရေးရပြီဆိုတာကို ပြည်ထောင်စု သား တိုင်း လောက်ဘဲသိနေကြပါတယ်၊ တို့လွတ်လပ်ရေးရပြီဆိုပြီးတော့ လူတိုင်းရဲ့ နှုတ် ဖျားမှာ သီးနေအောင် ကြွေးကြော်ခဲ့ကြပါတယ်၊ဒါတင်မကသေးပါဘူး၊တနှစ် တခါလွတ်လပ်ရေး အောင်ပွဲတွေကို ချိမ့်ချိမ့်သဲအောင် ခံကြပါသေးတယ်၊ ဒါနဲ့မကျေနပ်သေးလို့ မြို့တကာနယ်တကာမှာ လွတ်လပ်ရေး ကျောက်တိုင်ကြီး တွေ မိုးပါးထိအောင်စိုက်ထူခဲ့ကြပါသေးတယ်။

လွတ်လပ်ရေးရပြီဆိုပြီး ကျွန်တော်တို့တတွေဟာ အဲဒီ လို အပျော်ကြီး ပျော် အမော်ကြီးမော် နေကြပေမဲ့ လွတ်လပ်ရေးရတယ်ဆိုတာဟာကျွန်တော် တို့ဘာကိုရသလဲလို့ မေးကြည့်လျှင် လူ ခပ် များများက ဘာကို ရ တယ်လို့ အကြမ်းသဘောလောက်တောင် ပြောမပြနိုင်တာကိုတွေ့ရပါလိမ့်မယ်၊အုပ်ချုပ် သူ လူတန်းစားနှင့် အအုပ်အချုပ်ခံ လူတန်းစားဆိုပြီး လူအချင်းချင်း အနိုင် ကျင့်တဲ့ခေတ်မျိုးမှာ အုပ်ချုပ်ခံလူတန်းစား တွေဟာ နှိမ်နှိမ်နင်းနင်း တွေဖြစ် နေလို့ ဘာမျှမထောင်းတာသော်လည်း ယခုလို ဥပဒေပြုအာဏာ၊ အုပ်ချုပ် ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတွေဟာ ပြည်သူလူထုထံမှ သက်ဆင်း စေရမယ်ဆိုတဲ့ လွတ်လပ်ပြီး ခေတ်မှာအရွယ်ရောက်သူ နိုင်ငံသား တိုင်း ဟာ လွတ်လပ်ရေးရတယ်ဆိုတာဟာ ဘာကိုရတယ်ဆိုလို့ အခြေခံသဘောလောက် ကို သိအောင်လုပ်ကြဖို့ဟာ ပြည်သူတို့ရဲ့တာဝန်ဖြစ်လာပါပြီ၊ ယခုတော့ဒီလို မဟုတ်ဘူး နိုင်ငံရေး လိုက်စားတာဟာ ရာဇဝတ်မှုကို ကြူးလွန် တာလောက် ယူဆလာကြပါတယ်။တဖန်တချို့က နိုင်ငံရေးကိုတော့ လိုက်စားခြင်လျှင်လိုက်

နိုင်ပါတယ် ပါတီနိုင်ငံရေးကို မလိုက်စားရဘူးလို့ ဆိုကြပြန်ပါတယ် ဒီလို ဆိုလျှင်ကျွန်တော်တို့ဟာ တပါတီအာဏာရှင် စံနစ်ကို ထူထောင် ရမဲ့ စခန်းကို ရောက်သွားမှာ သေချာနေပါပြီ ဒါကြောင့် ကျွန်တော်တို့ဟာ ပါလီမန်ဒီမိုကရေစီကို လက်ခံတယ်ဆိုလျှင်ပါတီနိုင်ငံရေးတွေရှိတာကိုလဲလက်ခံရပါမယ်ကျွန်တော်တို့နိုင်ငံမှာ အဲဒီလိုဝိဝါဒတွေများနေတဲ့အတွက် ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးအကြောင်းကို နည်းနည်း အစီရင်ခံပါရစေ။

အခွင့်အရေး ၃-မျိုးနှင့် အာဏာ ၃-မျိုး။

ကျွန်တော်တို့ လွတ်လပ်ရေးရတယ်ဆိုတာဟာ အကျဉ်းအားဖြင့် ပြည်သူလူထုမှာ အခွင့်အရေး(၃)မျိုးနဲ့ အာဏာ(၃)မျိုးကို ရတယ်လို့ ဆိုရပါမယ်။

အခွင့်အရေး(၃)မျိုးဆိုတာကတော့–

(၁) မူလအခွင့်အရေးများ၊
(၂) တောင်သူ လယ်သမားများနှင့် အလုပ်သမားများအတွက် နိုင်ငံတော်၏ တာဝန်ဝတ္တရားနှင့်ပါတ်သက်တဲ့အခွင့်အရေးများနှင့်–
(၃) နိုင်ငံတော်၏ ဝါဒရည်ညွှန်းချက်မများနှင့် ပါတ်သက်တဲ့ အခွင့်အရေးများဖြစ်ပါတယ်။

အာဏာ(၃)မျိုးဆိုတာကတော့–

(၁) ဥပဒေပြုအာဏာ။
(၂) အုပ်ချုပ်ရေးအာဏာနဲ့–
(၃) တရားစီရင်ရေးအာဏာများဖြစ်ကြပါတယ်။

မူလအခွင့်အရေး

မူလအခွင့် အရေးဆိုတာကတော့ သူ့အမည်နဲ့သူ ရှင်းနေပါတယ်၊ (မူလ)ဆိုတဲ့စကားမှာ (နဂို)ဆိုတဲ့ အဓိပ္ပါယ်ရပါတယ်၊ ဥပမာ မူလဓါတ်ဆိုတဲ့ စကားမှာ၊ နဂိုဓါတ်ကို ဆိုလိုပါတယ်၊ ဘယ်ဓါတ်နဲ့ ဘယ်ဓါတ်ကိုမျှ ပေါင်းစီးပြီး ဖြစ်ပေါ်လာတဲ့ ဓါတ်မျိုး မဟုတ်ပါဘူး၊ ဒါကြောင့် မူလအခွင့်အရေးဆိုတာဟာ ကျွန်တော်တို့ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကို ကျေညာပြီးသည်နှင့် တပြိုင်နက်၊ ပြည်ထောင်စုသားတိုင်း အလိုလိုရတဲ့ အခွင့်အရေးကိုဆိုလိုပါတယ်၊ဘယ်သူ့ရဲ့အပေး ကိုမျှစောင့်ဘို့လဲမလိုပါဘူး၊ဘယ်သူက

မှသည်းဒီအခွင့်အရေးတွေကိုမပေးဘဲချုပ်ချယ်မထားနိုင်ပါဘူး၊အဲဒီအခွင့်အရေးများကို ပြည်သူလူထုကလွတ်လပ်စွာသုံးစွဲခြင်းကို ချုပ်ချယ်လျှင်၊ ပိတ်ပင်လျှင်၊ ဖျက်ဆီးလျှင်၊ ဘယ်သူကိုမဆို၊ ဘယ်အဖွဲ့ကိုမဆို၊ ဘယ်အစိုးရ၊ ဘယ်အရာရှိကိုမဆို၊ ကျွန်တော်တို့ပြည်သူလူထုက အာဏာနဲ့တားဆီးနိုင်တဲ့ အခွင့် အရေးရှိပါတယ်၊ ကာကွယ်နိုင်တဲ့ အခွင့်အရေးလဲ ရှိပါတယ်၊ ဒီအခွင့်အရေးတွေကို မသုံးနိုင်အောင် ချုပ်ချယ်ထားရင် သို့မဟုတ် တခြားတနည်းနည်းနဲ့ မသုံးရအောင် လုပ်ထားရင်၊ ဒီအခွင့်အရေးများကို အရယူနိုင်တဲ့ နည်းလမ်းများ၊ အခွင့်အရေးများရှိပါတယ်၊ အဲဒီလို ပြည်သူလူထုက ရရှိတဲ့ အခွင့်အရေးမျိုးကို (မူလအခွင့်အရေး)လို့ ခေါ်ပါတယ်။

ယခု ကျွတော် အစီရင်ခံခဲ့တဲ့ (မူလအခွင့်အရေး)များရဲ့ အကျယ် သဘောကို ဒီနေရာမယ် အသေးစိပ်အစီရင်ခံဘို့ အချိန်မရတဲ့အတွက် ခေါင်းစဉ်လောက်ကိုဘဲ အစီရင်ခံပါရစေ၊ ယခုပြောတဲ့ (မူလ အခွင့်အရေး) ဆိုတာကတော့ ...

၁။ နိုင်ငံသားဖြစ်မှု အခွင့်ရေးများ။
၂။ ညီမျှမှု အခွင့်အရေးများ။
၃။ လွတ်လပ်မှု အခွင့်အရေးများ။
၄။ ဘာသာ၊ သာသနာရေးဆိုင်ရာ၊ အခွင့်အရေးများ။
၅။ ယဉ်ကျေးမှုနဲ့ ပညာရေးဆိုင်ရာ အခွင့်အရေးများ။
၆။ စီးပွါးရေးဆိုင်ရာ အခွင့်အရေးများ။
၇။ ရာဇဝတ် ဥပဒေဆိုင်ရာ အခွင့်အရေးများနဲ့။
၈။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ကာကွယ်နိုင် ရယူနိုင်သော အခွင့် အရေးများ ဖြစ်ပါတယ်။

လယ်သမားအလုပ်သမားအခွင့်အရေး

ဒုတိယ အမျိုးအစားဖြစ်တဲ့ အခွင့်အရေးများကတော့ တောင်သူလယ်သမားများနဲ့ အလုပ်သမားများအတွက် နိုင်ငံတော်၏ တာဝန် ဝတ္တရားများနဲ့ ပါတ်သက်တဲ့ အခွင့်အရေးများ ဖြစ်ပါတယ်၊ ဒီအခွင့်အရေးများကလဲ သူ့အမည်နဲ့ သူ့အဓိပ္ပါယ်ပေါ်နေပါတယ်၊ ကျွန်တော်တို့လွတ်လပ်ရေးရဲ့ (အမြုတေ) ဖြစ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကြီး တည်တံ့နေသရွေ့ကာလ ပါတ်လုံးဘယ်အစိုးရဘဲ ဆင်းဆင်း၊ ဘယ်အစိုးရဘဲ တက်တက် တောင်သူ

လယ်သမားများနဲ့ အလုပ်သမားများအတွက် ဆောင်ရွက်ပေးဘို့ ဝတ္တရားတခုအဖြစ် သတ်မှတ်ပေးထားတဲ့ အခွင့်အရေးများကို ဆိုလိုပါတယ်။

တိုတိုအစီရင်ခံရမယ်ဆိုရင်၊ တောင်သူလယ်သမားများနဲ့ အလုပ်သမားများအပေါ်မှာ ခေါင်းပုံဖြတ်နေကြတဲ့ စံနစ်ဆိုးကို ပယ်ဖျက်ရုပ်သိမ်းပြီး အလုပ်သမား၊ လယ်သမားများရဲ့ အခွင့်အရေး အရပ်ရပ်ကို ဆောင်ရွက်ပေးဘို့တာဝန်ဝတ္တရားများသတ်မှတ်ထားခြင်းများနဲ့ အလုပ်သမားလယ်သမားများနဲ့ အထူး အခွင့်အရေးများကို သတ်မှတ်ပေးထားခြင်းများဖြစ်ပါတယ်။

နိုင်ငံတော်၏ ဝါဒ။

နောက်တခုကတော့ နိုင်ငံတော်၏ဝါဒရည်ညွှန်းချက်မှုများနဲ့ ပတ်သက်တဲ့ အခွင့်အရေးများဖြစ်ပါတယ်။ ဒီစကားဟာလဲ သူ့အဓိပ္ပါယ်နဲ့ သူ ရှင်းနေပါတယ်။ နိုင်ငံတော်ဆိုတာဟာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ဆိုလိုပါတယ်။ အဲဒီနိုင်ငံတော်မပျက်သရွေ့ ကာလပါတ်လုံး၊ တနည်းအားဖြင့်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီး တည်တံ့နေသရွေ့ကာလပါတ်လုံး ဘယ်အစိုးရမျိုးဘဲ ဆင်းဆင်း၊ ဘယ်အစိုးရဘဲတက်တက်၊ ဒီ့နိုင်ငံရဲ့ဝါဒဟာ ဒါဘဲဆိုပြီး နောင်လာ နောက်သားများကို ညွှန်းခဲ့တဲ့ မှုများ (ဝါ) ချပေးခဲ့တဲ့ မှုများကို နိုင်ငံတော်၏ ဝါဒရည်ညွှန်းချက်မှုများသို့ ခေါ်ပါတယ်။

အဲဒီခေါင်းစဉ်အောက်မှာလဲ ပြည်သူလူထုကခံစားစံစားခွင့်ရှိတဲ့ အခွင့်အရေးများကို သတ်မှတ်ပေးထား ပါသေးတယ်။ သို့သော်လဲ ဒီအခွင့်အရေးများကတော့ မူလအခွင့်အရေးများလို မဟုတ်ဘူး။ ဒီအခွင့်အရေးများကို မခံစားရလျှင် သို့မဟုတ် တာဝန် ရှိသူများက လုပ်ကိုင် ဆောင်ရွက် မပေးလျှင် မူလအခွင့်အရေးများကို မပေးဘဲနေတဲ့ အခါမျိုးမှာ အကြပ်ကိုင်ပြီး အရယူသလို အကြပ်ကိုင်ပြီး အရမယူနိုင်ဘူး။ ဒီအခွင့်အရေးများဟာ နိုင်ငံတော်ရဲ့ ယေဘုယျလမ်းညွှန်သဘောသာ သတ်မှတ်ထားခြင်းဖြစ်ပါတယ်။ ဒီလိုကျွန်တော်ပြောလိုက်တဲ့အတွက် ဒီအခွင့်အရေးများဟာ ယခု အဓိပ္ပါယ် အတိုင်းဆိုလျှင် ပိုမနေပေဘူးလားလို့ မေးချင်လျှင်လဲ မေးနိုင်ပါတယ်။ အမှန်ကတော့ ပိုပြီး မနေပါဘူး။ အကြပ်ကိုင်ပြီးမရမနေ၊ အကျိုးခံစားနိုင်ကဲ အခွင့်အရေးမရှိသော်လဲ ယခုလို ပညတ်ချက် ရှိနေခြင်း ပင်လျှင် အဘယ် အစိုးရမျိုးကိုမဆို သိက္ခာစောင့်ထိန်းဘို့ တာဝန်တခုဖြစ်စေပါတယ်။ လွတ်လပ်ရေး သက်တန်းနဲ့ ဒီမိုက

ရေစီ ဝါရင့်နေတဲ့ နိုင်ငံများမှာဆိုရင် အစိုးရရဲ့ တာဝန်ရယ်လို့ အထင်အလင်းစာနဲ့ ရေးသားထားတာကိုမပြောနဲ့၊ အစဉ်အလာ သဘောမျိုး လောက် ဖြစ်နေတဲ့ တာဝန်မျိုးကိုတောင်တိကျစွာ လိုက်နာစောင့်ထိန်းကြပါတယ်။

ယခုကျွန်တော်အစီရင်ခံနေတဲ့ နိုင်ငံတော်ဝါဒ ရည်ညွှန်းချက် မှုများကို အမည်လောက်ကိုဘဲ အစီရင်ခံပါရစေ။ အဲဒီမှုတွေကတော့—

(၁)အလုပ်လုပ်ပိုင်ခွင့်။ (၂) အိုမင်းမစွမ်းဖြစ်သောအခါ၊ နာ ဖျားသောအခါ၊ အလုပ်လုပ်ရန် မစွမ်းသောအခါ အထောက်အပံ့ရနိုင်ခွင့်၊ (၃) အနားယူခွင့်၊အားလပ်ခွင့် (၄) ပညာသင်ကြားနိုင်ခွင့်၊ (၅) အားနည်း၍ တိုးတက်မှုနောက်ကျသူနိုင်ငံသားများအားအထူးစောင့်ရှောက်ရမှုခွင့်၊ (၆) နေထိုင်ရေးနဲ့ ကျန်းမာရေးတိုးတက်ခွင့်၊ (၇) အလုပ်သမား ကလေး သူငယ်များအပြင်ကျားမဘာဝနှင့် အသက်အရွယ် ၎င်းတို့ ခွန်အားနှင့် မမျှသော သက်မွေးဝမ်းကြောင်းလုပ်ငန်းများမှ ကင်းလွတ်ခွင့်၊ (၈) မိခင်နှင့်ကလေးများအတွက် အခွင့်အရေးများရရှိခွင့်၊ (၉) ကျန်းမာရေးနှင့် သူနာပြု အကျိုး ခံစားခွင့်၊ (၁၀) ပြည်သူ့ ကာယဗလ တိုးတက်ရေး လုပ်ငန်းများနှင့် ပညာ ရပ်များ ရရှိခွင့်၊ (၁၁) မသန်မစွမ်းသော စစ်မှုထမ်းဟောင်းများ၏ နေထိုင်စားသောက်ရေး၊ ကျဆုံးသော စစ်သားများ၏ ကလေးများနှင့် စစ်ကြောင့် မိဘမဲ့ဖြစ်ရသောကလေးများအတွက် စောင့်ရှောက်မှုရခွင့်၊ (၁၂) နိုင်ငံ၏ မနုအင်အားပြည်သူ့ ဥစ္စာအင်အားနှင့် ယဉ်ကျေးမှု အဆင့်အတန်းများ တိုးတက်ရေးနှင့်လွတ်လပ်ရေး တည်တံ့ခိုင်မြဲ ရေးအတွက် ဆောင်ရွက်ရမည့် တာဝန်များနှင့်ပတ်သက်သည့် အခွင့်အရေးများ၊ (၁၃) ကိုယ်ကျိုးအမြတ်အစွန်းမဟုတ်သော စီးပွားရေး လုပ်ငန်းများ၊ သမဝါယမနှင့် အလားတူ အစည်း အရုံး များကို အားပေးခြင်းနှင့် ပတ်သက်သည့်အခွင့်အရေးများ၊ (၁၄) ဝိဇ္ဇာသိပ္ပံပညာများ၊ သုတေသနနှင့် ပါ၍၊ သက္ကဋ္ဌပညာများသင်ကြားရေးအတွက် ထောက်ပံ့ခြင်းနှင့်ပတ်သက်သည့်အခွင့်အရေးများ၊ (၁၅) နိုင်ငံတော်အစိုးရကဌင်း၊ ဒေသန္တရအဖွဲ့ကဌင်း။ ပြည်သူ့ သမဝါယမကဌင်း၊ ပြည်သူသုံးလုပ်ငန်းများကို လုပ်ကိုင်ခွင့်နှင့် (၁၆) နိုင်ငံ၏ သဘာဝ ပင်ရင်း ဓန ပစ္စည်း များကို အစိုးရကဌင်း၊ ဒေသန္တရအဖွဲ့များကဌင်း၊ ပြည်သူ့ သမဝါယမကဌင်း၊ လုပ်ကိုင်ရန်ဝါဒထား၍ ဆောင်ရွက်ရန်သတ်မှတ်ထားရှိသည့် အခွင့်အရေးများဖြစ်ပါသည်။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး။

နောက်တချက်ကတော့ ကျွန်တော်တို့ ပြည်သူလူထုမှာ (၁) ဥပဒေပြုအာဏာ (၂) အုပ်ချုပ်ရေးအာဏာနဲ့ (၃) တရားစီရင်ရေး အာဏာများရှိတယ်လို့ ကျွန်တော် စောစောက အစီရင်ခံ ခဲ့ပါတယ်။ အဲဒီ အာဏာများကို သုံးစွဲတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့တွေဟာလဲ ပြည်သူလူထုရဲ့အခွင့်အရေး၊ သူတို့ရဲ့ ကိုယ်စားသာ သုံးရမယ်လို့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပုဒ်မ (၃)နဲ့ (၄) မှာ အတိအလင်း ဖေါ်ပြထားပါတယ်။

ယခုကျွန်တော် အစီရင်ခံခဲ့တဲ့ လူထုပိုင်ဖြစ်တဲ့ (၁) ဥပဒေပြုအာဏာတို့၊ (၂) အုပ်ချုပ်ရေးအာဏာတို့နဲ့၊ (၃) တရားစီရင်ရေး အာဏာများရဲ့ အကြောင်းအကျယ်ကိုတော့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအခဏ်း(၆)(၇)နဲ့ (၈)တို့မှာ လေ့လာကြစေလိုပါသည်။

အသက်နဲ့လဲ ကာကွယ်ကြ။

အဲဒီလို ခေါင်းဆောင်ကြီးများရဲ့ အသက်နဲ့ စတေးပြီးပေးခဲ့တဲ့ နိုင်ငံရေးလွတ်လပ်မှု၊ စီးပွားရေးလွတ်လပ်မှုနဲ့ လူမှုရေး လွတ်လပ်မှုဆိုတဲ့ လွတ်လပ်အခွင့်အရေးများနဲ့ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရား စီရင်ရေး အာဏာများဟာ သူ့အလိုအလျောက် ထာဝစဉ် တည်တန့် ခိုင်မြဲနေဘို့ မဖြစ်နိုင်ပါဘူး။ အဲဒီလွတ်လပ်မှုအခွင့်အရေးတွေ၊ အဲဒီ ပြည်သူတို့ရဲ့အာဏာတွေကို ထိပါးလာခဲ့ရင်တနည်းအားဖြင့် အလွဲသုံးစား ပြုပြီး လူထုကို စော်ကားလာခဲ့လျှင်အသက်နဲ့လဲပြီး ကာကွယ်နိုင်တဲ့လူမျိုးလက်ထဲမှာသာ ယခုကျွန်တော်ပြောခဲ့တဲ့ အခွင့် အရေးများ၊ အာ ဏာ များ ဟာ ဆက်လက် တည်ရှိ နိုင်ပါတယ်။ ဒါကြောင့် ကျေးဇူးရှင်ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည် ခေါင်းဆောင်ကြီးများက အသက်နဲ့လဲပြီး ပေးအပ်ခဲ့တဲ့ လွတ်လပ်ရေးကို ကျွန်တော်တို့ တတွေဟာ အသက်နဲ့ လဲပြီး ကာကွယ် ပါမယ်ဆိုတဲ့ အဓိဋ္ဌာန်ကို ယနေ့ လေး လေး နက်နက်ကြီးချမှတ်ကြရပါမယ်။

ဒီမိုကရေစီအခွင့်အရေးဆိုတာ

ဒုတိယအချက်ကတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးများဟာ ကျွန်တော်တို့အား လွတ်လပ်ရေးတင်မကသေးဘူး၊ ဒီမိုကရေစီအခွင့်အရေးတွေကိုလဲ ပေးခဲ့ပါသေးတယ်၊ တိုတိုအစီရင်ခံရမယ်ဆိုလျှင်ကျွန်တော်တို့ရရှိတဲ့ နိုင်ငံရေး လွတ်လပ်မှုတွေ၊ စီးပွါးရေးလွတ်လပ်မှုတွေ၊လူမှုရေး လွတ်လပ်မှုတွေကိုကျွန်တော်တို့ပြည်ထောင်စုသား(၁၉)သန်းအားလုံးတို့ ကိုယ့်ဟာကိုယ်ထပြီး လုပ်ဆောင်ခံစားစံစားနိုင်ဘို့ မဖြစ်နိုင်တဲ့အတွက် ဒီအခွင့်အရေးတွေကို ကျွန်တော်တို့ရဲ့လူများစုက ကြိုက်နှစ်သက်တဲ့ ကိုယ်စားလှယ်တွေကို ရွေးပြီး ကျွန်တော်တို့ရဲ့ ကိုယ်စား၊ ကျွန်တော်တို့အတွက် စီမံဆောင်ရွက်ပေးစေတဲ့စံနစ်ကို၊ သို့မဟုတ် နည်းလမ်းကို ပေးခဲ့ပါသေးတယ်၊ အဲဒီနည်းလမ်းကို ဒီမိုကရေစီနည်းလို့ ခေါ်ပါတယ်။

ဒီမိုကရေစီမရှိတဲ့လွတ်လပ်ရေး

လွတ်လပ်ရေးရရှိတဲ့ ဒီမိုကရေစီ

အမှန်က ဒီမိုကရေစီနည်းဟာ ကျွန်တော်တို့ရဲ့ မိရိုးဖလာ နည်းမဟုတ်ပါဘူး၊ ဥရောပတိုက်မှ ကျွန်တော်တို့က မှီးရတဲ့နည်းဖြစ်ပါတယ်၊လွတ်လပ်ရေးနဲ့ ဒီမိုကရေစီရေးဆိုတာ ၂-ခုဒွန်တွဲနေမှ အဓိပ္ပါယ်ပြည့်ဝပါတယ်၊ ဒါကြောင့် ဒီမိုကရေစီအခွင့်အရေး မရှိတဲ့ လွတ်လပ်ရေးဆိုတာ အဓိပ္ပါယ်မရှိသလို လွတ်လပ်ရေးမရှိတဲ့ ဒီမိုကရေစီရေးဆိုတာလဲ အဓိပ္ပါယ်မရှိပါဘူး၊ အဲဒီအခွင့်အရေးတွေဟာလဲ အလိုလိုပေါ်လာတာ မဟုတ်ပါဘူး၊ လူတွေကို အရှင်လတ်လတ် ခြင်္သေ့စာအကျွေးခံရ၊ မီးလောင်တိုက်ထဲသွင်းခံရ အစရှိသဖြင့် အသက်စည်းစိမ်ဘေးအများအပြားကို နှစ်ပေါင်းများစွာ ပူဇော်ပြီးမှ ရခဲ့ကြတဲ့ အခွင့်အရေးများဖြစ်ပါတယ်။

ကိုယ်ထင်ရာလုပ်နိုင်ခွင့်မဟုတ်

လွတ်လပ်ရေးအကြောင်းကို မှုကြမ်းသဘောလောက် ပေါ်အောင် ကျွန်တော် ခုတင်က အစီရင်ခံပြီးပါပြီ၊ အဲဒီလွတ်လပ်ရေးဆိုတာဟာ လူတဦးစီရဲ့ အကန့်အသတ်မရှိ ထင်ရာစိုင်းနိုင်တဲ့ အခွင့်အရေးတော့ မဟုတ်ပါဘူး၊ လူ့လောကအဆောက်အအုံ၊ လူ့အသိုက်အဝန်းနဲ့ နေကြထိုင်ကြတဲ့ ခေတ်မျိုးမှာ သူတပါးရဲ့လွတ်လပ်ခွင့်ကို အရမ်းကာရောဖျက်ဆီးပြီး ကိုယ်ထင်ရာကိုယ်လုပ်နိုင်ခွင့်မျိုးဆိုတာကတော့ လွတ်လပ်ရေး မဟုတ်ပါဘူး၊လွတ်လပ်ရေးဆိုတာ သူတပါးရဲ့ တရားသဖြင့် လွတ်လပ်ခွင့်ကို ထိပါးခြင်းမရှိစေဘဲလူတိုင်း

လူတိုင်းမှာ ရှိအပ်တဲ့ အထက်က ကျွန်တော်အစီရင်ခံခဲ့တဲ့ အခွင့်အရေးများကို ဆိုလိုပါတယ်။

ဥပဒေပြုရေးနှင့်ဒီမိုကရေစီ

ဒီမိုကရေစီရေးဆိုတာ တနည်းအားဖြင့် လွတ်လပ်မှုအခွင့်အရေးများကို အသုံးချတဲ့နည်းလမ်း၊ ထိန်းသိမ်းတဲ့နည်းလမ်းတခုဘဲဖြစ်ပါတယ်၊ အကျဉ်းအားဖြင့် နိုင်ငံရေးလွတ်လပ်မှုဆိုရာမှာ (၁)ဥပဒေပြုရေး၊ (၂)အုပ်ချုပ်ရေးနဲ့ (၃) တရားစီရင်ရေး လွတ်လပ်မှုများဖြစ်ပါတယ်၊ အဲဒီ လွတ်လပ်မှုကိုဒီမိုကရေစီနည်းနဲ့ အသုံးချခဲ့လျှင် (ဝါ) ထိန်းသိမ်းခဲ့လျှင် ဥပဒေပြုရာမှာ လူထုကိုယ်စားလှယ်များသာ မက လူထုကိုပါ တိုင်ပင်ဆွေးနွေးရန်လိုပါတယ်၊ ဒီအချက်ကြောင့်ဘဲ ဥပဒေပြုလွှတ်တော်တွေမှာ ဒေသန္တရအဖွဲ့တွေမှာ၊ လူထုကိုယ်စားလှယ်တွေက ဥပဒေပြုနိုင်တယ်၊ စည်းကမ်းဥပဒေတွေလုပ်နိုင်တယ် ဆိုပေမဲ့ ဥပဒေအဖြစ်ကို မရောက်မီ လူထုသိအောင် ပြန်တမ်းတို့ဘာတို့နဲ့ ကြေညာရပါတယ်၊ ဒီမိုကရေစီ ရင့်သန်နေတဲ့ နိုင်ငံများမှာတော့ အရေးကြီးတဲ့ဥပဒေကြမ်းများကို အချိန်ယပြီး လူထုရှေ့မှောက်မှာချပြပြီး ဝေဘန်တဲ့လုပ်ငန်းတွေကိုတောင် ယုပ်ကြပါတယ်၊ လူထုရဲ့ သဘောထားကို လေးလေးစားစား သိအောင်လုပ်ကြပါတယ်။

အုပ်ချုပ်ရေးနှင့်ဒီမိုကရေစီ

အုပ်ချုပ်ရေးဆိုတာလဲ ဒီအတိုင်းပါဘဲ၊ ကျေးရွာကစပြီးပြည်ထောင်စုကြီးအထိ လူထုကိုယ်စားလှယ်များ ကိုယ်တိုင်ပါဝင်တဲ့ အုပ်ချုပ်ရေး အသွင်ကို ရောက်ပါမှ ဒီမိုကရေစီအုပ်ချုပ်ရေး အဆင့်ကို ရောက်နိုင်ပါတယ်၊ နေရာတကာမှာ လူတွေကိုအာဏာနဲ့ ခန့်ပြီး အုပ်ချုပ်တယ်ဆိုတာမျိုးကတော့ ဒီမိုကရေစီနဲ့ ဆန့်ကျင်ဘက်နည်းများဖြစ်ပါတယ်၊ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခြင်းခံရသူဆိုတဲ့ လူတန်းစား ၂ မျိုးရှိတဲ့ ခေတ်ကနည်းများသာ ဖြစ်ပါတယ်၊ တနည်းအားဖြင့် ဒီမိုကရေစီရဲ့ ဆုတ်ယုတ်မှုလက္ခဏာများသာ ဖြစ်ပါတယ်၊ တိုးတက်မှု လက္ခဏာများ မဟုတ်ပါ။

တရားစီရင်ရေးနှင့်ဒီမိုကရေစီ

တရားစီရင်ရေးဆိုတာလဲ၊ ထိုနည်းငင်းပါဘဲ၊ လူထုကိုယ်စားလည်များက ပြုတဲ့ ဥပဒေအတိုင်း၊ တသွေမတိမ်း တရားစီရင်ဖို့ တရားသူကြီးများကို

လူထုကိုယ်စားလည် ပါလီမန်နဲ့ လူထု ကိုယ်စားအစိုးရက ခန့်ကြရပါတယ်။

ဒါတွင်မကသေးပါဘူး၊ ဒီမိုကရေစီ အခွင့်အရေးအဆင့်အတန်း မြင့်မားတဲ့ နိုင်ငံများမှာ၊ တရားရုံးများမှာ၊ တရားစီရင်တဲ့အခါမှာ လူထု ကိုယ်စားလည် ဂျူရီလူကြီးများနဲ့ ညှိနှိုင်းစီရင်ကြတဲ့အထိ လူထုအာဏာဟာ ကျယ်ပြန့်ပါတယ်။

အဲဒါကို လွတ်လပ်စွာ တရားစီရင်ရေးလို့ ခေါ်ပါတယ်၊ ဒီထက်ရှင်းအောင် ပြောရမယ်ဆိုရင်၊ သက်ဦးဆံပိုင် ရှင်ဘုရင်ခေတ်မှာ ရှင်ဘုရင်ရဲ့ အကြိုက်ကိုလိုက်ပြီး တရားစီရင်ပေးရတဲ့အဖြစ်မျိုး၊ အာဏာရှင်ခေတ်မှာ အာဏာရှင်တွေ အကြိုက်ကိုလိုက်ပြီး တရားစီရင်ပေးရတဲ့အဖြစ်မျိုးမှ ကျွတ်လွတ်ပြီး လူထုအကြိုက် ဒီမိုကရေစီ သဘောတရားအရ တရားစီရင်ရတဲ့ အခြေအနေမျိုးကိုသာလျှင် လွတ်လပ်စွာ တရားစီရင်ခွင့်မျိုး ဖြစ်တယ်လို့ ခေါ်ပါတယ်။

စီးပွါးရေးနှင့်ဒီမိုကရေစီ

တဖန်စီးပွါးရေး လွတ်လပ်မှုဆိုရာမှာလဲ၊ ဒီမိုကရေစီနည်းမျိုးအရ၊ လွတ်လပ်ခြင်းမျိုးကိုသာ ဆိုလိုပါတယ်၊ လူတဦးလူတစုက လူအများကို အာဏာရှင်ဆန်ဆန် ခေါင်းပုံဖြတ်နိုင်တဲ့ အခွင့်အရေးမျိုး မဟုတ်ပါဘူး၊ လူထုလူများစု အလိုကျ စီမံဆောင်ရွက်တဲ့ စီးပွါးရေး လမ်းစဉ်များ၊ လူသုနဲ့ဆွေးဆွေးနွေးနွေး တိုင်တိုင်ပင်ပင် လုပ်တဲ့ စီးပွါးရေး လုပ်နည်း ကိုင်နည်းများသာ စီးပွါးရေး ဒီမိုကရေစီဖြစ်ပါတယ်။

လူမှုရေးနှင့်ဒီမိုကရေစီ

တဖန်လူမှုရေး လွတ်လပ်မှုဆိုတာလဲ ဒီမိုကရေစီနည်းနဲ့ တွဲမှအဓိပ္ပါယ်ရှိပါတယ်၊ ပညာရေးတို့ ကျန်းမာရေးတို့ ပေါင်းသင်းဆက်ဆံရေးတို့ ဘာသာသာသနာရေးတို့ ယဉ်ကျေးမှုတို့ အစရှိတဲ့ ကိစ္စတွေမှာလဲ လူထုလူများစုရဲ့ ဆန္ဒနဲ့ ညှိနှိုင်းတိုင်ပင် ဆွေးနွေးပြီး ဆောင်ရွက်ပါမှ လွတ်လပ်ရေးနဲ့ ဒီမိုကရေစီရေးဆိုတာ အဓိပ္ပါယ်ရှိနိုင်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေး သက်တမ်းဟာလဲ အင်မတန်နုနယ်ပါသေးတယ်၊ လွတ်လပ်ရေး သက်တမ်းနုသလို ဒီမိုကရေစီသက်တမ်းကလဲနုပါတယ်၊ အဲဒီလို နိုင်ငံမျိုးမှာဒီမိုကရေစီ အခွင့်အရေး ဒီမိုကရေစီ အတွေ

အကြံများကို ပိုပြီးများများကြီး ပေးပါမှ ပြည်သူလူထုဟာ မိမိတို့ရဲ့ လွတ်လပ်ရေးနဲ့ ဒီမိုကရေစီရေး ဗဟုသုတကို ကြီးထွားအောင် တည်ဆောက်နိုင်ကြပါမယ်။

ကမ္ဘာမှာဒီမိုကရေစီအောင်ပွဲခံစေလိုလျှင်

ဥပမာအားဖြင့် ခလေးတယောက်ကို ရေကူးတတ်စေလိုလျှင်၊ ရေထဲကို မကြာခဏဆင်းခွင့်ပြုရပါမယ်၊ တတ်နိုင်လျှင် ရေကူးကန်ကလေး တူးပေးနိုင်လျှင်သာပြီးကောင်းပါတယ်၊ သင်ခါစမှာ ရေအနည်းငယ် မွန်းချင်ရင် မွန်းပါစေ၊ သင်ပေးဘို့တာဝန်ရှိတဲ့ သူများကသာ စေတနာနဲ့ စိတ်ရှည်လက်ရှည် သင်ပေးဘို့လိုပါတယ်၊ ရေလဲကူးတတ်စေချင်တယ်လို့တော့ တဖွဖွပြောနေပြီး ခလေးရေစပ်နား သွားရင်ဆီးပြီး ရိုက်ရင်းလုပ်နေလျှင် ဒီခလေးဟာ ဘယ်နည်းနဲ့ မှ ရေကူးတတ်ရန် မနီးစပ်နိုင်ပါဘူး၊ ဒါကြောင့် ကျွန်တော်တို့မှာလွတ်လပ်ရေးရပြီးသည်နှင့် ဒီမိုကရေစီအခွင့်အရေးများဟာလဲ ဒွန်တွဲပြီး ပါလာပါတယ်၊ ဒီအခွင့်အရေးဟာ လူများစုက သဘောတူညီမှုရအောင် လူများစုစိတ်ချမ်းသာအောင်ညှိနှိုင်းယူရတဲ့ အခွင့်အရေးမျိုးဖြစ်ပါတယ်၊ အာဏာနဲ့ နှိပ်ကွပ်ပြီး အတင်းအဓမ္မလုပ်ရတဲ့ အခွင့်အရေးမျိုးမဟုတ်ပါ၊ တဖန်လူများစုရဲ့ ဆန္ဒဖြစ်လာခဲ့ရင်လဲ သဘောမတူတဲ့ လူနည်းစုကို အပြုတ်ဖြုတ်ပြစ်ရတဲ့ နည်းစံနစ်မဟုတ်ပါ၊ အဲဒီလူနည်းစုကလဲ သူတို့ယုံကြည်ချက်များကို လူများစုက ကြိုက်လာအောင် တရားဥပဒေဘောင် အတွင်းမှ လွတ်လပ်စွာ ဆောင်ရွက်ခွင့် ပေးရပါတယ်၊ အတိုက်အခံပြုခွင့်ကိုပေးရပါတယ်၊ကျွန်တော်တို့ဟာ ဒီကမ္ဘာမှာ ဒီမိုကရေစီအောင်ပွဲခံစေချင်လျှင် ယခုကျွန်တော်အစီရင်ခံခဲ့တဲ့လမ်းစဉ်ကို တိကျစွာ ကျင့်သုံးကြဘို့ လိုပါတယ်၊ အထူးသဖြင့် ဥပဒေ ပြုရေး တာဝန်၊အုပ်ချုပ်ရေးတာဝန်နဲ့ တရားစီရင်ရေး တာဝန်တွေကို ထမ်းရွက် နေကြရတဲ့ ပုဂ္ဂိုလ်တွေက ပိုပြီး ကျင့်သုံးဘို့တာဝန်ရှိပါတယ်၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည် ခေါင်းဆောင်ကြီးများက လွတ်လပ်ရေးနဲ့ ဒီမိုကရေစီရေးများကို သူတို့ရဲ့ အသက်နဲ့ စတေးပြီးဒို့ကိုပေးခဲ့ပြီဆိုပြီး ကျွန်တော်တို့က ကျေနပ်နှစ်သိမ့်နေလို့မဖြစ်ပါဘူး၊

အသက်စည်းစိမ်ပေးပြီးထိန်းသိမ်းကြ

ဒီမိုကရေစီအခွင့်အရေးဟာလဲ လွတ်လပ်မှု အခွင့်အရေးလိုပါဘဲ၊ ကျွန်တော်ကတည်တန့်ခိုင်မြဲအောင် မထိန်းသိမ်းနိုင်တဲ့နေ့မှာ ဗိုလ်ချုပ်အောင်

ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးများပေးခဲ့တဲ့ ဒီမိုကရေစီ အခွင့်အရေးဟာ ဆိတ်သုန်းကွယ်ပျောက်သွားမှာ အမှန်ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ရဲ့ခေါင်းဆောင်ကြီးများ ရဲ့အသက်နဲ့စတေးပြီးပေးခဲ့ကြတဲ့ ဒီမိုကရေစီအခွင့်အရေးများကို မကွယ်မပျောက်ရ လ. အောင် ကျွန်တော်တို့ တဒေတဟာ ငွေသွေးနဲ့အသက် စီးစိမ်ပေးပြီး ထိန်းသိမ်းစောင့်ရှောက်ပါမယ်ဆိုတဲ့အဓိဋ္ဌာန်ကိုလဲ ယနေ့ကျွန်တော်တို့အလေးအနက် ချမှတ်ကြဘို့ဖြစ်ပါတယ်။

အမျိုးသားစည်းလုံးရေး

တတိယအချက်ကတော့ အမျိုးသား စီးလုံးရေးဖြစ်ပါတယ်၊ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးများကို အမျိုးသား စီးရုံးရေးလက်နက်နဲ့ အရယူနိုင်ခဲ့ပါတယ်။ အထင်အရှားဆုံးအထောက်အထားကတော့ ပင်လုံညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဘဲဖြစ်ပါတယ်၊ ယနေ့အဘို့မှာ ပြည်ထောင်စုကြီးအတွင်းမှာ အမျိုးသားစည်းလုံးရေးဟာ အတော်ဘဲပျက်ပြားနေပါတယ်၊ အမျိုးသား စည်းလုံးရေးပျက်ပြားလာတာနဲ့ အမျှ လက်ဝဲ၊ လကျ်ာ နယ်ချဲ့များဟာ အသွင်အမျိုးမျိုးနဲ့ ကျွန်တော်တို့ နိုင်ငံတဲကိုဝင်လာပြီး လွတ်လပ်ရေးနဲ့ ဒီမိုကရေစီရေးများကို ခြေမှုန်းပစ်မဲ့ အန္တရာယ်ကြီးဟာ အင်မတန် ကြီးမားပါတယ်။

ကျွန်တော်တို့ကို အာဇာနည် ခေါင်းဆောင်ကြီးများက မဲပေးခဲ့တဲ့လွတ်လပ်ရေးနဲ့ ဒီမိုကရေစီရေးများအဒ္ဓအမျိုးသားစီးလုံးရေးကို မထိခိုက်စေဘဲ နိုင်ငံရေးမှာဘဲဖြစ်ဖြစ်၊ စီးပွားရေးမှာဘဲဖြစ်ဖြစ်၊ လူမှုရေးမှာဘဲဖြစ်ဖြစ်၊ အတိုက်အအခံရှိနိုင်တဲ့အခွင့်အရေးများ ရှိကြပါတယ်၊ ဒါပေမဲ့ ယခုအချိန်မှာ ပြည်တောင်စုအတွင်းမှာ ဒီသဘောထားတွေခမ် ခြောက်လာပြီး လမ်းစဉ်မတူကြတဲ့ပုဂ္ဂိုလ်များဟာ တဦးနဲ့တဦး အပြုတ်တိုက်ရေးလမ်းစဉ်ကို လိုက်နေကြပါတယ်၊ တပါတီအာဏာရှင်စံနစ်ကို တဖြေးဖြေး ရှေ့ရှုချီတက်နေကြပါတယ်။

လူများစုသဘောထားကြီးရမည်

အမျိုးသားစည်းလုံးရေးကိုရဘို့အတွက် ကျွန်တော်တို့ ပြည်ထောင်စုသားများအနက် ပြည်မမှာရှိကြတဲ့လူများစုက အထူးသဘောထားကြီးဘို့လိုပါတယ်၊ လူမျိုးကြီးလွှမ်းမိုးမှုဝါဒကို ဖယ်ရှားပစ်ဘို့လိုပါတယ်၊ ပြည်ထောင်စုအတွင်းမှာရှိကြတဲ့ လူမျိုးငယ်များရဲ့ ယဉ်ကျေးမှုပညာပေးရေး၊ ကျန်းမာရေး

အစရှိတဲ့လူမှုရေးတွေကိုကောင်းစွာထိန်းသိမ်းပေးဘို့ကျွန်တော်တို့ကြိုးစားကြရပါမယ်။ နောက်ပြီးတော့လဲအဲဒီဒေသတွေမှာရှိကြတဲ့ အုပ်ချုပ်ရေးတို့ လမ်းပန်းဆက်သွယ်ရေးတို့ စီးပွါးရေးတို့ဆိုတဲ့လုပ်ငန်းများကိုလဲ ကျွန်တော်တို့ကအထူးဂရုစိုက်ပြီး ဆောင်ရွက်ပေးကြရပါမယ်။

ဒီတာဝန်တွေဟာ ကျွန်တော် အသလွတ် ပြောနေ်တာ မဟုတ်ပါဘူး၊ လွတ်လပ်ရေးအကြောင်းကိုကျွန်တော်တို့ပြောခဲ့စဉ်ကနိုင်ငံတော်၏ဝါဒရည်ညွှန်းချက်အခွင့်အရေးများခေါင်းစဉ်အောက်မှာ (အင်အားနည်း၍ တိုးတက်မှုနောက်ကျသူ၊ နိုင်ငံသားများအား အထူးစောင့်ရှောက်မှုရခွင့်) ဆိုတဲ့ အခွင့်အရေးကြောင်းကို ပြောခဲ့ပြီးပါပြီ။

လူနည်းစု၏တာဝန်

အမျိုးသားစည်းလုံးရေးကိုရသို့အတွက် ယခုကျွန်တော် အစိရင်ခံခဲ့ဘဲ့အတိုင်း လူမျိုးကြီး ဖြစ်တဲ့သူတွေက ကြည့်တာဝန်ယူရုံနဲ့ မပြီးသေးပါဘူး၊ ပြည်ထောင်စုထဲမှာ ပါဝင်ကြတဲ့ လူနည်းစုများကလဲဒါလန်ကျဉ်းမြောင်းတဲ့နယ်စိတ် ပယ်စိတ် လူမျိုးစိတ်များပေါ်မှာပြည်ထောင်စု စိတ်ကလွှမ်းမိုးလာအောင်ကြိုးစားဘို့လိုပါတယ်၊ ပြည်ထောင်စုကိုထိလျှင် မခံအောင်နာတတ်တဲ့ စိတ်ဓါတ်မျိုးတွေ တဖွါးဖွါး ပေါ်ပေါက်လာအောင် မွေးမြူကြဘို့လိုပါတယ်။

ယခုအချိန်ဟာ ကမ္ဘာကြီးကိုရက်ပိုင်းနဲ့ ပါတ်နိုင်တဲ့ခေတ်ကနေပြီးနာရီပိုင်းနဲ့ ပတ်နိုင်တဲ့ အနုမြူခေတ်သို့ဝင်ရောက်နေပြီဖြစ်တဲ့အတွက် ကမ္ဘာ့သူစိတ်ကမ္ဘာ့သားများဟာတိုင်းစိတ် ပြည်စိတ် ပြင်းထန်မှုများကို တတ်နိုင်သလောက်လျှော့ပေါ့ကြပြီး ကမ္ဘာ့စိတ်ကို မွေးမြူနေကြရပါတယ်၊အဲဒီလောက်တိုးတက်နေတဲ့ခေတ်ကြီးမှာ ကျွန်တော်တို့ ဇီးရှက်လောက်ရှိတဲ့ ပြည်ထောင်စု မြန်မာပြည်မှာအမျိုးသားစည်းလုံးရေးကိုအောင်မြင်စွာမတည်ဆောက်နိုင်ဘူး ဆိုရင်ကျွန်တော်တို့ဟာ ဖျင်းရာကျပါလိမ့်မယ်၊ ခေတ်ရဲ့အပြင်ဘက်ကိုရောက်ရှိနေတဲ့ လူတွေဖြစ်နေကြပါလိမ့်မယ်၊ ရှေးနှစ်ပေါင်းများစွာက တရွာကို တိုင်းပြည်တပြည်တည်နေကြတဲ့ ကစိတ်မျိုးတွေကို ယခုကျွန်တော်တို့က မဖျောက်လို့မဖြစ်တော့ပါဘူး၊ယခုလို လွတ်လပ်တဲ့ခေတ်မျိုးမှာအခွင့်အရေးတွေနဲ့ အာဏာတွေက ပိုများလာတဲ့အတွက် တာဝန်မဲ့တွေကို ကျွန်တော်တို့ရှောက်ပြီးလုပ်နေကြမယ်ဆိုလျှင် ဘေးတွေနိုင်ပါကယ်။ အဲဒါကြောင့် ကျွန်တော်တို့ဟာ လွတ်ရေးကိုအမျိုးသား စီးလုံးရေး ဆိုတဲ့လက်နက်နဲ့အရယူနိုင်ခဲ့သလို ယခုလို လွတ်လပ်

ပြီးတဲ့ခေတ်မှာ ဒီလွတ်လပ်ရေး၊ ဒီမိုကရေစီရေးများနဲ့ အမျိုးသားစည်းလုံးရေးကိုလဲမြန်ပြီးတည် ဆောက်ကြဘို့လိုပါတယ်။

ကျွန်တော်တို့ဟာ အမျိုးသားစည်းလုံးရေးကို မထိခိုက်စေဘဲ အတိုက်အခံရှိတဲ့ ပါလီမန်ဒီမိုကရေစီကို မှန်ကန်စွာ ကျင့်သုံးနိုင်ကြပါမှ အမျိုးသားစည်းလုံးရေးပျက်ပြားမဲ့အန္တရာယ်ကိုကာကွယ်နိုင်ကြပါမယ်၊ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းတလျှောက်လုံမှာ အမျိုးသားစည်းလုံးရေး ပျက်ပြားတိုင်း နိုင်ငံပြိုပျက်ခဲ့ရတဲ့ သာဓကများကိုလဲ ကျွန်တော်တို့မမေ့ပစ်ဖို့မသင့်ပါဘူး။

ဒါကြောင့် ယနေ့အဘို့မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးများ တည်ထောင်ပေးခဲ့တဲ့ အမျိုးသားစည်းလုံးရေးကို ခိုင်ခံ့ကြီးထွားသည်ထက် ကြီးထွားခိုင်ခန့်အောင် ကျွန်တော်တို့ အထူးကြိုးပမ်းကြရမယ်ဆိုတဲ့ အမိန့်ဌာန်ကြီးကိုလဲ လေးလေးနက်နက် ပြုကြရပါမယ်။

နောက်ဆက်တွဲ(ခ)

၁၉၅၂-ခု ဇန်နဝါရီလ ၂၉-ရက်နေ့တွင် (ဖဆပလ) ညီလာခံ၌
မိန့်ကြားသည့်ဝန်ကြီးချုပ် ဦးနု၏မိန့်ခွန်းမှ
ကောက်နုတ်ချက်များ

မဒ္ဒ(၁) (စ)၏ ဝါဒသဘောတရား

(က) ကောဇာသက္ကရာဇ် ၁၃၀၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၉)ရက်နေ့ (၄-၁-၄၈) တနင်္ဂနွေနေ့နံနက် (၁၀) နာရီအချိန်တွင် ဒုတိယအကြိမ်ကျင်းပခဲ့သော တိုင်းပြုပြည်ပြုလွှတ်တော်(ပါလီမန်) အစည်းအဝေး၌ ဖဆပလအစိုးရအဖွဲ့၏ ကိုယ်စား နိုင်ငံတော်သမတကြီးက "အမြဲထာဝစဉ် ရှေ့ရှုသုံးသပ်လျက်ရှိသော ကျွန်ုပ်တို့၏ မူလရည်ရွယ်ချက်သည်ကား မြန်မာပြည်ထောင်စုတွင် အရင်းရှင်ဝါဒကို ပိတ်ပင်ပယ်ဖျက်၍ နိုင်ငံ၏လုပ်ငန်းဆောင်တာ အဝဝကို တိုင်းသူပြည်သားများသာ ပိုင်ဆိုင်ခွင့်ရှိသော ဆိုရှယ်လစ်နိုင်ငံ တည်ဆောက်ရန်ဖြစ်ပေသည်။ လို့ကြေငြာထားပါတယ်။

အဲဒီကြေညာချက်ဟာ အင်မတန်ရှင်းနေတဲ့အတွက် ထပ်ပြီးရှင်းပြစရာမလိုတော့ဘူးလို့ ကျွန်တော်ယူဆတယ်။

အဲဒီတော့ ဆိုရှယ်လစ်နိုင်ငံဟာ ဘယ်လိုနိုင်ငံမျိုး ဖြစ်တယ်ဆိုတာကို ကျွန်တော်ရှင်းပြပါတော့မည်။

" ဆိုရှယ်လစ် နိုင်ငံဟာ ဘယ်လိုနိုင်ငံမျိုး ဖြစ်တယ်ဆိုတာကို သိချင်ရင် ဆိုရှယ်လစ်ဝါဒဟာ ဘာလဲဆိုတာကို ရှေ့ဦးစွာသိထားဖို့ လိုပါလိမ့်မယ်။

အမှန်စင်စစ်ဆိုရင် ဆိုရှယ်လစ်ဝါဒဆိုတာဟာ အရင်းရှင် ဝါဒကြောင့်ပြီး ပေါ်ပေါက်လာတဲ့ ဝါဒဖြစ်တယ်၊ အဲဒီစကားကို ကျွန်တော် ထပ်ပြီးရှင်းပြချင်ပါတယ်။

၁။ အရင်းရှင်ဝါဒသက်ကိုင်ထားတဲ့အရင်းရှင်တွေဟာအမြတ်လိုချင်ကြတယ်၊

၂။ အဲဒီလိုအမြတ်လိုချင်တဲ့အတွက် လူလူချင်း လူညွန့်ခွေးစားကြတယ်။

၃။ အဲဒီလိုလူလူချင်း လူညွန့်ခွေးပြီးစားတဲ့ အချိန်ကာစ လူညွန့်ခွေးစားတဲ့လူတန်းစားကတစား၊ လူညွန့်ခွေးစားခံရတဲ့ လူတန်းစားကတစားဆိုပြီး လူတန်းစားနှစ်စား ပေါ်ပေါက်လာတယ်။

၄။ဒီလိုလူလူချင်း လူညွန့်ခွေးစားတဲ့စနစ်ကြီးကြောင့် ဒီကမ္ဘာ လောကကြီးဟာ သဘာဝပစ္စည်းတွေနဲ့ပြည့်ပြည့်စုံစုံရှိပါလျက်သားနဲ့ အငတ်ပြဿနာတွေပေါ်လာတယ်၊ လူမှုရေးမလုံလောက်မှုပြဿနာတွေပေါ်ပေါက်လာတယ်၊ရောဂါတွေပြားလာတယ်။ အမှုတောင်မှ သိလစောင့်နိုင်မယ်ဆိုတဲ့ စကားလို အငတ်ပြဿနာတွေကိုအကြောင်းပြုပြီး စာရိတ္တမကျောင်းယိမ်းယိုင်ပျက်စီးမှုတွေ ပေါ်ပေါက်လာရတယ်။

၅။ ရလေ–လိုလေ အိုတဏှာဆိုတဲ့အတိုင်း အမြတ်ရတဲ့ အရင်းရှင်တွေက အမြတ်တွေကိုပိုပြီးလိုချင်လာကြတယ်၊ ဒါဒီတော့ ကုန်ရှင်တွေကို ပေါပေါနဲ့လိုတိုင်းရနိုင်ဘို့အတွက် ဒီကုန်ရှင်တွေရှိတဲ့နယ်တွေကိုရှာရတယ်၊ ဒီကုန်ရှင်းက ကုန်ချောဖြစ်လာတဲ့အခါ ကျတော့လဲ သူတို့ကြိုက်တဲ့ဈေးနဲ့ ဒီကုန်ချောတွေကို ပြန်ပြီး ရောင်းနိုင်ဘို့ အတွက် ကုန်ဈေးကို ဘာတဲ့ ကန့်သတ်ပေးချင်တိုင်းပေးနိုင်တဲ့အာဏာတွေသူတို့ထားနိုင်ကြတဲ့ နယ်တွေကို ရှာရပြန်တယ်။ အဲဒီလို နယ်ချဲ့ကြယင်းနဲ့ နယ်ချဲ့စစ်ပွဲကြီးတွေ ဖြစ်လာကြရပြန်တယ်။

အဲဒီ ဖေါင်စီးရင်း ရေငတ် ဆိုတဲ့ စကားလို ကမ္ဘာကြီးဟာ သဘာဝပစ္စည်းတွေနဲ့ ပြည့်စုံရက်သားနဲ့ ကမ္ဘာသူကမ္ဘာသားတွေ ငတ်နေကြတာတွေ၊ ရောဂါထူပြောနေတာတွေ၊ ကမ္ဘာသူ ကမ္ဘာသားတွေရဲ့ စာရိတ္တမကျောင်းတွေ

ယိမ်းယိုင်ပျက်စီးနေတာတွေ၊ နယ်ချဲ့စစ်ပွဲကြီးတွေဖြစ်ပြီး ကမ္ဘာကြီးတခွမ်းလုံးမှာ သွေးချောင်းစီးနေတာတွေမြင်ပြီး စိတ်ကောင်းရှိတဲ့လူ့တွေဟာ အတော်ဘဲ စိတ်မချမ်းမသာဖြစ်ကြတယ်။အဲဒီလိုစိတ်မချမ်းမသာဖြစ်ရာကနေပြီး ဒီလောက်ဒုက္ခတွေက လွတ်မြောက်စေတဲ့ နည်းလမ်းတွေကို ရှာကြတယ်။ အဲဒီလို ရှာကဲ့အခါမှာ ဒီလောက် ဒုက္ခတွေရဲ့ အကြောင်းရင်းကြီးဟာ အမြတ်ရလိုမှုဘဲဖြစ်တယ်ဆိုတာကို ဒီလူတွေတွေ့ကြရတယ်။ လူတွေဟာ အမြတ်အတွက်လုပ်နေကြသရွေ့ကာလပါတ်လုံး လူလူချင်းလူညွန့်ခွေးစားတဲ့ စနစ်ဆိုးကြီးဟာရှိနေမှာဘဲ။ ဒီစနစ် ဆိုးကြီး ရှိနေသရွေ့ ကာလပါတ်လုံး ဒီလောက် ဒုက္ခတွေ၊ ဒီစာရိတ္တမကျောင်းယိမ်းယိုင်းပျက်စီးမှုတွေ၊ ဒီနယ်ချဲ့စစ်ပွဲကြီးတွေရှိနေမှာဘဲလို့ ဒီလူတွေ မြင်လာကြတယ်။

အဲဒါကြောင့် ဒီလောက် ဒုက္ခတွေ၊ဒီစာရိတ္တမကျောင်းယိမ်းယိုင်းပျက်စီးမှုတွေ၊ ဒီနယ်ချဲ့ စစ်ပွဲကြီးတွေကို ဒီကမ္ဘာကြီးထဲက မပျောက် သွားအောင် လုပ်ချင်တယ်ဆိုရင် အရင်းစစ် အမြစ်မြေက ဆိုသလို အကြောင်းရင်း ဖြစ်တဲ့ အမြတ်ရလိုမှုကို အမြစ်ကနေပြီး သုတ်သင်ပစ်ရမယ်လို့လဲ ဒီလူတွေ မြင်လာကြပြန်တယ်။

ကုန်တွေကို အမြတ်အတွက်လုပ်နေတဲ့စနစ်ကြီးကို ဖြိုဖျက်ပြီး အဲဒီစနစ်ရဲ့နေရာမှာ ကုန်တွေကို လူတွေအသုံးပြုဘို့အတွက် လုပ်ပေးရမယ်ဆိုတဲ့ စနစ်ကို ထူထောင်နိုင်ယင် လူလူချင်း လူညွန့်ခွေးစားတဲ့ စနစ်ဆိုးကြီးဟာ ဒီကမ္ဘာကြီးထဲမှာ မတည်တန့်နိုင်တော့ဘူး။ ပျောက်ပျက်သွားရမယ်။ ဒီစနစ်ကြီးပျောက်ပျက်သွားရင် ဒီစနစ်ကြီးကမွေးထုတ်ထားတဲ့ ခုတင်က ကျွန်တော် ပြောခဲ့တဲ့ လောက ဒုက္ခတွေ၊ စာရိတ္တမကျောင်း ယိမ်းယိုင်းပျက်စီးမှုတွေ၊ နယ်ချဲ့ စစ်ပွဲကြီးတွေဟာလဲ ဒီကမ္ဘာကြီးထဲက ပျောက်ပျက်သွားရမယ်လို့လဲ အဲဒီစိတ်ကောင်းရှိတဲ့ လူတစုဟာ တွေးတောမိကြပြန်တယ်။

အဲဒီလို ကုန်တွေကို အမြတ်အတွက် လုပ်နေတဲ့စနစ်ဆိုးကြီးကို ဖျက်ဆီးပစ်ပြီး အဲဒီစနစ်ဆိုးကြီးရဲ့နေရာမှာ ကုန်တွေကို လူတွေသုံးဘို့အတွက်လုပ်ပေးတဲ့စနစ်ကြီး ကို ထူထောင်နိုင်အောင်ဘယ်လိုလုပ်ရမလဲလို့ ဒီစိတ်ကောင်းရှိသူတွေဟာ သူတို့ကိုယ်ကိုသူတို့မေးပြီး အဖြေတွေကိုရှာကြပြန်တယ် အဲဒီလိုရှာကဲ့အခါမှာ ဒီပုဂ္ဂိုလ်တွေဟာ အဖြေတွေကိုတွေ့သွားကြပါတယ်။အဲဒီအဖြေကို ကျွန်တော်ခပ်လွယ်လွယ်နဲ့ ပြောပြချင်ပါတယ်။

ကုန်တွေကို အမြတ်အတွက် လုပ်နေတဲ့စနစ်ဘိုးကို ဖျက်ပြီး အဲဒီနေရာ

မှာ ကုန်တွေကိုလူတွေသုံးဖို့အတွက် လုပ်ရမယ်ဆိုတဲ့စံနစ်သစ်ကိုစိုက်ထူချင်ယင် ကုန်ထုတ်ကရိယာ တန်ဆာပလာတွေအားလုံးဟာ အရင်းရှင်တွေရဲ့ လက်ထဲက အလုပ်သမားတွေရဲ့ လက်ထဲကို ရောက်လာရမယ်။ ဒီလိုရောက်ဖို့ ဆိုတာကလဲ မလွယ်ဘူး။ အဲဒီစိတ်ကောင်းရှိတဲ့လူတွေ သူတို့လိုချင်တဲ့ အဖြေတွေကို ရှာနေကြတဲ့အချိန်တုန်းက သူတို့နေထိုင်ကြတဲ့ နိုင်ငံတွေမှာ အာဏာပိုင်တွေဟာ သူတို့ကိုယ်တိုင် အရင် ဒီလို ရောက်ဖို့ဆိုတာကလဲ မလွယ်ဘူး၊ အဲဒီစိတ်ကောင်းရှိတဲ့ လူတွေ သူတို့လိုချင်တဲ့ အဖြေတွေကို ရှာနေကြတဲ့ အချိန်တုန်းက သူတို့နေထိုင်ကြတဲ့နိုင်ငံတွေမှာ အာဏာပိုင်တွေဟာ သူတို့ကိုယ်တိုင် အရင်းရှင်တွေ သော်၎င်း၊ ဒါမှမဟုတ်ပြန်ယင်လဲ အရင်းရှင်တွေရဲ့မဟာမိတ်တွေသော်၎င်း ဖြစ်နေကြတယ်။ အဲဒီလို ဖြစ်နေတဲ့ အတွက် ဒီနိုင်ငံ တွေ မှာ ရှိနေတဲ့ အုပ်ချုပ်ရေး စက်ယန္တရားနဲ့ ဥပဒေတွေဟာလဲ အရင်းရှင် လူတန်းစားတွေကို ကာကွယ်ဖို့ အုပ်ချုပ်ရေး စက်ယန္တရားနဲ့ ဥပဒေတွေ ဖြစ်နေတယ်။ အဲဒီလို ဖြစ်နေတဲ့အတွက် ကုန်ထုတ်လုပ်တဲ့ ကရိယာ တန်ဆာပလာတွေကို အရင်းရှင်လူတန်းစားတွေရဲ့ လက်ထဲကနေပြီး အလုပ်သမားတွေရဲ့ လက်ထဲကို တကယ်ရောက်အောင်လုပ်ဖို့ မပြောထားနဲ့ ကျိုးစားရုံကျိုးစားကြည့်တာနဲ့ဘဲ အရင်းရှင်တွေဟာ အလုပ်သမားလူတန်းစားတွေကို ချေမှုန်းပစ်ဖို့ အတွက် ဒီအုပ်ချုပ်ရေး ယန္တရားနဲ့ ဒီဥပဒေတွေကို ရက်ရက်ရောရောကြီး အသုံးပြုကြလိမ့်မယ်။ အဲဒီတော့ အမြတ်ထွက်ကုန်ထုတ်လုပ်တဲ့ စံနစ်ဆိုးကြီးကိုဖျက်ဆီးပစ်ပြီး ဒီနေရာမှာ ကုန်ကိုလူတွေ အသုံးပြုဖို့ အတွက် ထုတ်လုပ် ရမယ်ဆိုတဲ့ စံနစ်ကြီးကို ထူထောင်ချင်ယင် တခြား နည်းလမ်း မရှိတော့ဘူး။ တိုင်းပြည် အုပ်ချုပ်တဲ့ အာဏာကို အလုပ်သမားတွေ ကိုယ်တိုင်ခေါင်းဆောင်ပြီး သိမ်းယူတဲ့ လမ်းဘဲရှိတော့တယ်ဆိုတဲ့ အဖြေကို ဒီစိတ်ကောင်းရှိတဲ့ လူတွေ တွေ့ရှိသွားပါတယ်။ ဒီပုဂ္ဂိုလ်တွေဟာ ဆိုရှယ်လစ်တွေ ဖြစ်လာကြပြီး သူတို့ရဲ့ ဝါဒဟာလဲ ဆိုရှယ်လစ်ဝါဒ ဖြစ်လာပါတယ်၊ နိုင်ငံရေးအာဏာကို သိမ်းတဲ့ နေရာမှာ–

(၁) လက်နက်ကိုင်တော်လှန်ပြီး အာဏာသိမ်းယူတာကတနည်း၊

(၂) ဒီမိုကရေစီစံနစ်အရ ပါလီမန်အားဖြင့် အာဏာသိမ်းယူတာက တနည်းဆိုပြီး နည်းနှစ်မျိုးပေါ်ထွက်လာပါတယ်။ အချို့ ဆိုရှယ်လစ်တွေက တော့ ပဌမနည်းကို သဘောကျပြီး၊ အချို့ ဆိုရှယ်လစ် တွေကတော့ ဒုတိယ နည်းကို သဘောကျကြပါတယ်။

ဇာတ်ပလာအနေနဲ့ ဘယ်နည်းကို လက်ခံတယ်။ ဘာကြောင့် အဲဒီနည်းကို

လက်ခံတယ် ဆိုတာကိုတော့ နောက်အခန်းတွေ ကြတော့မှဘဲ စုံစုံလင်လင် တော်ပြပါတော့မည်။

အခုကျွန်တော်ပြောခဲ့တာတွေကို နားထောင်ရတဲ့အတွက် ဆိုရှယ်လစ်ဝါဒဟာ ဘယ်လိုဆိုတာကို ရဲဘော်တို့ အကြမ်း အားဖြင့် သဘောပေါက်လောက်ပြီလို့ ကျွန်တော် ယူဆ ပါတယ်။ အဲဒီတော့ ပိုပြီးသဘောပေါက်နိုင်အောင်။

(၁) ဆိုရှယ်လစ်ဝါဒဟာ ဘယ်တုန်းကစပြီးပေါ်ခဲ့တယ်။
(၂) ဘယ်သူတွေက ဒီဝါဒကိုစပြီး ထူထောင်ပေးသွားကြတယ်၊
(၃) ဒီဝါဒဟာ ဘာကိုရည်ရွယ်တယ်။
(၄) ဒီရည်ရွယ်ချက် ထမြောက် အောင်မြင်အောင် ဘယ် ဆိုရှယ်လစ်။ ခေါင်းဆောင်ဟာ ဘယ်လမ်းစဉ်တွေကို ချပေးခဲ့တယ်။

ဆိုတဲ့ အချက်တွေကို ကျွန်တော်ထပ်ပြီး ပြောချင် ပါသေးတယ် ဆိုရှယ်လစ်ဝါဒ၊ ဒီဆိုရှယ်လစ်ဝါဒကို ယုံကြည်တဲ့လူ၊ ဒီလူတွေ ချီတက်နေတဲ့ ဆိုရှယ်လစ်ပန်းတိုင်၊ ဒီပန်းတိုင်ကိုရောက်အောင် အကောင်အထည်ဖေါ်ရမဲ့ လုပ်ငန်းစဉ် အစရှိတဲ့ စကားလုံးတွေကို ဥရောပတိုက်မှာ ၁၉ရာစုရဲ့ ပဌမပိုင်းလောက်မှာ ဟောင်ကျင်ကြီးအသုံးပြုလာကြပါတယ်။ ဒါပေမဲ့ ဆိုရှယ်လစ်ဝါဒရဲ့ သဘောတွေပါဝင်နေတဲ့အယူအဆတွေ ပေါ်ပေါက် နေတာက အတော်ကြာပါပြီ။ ဥပမာ– ကမ္ဘာဦး နေထိုင်ခဲ့ကြတဲ့ လူ့အဆောက်အအုံကြီးကို လေ့လာကြည့်တဲ့ ဆိုရှယ်လစ်ဝါဒရဲ့ သဘောတွေပါဝင်နေတဲ့ အချက်အလက်များကို များပြားစွာတွေ့နိုင်ပါတယ်။

နောက်ပြီးတော့လဲ ပလေတိုဆိုတဲ့ ဂရိတ်ပညာရှိကြီး ရေးသွားခဲ့ကဲ့ "ရီပပ်ဘလစ်" ခေါ်တဲ့ကမ္ဘာကျော်စာအုပ်ထဲမှာဆိုရင် ဆိုရှင်လစ်ဝါဒ ခံ်ဆန်ကန်သဘောထားတွေကို အမြောက်အမြား တွေ့နိုင်ပါတယ်။

အာခုခေတ်ဘက်ကို နီးကပ်လာတဲ့အခါမှာလဲ မိုးရေးသွားတဲ့ ယူတိုးပီးယားနဲ့ ကင်ပ်နဲ့လားရေးသွားတဲ့ (စီးတီးအော့(ဖ်)သိဆန်း) စာအုပ်များထဲမှာလဲ ဆိုရှယ်လစ်ဝါဒရဲ့ အရိပ်အရောင်များကို များပြားတွေ့ရတယ်။ ၁၇နဲ့ ၁၈ ရာစုတွင်းတို့ရောက်တဲ့အခါ ဝုံခေတ်ဆိုရှယ်လစ်ဝါဒနဲ့ ဟိုနေရာနဲ့နဲ့။ ဒီနေရာနဲ့နဲ့ တည်ကြတဲ့အယူအဆတွေအမြောက်အမြားပေါ်လာကာကိုတွေ့ရပြန်ပါတယ်။ ဂါရပ်ဝင်စတန်လီ(သိဒင်ဂါး(စ်)ပီတာချန်ဘားချိန့်လျှန်ဘဲလား၊(ဂျိမ်း(မ်)(စ်) ဟာရင်တန်)အစရှိတဲ့ပုဂ္ဂိုလ်တွေဟာနိုင်ငံရေးနဲ့ လူမှုရေးဟူသမျှတို့မှာ စီးပွား

ရေးအပေါ်တွင်အခြေတည်နေတဲ့အတွက် စီးပွားရေးကိုတဦးနှစ်ဦးရဲ့ လက်ထဲ ပစ်မထားဘဲ အားလုံးပိုင်းပြီး အုပ်ချုပ်ကြဖို့ အတားသါဒဖြန့်သွားကြကာကို ကျွန်တော်တို့တွေ့ခဲ့ရဘူးပါတယ်။အခုပြောခဲ့တဲ့အချက်တွေကတော့ အခုခေတ် ဆိုရှယ်လစ်ဝါဒရဲ့ ရှေ့တော်ပြေးများဘဲဖြစ်ပါတယ်။

ဒါပေမဲ့ ခုခေတ် ဆိုရှယ်လစ်ဝါဒ ပေါ်ပေါက်ရခြင်းရဲ့ အကြောင်းရင်းကြီးကတော့တခြားဟာ မဟုတ်ပါဘူး။ စက်ကရိယာတွေကို အသုံးပြုပြီး ကုန်တွေကို အကြီးအကျယ် ထုတ်လုပ်ကြတဲ့ စံနစ်ကြီးပေါ်ဖြစ်ပါတယ်။ ကုန်တွေကို အကြီးအကျယ် လုပ်ဘို့အတွက် စက်ရုံကြီးတွေဆောက်ကြရတယ်။စက်ရုံကြီးတွေကိုဆောက်ပြီးတဲ့အခါ ဒီစက်ရုံကြီးတွေထဲမှာ အလုပ်လုပ်ဘို့ အလုပ်သမားတွေကို ငှါးရတယ်။ စက်ပိုင်ရှင်တွေဟာ သူတို့အမြတ်ရဘို့တခုတည်းကိုသာ ရှေ့ရှုတယ်။ အလုပ်သမားရဲ့အကျိုးကို လျစ်လျူရှုထားကြတယ်။ ဒါကြောင့် အလုပ်သမားအချင်းချင်း စည်းရုံးကြပြီး သူတို့ရဲ့ အခွင့်အရေး တွေကို ကာကွယ်ကြတယ်။အဲဒါကြောင့် တဘက်ကစက်ရုံကြီးများကို တိုးထက်လာကြသလောက် တခြားတဘက်ကလည်း ပရိုလီတေးရီးယက်လို့ ခေါ်တဲ့အလုပ်သမားလူတန်းစားလဲပေါ်ပေါက်လာတယ်။

အလုပ်သမား တွေဟာစ–ကာစတုန်းကတော့ သူတို့ရဲ့ အခွင့် အရေးတွေကိုခုခံကာကွယ်ကြရုံလောက်သာ မျှော်မှန်းချက် ရှိကြသယ်။ဒါပေမဲ့ အလုပ်သမားတွေဟာသူတို့ရဲ့ စည်းရုံးရေး အင်အားကို ပိုမိုသိရှိလာတာနဲ့ အမျှ သူတို့ရဲ့ မျှော်မှန်းချက်တွေဟာလဲ တဖြေးဖြေးပြောင်းလဲလာကြတယ်၊ နောက်ဆုံးမှာ အလုပ်သမားတွေဟာ သူတို့ရဲ့ အခွင့်အရေးတွေကို ဟိုတစဒီတစကာကွယ်နေရုံနဲ့ ကိစ္စမတုံးနိုင်၊ ကုန်ထုတ်ကရိယာ မှန်သမျှကို သူတို့ကိုယ်တိုင် အုပ်ချုပ်လုပ်ကိုင်မှသာ သူတို့ရဲ့ ဘဝလွတ်မြောက်ရေး ပန်းတိုင်ကို ရောက်ရှိနိုင်တော့မယ်လို့ သဘောပေါက်လာကြတယ်။

အခုခေတ် ဆိုရှယ်လစ်ဝါဒကို အင်္ဂလန်ပြည်မှာ ၁၉ရာစုရဲ့ ပဌမအနှစ် ၃၀ အတွင်းလောက်က အုတ်မြစ်ချခဲ့ပါတယ်။ ပဌမချပေးခဲ့တဲ့ ပုဂ္ဂိုလ်မှာ ရောဘက်အိုဝင်ဖြစ်တယ်။

အမှန်စင်စစ် အိုဝင်ဟာ ဆိုရှယ်လစ် စစ်စစ် မဟုတ်သေးပါဘူး။ စိတ်ကောင်းရှိတဲ့ ပြုပြင်ရေး သမားမျိုး ဖြစ်ပါတယ်။ သူကိုယ်တိုင်က ချမ်းသာကြွယ်ဝတဲ့အထည်စက်ပိုင်ရှင်ပြုပြင်ရေးသမားမျိုးဖြစ်ပါတယ်၊သူကိုယ်တိုင်က ချမ်းသာကြွယ်ဝတဲ့ နေ့ရှင်တဦးဖြစ်ပါတယ်၊ အလုပ်သမားတွေရဲ့ ဆင်းရဲ

ဒုက္ခတွေကို ကိုယ်တိုင် မြင်တွေ့ရပြီး များစွာ စိတ်ထိခိုက်သွားတဲ့အတွက် စက်ရုံစံနစ်ကို ပြုပြင်ပြောင်းလဲဘို့ဦးစွာ ပဌမကြိုးစားခဲ့ပါတယ်၊ နောက်ပြီးတော့ အင်္ဂလိပ်နဲ့ နပိုလီယန်တို့ရဲ့ စစ်ပွဲကြီး ပြီးဆုံးသွားတဲ့အခါ အလုပ်သမားတွေရဲ့ အခြေအနေဟာ ပိုပြီးဆိုးဝါးလာတဲ့အတွက် သူတို့ရဲ့စိတ်ကိုပိုပြီး ထိခိုက်ခဲ့ပါတယ်၊ စက်ကရိယာများပေါ်လာမှ သူတို့ရဲ့အကျိုးမဖြစ်ထွန်းရဘဲ ဒုက္ခတွေသာဖြစ်ထွန်းရဘာဟာ အကြောင်းနှစ်ကြောင်းကြောင့် ဖြစ်တယ်လို့ ဟူဆပါတယ်၊ ပဌမအကြောင်းကတော့ အရင်းရှင်များဟာ တဦးနဲ့တဦး အပြိုင်အဆိုင်လုပ်ပြီး အမြတ်ရှာကြခြင်းဖြစ်ပါတယ်၊ ဒုတိယအကြောင်းကတော့ အရင်းရှင်တွေဟာ ငယ်ငယ်က မှားအဲ့ ပညာရေး အခြေခံ တွေကို ရရှိခဲ့ခြင်း ဖြစ်ပါတယ်၊ အကယ်၍သာ ငယ်ငယ်က ဒီအရင်းရှင်တွေဟာ လူတွေရဲ့ ချမ်းသာရေးနဲ့ ပတ်သက်တဲ့ အခြေခံသဘောတွေကို ကျောင်းတွေမှာ သင်လာခဲ့ရယင် လူတွေကို မျက်ရေကျစေပြီးမှ ကိုယ့်အတွက် အမြတ်ရလိုတဲ့ အရင်းရှင်တွေ မပေါ်ပေါက်နိုင်ဘူး ဆိုတဲ့အချက်ကိုအိုဝင်ဟာ ကောင်းကောင်း ယုံကြည်ခဲ့ပါတယ်။

အိုဝင်နဲ့တချိန်တည်းလိုလို ပြင်သစ်ပြည်မှာလဲဘဲစိန့်ဆိုင်မွန် (၁၇၆၀–၁၈၂၅) ဆိုသူပေါ်ပေါက်ခဲ့ပါတယ်၊ ဖေါင်ရီးယား (၁၇၇၂–၁၈၃၇) ဆိုသူလဲ ၁၈၀၀ ခုနှစ်လောက်က သူ့ရဲ့ ဆိုရှယ်လစ်ဝါဒကို ဖြန့်ချိခဲ့ဘူးပါတယ်၊ ဒါပေမဲ့ အချို့အတော်ကြာမှ သူ့ဝါဒကို လူကြိုက်များလာပါတယ်၊ ဆိုင်မွန်နဲ့ ဖေါင်ရီးယားတို့ဖေါ်တဲ့အချိန်တုန်းက အရင်းရှင် စံနစ်ဟာ ဥရောပတိုက်မှာ ကောင်းကောင်းအခြေ မစိုက်မိသေးဘူး၊ အင်္ဂလန်မှာသာ အခြေစိုက်မိသေးတယ်၊ ဒါကြောင့် ဆိုင်မွန်နဲ့ ဖေါင်ရီးယားတို့ ဆိုရှယ်လစ်ဝါဒကို ပြင်သစ်မှာ ဖြန့်ချိတဲ့အချိန်အခါတုန်းက ပြင်သစ်ပြည်မှာ အလုပ်သမား အရေးတော်ပုံများ မရှိခဲ့ကြသေးဘူး။

ဒါပေမဲ့ သက္ကရာဇ် ၁၈၃၀ ခုနှစ်မှာ ဒုတိယအကြိမ်ပေါ်ပေါက်လာတဲ့ ပြင်သစ်တော်လှန်ရေးကြီး ပြီးဆုံးသွားတဲ့အခါ ပြင်သစ်နိုင်ငံရဲ့ ဆိုရှယ်လစ်အရေးတော်ပုံဟာ တဆင့်မြင့်သို့ ကူးပြောင်းသွားပါတယ်၊ အဲဒီအခါမှာ ကွန်စစ်ဒါရင့်၊ဘလန်ကွီ၊ ပရောင်းဒွန်းဆိုတဲ့ ဆိုရှယ်လစ်ခေါင်းဆောင် သုံးဦးဟာ ပြင်သစ်နိုင်ငံမှာပေါ်ပေါက်လာပါတယ်၊ ကွန်စစ်ဒါရင့်ဆိုသူက ဖေါင်ရီးယားရဲ့ ဆိုရှယ်လစ်ဝါဒကို ဆက်ပြီ ဖြန့်ပါတယ်၊ ဘလန်ကွီက လက်နက်ကိုင်တော်လှန်ရေး ဂိုဏ်းတွေကို ရှောက်ပြီးဖွဲ့စည်းပါတယ်၊ ပရောင်းဒွန်းဆိုသူက (ခန့်သည်ခိုးထားသော ပစ္စည်းဖြစ်သည်) ဆိုတဲ့ ကြေးကြော်သံကြီးကို ကြွေး

ဝါးလိုက်တဲ့အခါ ပါရစ်မြို့တော် တခုလုံး တုန်လှုပ် ခြောက်ချား သွားပါတယ်။

ပြင်သစ်မှာ ပေါ်ပေါက်ခဲ့တဲ့ ၁၈၄၈ ခု ပြင်သစ်တော်လှန်ရေးကြီးနဲ့ ပါရစ် ကွန်မြူန်းတို့မှာ ဒီပုဂ္ဂိုလ်သုံးဦးရဲ့ ဩဇာလွှမ်းမိုးမှုများကို တွေ့ရပါတယ်။ ပါရစ်ကွန်မြူန်းဆိုတာကတော့ တခြားမဟုတ်ပါဘူး၊ ပါရစ်မြို့တော်ရဲ့ အလုပ်သမားများဟာ တော်လှန်ကြပြီး ပါရစ်မြို့တော်မှာ ထူထောင်ခဲ့တဲ့ အလုပ်သမား အစိုးရပင်ဖြစ်ပါတယ်၊ အလုပ်သမားများထူထောင်ခဲ့တဲ့ အစိုးရ အဖွဲ့တွေထဲမှာ ပါရစ်ကွန်မြူန်းဟာ ပထမဖြစ်ပါတယ်၊ ဒါပေမဲ့ ဒီအစိုးရအဖွဲ့ရဲ့ သက်တန်းဟာ မရှည်လှပါဘူး၊ ၁၈၇၁ ခု မတ်လ ၁၈ ရက်က၊ မေလ ၂၆ ရက် နေ့အထိသာ ကြာခဲ့တယ်။ အဲဒီအခါက ပြင်သစ်ပြည်ဟာ ဆိုရှယ်လစ် ဝါဒကို ခိုင်ခိုင်ခန့်ခန့်အုပ်မြစ်ချနိုင်တဲ့ အချိန်ကို မရောက်သေးဘူး၊ ပြင်သစ်အလုပ်သမားတွေဟာလဲ ကောင်းကောင်းအားမရှိကြသေးဘူး၊ ဒါကြောင့် ၁၈၄၈ ခုနှစ်မှာ စခဲ့တဲ့ ဆိုရှယ်လစ်လှုပ်ရှားမှုကြီးဟာ ၁၈၇၁ ခုနှစ်မှာ ပြိုကျသွားတာကို တွေ့ရတယ်။

အင်္ဂလိပ်ဆိုရှယ်လစ် ရောဘတ်အိုဝင်နဲ့ ပြင်သစ်ဆိုရှယ်လစ် သုံးဦးတို့နဲ့ တချိန်တည်းလောက်မှာဘဲ ဂျာမနီမှာ ကား(လ်)မာ့(ခ်)(စ်)(၁၈၁၈--၁၈၈၃) ပေါ်ပေါက်ခဲ့ပါတယ်၊ "လူ့အသန်းအစားတွေရှိတဲ့အထဲက အလုပ်သမားတွေဟာ ဘာ့ကြောင့် အဆင်းအရဲဆုံး အတန်းအစားဖြစ်နေကြရသလဲ" လို့ သူ့ကိုယ်ကို သူမေးခဲ့ပါတယ်၊ "တိုင်းပြည်တပြည်ရဲ့ ချမ်းသာမှုဆိုတာ ဒီအလုပ်သမားတွေလုပ်ပေးလို့ ဖြစ်တာဘဲ၊ ဒါပေမဲ့ သူတို့လုပ်ပေးရတဲ့ ချမ်းသာမှုထဲက သူတို့ရဲ့ အသက်ရှင်နေနိုင်ရုံအခထောက်အပန့်ကလေးကိုပင် သူတို့တတွေ ကောင်းကောင်းမရကြရှာဘူး၊ ဒီအလုပ်သမားတွေဟာ သူတို့ရဲ့ လုပ်စာထဲကအကျွင်းအကျန်ကလေးကိုသာရပြီး ကျန်တာတွေအားလုံးဟာ သူတို့ကို စေခိုင်းနေတဲ့ အရင်းရှင်ကြီးတွေရဲ့ လက်ထဲကိုသာ ရောက်သွားတာဘဲ၊ ဒီလိုဆိုရင် အလုပ်သမားတွေ ရသင့်ရထိုက်တဲ့ သူတို့ရဲ့ လုပ်စာထဲကဖဲ့ယူထားတဲ့ ကြွင်းအားဖြင့် ဒီအရင်းရှင်ကြီးတွေဟာ သူတို့ကိုယ်ကိုသူတို့ ချမ်းသာအောင် လုပ်နေကြတာဘဲ" လို့ ကား(လ်)မာ့(ခ်)(စ်)က တွေးဆမိပါသယ်၊ ဒီလိုတွေးဆမိတဲ့အတွက် အလုပ်သမားနဲ့ အရင်းရှင်တို့ရဲ့ ပဋိပက္ခမှုကြီးဟာကော ရှိရမည်လို့ ကား(လ်)မာ့(ခ်)(စ်)က ဆုံးဖြတ်ချက်ချလိုက်ပါတယ်၊ လူ့သမိုင်းကြီးကို ကား(လ်)မာ့(ခ်)(စ်)ကိုယ်တိုင်သုံးသပ်တဲ့အခါမှာလဲ သမိုင်းတလျှောက်လုံးမှာဒီပဋိပက္ခ

မှုကြီးဟာ အစဉ်တစိုက်ဖြစ်ပေါ်နေတယ်လို့ ကား(လ်)မာ့(ခ်)(စ်)ကတွေ့တယ်၊ ကုန်ထုတ်ကရိယာ တန်းဆာပလာများဟာ အလုပ်သမားတို့ရဲ့ ကိုယ်ပိုင်ပစ္စည်းများ ဖြစ်လာပြီး ဆိုရှယ်လစ် နိုင်ငံကြီးကို ထူထောင်နိုင်တဲ့ နေ့အထိ ဒီပဋိပက္ခမှုကြီးဟာ အစဉ်တစိုက် ဖြစ်နေမယ်လို့လဲ ကား(လ်)မာ့(ခ်)(စ်)က ယုံကြည်ခဲ့ပါတယ်။

အဲဒီသဘောတရားများကိုကွန်မြူနစ်မနီဖက်စတိုခေါ်တဲ့ ကွန်မြူနစ်ကြေညာစာတမ်းထဲမှာ အတိအလင်း ဖော်ပြရေးသားထားပါတယ်၊ ဒီစာတမ်းကတော့ တခြားမဟုတ်ဘူး၊ ၁၈၄၇ ခုနှစ် လန်ဒန်မြို့မှာ စည်းဝေးတဲ့(ကွန်မြူနစ်လိဂ်လို့ ခေါ်တဲ့ ကွန်မြူနစ်အဖွဲ့ရဲ့ လုပ်ငန်းစဉ်အဖြစ်နဲ့ ထုတ်ဝေလိုက်တဲ့စာတမ်းကြီးပင် ဖြစ်ပါသယ်၊ "နိုင်ငံအပေါင်းမှ အလုပ်သမား အားလုံးတို့ စည်းလုံးကြလော့" ဆိုတဲ့ ကြွေးကြော်သံကြီးဟာ ဒီစာတမ်းထဲမှာ ပါတဲ့ကြွေးကြော်သံကြီးပင်ဖြစ်ပါတယ်၊ အဲဒါကြောင့်ဒီစာတမ်းကြီးဟာ အခုခေတ်တကမ္ဘာလုံးမှာ ဖြစ်ပေါ်နေတဲ့ဆိုရှယ်လစ် အရေးတော်ပုံကြီးရဲ့ ရှေ့တော်ပြေးကြီးပင်ဖြစ်တယ်။

•ကား(လ်)မာ့(ခ်)(စ်)ဟာ အင်္ဂလန်နိုင်ငံမှာ သေသည့်နေ့အထိ နှစ်ပေါင်း ၃၀ ကျော်ကျော် နေထိုင်ခဲ့ပေမဲ့ ဗြိတိသျှဆိုရှယ်လစ်များအား သူ့ရဲ့ တော်လှန်ရေး လမ်းစဉ်ကို လက်ခံအောင်လုပ်မသွားနိုင်ခဲ့ဘူး၊ မဆွဲဆောင်နိုင်ရုံသာမက သူ့ရဲ့ တော်လှန်ရေးလမ်းစဉ်ကို ကခါတုန်းက လက်ခံခဲ့ဘူးတဲ့ လူငယ်ပိုင်းက အလုပ်သမားခေါင်းဆောင်များကတောင် မာ့(ခ်)(စ်)ရဲ့ တော်လှန်ရေးလမ်းစဉ်ကို လူသိနတ်ကြား စွန့်ပစ်ကြပြီး ပါလီမန်နည်းနဲ့ ဆိုရှယ်လစ်နိုင်ငံ ထူထောင်ရမယ်ဆိုတဲ့ လမ်းစဉ်ကို လက်ခံလာကြတယ်၊ ဒီလူငယ်ပိုင်းက ခေါင်းဆောင်များဟာ တခါတုန်းက မာ့(ခ်)(စ်)ရဲ့ လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကိုအတော်ကလေး စွဲလန်းပြီး လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ဘူးပါတယ်၊ ဒီလူငယ်တွေရဲ့ ခေါင်းဆောင်ကတော့ တခြားလူမဟုတ်ပါဘူး၊ နာမည်ကျော် ဗြိတိသျှဆိုရှယ်လစ် ခေါင်းဆောင်ဂျိမ်း(မ်)(စ်)ကီးယားဟာဒီ ပင် ဖြစ်ပါတယ်။

ဗြိတိဆိုသျှရှယ်လစ်တွေကို တော်လှန်ရေးလမ်းစဉ်စွန့်ပြီး ပါလီမန်လမ်းစဉ်ကို လက်ခံအောင် ပြောင်းလဲပေးလိုက်တဲ့ အချက်တွေထဲမှာ (ဖေဘီယန်အသင်းဟာ အင်မတန်အရေးပါအရာရောက်တဲ့အချက်တချက်ဖြစ်တယ်၊ ဒီဖေ

ဘ^ီယန်အသင်းကို)ဆစ်ဒနီဘက်(စ်)နဲ့ အလုပ်သမားခေါင်းဆောင်တချို့ဟာ အင်္ဂလန်နိုင်ငံမှာ ၁၈၈၃ ခုနှစ်မှာ ထူထောင်ခဲ့ပါတယ်။

ခုတင်က ပြောခဲ့တဲ့ တော်လှန်ရေးလမ်းစဉ်ကို စွန့်ပစ်ပြီး ပါလီမန် လမ်းစဉ်ကိုလက်ခံခဲ့တဲ့ ဗြိတိသျှဆိုရှယ်လစ် လူငယ်တစုဟာ ၁၈၉၃– ခုနှစ်မှာ အင်ဒီပင်းဒင့်(သ်) လေဘာပါတီဆိုတဲ့ အမည်နဲ့ နိုင်ငံရေး အဖွဲ့တခုကို ထူထောင်ခဲ့ကြပါတယ်၊ အဲဒီလိုထူထောင်ပြီး တဲ့နောက်(ထရိတ်(ဒ်)ယူနီယံ)လို့ ခေါ်တဲ့ ဗြိတိသျှ အလုပ်သမား အသင်းများကို အလုပ်သမားလောက သက်သက်မှ နိုင်ငံရေးသမားလောကသို့ ကူးပြောင်းလာအောင် သူတို့လို့ ဆော်ပေးပါတယ်။

ဗြိတိသျှထရိတ်(ဒ်) ယူနီယံဟာ နိုင်ငံရေးလောကထဲကို ဝင်ရောက်လာတဲ့ အချိန်ကစပြီး လေဘာပါတီရဲ့ ကြောထောက် နောက်ခံဖြစ်ခဲ့ပါတယ်။ ၁၈၉၉ ခုမှာ ကျင်းပတဲ့ ဗြိတိသျှတရိတ်(ဒ်) ယူနီယံ ညီလာခံမှာဗြိတိသျှ ဆိုရှယ်လစ်နှင့်ထရိတ်(ဒ်) ယူနီယံတို့ ပေါင်းစင်ထားတဲ့အလုပ်သမား ပါတီ တခုကို တည်ထောင်ဘို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

ဗြိတိသျှဆိုရှယ်လစ်တို့ရဲ့ ပါလီမန် လမ်းစဉ်ကို ဂျာမန် ဆိုရှယ်လစ်တို ကလည်းအားကျလာတဲ့အတွက် မာ့(ခ်)(စ်)ရဲ့တော်လှန်ရေးလမ်းစဉ်နဲ့ဝါဒကို အခြေခံပြုပြီး တည်ထောင်ခဲ့တဲ့ဂျာမန် ဆိုရှယ် ဒီမိုကရက်တစ် ပါတီထဲမှာ လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်ကို စွန့်ပစ်ပြီး ပါလီမန်လမ်းစဉ်သို့ ကူးပြောင်းဘို့ဆိုတဲ့ ဝါဒများ ထူးထူးခြားခြား ပေါ်ပေါက်လာကြတယ်၊ဒီဝါဒ သမားတွေရဲ့ ခေါင်းဆောင်ကတော့ ဗန်းစတိန်းဆိုတဲ့ ဂျာမန် ဆိုရှယ်လစ် ခေါင်းဆောင်ပင်ဖြစ်ပါတယ်၊ ၁၉၀၃ ခုနှင့်မှာကျင်းပတဲ့ ပါတီကွန်ဂရက်မှာ ဗန်းစတိန်းတို့ဘက်က အရေးနိမ့်သွားပေမဲ့ သူတို့ရဲ့ဝါဒကတော့ ပါတီတွင်းမှာ အတော်ဘဲ ပြန့်နှံ့နေပါတယ်၊ အဲဒါကြောင့် ဒီအချိန်ကစပြီး ဂျာမန် ဆိုရှယ်ဒီမိုကရက်တစ် ပါတီဟာ လက်နက်ကိုင် တော်လှန်ရေး လမ်းစဉ်က ပါလီမန်လမ်းစဉ်ဘက်ကို တဖြေးဖြေး ကူးပြောင်းလာတာကို တွေ့ရပါတယ်။

ရဲဘော်တို့

ဒီနေရာမှာ လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်နဲ့ပါတ်သက်ပြီး အရေးကြီးတဲ့ အချက်တချက်ကို ကျွန်တော်ပြောပြချင်ပါတယ်၊ လက်နက်ကိုင်

တော်လှန်ရေး လမ်းစဉ်ဟာ ဘယ်အခါမှ မမှန်ဘူး၊ အမြဲတန်းမှားတယ်လို့ ကျွန်တော်မဆိုလိုဘူး၊ ဒီလိုဆိုရင်လဲ ကျွန်တော်မှားလိမ့်မယ်၊ ပါလီမန်နည်းနဲ့ အချုပ်အခြာ အာဏာကို သိမ်းနိုင်တဲ့ အခွင့်အလမ်းတွေ ရှိနေတဲ့ နိုင်ငံမျိုးမှာ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ဟာ မှားတယ်၊ ပါလီမန်နည်းနဲ့အချုပ်အခြာအာဏာသိမ်းနိုင်တဲ့အခွင့်အလမ်းတွေ မရှိတဲ့နိုင်ငံမှာ ဆိုရင် လက်နက်ကိုင် တော်လှန်ရေး အောင်မြင်နိုင်တဲ့အချက်တွေနဲ့ပြည့်စုံတဲ့အခါမျိုးမှာ လက်နက်ကိုင် တော်လှန်ရေး လမ်းစဉ်ကို လိုက်တာဟာမှန်တယ်၊ ဗြိတိသျှ လေဘာခေါင်းဆောင်များဟာ လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်ကို စွန့်ပြီး ပါလီမန်လမ်းကို လိုက်တာဟာဒီအကြောင်းကြောင့်ဘဲဖြစ်တယ်။

အဲဒီအချိန်ကရုရှမှာတော့ ဆိုရှယ်လစ်ဝါဒကိုအစိုးရတို့ကအပြင်းအထန် နှိပ်ကွပ်နေတဲ့အတွက် ဆိုရှယ်လစ် ခေါင်းဆောင်များဟာ ဘယ်သူမှ ဆိုရှယ်လစ်လှုပ်ရှားမှုကို ပွင့်ပွင့်လင်းလင်း ခေါင်းမဆောင်ရဲတော့ဘူး။ အဲဒီ အခါက ရုရှင်ဆိုရှယ်လစ်တွေဟာ နှစ်ဂိုဏ်းကွဲနေပါတယ်။ တဂိုဏ်းရဲ့ အမည်ကတော့ ဆိုရှယ်ရိုင်ဘော်လူရှင်းရီပါတီဖြစ်တယ်။ တခြားတဂိုဏ်းကတော့ ဆိုရှယ် ဒီမို ကရက်တစ်ပါတီဖြစ်တယ်။ ပဌမ ဂိုဏ်းဟာ လယ်သမားတွေ အပေါ်မှာ ဩဇာ ညောင်းတယ်။ ဒီဂိုဏ်းက အဲဒီအခါတုန်းက ဥရောပ အနောက်ဘက်ခြမ်း ဖြစ်ပေါ်နေတဲ့ ဆိုရှယ်လစ် လှုပ်ရှားမှုတွေနဲ့ အဆက်အသွယ်မရှိကြဘူး၊ သူတို့ဟာ တော်လှန်ရေးထက် ချောင်းမြောင်း သတ်ဖြတ် ရေးကို ပိုပြီး စိတ်ဝင်စားကြတယ်။ ဒုတိယ ဂိုဏ်းကတော့ မာ့(ခ်)(စ်)ရဲ့ တော်လှန်ရေးဝါဒကို အခြေခံပြုထားတဲ့ဂိုဏ်းဖြစ်တယ်။ အဲဒီဒုတိယဂိုဏ်းကနေပြီး ၁၉၀၄-ခုနှစ်မှာ မင်ရှီဗစ်နှင့် ဘော်(လ်) ရှီဗစ်ဆိုပြီး နှစ်ဂိုဏ်းကွဲထွက်ကြပြန်တယ်။ မင်ရှီဗစ်ဘို့က အရင်းရှင် အလတ်တန်းစား ပါတီများနဲ့ ပူးပေါင်းပြီး သမတနိုင်ငံထူထောင်မယ်။ အဲဒီ သမတ နိုင်ငံက နေပြီး ဆိုရှယ်လစ် နိုင်ငံကို ကူး ပြောင်း ဘို့ ဆန္ဒ ရှိကြတယ်။ ဘော်(လ်)ရှီဗစ်တို့ကတော့ တော်လှန်ရမယ်။ နောက်ပြီးတော့ ဒစ်(ခ်)တေတား ရှစ်(ပ်)အော့(ဘ်) သီပရိုလီတေးရီးယက် (အလုပ်သမား အာဏာပိုင် အစိုးရ အဖွဲ့)ကို ဖွဲ့စည်းရမယ်။ အဲဒီလို ဖွဲ့စည်းပြီးဆိုရှယ်လစ်နိုင်ငံကို ထူထောင်ရမယ် ဆိုတဲ့ဆန္ဒရှိကြတယ်။

\+ \+ \+ \+

(၁) ကွန်မြူနစ်ဝါဒနဲ့။

(၂) အစိုးရ ဦးစီးတဲ့ခနရှင်ဝါဒ။

ဆိုတဲ့ ဝါဒနှစ်ခုကို ကျွန်တော် ရှင်းပြ ချင်တယ်။ ဒီရှင်းလင်းချက်ဟာ ဝါဒနဲ့ ပါတ်သက်ပြီး တကြောင်းတဂါထာ တချာတဗဒ်ဆန်းဖြစ်နေတဲ့ ဖဆပလအဖွဲ့ဝင်တွေအဘို့ အင်မတန်မှ အရေးကြီးတဲ့အတွက်ရှိဘော်တို့ အထူးဂရုစိုက်ပြီး နားထောင်ကြစေချင်တယ်။

ကွန်မြူနစ် ဝါဒဟာ ဘယ်လိုဝါဒမျိုးလဲ၊ ဒီအမေးကို ခပ်တိုတိုနဲ့ ဖြေရမယ်ဆိုရင် ကွန်မြူနစ် ဝါဒဟာ မာ့(ခ်) (စ်)ဝါဒပင် ဖြစ်တယ်လို့ ဖြေရပါလိမ့်မယ်။ အဲဒီတော့ မာ့(ခ်)(စ်)ဝါဒဆိုတာ ဘယ်လိုဝါဒမျိုးလဲ။ အဲဒီမေးခွန်းကိုတော့ အခုညီလာခံမှာ တတ်နိုင် သလောက် ခပ်စုံစုံ ကလေး ဖြေချင်တယ်။

မာ့ (ခ်) (စ်) ဝါဒ။

မာ့(ခ်)(စ်)ဝါဒမှ :-

(၁) သဘောတရားအပိုင်း။

(၂) သမိုင်းအပိုင်းနဲ့ -

(၃) စီးပွားရေးအပိုင်း။

ဆိုပြီး အပိုင်းကြီးသုံးပိုင်းရှိပါတယ်။ ဒီအပိုင်းကြီးသုံးပိုင်းကို တပိုင်းစီ ရှင်းပြချင်ပါတယ်။

မာ့(ခ်)(စ်)ဝါဒ၏ သဘောတရားအပိုင်း။

မာ့ (ခ်) (စ်) ဝါဒရဲ့ သဘော တရားကို အင်္ဂလိပ်လို ဒိုင်ယာ လက်တီကယ်(လ်) မတီးရီးယယ်(လ်) လဇ္ဇင်းသို့ ခေါ်ပါတယ်။ အဲဒီတော့ ဒိုင်ယာလက်တစ်(ခ်) နဲ့ မတီးရီးယယ် (လ်) လဇ္ဇင်း(မ်)ကို တခုစီခွဲပြီး အဓိပ္ပါယ်ရှင်းပြဘို့ လိုပါလိမ့်မယ်။အဲဒီတော့ ရှေးဦးစွာ မတီးရီးယယ်(လ်)လဇ္ဇင်း(မ်)ကို ကျွန်တော် ရှင်းပြချင်ပါတယ်။

အချို့ပုဂ္ဂိုလ်တွေက မတီးရီးယယ်(လ်) လဇ္ဇင်း(မ်)ကို ရုပ်ဝါဒလို့ ခေါ်ကြတယ်။ ဒီရုပ်ဆိုတဲ့စကားလုံးဟာ ဘုရားဟောဒေသနာထဲမှာပါတဲ့ ရုပ်နဲ့ နာမ်ဆိုတဲ့ စကားထဲက ယူထားတဲ့ စကားလုံး ထဲက ယူထားတဲ့ စကားလုံးဘဲ ဖြစ်တယ်။ အဲဒီလူတွေရဲ့ စိတ်ထဲမှာ နာမ်ဆိုတာ မြင်နိုင်၊ ကိုင်တွယ်နိုင်၊ စားနိုင်တဲ့ အရာဝတ္ထုမဟုတ်ဘူး။ ရုပ်ဆိုတာကတော့ မြင်နိုင်၊ ကိုင်တွယ်နိုင်၊ စားနိုင်တဲ့ အရာဝတ္ထုဖြစ်တယ်။ အဲဒါကြောင့် မတီးရီးယာယ်(လ်) လဇ္ဇင်း(မ်)ကို မြန်မာလို ဘာသာပြန်တဲ့အခါမှာ ရုပ်ဝါဒလို့ပြန်ယင် မှန်လိမ့်မယ်လို့ ယူဆပုံပေါ်တယ်။ ဒီယူဆပုံဟာမှားတယ်၊

ရုပ်ဆိုတာ ပါဠိစကားဖြစ်တယ်၊ ရုပ်ကိုပါဠိက-ဗမာလိုပြန်ယင် မြင်နိုင်၊ ကိုင်တွယ်နိုင်၊ စားနိုင်တဲ့အရာလို အဓိပ္ပါယ်မရဘူး။ ရုပ္ပတီတိရုပံ၊ ယံ အကြောင်းတရားသည် သီတုဏှာဒိဝိရောဓိပစ္စယေဟ အအေး အပူ အစရှိသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ရုပ္ပတိဖေါက်ပြန်တတ်၏။ နောက်ပြီးတော့ တနည်း ရှိသေးတယ်။ သီတုဏှဒိဝိရောဓိပစ္စယေတိ၊ ဤသိ အအေးအပူအစရှိသော ဆန့်ကျင်ဘက်အကြောင်းတို့သည် ရုပ္ပတိ ဖေါက်ပြန်စေအပ်၏။ ဣသိ ထို့ကြောင့် တံ၊ ထိုတရားသည်။ ရုပံ၊ ရုပ်မည်၏။ အဲဒီပုဂ္ဂိုလ်တွေအရ ရုပ်ဆိုတာ ဖေါက်ပြန်တာကိုခေါ်တာဘဲ။

မတီးရီယယ် (လ်) လဇ္ဇင်း (မ်) ဆိုတာကတော့ မတီးရီးယယ်(လ်) ဆိုတဲ့စကားက ဖြစ်ပေါ်လာတာ မာ့(ခ်)(စ်)နဲ့ သူ့ရှေ့လာခဲ့ဘူးတဲ့ လောကဓါတ်ပညာရှင်တွေရဲ့ ယုံကြည်ချက်တွေကတော့ မတီးရီးယယ် (လ်) ဆိုတာ စိတ်ထဲကသာ မြော်မှန်း ရော်ရမ်းပြီး ကြည့်ရတဲ့ အရိပ် အယောင် တွေ၊ စိတ်သဏ္ဍာန်တွေနဲ့ တိုက်ရိုက်ဆန့်ကျင်ဘက် စကားဖြစ်တယ်။ မတီးရီးယယ်(လ်) ဟာမျက်စိ၊ နား၊ နှာခေါင်း၊လျှာ၊ ကိုယ်တို့နဲ့ ထိတွေ့ စမ်းသပ်တာကို ခံနိုင်ရည်ရှိတဲ့ပစ္စည်းဖြစ်ပါတယ်။

မတီးရီးယယ်(လ်) လဇ္ဇင်း(မ်)ဆိုတဲ့သဘောတရားကို လက်ခံယုံကြည်တဲ့လူများရဲ့ ယူဆချက်အတိုင်းဆိုရင် တကမ္ဘာလုံးမှာရှိတဲ့ တော၊ တောင်၊ရေ၊လူ၊ တိရစ္ဆာန်သာရှိတဲ့ သက်ရှိသက်မဲ့ တွေအားလုံးကို ချေပစ်လိုက်ယင် "အတွမ်း(မ်)" လို့ခေါ်တဲ့ မြူမှုန်ကလေးတွေဖြစ်သွားကြလိမ့်မယ်။ 'အတွမ်း(မ်)' ဆိုတာ ဂရိတ်ဘာသာစကားဖြစ်တယ်။ နောက်ထပ်ပြီး သေးသွားအောင် လုပ်မပေးနိုင်တဲ့ အသေးဘကာ့ အသေးဆုံးမြူမှုန့်လို့ အဓိပ္ပါယ်ရတယ်။

အဲဒီမြူမှုန့်တွေဟာစိတ်ထဲကသာ မြော်မှန်းရော်ရမ်းကြည့်ရတဲ့တွေးအပြီးတော့သာကြည့်ရတဲ့ အရိပ်အယောင်တွေ မဟုတ်ဘူး။ မျက်စိ၊ နား၊ လျှာ၊ ကိုယ်တို့နဲ့ ထိ တွေ့စမ်းသပ်နိုင်တဲ့ ပစ္စည်းအစစ်တွေဖြစ်ကြတယ်။ ဒီမြူမှုန့်တွေဟာ တခုနဲ့တခု ပေါင်းစပ်ဖွဲ့စည်းပြီး တော၊ တောင်၊ ရေ၊မြေ၊ နေ၊လ၊နက္ခတ်၊

တာရာ၊ လူ၊ တိရစ္ဆာန်၊ သတ္တဝါအစရှိတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်နဲ့ ထိတွေ့ခံစားနိုင်တဲ့ သက်ရှိသက်မဲ့တွေဖြစ်လာကြတယ်။

ဒီမြူမှုန်တွေဖွဲ့စည်းရာမှာအချိုးအစားတမျိုးဖြစ်ပြီးသစ်ပင်တွေဖြစ်သွားတယ်၊ အခြားတမျိုးဖြစ်ပြီး တောင်တွေဖြစ်သွားတယ်၊ အခြားတမျိုး ဖြစ်ပြီး ရေတွေဖြစ်သွားတယ်၊ အခြားတမျိုးဖြစ်ပြီးလူတွေ၊ တိရစ္ဆာန်တွေ ဖြစ်သွားကြတယ်၊ ဒီနည်းအတိုင်း ဒီမြူမှုန်တွေ ပေါင်းစပ်ဖွဲ့စည်းတဲ့ နေရာမှာ အချိုးအစားအမျိုးမျိုး လိုက်ပြီးတော့ တောင်၊ ရေ၊ မြေ၊ လူ၊ တိရစ္ဆာန် အစရှိတဲ့ သက်ရှိ သက်မဲ့တွေ ဖြစ်ပေါ်နေကြတာဖြစ်တယ်။

တလောကလုံးမှာဒီမြူမှုန်တွေကလွဲလို့ စိတ်ဆိုပြီး ပစ္စည်းတခု တခြားသတ်သတ်မရှိဘူး၊ ကျွန်းလဲကျွန်းအလျောက်၊ ပျဉ်းကတိုးလဲ ပျဉ်းကတိုး အလျောက်၊ ကျောက်တွေ၊ သံတွေ၊ သတ္တုတွေလဲကျောက်၊ သံ၊ သတ္တုတွေ အလျောက် တန်ခိုးသတ္တိများ ရှိကြတယ်၊ လူနဲ့ တိရစ္ဆာန်ဆိုတဲ့ သက်ရှိသတ္တဝါတွေမှာလဲသူတို့အလျောက်သတ္တိများ ပါလာကြတယ်၊ ဒီသတ္တိတွေကို ကြံဆခြင်း၊ ခံစားခြင်း၊ ●ောင့်တခြင်းအားထုတ်ခြင်း ဆိုတဲ့ပညာဘ်တွေတဏ်ပြီး အမျိုးမျိုးခေါ်ဆိုနေခြင်းသာ ဖြစ်တယ်။

ဒီလူ့သက်ရှိသက်မဲ့တွေ ဖြစ်အောင် ဖွဲ့စည်းပေးနေတဲ့ မြူမှုန်တွေဟာ ပုံသဏ္ဌာန်အားဖြင့်သာ ပြောင်းလဲသွားတယ်၊ ဒီမြူမှုန်တွေဟာ ဘယ်တော့မှ ဖေါက်ပြန်ခြင်းမရှိ၊ ပျက်စီးခြင်းမရှိ၊ ထာဝစဉ်တည်မြဲနေတယ်။

ခုပြောခဲ့တာတွေဟာ မတီးရီးယယ်လ် လဇ္ဇင်း(မ်)ရဲ့ သဘောတရားအချုပ်ဘဲဖြစ်တယ်။

မာ့(ခ်)(စ်)ဟာဒီသဘောတရားကို ရှေးဦးစွာ တွေ့ရှိသွားတဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး၊ ဒီကနေ့အထိ တွေ့ခဲ့ရသမျှ သက်သေအထောက်အထားတွေအရဆိုရင် ဒီသဘောတရားကို စတင်တွေ့ရှိတဲ့လူဟာ လူဝစ်ပါတ်(စ်)ဆိုသူ ဖြစ်ပါတယ်၊ ဒါပေမဲ့ တချို့သမိုင်းဆရာတွေကတော့ ဒီသဘောတရား စတင်တွေ့ရှိတဲ့လူဟာ လူဝစ်ပါတ်(စ်)မဟုတ်ဘူး။ သူ့ရဲ့ တပည့် ဒီမော့ရစ်တပ်(စ်) ဖြစ်တယ်လို့ ယူဆကြတယ်၊ လူဝစ်ပါတ်(စ်)ဟာ ခရစ်တော်မမွေးမီ နှစ်ပေါင်း ၅၀၀လောက်က မွေးဖွားပြီး အသက် ၇၀-လောက်မှာအနိစ္စရောက်ခဲ့ပါတယ်၊ ဒီမော့ရစ်တပ်(စ်)ကတော့ ခရစ်တော်မမွေးမီ နှစ်ပေါင်း ၄၆၀ လောက်မှာ မွေးဖွားပြီး အသက် ၉၀ ကျော်မှာ အနိစ္စ ရောက်ခဲ့ပါတယ်၊ ဒီမော့ရစ်

တပ်(စ်)ဟာ ဖီးစစ်(ခ်)(စ်)လို့ခေါ်တဲ့ လောကဓါတ်ပညာရဲ့ မင်းကြီးလို့ပင် ခေါ်စမှတ်ပြုကြပါသယ်၊ ဒီမော့ကရစ်တပ်(စ်)ရဲ့ အလိုအရဆိုယင် အခု မြူမှုန်တွေဟာ မြူသေတွေမဟုတ်ကြဘူး၊ လှုပ်ရှားတဲ့ သတ္တိထူးရှိတဲ့ မြူရှင်တွေဖြစ်ကြတယ်၊ ဒီမြူရှင်တွေဟာ သူတို့မှာ အမြဲတန်းကပ်ပါနေတဲ့ လှုပ်ရှားတဲ့သတ္တိထူးတွေကြောင့် ဘယ်သူတဦးတယောက်ကမှ လှုံ့ဆော်မပေးရဘဲ သူ့အလိုလိုလှုပ်ရှားပျံ့လွင့် နေကြရင်း တခုနဲ့တခု ဖွဲ့စည်းပြီး ရေ၊ မြေ၊ တော၊ တောင်၊ လူ၊ တိရစ္ဆာန် အစရှိတဲ့ သက်ရှိသက်မဲ့တွေ ဖြစ်ပေါ်လာတယ်လို့ အဆိုရှိတယ်။

အဲဒီ လူဝစ်ပါတ်(စ်)နဲ့ ဒီမော့ကရစ်တပ်(စ်)ဆိုတဲ့ ဂရိတ်ပညာရှင်နှစ်ဦးရဲ့ မတီးရီးယယ်(လ်)လဇ္ဇင်း(မ်) ဝါဒဟာ ဒီမော့ကရစ်တပ်(စ်) အနိစ္စရောက်ပြီးတဲ့နောက် နှစ်ပေါင်းနှစ်ထောင်လောက် ငုတ်လျှိုး နေခဲ့ရ ာယ်၊ ၁၇ ရာစုအတွင်းလောက် ရောက်တဲ့အခါကြမှ ဥရောပတိုက်မှာ ဒီသဘော တရားဟာ ပြန်လည်ခေတ်စားလာခဲ့ပါတယ်၊ မာ့(ခ်)(စ်)ရဲ့ခေတ်ကို ရောက်တဲ့အခါ လက်တွေ့ပြနိုင်တဲ့ လောကဓါတ်ပညာရဲ့ အထောက်အပံ့ ကြောင့် ဒီမတီးရီးယယ်(လ်)လဇ္ဇင်း(မ်) ခေါ်တဲ့ သဘောတရားဟာ အတော်အတန်ခိုင်လုံတဲ့ သဘောတရားတခုအဖြစ်ကို ကူးပြောင်းလာခဲ့ပါတယ်။

မာ့(ခ်)(စ်)ကိုယ်တိုင် အစပဋ္ဌမတုံးက ဟီဂဲ(လ်)ရဲ့ ဒိုင်ယာလက်တီကယ်(လ်)အိုင်းဒီးလဇ္ဇင်း(မ်)ဝါဒကို လက်ခံသူဖြစ်ပါတယ်။ ၁၈၄၁ခုနှစ်အတွင်း မာ့(ခ်)(စ်)ရေး သားခဲ့တဲ့ အရေးအသားများကို ပြန်ပြီး လေ့လာမယ် ဆိုရင် အိုင်ဒီလဇ္ဇင်း(မ်) သဘောတရားများပါနေတာကိုတွေ့နိုင်ပါတယ်။ ဒိုင်ယာလက်တီကယ်(လ်)အိုင်ဒီးလဇ္ဇင်း(မ်) ဆိုတာကတော့ တခြားမဟုတ်ပါဘူး။ ခပ်တိုတို ပြောရယင် ဒိုင်ယာလက်တီကယ်(လ်)မတီးရီးယယ် (လ်)လဇ္ဇင်း (မ်) ဆန့်ကျင်ဘက်သဘောတရားဘဲ ဖြစ်ပါတယ်၊ ဒိုင်ယာလက် တီးကယ် မတီးရီး ယယ်(လ်) မဇ္ဇင်း(မ်)က အရာဝတ္ထုများပြုပြင်ပြောင်းလဲတိုးတက်တိုင်း သူတို့ရဲ့စိတ်ကူးဟာ လဲလိုက်ပြီး တိုးတက်နေတယ်လို့ ယူဆတယ်။ ဒိုင်ယာလက်တီ ကယ် (လ်) အိုင်ဒီး လဇ္ဇင်း(မ်)ကတော့ လူတို့ရဲ့စိတ်ကူးတိုးတက်တိုင်း စိတ်အာရုံပြုရာဖြစ်တဲ့ အရာဝတ္ထုများလဲ လိုက်ပြီးတိုးတက်နေကြတယ်လို့ ယူဆကြတယ်။

မာ့(ခ်) (စ်) လဲဟီဂဲ (လ်) ရဲ့ အိုင်ဒီးလဇ္ဇင်း (မ်) သဘော တရားကို လက်ခံလေ့လာရာက ၁၈၄၂ခုနှစ်မှာ ဖူးဝါးဘက် (ခ်) ဆိုတဲ့ ပညာရှင် တဦး ရေးသားလိုက်တဲ့ 'ရီပေါင်း (မ်)ဒါဖီလောဆော်ဖီ' ဆိုတဲ့ ဆောင်းပါးကိုဘတ်

ပြီးတဲ့နောက် ဟိဂဲ (လ်)ရဲ့ အိုင်ဒီးလင္ဇင်း(မ်)ရဲ့ သဘောတရားကို စွန့်ပါယ်ပြီး မတီရီးယယ်(လ်) လင္ဇင်း(မ်) သဘောတရားကို လက်ခံ လိုက်ပါတယ်။ ဒီဆောင်းပါးထဲမှာ မာ့(ခ်)(စ်)ရဲ့စိတ်ကို အထူးပြောင်းလဲသွားအောင်လုပ်တဲ့ အချက်ကတော့ အောက်ပါအချက်ဘဲဖြစ်ပါတယ်။

"စိတ်နှင့်ကိုယ်တို့၏ ဆက်စပ်ပုံကို အောက်ပါအတိုင်း ရှင်းပြနိုင်သည်။ ကိုယ်သည်ကတ္တားဖြစ်၍ စိတ်သည်ဝါစကဖြစ်သည်။ ကိုယ်ကြောင့် စိတ်ဖြစ်လာပြီး ကိုယ်သည်လူ့အလိုလို သူဖြစ်လာသည်။ ၎င်းကိုယ်တွင် ဤသို့ဖြစ်စေနိုင်သော အခြေခံသဘောမျာ ပါလာသည်၊ "ဖွးဝါးဘက်(ခ်)ရဲ့အခြားစကားတခွန်းကို ဆက်ပြီးနားထောင်ရင် ခုတင်က ပြောခဲ့တဲ့ ဖွးဝါးဘက်(ခ်) စကားဟာ ပိုပြီး ရှင်း ပွားပါလိမ့်မယ်။

မတာ်းရီးယယ်(လ်)လင္ဇင်း(မ်)နှင့် စပိရစ်ကြူဘယ်လင္ဇင်း(မ်)စိတ်ဝါဒတို့၏ အငြင်းအခုံပွဲဘွင် နောက်ဆုံးပိုတ်၌ အမှား အမှန် ဆုံးဖြတ်ရေးသည် လူ၏ဦးခေါင်းသို့ပင်ပြန်ဆောက်ဘည်၊ ဦးနှောက်ဖြစ်စေနိုင်သော အရာဝတ္ထု၏ သဘောကို ကျွန်ုပ်တို့ကောင်းစွာ သိရှိနိုင်သည့် အခါတွင် တလောကလုံးရှိ အရာဝတ္ထုများ၏သဘောကိုလည်း ကျွန်ုပ်တို့ ကောင်းစွာသိနိုင်မည်။

အခုပြောခဲ့တဲ့ စကားရပ်တွေကတော့ ရှင်းနေပါတယ်၊ ဒါပေမဲ့ပိုပြီး ရှင်းဘို့အတွက် နည်းနည်းလောက်ဘပ်ပြီး ရှင်းပြချင်ပါတယ်၊ စိတ်ကူးတို့ အသိဉာဏ်တို့ဆိုတာတွေဟာ ဦးနှောက်ကို မှီခိုနေရပါတယ်၊ ဦးနှောက်ဟာ မတာ်းရီးယယ်(လ်)ဖြစ်တဲ့အတွက် မတာ်းရီးယယ်(လ်)လင္ဇင်း(မ်) သဘောတရားသာလျှင် ပဓါန ဖြစ်တယ်လို့ ဆိုလိုပါတယ်။

ဒါပေမဲ့ ဖွးဝါးဘက်(ခ်)ရဲ့ မတာ်းရီးယယ်(လ်) လင္ဇင်း (မ်) နဲ့ မာ့(ခ်)(စ်)ရဲ့ မဘာ်းရီးလင္ဇင်း(မ်)တို့ဟာ မတူပါဘူး၊ ကွာခြားနေပါတယ်၊ မာ့(ခ်)(စ် ရဲ့ မတာ်းရီးယယ် လ်)လင္ဇင်း(မ်)ကို သေသေချာချာ နားလည်ချင်တဲ့လူတ ယောက်ဟာ ဒီကွာခြားချက်ကို သဘောပေါက်ဘို့ အင်မတန်လိုပါတယ်။

ဖွးဝါးဘက်(ခ်)ကလူဟာအရာဝတ္ထုတခုရဲ့အကြောင်းကိုမတွေးဘောခင် ဒီအရာဝတ္ထုဟာဒွါရခြောက်ပါးရှိတဲ့အနက်တပါးပါးနဲ့ရှေးဦးစွာထိတွေ့ရတယ်၊ ဒီလိုထိတွေ့တာကိုခံစားပြီးမှသာ၊ လူတဦးဟာ ဒီအရာဝတ္ထုရဲ့အကြောင်းကို

စဉ်းစားနိုင်မယ်။ ဒီအရာဝတ္ထုအတွက်ဝေဒနာ တခုခုခံစားနိုင်မယ်လို့ ဆိုထားတယ်။ ဥပမာကျောက်တုံးတတုံးဆိုကြပါစို့။ ဒီကျောက်တုံးရဲ့အကြောင်းကို မစဉ်းစားခင် ဒီကျောက်တုံးဟာ မျက်စေ့အစရှိတဲ့ ဒွါရတပါးပါးနဲ့ထိတွေ့ရမယ်၊ ဒီသို့ထိတွေ့ပြီးမှ ဒီဟာကျောက်တုံးဘဲ၊ ဒီကျောက်တုံးရဲ့ အရောင်ဟာနီတယ်၊ ငါ့အိမ်ရှေ့က ပန်းခြံထဲမှာ ချထားရရင် သိတ်လှမှာဘဲ၊ ငါလိုချင်လိုက်တာ အစရှိသဖြင့် ဒီကျောက်တုံးအကြောင်းကို စဉ်းစားပြီး ဒီလူမှာ စိတ်ကူး အမျိုးမျိုး ပေါ်လာရမယ်။အဲဒါကဖွးဝါးဘက်(ခ်)ရဲ့ ဝါဒဖြစ်တယ်။

ဒီလိုစိတ်အစရှိတဲ့ ဒွါရတခုခုနဲ့ အရာဝတ္ထုတခုခုထိတွေ့ပြီးမှ စဉ်းစားမှုပေါ်တယ်၊ဆိုတဲ့အချက်ကို မာ့(ခ်)(စ်)က မငြင်းဘူး၊ဒါပေမဲ့ စဉ်းစားတဲ့နေရာမှာ လူတွေဟာ တဦးနဲ့တဦး မတူဘူး၊ ကိုယ့်ပတ်ဝန်းကျင်ကို အခြေခံထားပြီး စဉ်းစားကြလိမ့်မယ်လို့ မာ့(ခ်)(စ်)က ဆိုတယ်၊ ဒီလိုဆိုတဲ့အတွက် မာ့(ခ်)(စ်)ရဲ့ မတာ်းရီးယယ်(လ်)လင္ဇင်း(မ်)နဲ့ ဖွးဝါးဘတ်(ခ်)ရဲ့ မဘာ်းရီးယယ်(လ်)လင္ဇင်း(မ်)တို့ဟာဘယ်လောက်ကွာခြားသွားတယ်ဆိုတာကို ဥပမာနဲ့ ကျွန်တော်ရှင်းပြလိုပါတယ်၊ ဥပမာ အလုပ်သမားတယောက်မှာ သားနှစ်ယောက်ရှိတယ်၊တယောက်ကို မွေးစကထဲက သူဌေးကြီး တယောက်က ယူပြီး မွေးစားတယ်၊ အခြားတယောက်ကတော့ သူ့အဖေအလုပ်သမားနဲ့ အတူတူ ကျောက်ထုတဲ့ဆိုက်လိုက်ပြီး ကျောက်ထုတယ်၊ သူဌေးကြီး မွေးစားတဲ့သားကတော့ ဘာမှမလုပ်ရဘူး၊ အစားကောင်းကောင်းစား၊ အဝတ်ကောင်းကောင်းဝတ်ပြီး နေရတယ်၊ အရွယ်ရောက်တဲ့အခါ တက္ကသိုလ်ကိုသွားပြီး စိတ်ကူးယဉ်ပညာတွေကို ဆည်းပူးတယ်၊ ဒီညီအစ်ကို နှစ်ဦးဟာ တောထဲကိုရောက်ပြီး ကျောက်တုံးတတုံးကို မြင်လိုက်တဲ့အခါ တယောက်တမျိုးစီ စဉ်းစားကြလိမ့်မယ်၊ကျောက်ထုသမားနဲ့လိုက်ပြီး ကျောက်ထုရတဲ့သားကတော့ "ဒီကျောက်တုံးဟာမာတယ်၊ အထုရတော်တော်ခက်မယ်၊ ကျောက်စလစ်ခဲတတန်သော်တော့ထွက်မှာဘဲတတန်ဆိုရင်ငွေတဆယ်ရမယ်၊ငွေတဆယ်ရရင်တော့ကွာကြက်သားကင်နဲ့ ဦးရေနဲ့မျှား မော့လိုက်ရရင် သိပ်ပြီးဇိမ်ရှိမှာဘဲ၊ အစရှိသဖြင့် သူ့ရဲ့ ပတ်ဝန်းကျင်ကို အခြေခံထားပြီး စဉ်းစားပေလိမ့်မယ်၊ ဒါပေမဲ့ကောလိပ်ကျောင်းသား စိတ်ကူးယဉ်သမားကတော့ တမျိုးစဉ်း စားလိမ့်မယ်၊ "ဒီကျောက်တုံးဟာ နီတယ်၊ ကိုယ့်ဉယျာဉ်ထဲက ဂန္ဓာမာ အဖြူပင်တွေ့ထဲ

မှာ ထားလိုက်ရရင် သိပ်ပဏာစားမှာဘဲ၊ ဒီကျောက်တုံးကြီးကို ရွှေ့ပြီးမှ ခင်သန်းမြင့်တို့၊ တင်မောင်လပ်တို့၊ အတွင်းဝန်ဦးဝင်းဖေတို့ အိမ်သားတွေကို ပါ ဘိတ်ပြီး ဂါဒင်ပါတီတခုပေးအုံးမယ် အစရှိသဖြင့် သူရဲ့ပတ်ဝန်းကျင်ကို အခြေခံပြီး စဉ်းစားလိမ့်မယ်။

ဒါကြောင့် ဤသို့ အသီးသီးတွေးဆတတ်သော ဉာဏ်သည်လူတို့တွင် ပါလာသော ဉာဏ်မဟုတ်၊ အမှန်စင်စစ် ဤဉာဏ်သည် နေ့စဉ်နှင့်အမျှ ကြားရ၊ မြင်ရ၊ တွေ့ကြုံရတဲ့ အဖြစ်အပျက်များက စုပေါင်းပြီး မွေးထုတ်လိုက်သော ဉာဏ်မျှသာ ဖြစ်သည်''လို့ သီးစစ်အွန် ဖးဝါးဘက်(ခ်) ခေါ်တဲ့စာစာအုပ်ထဲမှာ မာ့(ခ်)(စ်)ဟာ အတည့်အလင်း ရေးသားတာကို တွေ့ရပါတယ်။

နောက်ထပ်၍လည်း ''စိတ်သည်လူဖြစ်ပေါ်ရေးတွင် ဘာမျှမတတ်နိုင်ရှိသာမက လူအဆောက်အအုံကြီးထဲတွင် ဖြစ်ပေါ်နေသော ပတ်ဝန်းကျင် အခြေအနေတို့သည် လူတို့ရဲ့ စိတ်ကို ငြုပြင်ပြောင်းလဲနိုင်၏''လို့ မာ့(ခ)(စ်)က ရေးသားထားခဲ့ဘူးတယ်၊ အခုပြောခဲ့တဲ့ အချက်ကို ပိုမိုသဘောပေါက်နိုင်အောင်ကမ္ဘာ့သမိုင်းထဲက အဖြစ်အပျက် တခုကို ကျွန်တော်ထုတ်ဖော် ပြလိုပါတယ်။

အာဖရိကတိုက်ရဲ့ အရှေ့ပိုင်းတပိုင်းမှာ မဆဲဆိုတဲ့လူမျိုး တမျိုးရှိပါတယ်၊ သူတို့ဟာ ကျွဲ၊နွား၊များကို မွေးမြူစားသောက် နေထိုင်ကြပါတယ်၊ သူတို့ရဲ့ ရန်သူတွေနဲ့ တိုက်ခိုက်ရတဲ့ အခါ ဘမ်းမိတဲ့ရန်သူတွေ ဘယ်တော့မှ အရှင်မထားဘူး၊ အသေသတ်ပစ်ကြတယ်၊ ဒါပေမဲ့ သူတို့ရဲ့ရွာနီးချင်း ဖြစ်ကြတဲ့ ဝကမ္ဘာခေါ်တဲ့ လယ်ယာလုပ်ကိုင်စားသောက်ကြတဲ့ လူမျိုးတွေကတော့ ရန်သူတွေနဲ့စစ်တိုက်ရတဲ့အခါ အသေသတ်တာထက် အရှင်လက်ရဲ ဘမ်းမိအောင် အထူးကျိုးစားကြတယ်၊ ရန်သူချင်းချင်းပေါ်မှာ အိမ်နီးချင်း လူနှစ်မျိုးဟာ စိတ်နှစ်မျိုးထားကြတယ်၊ မဆဲလူမျိုးတို့ဟာကျွဲ၊နွား၊ မွေးမြူတဲ့ လူမျိုးဖြစ်တဲ့တွက်သူဘို့မှာလူပိုကိုခိုင်းဘို့အလုပ်မရှိဘူး၊ ဝကမ္ဘာလူမျိုးကတော့ လယ်သမားများဖြစ်ကြတဲ့အတွက်လယ်လုပ်ဘို့လူပိုများကိုအလိုရှိကြတယ်၊အဲ့ဒါကိုကြည့်ခြင်းအားဖြင့် အလုပ်ကို အကြောင်းပြုပြီး လူနှစ်မျိုးမှာ ယူဆပုံ နှစ်မျိုးပေါ်ပေါက်တာကိုတွေ့ရတယ်၊ နောက်ပြီးတော့လဲ ဝကမ္ဘာလူမျိုးတွေမှာသို့ပန့်လူပိုတွေ မရရှိခင်က လူတန်းစားဆိုလို့ ယောကျ်ားနဲ့မိန်းမ ခွဲခြား

ရုံကလွဲပြီး တခြားမရှိဘူး၊ ဒါပေမဲ့သို့ပန့်များကို မိလာပြီး လယ်လုပ်ခိုင်းကြတဲ့အခါ ကျွန်နဲ့သခင်ဆိုပြီး လူအချင်းချင်း ဆက်ဆံမှုမှာ တမျိုးတဖုံပြောင်းလဲသွားတယ်၊ အဲ့ဒီပြောင်းလဲသွားတဲ့ဆက်ဆံရေးကို အကြောင်းပြုပြီး သူတို့ရဲ့ အယူအဆအတွေးအခေါ် တို့ဟာလဲ ပြောင်းလဲလိုက်လာကြတယ်။

အခုပြောခဲ့တဲ့ဖးဝါးဘက်(ခ်)နဲ့ မာ့(ခ်(စ်) လင်ဇင်းတို့ရဲ့ ခြားနားချက်ကိုကြည့်ပြီး မဘီးရီးယယ်(လ်)လင်ဇင်း(မ်)ဆိုတိုင်းလဲ မာ့(ခ်)(စ်)လင်ဇင်း(မ်) မဟုတ်၊ မတီးရီးယယ်(လ်)လဇ့င်း(မ်) သဘောတရားကို လက်ခံခဲ့တဲ့ မဘီး ရီးယယ်(လ်)လစ်(စ်)(ထ်)ဆိုတိုင်းလဲ မာ့(ခ်)(စ်)(ထ်)မဟုတ်ဘူး ဆိုတာကို ရဲဘော်တို့ကောင်းကောင်းသဘောပေါက်ပြီလို့ ကျွန်တော် ယုံကြည်ပါတယ်။

ဒီလိုခြားနားချက်နဲ့ ပတ်သက်ပြီး ကမ္ဘာကြီးကို စဉ်းစ းရာ၌ ၎င်းကိုကံအဖြစ်နှင့်၎င်း၊ စိတ်၏အာရုံပြုရာ အရာဝတ္ထုသာ ဖြစ်သည်ဟူ၍၎င်း စဉ်းစားခဲ့ကြသည်၊ ကမ္ဘာကြီးသည် လူတို့ကို ပြုပြင် ပြောင်းလဲရာ၌ အဓိကအချက်ကြီးတချက် အဖြစ်ဖြင့်၎င်း၊ လူတို့ကို တိုးတက်စေသော အရာကြီးတခု အဖြစ်ဖြင့်၎င်း၊ ကတ္တားအဖြစ်ဖြင့်၎င်း မယူဆခဲ့ကြပေ'' လို့ မာ့(ခ်)(စ်)က ရေးသားခဲ့ဘူးပါတယ်။

ဒီရေးသားချက်ရဲ့ အဓိပ္ပါယ်အဘိုချုပ်ကို ကျွန်တော် ရှင်းပြချင်ပါတယ်၊ မတီးရီးယယ်(လ်)လစ်(ထ်)ခပ်များများဟာ သူတို့ရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ကမ္ဘာကြီးကို သူတို့ရဲ့အာရုံပြုရာသာဖြစ်တ ယ်လို့ စဉ်းစားခဲ့ကြတယ်၊ ကံအဖြစ်နှင့်သာ စဉ်းစားခဲ့ကြတယ်၊ ဒီပတ်ဝန်းကျင်တခုလုံးကလဲ သူတို့ရဲ့ အတွေးအခေါ် အယူအဆတွေရဲ့ သူတို့တိုးတက်ရေးကို ပြုပြင်ပြောင်းလဲပေးနိုင်တယ်ဆိုတာကိုတော့ မစဉ်းစားမိခဲ့ကြဘူး၊ သူတို့ရဲ့ပတ်ဝန်းကျင်ကြီး တခုလုံးကို ကတ္တားအဖြစ်နှင့်တော့ ဘယ်တော့မှ မစဉ်းစားမိခဲ့ကြဘူးလို့ ဆိုပါတယ်၊ ဒီအချက်ကို ပိုပြီး မှင်းစေချင်တဲ့ အတွက် မာ့(ခ်)(စ်)ဟာ သူရေးသွားတဲ့ ''ကက်ပိတယ် (လ်)'' (အရင်း) ခေါ်တဲ့ စာအုပ်ရဲ့ ပဌမတွဲမှာ လူဟာ သူ့ရဲ့ ပတ်ဝန်းကျင်ကို ပြောင်းလဲယင် သူကိုယ်တိုင် ပြောင်းလဲသွားတယ်လို့ ထပ်လောင်းပြီး ရေးသားထားပြန်ပါတယ်၊ မာ့(ခ်)(စ်)လင်ဇင်း(မ်)ရဲ့သဘောအစစ်ကို အဟုတ် တကယ် သိလိုတဲ့ လူတွေဟာ အခုပြောခဲ့တဲ့ ခြားနားချက်တွေကို အထူးဂရုပြုရမယ်။ ဒီလိုဂရု

မပြုမိရယင် မတီရီးယယ်(လ်) လဇ္ဇင်း(မ်)ကို တွေ့တိုင်း မာ့(ခ်)(စ်)ဆဇ္ဇင်း(မ်) ဖြစ်တယ်လို့ အမှတ်မှားမှာစိုးရတယ်။ မတ္တီရီးယယ်(လ်)လစ်(စ်)(ထ်)တွေကို တွေ့တိုင်းမာ့(ခ်)ဆစ်(ထ်)တွေကို အမှတ်မှားမှာစိုးရတယ်။

ဖွးဝါးဘက်(ခ်)ရဲ့ သဘောတရားနှင့် မာ့(ခ်)(စ်)ရဲ့ သဘောတရားတို့ဟာ ဒီလိုကွာခြားတာ တခြားကြောင့်မဟုတ်ပါဘူး။ ဖွးဝါးဘက်(ခ်)ရဲ့ မတီးရီးယယ်(လ်)လဇ္ဇင်း(မ်)က ရိုးရိုးမတီးရီးယယ်လဇ္ဇင်း (မ်) ဖြစ်ပြီး မာ့(ခ်)(စ်)ရဲ့ မတီးရီးယယ်(လ်)လဇ္ဇင်း(မ်)ကတော့ ရိုးရိုးမဟုတ်ဘဲ ဒိုင်ယာလက်တီကယ်(လ်)မတီးယယ်(လ်) လဇ္ဇင်း(မ်)ဖြစ်တာကြောင့်ဘဲ ဖြစ်ပါတယ်။

ရဲဘော်တို့

ဒိုင်ယာလက်တစ် (ခ်)ဆိုတာ တခြားမဟုတ်ပါဘူး။ တကမ္ဘာလုံးမှာရှိကြတဲ့ သက်ရှိသက်မဲ့ အားလုံးဟာ မရပ်မနားဘဲပြုပြင် ပြောင်းလဲ နေတယ်ဆိုတဲ့သဘောတရားဘဲဖြစ်တယ်။ မာ့(ခ်)(စ်)ဆဇ္ဇင်း(မ်)ရဲ့ အခြေခံ သဘောတရားဟာ မတီးရီးယယ်(လ်)လဇ္ဇင်း (မ်) ရိုးရိုးမဟုတ်ဘဲ ဒိုင်ယာလက် (ခ်)ကဲ(လ်)မတီးရီးယယ် (လ်)လဇ္ဇင်း(မ်)ဘဲ ဖြစ်ပါတယ်။

ဒီသဘောတရားကိုစတင်တွေ့ရှိသွားတဲ့ ပုဂ္ဂိုလ်ဟာ မာ့ (ခ်) (စ်)မဟုတ်ပါဘူး၊ ဂရိပညာရှိကြီး ဟီရာကလစ်တပ် (ခ်)ဖြစ်ပါတယ်။ ဟီရာကလစ်တပ်(ခ်)ရဲ့ အရေးအကြီးဆုံးသင်ကြားပြသချက်ကတော့တခြားမဟုတ်ပါဘူး။ တလောကလုံးသူ့အစီအစဉ်နဲ့ အညီအညွတ် တိုးတက်နေကြတယ်ဆိုတဲ့ သင်ကြားပြသချက်ပင်ဖြစ်ပါတယ်။ ဒီလိုတညီတညွတ်ထဲအစီအစဉ်နဲ့ ပြုပြင်ပြောင်းလဲနေတာကို ကြည့်ပြီး တကမ္ဘာလုံးရဲ့ သက်ရှိသက်မဲ့ ပစ္စည်းတွေဖြစ်အောင် စပေါင်းထားတဲ့အတွမ်း(မ်) ခေါ်တဲ့ မြူမှုန့်တွေထဲမှာ တလောကလုံးနှင့် ဆိုင်တဲ့သဘောတရားကြီးရှိတာ ထင်ရှားနေတယ်လို့ သူယူဆခဲ့ပါတယ်။

ဟီရာကလစ်တပ် (ခ်)က "ကျွန်ုပ်တို့သည် မြစ်တခုကို နှစ်ကြိမ်စုံမဆင်းနိုင်"လို့ တခါတုံးက ပြောခဲ့ဘူးပါတယ်။ အဓိပ္ပါယ်ကတော့ နောက်တကြိမ်ကျွန်ုပ်တို့ စုံဆင်းမဲ့မြစ်ဟာ ပြုပြင်ပြောင်းလဲသွားပြီဖြစ်တဲ့အတွက် ပဌမအကြိမ်ကျွန်ုပ်တို့စုံဆင်းခဲ့တဲ့မြစ်မဟုတ်တော့ဘူးလို့ ဆိုလိုပါတယ်။ ဒီစကားကိုထောက်ရှုခြင်းအားဖြင့်ဟီရာကလစ်တပ်(ခ်)ရဲ့ ဒိုင်ယာလက်တစ်သဘောတရားကိုကောင်းကောင်း သဘောပေါက်နိုင်ပြီလို့ ကျွန်တော်ယုံကြည်ပါတယ်။

(ဟီရာကလစ်တပ် (ခ်) ကွယ်လွန် ပြီး နောက် ဒိုင်ယာ လက်တစ် (ခ်) သဘောတရားဟာ ငုတ်လျှိုး သွားခဲ့တာ ဟီဂဲ(လ်) လက်ထက်ကို ရောက်တဲ့အခါမှာ ဒီသဘောတရားကိုပြန်ပြီးသုံးတာတွေ့ရတယ်)

မာ့ (ခ်)(စ်)ဟာ ဟီဂဲ(လ်)ရဲ့ အိုင်ဒီးလဇ္ဇင်း (မ်) သဘော တရားကို စွန့်ပယ်ခဲ့ပေမဲ့ ဟီဂဲ(လ်)ရဲ့ ဒိုင်ယာလက်တစ်(ခ်)ကိုစ်တော့လက်ခံခဲ့ပါတယ်။

ရဲဘော်တို့

မာ့(ခ်)ဆဇ္ဇင်း(မ်)ရဲ့ သဘောတရား အချုပ်ကို ရှင်းပြပြီးတဲ့နောက် ဒီသဘောတရားကိုယုံကြည်တဲ့ဂိုဏ်းသားတွေကလက်ခံထားတဲ့ ကမ္ဘာရဲ့ဖြစ်စဉ်နဲ့ သတ္တဝါရဲ့ ဖြစ်စဉ်တို့ကို ကျွန်တော် အနည်းငယ် ရှင်းပြချင်ပါတယ်။ အခုကျွန်တော်ပြောပြရမဲ့ အချက်တွေဟာ–ဖ၊ဆ၊ပ။လအဖွဲ့ဝင်တွေမာ့(ခ်)(စ်)ဝါဒကိုသက်ခံသင့်သလား၊ လက်မခံသင့်ဘူးလား၊ဆုံးဖြတ်ရမဲ့နေရာမှာ အင်မတန်အရေးပါအရာရောက်မဲ့အတွက်အခုကျွန်တော် ရှင်းပြမဲ့အချက်ကို ရဲဘော်တို့ အထူးဂရုစိုက်ပြီးနားထောင်ကြစေချင်တယ်။

လောကဓါတ်ပညာရှင်တွေကကမ္ဘာရဲ့အစကို ဒီလိုယူဆထားကြတယ်။ သူတို့ရဲ့ယူဆချက်ကိုရဲဘော်တို့ရှင်းရှင်းလင်းလင်း နားလည်နိုင်အောင် ရှေးဦးစွာအာကာသကြီးကိုသမုဒ္ဒရာကြီးလို့ ခေတ္တ မှတ်ထားလိုက်ကြစို့။ ကြယ်တွေကိုလဲသမုဒ္ဒရာကြီးထဲမှာသွားလာနေကြတဲ့ သင်္ဘောတွေလို့ခေတ္တမှတ်ထားလိုက်ကြအုံးစို့။ အဲဒီကြယ်တွေဟာ ဘယ်လောက် များကြသလဲ။ ကမ္ဘာ့ပင်လယ်ကမ်းရိုးတန်းတွေမှာရှိတဲ့သဲပွင့်တွေ အားလုံးထက်တောင် များကြသေးတယ်၊ အဲဒီကြယ်တွေကတော့ဘယ်လောက်ကြီးကြတယ်၊ ကျွန်တော်တို့ရဲ့ ကမ္ဘာလုံးထက်မဆိုသလောက်ကြီးကျယ်တဲ့ ကြယ်တွေဟာ ခပ်နဲနဲသာရှိတယ်။ ဒါပေမဲ့ ကြယ်တွေခပ်များများကတော့ ဘယ်လောက်ကြီးသလဲဆိုရင် ကျွန်တော်တို့ရဲ့ ကမ္ဘာလုံးမျိုး ရာငံပေါင်းထောင်ပေါင်းများစွာကို စုပြီးထည့်ထားရင်တောင် ခပ်ချောင်ချောင်ကလေးသာရှိမယ်၊

ကြယ်တွေဟာဒီလောက်ကြီးပြီးဒီလောက်များပေမဲ့ အာကာသကြီးကလဲအင်မတန်၊အင်မတန် ကျယ်ဝန်းတဲ့အတွက် ဒီအာကာသကြီးထဲမှာ လည့်လည်သွားလာနေကြတဲ့ဒီကြယ်အနန္တတွေဟာတဆင်းနဲ့ တဆင်း အင်မတန်ဝေးကွာနေကြပါတယ်။ ဒီလိုလှည့်လည်သွားနေကြတဲ့အခါ ကြယ်တချို့ဟာ ကိုယ့်အစုနှင့်ကိုယ်လှည့်လည် သွားကြပါတယ်။ ဒါပေမဲ့ ကြယ်ခပ်များများကတော့

တကိုယ်တည်း လှည့်လည် သွားနေပါတယ်။ ဘယ်လိုဘဲလှည့်လည်သွားကြပေမဲ့ အာကာသကြီးကလဲအင့်မတန်–အင်မတန် ကျယ်ပြန့်တဲ့အတွက် ကြယ်တွေဟာတစင်းအနားတစင်းကပ်မိဘို့ဆိုတာတွေဟာ တွေးမရနိုင်အောင် ခဲယဉ်းပါတယ်။ကြယ်တွေဟာတစင်းနှင့်တစင်း အနဲဆုံး မိုင်တသန်းကျော်လောက် ကွာဝေးကြပါတယ်။

ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းသန်းပေါင်းနှစ်ထောင်လောက်က ခဲယဉ်းတယ်လို့ခုကျွန်တော်ပြောခဲ့တဲ့အဖြစ်အပျက်ကြီးတခုဟာဖြစ်ပျက်ခဲ့ပါတယ်၊ဖြစ်ပျက်တာကတော့ဒီလိုပါ။ကြယ်တစင်းအာကာသကြီးထဲမှာလှည့်လည်သွားလာနေယင်းကျွန်တော်တို့ရဲ့နေကြီးအနီးကိုမျက်စေ့လည် လမ်းမှားပြီး ရောက်လာတယ်။နေနဲ့လတို့ဟာ ကျွန်တော်တို့ရဲ့ကမ္ဘာကြီးမှာ ဒီရေများ တက်အောင် လုပ်ပေးသလိုဒီကြယ်ကြီးဟာလဲ နေပေါ်မှာ တစုံတခုဆူတက်လာအောင် လုပ်ပေးလိုက်ပါတယ်။ဒီဆူတက်မှုကြီးဟာကျွန်တော်တို့ကမ္ဘာကြီးမှာ တွေ့ခဲ့ရဘူးတဲ့ဒီရေတွေထက်အဆပေါင်းများစွာကြီးကျယ်ပါတယ်၊

ဒီကြယ်ကြီးဟာ နေနဲ့နီးကပ်လာလေလေ နေပေါ်မှာ ဖြစ်လာတဲ့ ဆူတက်မှုကြီးဟာ တိုးပြီးကြီးမားလာလေလေ ဖြစ်ပါတယ်။ ဒီကြယ်ကြီးဟာ နောက်ကိုပြန်ဆုတ်မသွားခင်ဒီဆူတက်မှုကြီးဟာ အရှိန်အင်မတန် ပြင်းထန်လာပြီး အပိုင်းပိုင်းပြတ်ထွက် ကုန်ပါတယ်။ ဒီလိုပြတ်ထွက်ကြတဲ့ အပိုင်းအစတွေဟာ အဲဒီအချိန်အခါကစပြီး နေကြီးကို ပတ်ချာလှည့်လည်လျက် ရှိကြပါတယ်။ အပိုင်းအစတွေဟာ အကြီးအသေးဆိုပြီး အရွယ်အစားစားရှိကြပါတယ်။ အဲဒီဟာတွေကို နက္ခတ်တာရာပညာမှာ ပလန်းနက်လို့ခေါ်ပါတတ်။ ပလန်းနက်ဟာ ပြင်သစ်နဲ့ ဂရိတ်ဘာသာတို့က ယူထားတဲ့ စကားဖြစ်တယ်။ လှည့်လည်နေသူလို့ အဓိပ္ပါယ်ရတယ်။

နေကိုလှည့်လည်နေတဲ့ ပလန်းနက်တွေကို အခုအချိန်အထိ ကိုးလုံးသာ တွေ့ရပါသေးတယ်။ ဒီကိုးလုံးကို မှန်ပြောင်းကြီး များနဲ့ မြင်နိုင် ကြပါတယ်။

အဲဒီကိုးလုံးကတော့–

(၁) မာကြူရီ။(၈၈) ရက်ကြာမှနေကိုတပတ်ပတ်မိတယ်။
(၂) ဗီးနပ်။ (၂၂၅)ရက်ကြာမှနေကိုတပတ်ပတ်မိတယ်။
(၃) ကျွန်တော်တို့ရဲ့ကမ္ဘာလုံး။ (၃၆၅)ရက်ကြာမှ နေကို တပတ်ပတ်မိတယ်။
(၄) မား(စ်)။ ၆၈၇–ရက်ကြာမှ နေကို တပတ်ပတ်မိတယ်။
(၅) ဂျူပီတာ။ ၁၂–နှစ်ကြာမှ နေကို တပတ်ပတ်မိတယ်။
(၆) ဆေးတန်း။ ၂၅–နှစ်ကြာမှ နေကိုတပတ်ပတ်မိတယ်။
(၇) ယူရေးနု(စ်)။ ၈၄–နှစ်ကြာမှ နေကို တပတ်ပတ်မိတယ်။
(၈) နက်ပကျွန်း။ ၁၆၅–နှစ်ကြာမှ နေကို တပတ်ပတ်မိတယ်။
(၉) ပလူတို။ ၂၅၂–နှစ်ကြာမှ နေကို တပတ်ပတ်မိတယ်။

မာကြူရီဟာ နေနဲ့အနီးဆုံးဖြစ်ပြီး ပလူတိုဟာ အဝေးဆုံးဖြစ်တယ်ဆိုတာကို အခုပြောခဲ့တဲ့ အချိန်အပိုင်း အခြားကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။

အဲဒီပလန်းနက်ကိုးလုံးဟာ နေက ပြတ်ထွက် လာစအချိန်မှာ အသက်မဖြစ်ထွန်းနိုင်လောက်အောင်ပင် ပူကြပါတယ်။ ဒီအပိုင်းအစတွေ တဖြေးဖြေး အေးသွားကြပါတယ်။ ပင်ကိုယ် အပူဓါတ်ခံဆိုလို့ အနည်းငယ်လောက်သာ ကျန်ပါတော့တယ်။ ဒီပလန်းနက်တွေမှာ တွေ့ရတဲ့ အပူဓါတ် အားလုံးလိုလိုဟာ နေကရတဲ့ အပူဓါတ်တွေဖြစ်ကြပါတယ်။

ရဲဘော်တို့

ကမ္ဘာကြီး ဖြစ်စဉ်နဲ့ ပါတ်သက်ပြီး မဘာ်ရီးယယ် (လ်) လင့်ငင်း(မ်) သဘောတရားကို ယုံကြည်တဲ့လူတွေဟာ ဘယ်လို ယူဆတယ် ဆိုတာ ကိုတော့ အကြမ်းအားဖြင့်သိရပြီ။ သတ္တဝါရဲ့ဖြစ်စဉ်ကို ဒီသဘောတရားသမားတွေဟာ ဘယ်လိုယူဆတာကို ကျွန်တော်တို့ကြည့်ရအောင်။

ကျွန်ဘော်တို့ကမ္ဘာကြီးဟာ နေက ပြတ် ထွက် လာတဲ့ အချိန် ကစပြီး ဒီနေ့ထိ နှစ်ပေါင်း သန်းပေါင်းနှစ်ထောင်ခန့် ရှိသွားပြီဆိုတာကို မကြာသေးခင်က ကျွန်တော်ပြောခဲ့ပြီးပါပြီ။ အဲဒီ နှစ်ပေါင်း သန်းပေါင်း နှစ်ထောင်ကို လောကဓါတ်နည်းနဲ့ အပိုင်းကြီးလေးပိုင်း၊ပိုင်းထားပါတယ်။အဲဒီအပိုင်းကြီးလေးပိုင်းကို ကာလကြီး တွေလို့ ခေါ်ကြ ရအောင်။ အဲဒီ ကာလ ကြီးတွေကတော့–

၁။ အိုဇိုးအစ်(ခ်)ကာလကြီး။ ဒီကာလကြီးရဲ့သက်တန်းကတော့ သန်းပေါင်း(၈၀၀)လောက်ရှိပါတယ်။

၂။ ဝါလေး အိုဇိုးအစ် (ခ်) ကာလကြီး။ ဒီကာလကြီးရဲ့ သက်တန်းကတော့သန်းပေါင်း ၆၀၀–သောက်ရှိတယ်။

၃။ မက်ဆိုးဇိုးအစ်(ခ်)ကာလကြီး။ဒီကာလကြီးရဲ့ လက်တန်း ကတော့ သန်းပေါင်း ၂၀၀ ကျော်ရှိတယ်။

၄။ ဆီနိုဇိုးအစ်(ခ်)ကာလကြီး။ ဒီကာလကြီးရဲ့ သက်တန်းကတော့ နှစ်ပေါင်းသန်းပေါင်း ၄၀ နဲ့ ၈၀ အတွင်းမှာရှိတယ်။

ဇိုးအစ်(ခ်)ကာလကြီးအတွင်းမှာတော့ကမ္ဘာကြီးထဲမှာ ဘယ်သတ္တဝါမှ မရှိသေးဘူး။ပါဲလေးအိုဇိုးအစ်(ခ်) ကာလရဲ့အစနားဆီမှာ အခွံနဲ့နေကြတဲ့ ငါးကလေးတွေပန်းပွင့်တွေနဲ့တူတဲ့ ဇူးဖိုက်ခေါ်တဲ့ သတ္တဝါငယ် ကလေးတွေ၊ ပင်လယ်မြော့၊ကနန်းအစရှိတဲ့ရေသတ္တဝါတွေပေါ်ပေါက်လာကြပြီး၊ ဒီကာလကြီးရဲ့အလယ်နားဆီကို ရောက်လာတော့ အားကောင်းတဲ့ ငါးမန်းလိုသတ္တဝါမျိုးတွေ ထပ်ပြီးပေါ်ပေါက်လာကြတယ်။အဲဒီကာလကြီး ကုန်ဆုံးတဲ့အထိကျန်သတ္တဝါတွေပေါ်ပေါက်ခဲ့ဘူးတယ်ဆိုတဲ့သက်သေအထောက်အထားတွေ မတွေ့ရဘူး။

ဒီကာလကြီးလေးခုရဲ့နောက်ဆုံးကာလဖြစ်တဲ့ ဆီနိုဇိုးအစ်(ခ်) ကာလကြီးရဲ့အစလောက်ကိုရောက်လာတဲ့ အခါကျတော့ မျောက်နဲ့ လီမူးခေါ်တဲ့ သတ္တဝါတမျိုးပေါ်လာတာကိုတွေ့ရတယ်။အဲဒီအချိန်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းသန်းပေါင်း ၄၀ လောက်ကလို့ခန့်မှန်းရတယ်။ ဆီနိုဇိုးအစ်(ခ်) ကာလကြီးရဲ့ အလယ်လောက်ကို ရောက်တော့မှ လူပုံပန်းသဏ္ဍာန် တစိတ်တဒေသရှိတဲ့ အိပ်(ပ်)လို့ခေါ်တဲ့မျောက်ဝံအမျိုးမျိုး ပေါ်ပေါက်ခဲ့ပါတယ်။ ဒါပေမဲ့ လူလို့ခေါ်လောက်တဲ့သတ္တဝါတွေကတော့ဂလေးရှယ်(လ်) သို့မဟုတ် ရေခဲပြင်လို့ ခေါ်တဲ့ခေတ်ကြီးတွေကိုရောက်တော့မှဘဲ ပေါ်ပေါက်လာတယ်လို့ အဆိုရှိပါတယ်။ အဲဒီဂလေးရှယ်(လ်) ခေတ်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း၆–သိန်းလောက်ကမှစခဲ့ပါတယ်။

အဲဒီလူတွေဟာ အ°ပေါ်လူးရှင်းဆိုတဲ့ သတ္တဝါ တွေရဲ့ တိုးတက်ရေးသဘာဝတရားကြီးအရ လူအဖြစ်အထိ အဆင့်ဆင့်တိုးတက်လာတယ်လို့ ဲလောကဓါတ် ပညာရှင် များက ယူဆခဲ့ ကြပါတယ်၊ သူတို့ရဲ့ ယူဆချက် များကို အထောက်အထားပြုတဲ့အနေနဲ့ တူးဖော်လို့ရရှိတဲ့ အရိုးတွေ၊ တန်ဆာပလာတွေ၊ အခြား သက်သေခံ တထောက် အထား တွေကို တင်ပြ ခဲ့ကြ ပါတယ်။

အင်မတန် ရှည်နေမှာ စိုးကဲ့အတွက် ဒီသက်သေခံ အထောက် အထားတွေဟာ ဘာတွေလဲဆိုတာကို ဒီကနေ့တော့ ရှင်းမပြ တော့ဘူး၊ နောင်မှဘဲ ရှင်းပြတော့မယ်။ ဒါပေမဲ့ လူနဲ့ မျောက်ဝံတို့ရဲ့ ထူးထူးခြားခြားတူညီကြတဲ့ အချက်တွေကို လောကဓါတ်နည်းနဲ့ ဖေါ်ပြထားတာကတော့ အင်မတန်စိတ်ဝင်စားစရာကောင်းတယ်။ ရဲဘော်တို့သိရအောင် ကျွန်တော် နဲနဲထုတ်ပြပါမယ်။

လူနဲ့မျောက်ဝံနဲ့ ဖနရာခပ်များများမှာတူတဲ့အချက်တွေကို ထင်ထင်ရှားရှားပြချင်တဲ့အတွက် လောကဓါတ်ပညာရှင်တွေဟာ လူနဲ့ဘားနှင့်တူတဲ့ အချက်တွေကိုရှေးဦးစွာ ထုတ်ပြီးပြပါမယ်။အဲဒီအချက်တွေအရ ငါးပုဇွန်၊မြွေအစရှိတဲ့ အခြားသတ္တဝါတွေထက်လူဟာ ဘားနဲ့ပိုပြီးတူတာကိုတွေ့ရပါတယ်။

ဒါပေမဲ့ ဒီလောကဓါတ် ပညာရှင်တွေဟာ နောက် တဆင့် တက်ပြီး လူဟာ ဘားထက် ခွေးနဲ့ပိုပြီးတူတဲ့အချက်တွေကို ပြကြပြန်တယ်။

အဲဒီလို ခွေးနဲ့ ယှဉ် ပြပြီးတော့မှ ဒီလောကဓါတ် ပညာရှင် တွေဟာ တဆင့်တက်ပြန်ပြီးလူဟာ ခွေးထက်မျောက်ဝံနဲ့ပိုပြီး တူတာတွေကို ပြကြပြန်တယ်။ သူတို့ပြကြတဲ့အချက်တွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

လူနဲ့ချင်ပန်စီခေါ် မျောက်ဝံ နှစ်ဦးစလုံးရဲ့ခြေသဲလက်သဲတွေဟာ ပုံသဏ္ဍာန်မှာတူကြတယ်၊ ကျန်လက်လေးချောင်းနဲ့ ဆန့်ကျင်ဘက်လက်မများရှိတဲ့ နေရာမှာလဲတူကြတယ်၊ အမြင့်ကိုတက်ဘိုနဲ့ လမ်းလျှောက်ဘို လက်ခြေများ ရှိကြ တာချင်းလဲ တူတယ်။ နှစ်ဦးစလုံးမှာ အမြီးမရှိကြတာချင်းလဲ တူတယ်၊ လူမိန်းမနဲ့ ချင်ပန်စီအမတို့ဟာ ရာသီလာကြတာချင်းလဲတူတယ်၊ နှစ်ဦးစလုံးမှာ သွားမြတ်တစုံစီသာ ရှိကြတာချင်းလဲတူတယ်၊ လူနဲ့ချင်းပန်စီတို့ရဲ့ ဦးနှောက်များဟာလဲ အတူတူပင်ဖြစ်ကြတယ်၊ လူနဲ့ချင်ပန်စီတို့ရဲ့ ကိုယ်ရိုးများဟာအနေထားမှာသာမက အရိုးတိုင်းမှာလဲတူညီနေကြတယ်၊လူနဲ့ ချင်ပန်စီတို့ရဲ့ အံသွားတွေဟာလဲ တထေရာထဲတူညီနေကြတယ်၊ လူသွေးနဲ့ ချင်ပန်စီသွေးကို ဓါတ်ခွဲကြည့်တဲ့အခါ တူညီနေတာကို တွေ့ရပြန်တယ်။

ပရောဖက်ဆာ ကိုးဟလားဆိုသူက ချင်ပန်စီရဲ့ အသိဉာဏ်ကို တုတ်နှစ်ချောင်းနဲ့ စမ်းသပ်ကြည့်ဘူးတယ်၊ လှောင်အိမ်ထဲမှာရှိတဲ့ ချင်ပန်စီ တကောင်ဟာ အပြင်ဘက်မှာရှိတဲ့ ငှက်ပျောသီးကို တုတ်နဲ့ လှမ်းယူတတ်တဲ့ အကျင့်တခုရှိကယ်၊ တနေ့ကျတော့ ပရောဖက်ဆာ ကိုးဟလားဟာ ဒီချင်ပန်စီကို

ဆက်နိုင်တဲ့တုတ်နှစ်ချောင်းကို ပေးတယ်၊ နောက်ပြီးတော့ ငှက်ပျောသီးကို တုတ်နှစ်ချောင်းဆက်ပြီးယူမှ မှီနိုင်တဲ့နေရာမှာထားတယ်၊ ချင်ပါဇီလဲတုတ်တချောင်းစီနဲ့ လှမ်းဆွဲတာမရတဲ့ အတွက် လက်လျှော့လိုက်တယ်၊ ဒါပေမဲ့ ကစားနေတုန်း တုတ်နှစ်ချောင်းကို အမှတ်တမဲ့ သွားပြီးဆက်မိတယ်၊ ဒီဆက်ထားတဲ့ တုတ်နဲ့ ချင်ပန်စီဟာ ငှက်ပျောသီးကို လှမ်းယူတယ်၊ နောက်တနေ့မှာ တုတ်နှစ်ချောင်းကို ပေးလိုက်တဲ့အခါ၊ မထမနေ့ကလောက် မကြာတော့ဘဲ ဆက်မိသွားမယ်၊ ဒီနည်းအတိုင်း သုံးနှစ်ကျော်ကျော်လောက်ရှိတဲ့ ကလေးမလေးတဦးကို စမ်းကြည့်တဲ့အခါ စတုတ္ထနေ့မှာမှ အထမြောက်တာကို တွေ့ရတယ်

နောက်ပြီးတော့လဲ အမူအရာနဲ့ ပတ်သက်လို့ ချင်ပန်စီ မိခင်တဦးဟာ သူ့ရဲ့ သားငယ်ကလေးကို ရင်ခွင်မှာပိုက်ပြီး ခေါင်းကိုသတ်လိုက်၊ နမ်းလိုက်နဲ့ သားအမိ ကျီစယ်နေကြတဲ့ အခါမျိုးမှာ လူနဲ့ ချင်ပန်စီဟာ ခွဲလို့မရပါဘူး။

ရဲဘော်တိ

ကမ္ဘာဖြစ်စဉ် သတ္တဝါဖြစ်စဉ်နဲ့ ပတ်သက်ပြီး လောကဓါတ်ပညာရှင်တွေက အခုကျွန်တော် ပြောပြခဲ့တဲ့ အတိုင်း ယူဆကြပါတယ်၊ သတ္တဝါတွေနဲ့ ပတ်သက်ရင်လဲ အတွမ်းခေါ် မြူမှုန်တွေနဲ့ သာ ဖွဲ့စည်းထားတဲ့ လူသတ္တဝါတွေဟာသေပြီးရင်မြူမှုန်ပြန်ပြီး ဖြစ်သွားကြတာဘဲ၊သူတို့အတွက်အစဉ်မပြတ်ဖြစ်ပျက်နေရတဲ့ သံသရာဆိုတာ မရှိတော့ဘူးလို့ ယူဆကြပါတယ်၊ အဲဒီယူဆချက်တွေကို မတ်ီးရီး(လ်)လဇ္ဇင်း(မ်) သဘောတရားကို ယုံကြည်တဲ့ လူတွေက မှန်နိုင်စရာ အကြောင်းတွေအများကြီး ရှိတယ်လို့ ယူဆပြီးလက်ခံကြပါတယ်။

ရဲတော်တို့

မာ့(ခ်)ဆဇ္ဇင်း(မ်) ဒါမှ မဟုတ်ရင်လဲ မာ့(ခ်)(စ်)ဝါဒမှာ....

(၁) သဘောတရား၊

(၂) သမိုင်း၊

(၃) စီးပွားရေး ဆိုပြီး အပိုင်း ၃–ပိုင်းရှိတဲ့အနက် သဘောတရား

အပိုင်းကို ကျွန်တော်ပြောပြီးပါပြီ၊ အခု သမိုင်းတပိုင်းကို ကျွန်တော်ပြောပါတော့မယ်။

မာ့(ခ်)(စ်)ဝါဒ၏–သမိုင်းပိုင်း။

ရဲဘော်တို့

သဘောတရားအပိုင်းကို ကျွန်တော် ရှင်းပြနေတုန်းက မာ့(ခ်)(စ်)ဟာ လက်ဦးအစမှာ ဟီဂဲ(လ်)ရဲ့ အယူဝါဒကို လက်ခံဘူးတဲ့အကြောင်း ကျွန်တော်ပြောခဲ့တာ ရဲဘော်တို့ ကောင်းကောင်း မှတ်မိပါလိမ့်မယ်၊ အခုသမိုင်း အမိုင်းကို ပြောတဲ့အခါ သမိုင်းနဲ့ ပတ်သက်ပြီး မာ့(ခ်)(စ်)ရဲ့ သဘောထားကို ပိုမိုထင်ရှားစေချင်တဲ့အတွက် နောက်ခံကားတခုအနေနဲ့ ဟီဂဲ(လ်)ရဲ့ ဝါဒထဲက အယူအဆတချို့ကို ကျွန်တော်ထပ်ပြီး ဖေါ်ပြချင်ပါသေးတယ်။

၁၈၄၈–ခုနှစ်မှာ ဥရောပတိုက်မှာလက်ရှိနိုင်ငံရေးအခြေအနေကိုမကျေနပ်ကြလို့ ပြည်သူလူထုရဲ့ ဆူပူလှုပ်ရှားမှုတွေ ပေါ်ပေါက်ခဲ့ပါတယ်၊ အဲဒါကြောင့် ၁၈၄၈–ခုနှစ်ကို ဥရောပအရေးတော်ပုံကြီးများ ပေါ်တွန်းရာဖြစ်တဲ့နှစ်လို့ သမိုင်းမှာ ထင်ရှားပါတယ်၊အဲဒီဆူပူလှုပ်ရှားမှုတွေထဲက သမိုင်းတွင်လောက်အောင် ကြီးကျယ်တဲ့ အရေးတော်ပုံကြီးတွေကတော့ ပြင်သစ်နဲ့ ဂျာမဏီမှာ ဖြစ်ပေါ်ခဲ့ပါတယ်၊ အဲဒီအရေးတော်ပုံကြီးတွေ ပေါ်ပေါက်နေခဲ့တုန်းက ဆိုရှယ်လစ်ဝါဒဟာ ဒီအရေးတော်ပုံကြီးတွေရဲ့ အတွင်းမှာ အတော်ကလေး ပျံ့နှံ့နေခဲ့တယ်၊ ဒါပေမဲ့ ဆိုရှယ်လစ်နိုင်ငံထူထောင်ဘို့ အတွက် အခြေခံအချက်ကြီးတွေဟာ အဲဒီနိုင်ငံတွေမှာ မရှိသေးတဲ့အတွက် ဒီအရေးတော်ပုံကြီးတွေမှာ ဆိုရှယ်လစ် သဘောတရားကို ဝါဒဖြန့်ရုံသာ ဖြန့်နိုင်ခဲ့ကြပါတယ်၊ ဒီအရေးတော်ပုံ သမားများဟာ ပြင်သစ်မှာ အသက်ဦးဆံပိုင်စံနစ်ကို ဖျောက်ပြီး အရင်းရှင် သမတနိုင်ငံကို ခေတ်တခဏလောက် ထူထောင်နိုင်ခဲ့ပါတယ်၊ ဒါပေမဲ့ ဒီနိုင်ငံဟာ မကြာခင် ကွယ်ပျောက်ပြီး ဒီနေရာမှာ တတိယမြောက် နပိုလီယန် ဘုရင်တက်လာခဲ့ပါတယ်။

ဂျာမဏီကလဲ အဲဒီအခါက အစိပ်စိပ်အမွှာမွှာ ကွဲပြီး နေတဲ့အတွက် အခြားဘော်ပုံကြီးအဘွင်းမှာ ဂျာမန်ညီညွတ်ရေးကိုသာ လုံးပန်းနေရင်းနဲ့ အချိန်ကုန်သွားခဲ့ပါတယ်၊ ဆိုရှယ်လစ် နိုင်ငံထူထောင်ဘို့အတွက် မကြိုးစားနိုင်ခဲ့ပါဘူး။

အင်္ဂလန်မှာလဲ အလုပ်သမားများကို နိုင်ငံရေးအာဏာတွေ တိုးခဲ့ပေးဘို့အတွက် ဆူပူကြတဲ့ ချာတစ်(စ်)(ထ်) အရေးတော်ပုံကြီးဟာလဲ သမုဒ္ဒရာရေမျက်နှာထက် ခဏတက်တဲ့ ရေပွက်ပမာ လို ၁၈၃၈-ခုနှစ်လောက်မှာ ပေါ်ပေါက်လာပြီး မကြာမီကွယ်ပျောက်သွားပါတယ်။ ချား(စ်)(ထ်)တို့ဟာ ဆိုရှယ်လစ်နိုင်ငံထူထောင်တဲ့အထိ မကျူးစားသွားနိုင်ခဲ့ရှာဘူး။

အခုပြောခဲ့တဲ့အချက်တွေကို ထောက်ကြည့်ပြီး အဲဒီအချိန်အခါတွေက ဥရောပမှာ ဆိုရှယ်လစ်နိုင်ငံ တည်ထောင်နိုင်တဲ့ အခြေခံတွေ မပေါ်ပေါက်သေးဘူးဆိုတာကို တွေ့နိုင်ပါတယ်၊ မာ့(ခ်)(စ်)ဝါဒကလဲ အခုအချိန်အခါမျိုးမှာလို သိတ်ပြီး မပြန့်နှံ့သေးဘူး၊ ၁၈၆၄-ခုနှစ်မှာ မာ့(ခ်)(စ်)ရဲ့ လှုံ့ဆော် ချက်အရ "အင်တာ နေရှင်နယ် (လ်) ဝါကင်းမင်း (စ်) အက်ဆိုစီရေးရှင်း (နိုင်ငံပေါင်းဆိုင်ရာ အလုပ်သမားများ အစည်းအရုံးချုပ်) တည်ထောင်ပြီးတော့မှဘဲ မာ့(ခ်) (စ်) ရဲ့ ဝါဒဟာပိုပြီး ပျံ့နှံ့ လာ တယ်။ အားကောင်း လာပါတယ်။ ဒီ အစည်း အရုံး ချုပ်ကို ဆို ရှယ်လစ် သမိုင်းမှာ "ဖပ်(စ်) (တ်) အင်တာ နေရှင်နယ် (လ်)" (ပထမ နိုင်ငံပေါင်းဆိုင်ရာ) လို့ အတိုချုပ်နည်းနဲ့ အမည်တွင်နေပါတယ်။

အဲဒီလိုမာ့(ခ်)(စ်)ဝါဒဟာ ဥရောပ တိုက်မှာ မပျံ့နှံ့ သေး ခင်အားမကောင်းသေးခင် ဥရောပတိုက်မှာ အတော်ခေတ်စားခဲ့တဲ့ နိုင်ငံရေးဝါဒဟာ ဟီဂဲ(လ်)လဇ္ဇင်း(မ်) သို့မဟုတ် ဟီဂဲ(လ်)ဝါဒဘဲဖြစ်တယ်။ ဟီဂဲ(လ်)ဟာ တိုင်းသူပြည်သားများ ကိုယ့်စီးပွားကိုသာ ကိုယ်ရှာနေတဲ့ စနစ်မျိုးကို မကြိုက်ဘူး။ တိုင်းသူပြည်သား အားလုံးဟာ သူတို့ "တိုင်းပြည်" ရဲ့ အင်အား ကောင်းအောင် တညီတညွတ်ထဲဝိုင်းပြီး လုပ်ပေးကြရမယ်။ ခပ်တိုတိုပြောရယင် တိုင်းသူပြည်သားများဟာ အသက်ရှင်နေကြတာ တိုင်းပြည်အတွက်သာ ဖြစ်တယ်။ အဲဒါကြောင့် အသက်အသေခံစရာရှိရင်လဲ သူတို့ရဲ့ "တိုင်းပြည်"အတွက်သာ ဖြစ်စေရမယ်။ နောက်ပြီးတော့လဲ တိုင်းပြည်ထဲမှာ အစိုးရသာရှိမယ်။ အတိုက်အခံများမရှိစေရဆိုတဲ့ သဘောတရားတွေ ပါနေတဲ့အတွက် ဟီဂဲ(လ်)ရဲ့ဝါဒဟာ အသက်ဦးဆံပိုင်စနစ်ကိုတိတိလင်းလင်း ထောက်ခံ နေတာကိုတွေ့ရတယ်။ နောက်ပြီးတော့လဲ တိုင်း ပြည်ရဲ့ ကိစ္စ အရပ်ရပ်ကို ဆောင် ရွက်တဲ့ နေရာမှာ တိုင်းသူပြည်သားများမှာလဲ အရည် အချင်း တမျိုးစီ ရှိကြတဲ့အတွက် အရည်အချင်းပိုပြီးရှိတဲ့ လူတွေကို တခြား လူတန်းစား တွေက ခွဲတုတ်ရမယ်လို့ ဝါဒဖြန့်ထားတာကိုလဲ တွေ့ရတယ်။ ဒီဝါဒအရလဲ ဟီဂဲ(လ်)ဟာ မျိုးမျိုး၊မတ်မျိုး

ကို ထောက်ခံနေတာတွေ့ရတယ်။သူ့ဝါဒထဲမှာအထူးအဆန်းဆုံး သဘောတရားကတော့ တခြားဟာမဟုတ်ဘူး။တိုင်းပြည်တပြည်ရဲ့ကောင်း၊ မကောင်းကို ဆုံးဖြတ်ချင်ယင် ဒီတိုင်းပြည်ရဲ့တန်ခိုးအင်အားကို ကြည့်ပြီး ဆုံးဖြတ်ချင်တယ်ဆိုတဲ့ သဘောတရားပင်ဖြစ်ပါတယ်။ ဒီသဘောတရားကတော့ 'စစ်မဲ့ ဖြစ်ပွားတို့နဲ့ ကိုယ့်ထက်အားသေးတဲ့နိုင်ငံကလေးတွေကို နိုင့်ထက်စီးနင်းသိမ်းယူပြီး အင်ပိုင်ယာကြီး ထူထောင်ဘို့ကို တိုက်ရိုက် အားပေးရာ ရောက်ပါတယ်။ ဒီဝါဒဟာ ၁၉-ရာစုအတွင်းက ဂျာမန်လူငယ်များကို အတော် လွှမ်းမိုးခဲ့ပါတယ်။ နာဇီဂျာမဏီဟာလဲ ဒီဝါဒကိုဘဲ အခြေပြုခဲ့တာ ထင်ရှား ပါတယ်။ အဲဒါကြောင့် ငယ်ရွယ်စဉ်က မာ့(ခ်)(စ်)ကိုယ်တိုင်ကိုပင် ဟီဂဲ(လ်)ရဲ့ဝါဒဟာ လွှမ်းမိုးခဲ့ဘူးတယ်ဆိုတာ တယ်ပြီး အံ့သြစရာ မရှိပါဘူး။ အဲဒီ ပညာရှင်ကြီး ဟီဂဲ(လ်)က ကမ္ဘာရဲ့ တိုးတက်ခြင်းဟာ "အိုင်ဒီယာ"ရဲ့ တိုးတက်ခြင်းကြောင့်ဖြစ်တယ်လို့ ယူဆတယ်။ အဲဒီအဓိပ္ပါယ်ကတော့ လူတွေရဲ့စိတ်ကူးဉာဏ်တွေ တိုးတက်လာသလောက်ကမ္ဘာကြီးကလဲ လိုက်ပြီး တိုးတက်လာတယ်လို့ ဆိုလိုတယ်။ စိတ်ကူးဉာဏ်တွေကလဲ သီးဆစ်(စ်)၊ အင်တီသီးဆစ်(စ်) ဆင်းသီးဆစ် (စ်)ဆိုတဲ့ နည်းအရ တိုးတက်နေတယ်လို့ ဟီဂဲ(လ်)ကပြောတယ်။ ဒီစကားရဲ့အဓိပ္ပါယ်ကတော့ ဒီလိုပါ။လူတဦးဟာ ရှေးဦးစွာအကြံတခုကို စိတ်ကူးလိုက်တယ်။ အဲဒီအကြံကို စိတ်ကူးပြီးတဲ့နောက် ဒီအကြံရဲ့ ဆန့်ကျင်ဘက်ကို စိတ်ကူးပြန်တယ်။ အဲဒီအကြံရဲ့ဆန့်ကျင်ဘက် အကြံနှစ်ခု စလုံးထဲက အကောင်းဆုံး တွေကို ယူပြီး တတိယ အကြံတခုကို စိတ်ကူးပြန်တယ်။ အဲဒီနည်းအားဖြင့် လူတွေရဲ့ စိတ်ကူးဉာဏ် ဟာ တိုးတက်နေတယ်။လူတွေရဲ့ စိတ်ကူးဉာဏ် တိုးတက်သလောက် ကမ္ဘာကြီးကလဲ လိုက်ပြီး တိုးတက်နေတယ်။ အဲဒါဟာ ဒိုင်ယာလက် တီကယ် (လ်) အိုင်ဒီး လဇ္ဇင်းလို့ခေါ်တဲ့ ဟီဂဲ(လ်)ရဲ့ ဝါဒဖြစ်တယ်။

မာ့(ခ်)(စ်)ကတော့ ဟီဂဲ(လ်)လိုမယူ။ မာ့(ခ်)(စ်)ဟာ ဟီဂဲ(လ်)ရဲ့ ဒိုင်ယာလက်တစ်(ခ်)ကို လက်ခံတယ်။ ဟီဂဲ(လ်)ရဲ့အင်တီသီးဆစ်(စ်)။ ဆင်းသီးဆစ်(စ်)နည်းကို လက်ခံတယ်၊ ဒါပေမဲ့ ကမ္ဘာကြီးတိုးတက်တာဟာ လူတွေရဲ့ စိတ်ကူးဉာဏ်တိုးတက်တာကြောင့် ဖြစ်တယ်လို့ ဟီဂဲ(လ်)ရဲ့ အင်တီသီးဆစ်(စ်)၊ ဆင်းသီးဆင်(စ်)နည်းကိုလဲ လက်ခံတယ်၊ ဒါပေမဲ့ ကမ္ဘာကြီး တိုးတက်တာဟာ လူတွေရဲ့ စိတ်ကူးဉာဏ်တိုးတက်တာကြောင့် ဖြစ်တယ်လို့ ဟီဂဲ(လ်)ရဲ့ ယူဆချက်ကိုတော့ မာ့(ခ်)(စ်)က လက်မခံဘူး။

မာ့(ခ်)(စ်)ရဲ့ဝါဒအရဆိုလျှင် လူရဲ့ကုန်လုပ်ကိရိယာများဟာ ဒိုင်

ယာသက်တစ်နည်းအရ တိုးတက်လျက်ရှိကြတယ်၊ ဒီကုန်လုပ်ကရိယာများ တိုးတက်လာတဲ့အတိုင်း ဒီကရိယာများပေါ်မှာ မှီပြီး ထူထောင်ထားရတဲ့ လူ့အဆောက်အအုံကြီးဟာလဲ တိုးတက်လာရတယ်၊ ဒီလူ့အဆောက်အအုံကြီး တိုးတက်လာရတဲ့အတိုင်း လူ့အဆောက်အအုံပေါ်မှာ အမှီပြုနေရတဲ့အုပ်ချုပ်ရေးတွေ၊ လူအချင်းချင်းဆက်ဆံရေးတွေ၊ လူ့စိတ်ဓါတ်တွေ၊ လူ့အယူအဆတွေလဲတိုးတက်လာကြရတယ်၊ အဲဒီသဘောတရားဟာ အကြမ်းအားဖြင့် သပိုင်းနဲ့ပါတ်သက်ပြီး မာ့(ခ်)(စ်)ယူကဲ့ သဘောတရားဖြစ်ပါတယ်၊ အဲဒီသဘောတရားကို အင်္ဂလိပ်လိုဟစ်(စ်) တောရီကယ်(လ်) မတီးရီးယယ်(လ်) လဇ္ဇင်း(မ်)လို့ ခေါ်ပါတယ်။

မာ့(ခ်)(စ်) ဝါဒကို လက်ခံတဲ့ လူတွေဟာ ကမ္ဘာ့သမိုင်းနဲ့ ပတ်သက်ပြီး အထက်ပါ အတိုင်း ယူဆကြပါတယ်၊ ကမ္ဘာကြီးဟာ လူပေါ်စကနဲ့ မဘူတော့ဘူး၊ တိုးတက်နေပြီး စီးပွါးရေး နိုင်ငံရေး၊ လူမှုဆက်ဆံရေး၊ လူ့စိတ်ဓါတ်--လူ့အယူအဆမှစပြီး အားလုံး တိုးတက်နေပြီ။ ဒီလိုတိုးတက်နေရခြင်းဟာ အခြားကြောင့် မဟုတ်ဘူး၊ တိုးတက်မှု အားလုံး တို့ရဲ့ ရေသောက်မြစ်ကြီး ဖြစ်တဲ့ ကုန်လုပ် ကရိယာတွေကလဲ လူပေါ်စကနဲ့ မတူတော့ဘဲ တိုးတက်နေတဲ့ အတွက်ပင် ဖြစ်တယ်လို့ မာ့(ခ်)(စ်)ဝါဒ သမားများက ယူဆထားပါတယ်။

မာ့(ခ်)(စ်)ဟာ ဒိုင်ယာ လက်တစ်(ခ်)ကို ဟီဂဲ(လ်) ထံက ရတယ်၊ ဟီဂဲ(လ်)ရဲ့ အိုင်ဒီးလစ်ဇင်း(မ်)က မတီးရီးယယ်(လ်) လဇ္ဇင်း(မ်)ကို ကူးပြောင်းလာတာလဲ ဖူးဝါးဘက်(ခ်)ကြောင့်ဖြစ်တယ်၊ ဒါပေမဲ့ ဒီဟစ်(စ်) တောရီကယ်(လ်) မတီးရီးယယ်(လ်)လဇ္ဇင်း(မ်)ကိုတော့ မာ့(ခ်)(စ်) ကိုယ်တိုင် ပထမ စတင် တွေ့ရှိသွားပါတယ်၊ မာ့(ခ်)(စ်)ရဲ့ ဟစ်(စ်)တောရီကယ်(လ်) မတီးရီးယယ်(လ်)လဇ္ဇင်း(မ်) အရ ကမ္ဘာ့ သမိုင်းအစက နေပြီး အခုအချိန်အထိ ကုန်လုပ် ကရိယာဟာ လေးမျိုးပြောင်းခဲ့ပြီးပြီ၊ အဲဒီလေးမျိုးကို အမှီပြုပြီး လူ့အဆောက်အအုံကြီးဟာလဲ လေးမျိုးပြောင်းခဲ့ပြီးပြီ၊ အဲဒီလေးမျိုးကတော့....

(၁) အေရှတစ်(ခ်)
(၂) ကလပ်စီးကဲ(လ်)
(၃) ဖြူးဒဲ(လ်)နဲ့

(၄) ကက်ပီတယ်(လ်)လစ်(ထ်) လူ့အဆောက်အအုံတို့ပင် ဖြစ်ပါတယ်။

အေရှတစ်(ခ်)ဆိုတာကတော့ တခြားမဟုတ်ပါဘူး အာရှတိုက်တွင် ပေါ်ခဲ့ဘူးတဲ့ လူ့အဆောက်အအုံဖြစ်ပါတယ်။

ကလပ်စီကဲ(လ်) ဆိုတာကတော့ ဂေါ်မတိုင်းနဲ့ ရောမ တိုင်းတို့မှာ ပေါ်ခဲ့ဘူးတဲ့ လူ့အဆောက်အအုံဖြစ်ပါတယ်။

ဖြူးဒဲ(လ်)ဆိုတာက အလယ်ခေတ်လောက်က ဥရောပတိုက်နဲ့ အာရှတိုက်တို့မှာ ပေါ်ခဲ့ဘူးတဲ့ လူ့အဆောက်အအုံဖြစ်ပါတယ်။

ကက်ပီတယ်(လ်)လစ်(ထ်)ဆိုတာက အခုအခါ ကမ္ဘာပေါ်မှာ အနှံ့အပြားရှိနေတဲ့အရင်းရှင်စံနစ် တည်ထွန်းနေတဲ့ လူ့အဆောက်အအုံ ဖြစ်ပါတယ်။

ဒီလိုလူ့အဆောက်အအုံ လေးမျိုးရှိတယ်လို့ မာ့(ခ်)(စ်)က ယူဆပြီးတဲ့နောက် လူဝစ်မော်ဂန်ဆိုသူ ရေးသားထားတဲ့ "အိန်းရှင့်(ထ်)ဆိုဆိုက်(ရ်)တီး" (ရှေးကျသော လူ့အဆောက်အအုံ)ကို ဘတ်ပြီးတဲ့အခါမာ့(ခ်)(စ်)ဟာသူရဲ့ အယူ အဆကို အနည်းငယ် ပြင်ဆင် လိုက်တယ်လို့ ယုံကြည်စရာအကြောင်းရှိပါတယ်။

ဟစ်(စ်)တော်ရီကယ်(လ်) မတီးရီးယယ်(လ်) လဇ္ဇင်း(မ်)အရဆိုရင် ကလပ်စီကယ်(လ်) လူ့အဆောက်အအုံကို အေရှစ်တစ်(ခ်)က မွေးထုတ်ရမယ်၊ ဖြူးဒဲ(လ်)ကို ကလပ်စီကယ်(လ်)က မွေးထုတ်ရမယ်၊ ကက်ပီတယ်လစ်(ထ်)ကို ဖြူးဒဲ(လ်)က မွေးထုတ်ရမယ်၊ ဒါပေမဲ့ ကမ္ဘာ့သမိုင်းအရဆိုရင် အေရှတစ်(ခ်)နဲ့ ကလပ်စီကယ်(လ်)တို့ဟာ တချိန်ထဲပေါ်ပေါက်နေတဲ့ လူ့အဆောက်အအုံတွေဖြစ်နေကြတယ်၊ ဒီအဆောက်အအုံနှစ်ခုဟာ အရောင်အသွေးချင်း နဲနဲကွဲပြားနေတာကတော့ တခြားကြောင့် မဟုတ်ပါဘူး၊ သူတို့ရဲ့ ပတ်ဝန်းကျင်များဖြစ်ကြတဲ့ ရေ၊မြေ၊တော၊တောင်၊ရာသီဥတုတို့ရဲ့ ခြားနားကြခြင်းကြောင့်ပင်ဖြစ်ပါတယ်။

လူဝစ်မော်ဂန်ဟာ သမိုင်းအရ ရှေးအကျဆုံး လူ့အဆောက်အအုံမှာ ကလင်း လူ့အဆောက်အအုံဖြစ်တယ်လို့ စတင်တွေ့ရှိသူ ဖြစ်ပါတယ်၊ ဒါ့ကြောင့် သူ့စာအုပ်ကို ဘတ်ပြီးတဲ့နောက် လူ့အဆောက်အအုံ လေးမျိုးဟာ....

(၁) ကလင်း၊
(၂) အေရှတစ်(ခ်)သို့မဟုတ် ကလပ်စီကယ်(လ်)၊
(၃) ဖြူးဒဲ(လ်)နဲ့
(၄) ကက်ပီတယ်(လ်) လစ်(ထ်) လူ့အဆောက်အအုံတို့ ဖြစ်ကြကယ့်လို့ မာ့(ခ်)(စ်)က ပြင်ဆင်ရေးသားခဲ့ပါတယ်။

ကလင်း လူ့ အဆောက်အအုံ ဆိုတာ တခြား မဟုတ်ဘူး။ ကမ္ဘာဦးအစက လူတို့ဟာ အခုလို နိုင်ငံတွေ ထူထောင်ပြီး နေကြတာ မဟုတ်ဘူး သူတို့ရဲ့အသက်မွေးဝမ်းကျောင်းကိစ္စအတွက် လုပ်ဘော်ကိုင်ဘက်ဖြစ်တဲ့လူတွေ စုပြီးရှာတည်နေကြတယ်၊ ဒီလို ကိုယ့်လူစုကိုယ်နေထိုင်ကြတာကိုကလင်းလူ့အဆောက်အအုံလို့ ခေါ်တယ်။

ဟစ်(စ်)တော်ရိကယ်(လ်) မတီးရီးယယ်(လ်) လဇ္ဇင်း(မ်) အရ ကလင်းက အေရှတစ်နဲ့ ကလပ်စီကယ်(လ်)ကို မွေးထုတ်တယ်၊ အေရှတစ်(ခ်)နဲ့ ကလပ်စီကယ်(လ်)က ဖြူးဒဲ(လ်)ကို မွေးထုတ်တယ်၊ ဖြူးဒဲ(လ်)က ကက်ပီတယ်(လ်)လစ်(ထ်)လူ့အဆောက်အအုံကြီးကို မွေးထုတ်တယ်၊ ဒါပေမဲ့ ဒီလိုအစဉ်တစိုက် တိုးတက်လာတဲ့ လူ့အဆောက်အအုံကြီး လေးမျိုးရှိတဲ့ အထဲ ကဘယ်အိမ်ထောင်ဟာဘယ်သက္ကရာဇ်က ဘယ်သက္ကရာဇ်အထိ ကြာတယ်၊ ဘယ်တော်လှန်ရေးလက်သယ်တွေက ဘယ်သူ့ဗိုက်ထဲက ဘယ်ကလေးကိုဘယ်လိုဆွဲထုတ်ယူလာတယ် ဆိုတဲ့အချက်တွေကိုတော့ ဘယ်သူမှတိတိကျကျ ကြေနပ်လောက်အောင် မပြောနိုင်သေးဘူး၊ အဲဒီတော့ ရဲဘော်တို့၊ ဒီကနေ့အဘို့တော့ သမိုင်းအပိုင်းနဲ့ ပတ်သက်ပြီးဒီလောက်နဲ့ဘဲ တော်လောက်ပါပြီ။

မာ့(ခ်)(စ်) ဝါဒ၏ စီးပွါးရေးပိုင်း။

ရဲဘော်တို့

မာ့(ခ်)(စ်)ဆဇ္ဇင်း(မ်)၊ ဒါမှမဟုတ်ယင်လဲ မာ့(ခ်)(စ်)ဝါဒမှာ....

(၁) သဘောတရားပိုင်း၊
(၂) သမိုင်းအပိုင်းနဲ့
(၃) စီးပွါးရေးအပိုင်းဆိုပြီးသမိုင်းကြီးသုံးပိုင်းရှိတဲ့အနက်သဘောတရားအပိုင်းနဲ့ သမိုင်းအပိုင်းကို အကြမ်းအားဖြင့် ကျွန်တော်ရှင်းပြခဲ့ပြီးပါပြီ။ နောက်ဆုံး အပိုင်းဖြစ်တဲ့ စီးပွါးရေးအပိုင်းကို အခုဘဲ ကျွန်တော် ရှင်းပြပါတော့မယ်။

ရဲဘော်တို့

မာ့(ခ်)(စ်)ရဲ့ အီကော်နော်မစ်(စ်)(ထ်)သဘောထားကို ခဆွေးနွေးခင် အီကော်နော်မစ်ခ်(စ်)(ထ်)ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်ကို လွယ်နိုင်သမျှလွယ်အောင် ရှေးဦးစွာ ရှင်းလိုက်ကြဦးစို့၊ အီကော်နော်မစ်(စ်)(ထ်)ကို တခါတလေ ပေါ်လီတီကယ်(လ်)အီကော်နော်မီလို့လဲ ခေါ်တတ်ကြတယ်။

အီကော်နော်မစ်(စ်)(ထ်)ကို အကြမ်းဆုံး၊ အလွယ်ဆုံး နည်းနဲ့ မှတ်ထားရအောင် အီကော်နော်မစ်(စ်)(ထ်)ဟာ တခြားဟာ မဟုတ်ဘူး၊ လူတို့ရဲ့ဝမ်းရေး၊ နေရေး ဝတ်ရေးတို့အတွက် လူတွေဟာ ဘယ်ပုံဘယ်နည်းဆောင်ရွက်ကြတာကို ရှင်းလင်းပြသထားတဲ့ ပညာပင်ဖြစ်ပါတယ်၊ အခုကျွန်တော်ရှင်းပြတဲ့ အဓိပ္ပါယ်ဟာ မလုံလောက်သေးပါဘူး၊ တိတိကျကျ မရှိလှသေးပါဘူး၊ ဒါပေမဲ့ အစသဘောနဲ့ ဒီလောက်ဘဲ မှတ်သား ထားကြစေချင် ပါသေးတယ်။

"လူ့အသုံးအဆောင် မှန်သမျှသော ကုန်တွေကို ဘယ်လိုလုပ်ကြသလဲ"

"ဘယ်လိုဝေငှကြသလဲ"

"ဘယ်လို သုံးပစ်ကြသလဲ"

"ဘာဖြစ်လို့ လက်တဆုပ်လောက်သာ ရှိတဲ့လူတွေဟာ ချမ်းသာကြွယ်ဝကြပြီး လူထုကြီးဟာ ဆင်းရဲနေရသလဲ"

"မော်တော်ကား မောင်းတဲ့လူတယောက်ဟာ ဘာဖြစ်လို့လယ်သမားတယောက်ထက် ပိုပြီး ပိုက်ဆံရရသလဲ"

"အလုပ်တခုကိုလုပ်ရင်တဦးစီ အလုပ်သေးကလေးများအဖြစ်နဲ့ ခွဲလုပ်တာထက် တဦးတည်းပေါင်းပြီး အလုပ်ကြီး လုပ်ကြတာက ပိုပြီး ကောင်းသလားမကောင်းဘူးလား"

ပြည်ပိုင်အစိုးရဟာ တိုင်းပြည်ရဲ့ လုပ်ငန်းတွေကို ကြိုးကိုင်တာကောင်းသလား"

ငွေဆိုတာ ဘယ်ကပေါ်လာသလဲ"

"အလုပ်သမား ကယောက် ဘယ်လောက်ရ ရမယ်လို့၊ ဘယ်သူက ဆုံးဖြတ်ပေးသလဲ"

“အလုပ်လက်မဲ့တွေ ဘာကြောင့်ပေါ်လာသလဲ” အစရှိတဲ့ လူတွေရဲ့ ဝမ်းရေး၊နေရေး၊ဝတ်ရေးတို့နဲ့ ပါတ်သက်တဲ့ မေးခွန်းပေါင်းသောင်းခြောက်ထောင်ကို ဖြေဆိုတဲ့ပညာဟာ အီကော်နော်မစ်(စ်)(ထ်)ပင်ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဝမ်းရေး အတွက် အစားအစာလိုတယ်၊ နေရေး၊ အတွက် အိမ်တွေ လိုတယ်။ ဝတ်ရေး အတွက် အဝတ် အစားတွေလိုတယ်၊ ဒီကုန်တွေကို ရဘို့အတွက် အလွယ်ဆုံးတနည်းကတော့ တခြားဟာမဟုတ်ဘူး။ ကိုယ့်ဝမ်းစာကိုယ်စိုက်၊ ကိုယ့်အဝတ်ကိုယ်ယက်ပြီး ကိုယ့်အိမ်ကို ကိုယ်ဆောက်တဲ့နည်းဘဲဖြစ်တယ်၊

လူ့သမိုင်းပေါ်စကလူများဟာ ဒီအတိုင်းလုပ်ခဲ့ကြတာဘဲ၊ အခုထက်ထိလဲ အချို့ဒေသတွေမှာ ဒီနည်းအတိုင်းလုပ်နေတုန်းဘဲရှိသေးတယ်၊ ဒါပေမဲ့ လူတွေဟာ တနေ့တခြားတိုးတက်လာကြသလောက် သူတို့ရဲ့ စားရေး၊နေရေး၊ ဝတ်ရေးတို့မှာ သူတို့ရဲ့ အလိုဆန္ဒ တွေဟာ တိုးတက်လာကြတယ်။ ဥပမာ– ရှေးရှေးက အမဲပေါင်ကို မီးကင်ပြီ စားလိုက်ယင်ပြီးနိုင်တယ်။ အခုတော့ဆီပြန် ချက်ရမှ ကျေနပ်တယ်။ ထမင်းစားပြီးယင်လဲ အိုင်စကရင်စားပြီး ,စီးကရက် သောက်ချင်ကြသေးတယ်၊ အဝတ်မှာလဲ ဒီနည်းအတိုင်းဘဲ။ ရှေးတုန်းက လူတယောက်ဟာ ပင်နီငါးကိုက်လောက်ရှိယင် အဝတ်အစားအတွက် ခြောက်လလောက်ဖူလုံနိုင်တယ်၊ အခုတော့ ပဒုမ္မာတို၊ ဝိုင်သားတို့ရှိရုံနဲ့ မပြီးသေးဘူး။ နိုင်လွန်ကို လိုချင်ကြသေးတယ်၊ ပိုးအင်္ကျီနဲ့ ဘန်ကောက်လုံချည်ကိုလဲ ဝတ်ချင်ကြသေးတယ်။ အိမ်အတွက်မှာအဝါးဒနဲ့ ဓနိ ရှိရုံနဲ့ မပြီးသေးဘူး။ ဘိလပ်မြေ၊ အုတ်၊ သံတိုင်စတဲ့ပစ္စည်းတွေလဲရှိရအုံးမယ်။ မှောင်မကြီးထဲမှာမနေတတ်တဲ့ အတွက် ဓါတ်မီးလဲရှိရအုံးမယ်။ အိုက်တဲ့ အခါ ဖွင့်ဘို့ အတွက် ပန်ကာကိုလဲ လိုသေးတယ်၊အဲဒါကြောင့် အခုခေတ်မှာ ကိုယ့်ကုန်ကို ကိုယ်တိုင်လုပ်ဘို့ စံနစ်ဟာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး။

နောက်ပြီး တော့လဲ လူတယောက်ဟာ သူလိုတဲ့ ပစ္စည်းတွေ အားလုံး အတွက် စက်ရုံတွေကို ရှောက်ပြီး ဆောက်နေလို့လဲမဖြစ်နိုင်ပါဘူး။

အဲဒါကြောင့်လူတွေဟာ သူတို့လိုလားတဲ့ကုန်တွေအတွက်အလုပ်ကိုခွဲပြီး လုပ်ကြရတယ်။ဥပမာ ဘိနပ်ချုပ်သမားကဘိနပ်ကိုချုပ်တယ်။အင်္ကျီချုပ်သမားက အင်္ကျီကိုချုပ်တယ်၊ ဆေးလိပ်လိပ်သမားက ဆေးလိပ်ကိုလိပ်တယ်။ လယ်သမားက လယ်လုပ်တယ်။ ဒီလိုလုပ်လို့ရတဲ့ကုန်တွေကို တဦးနဲ့တဦး လဲလှယ်

ချင်လဲ လဲလှယ်နိုင်တယ်၊ ဒါမှ မဟုတ်ယင်လဲ ဒီကုန်တွေကို ငွေနဲ့ ရောင်းပြီး ကိုယ်လိုတဲ့ ကုန်တွေကို ဝယ်ယူ နိုင်တယ်။ အမှုထမ်း၊ အရာထမ်း၊ စက်ဆရာ၊ ကားမောင်းသမား စတဲ့ အခစားအလုပ်သမားများ ဆိုယင်လဲ သူတို့လုပ်လို့ ရတဲ့အခများနဲ့ သူတို့လိုရာကုန်တွေကို ဝယ်နိုင်တယ်။

ကုန်မှန်ယင် ဘယ်ကုန်မှာမဆို အကြမ်းအားဖြင့် အဆင့်သုံးဆင့်ရှိတယ်။ ဒီအဆင့်သုံးသင့်ကတော့–

(၁) ကုန်ဖြစ်အောင်လုပ်ခြင်း။
(၂) အသုံးပြုခြင်း၊
(၃) ဝေပုံချခြင်းတို့ပင်ဖြစ်ပါတယ်။

အဲဒီအဆင့်သုံးဆင့်ထဲက ကုန်ဖြစ်အောင်လုပ်ခြင်းဆိုတဲ့ ပထမအဆင့်ကို ကျွန်တော် ရှင်းပြ ချင် ပါ တယ်၊ ဒီအဆင့်ကို ဥပမာ ကလေးနဲ့ ရှင်းပြ ချင် ပါတယ်။

ဥပမာ ရှမ်းဖက်ဆေးလိပ်ဖြစ်အောင် ဖြေရှင်းရမယ်၊ ရှမ်းဖက်ပင် စိုက်ရမယ်။ ရှမ်းဖက်ခူးရမယ်။ ဖက်တွေကို ပိုထဲမှာ ထည့်ရမယ်။ ဒီရှမ်းဖက်ပိုတွေကို မော်တော်ကား၊ မီးရထား၊ သင်္ဘော၊ လှေ၊ သမ္ဗာန်၊ ကူလီအစရှိသည်တို့ဖြင့် ဆေးလိပ်ခုံတွေကို ရောက်အောင်ပို့ပေးရမယ်။ ဆေးလိပ်လိပ်သမားတွေက ဆေးလိပ်ဖြစ်အောင် လိပ်ပေးရမယ်။ ဆေးလိပ် ဖြစ်လာတဲ့အခါ လက်လီလက်ကားဆိုင်တွေက ရောင်းဝယ်ရမယ်။ သင်္ဘော၊ မီးရထား၊ ကူလီ၊ဆိုင် အစရှိသည်တို့ဟာ ဆေးလိပ်ဖြစ်အောင် လုပ်တဲ့နေရာမှာ တိုက်ရိုက်မပါပေမဲ့ ဆေးလိပ်ရဲ့ တန်ဘိုးဖြစ်လာအောင်လုပ်ပေးတဲ့နေရာမှာ တစိတ်တဒေသ ပါနေတဲ့ အတွက် သင်္ဘော၊ မီးရထား၊ ကူလီ ဆိုင်တို့ကိုလဲ ကုန်ဖြစ်အောင် လုပ်ခြင်း ဆိုတဲ့ ပထမအဆင့်မှာ ထည့်ထားခြင်းဖြစ်ပါတယ်။ ဥပမာ ဆေးလိပ်တရာရဲ့ တန်ဘိုးဟာ တကျပ် ဖြစ်တယ် ဆိုပါစို့။ သင်္ဘော၊ မီးရထား၊ ကူလီ၊ ဆိုင်တို့ကလဲ တကျပ်ထဲမှာ တစိတ် တဒေသ ဆိုင်ကြတယ်။ ဒါကြောင့် ဆေးလိပ်ဖြစ်လာအောင် တိုက်ရိုက်လုပ်ပေးတဲ့နေရာမှာ မပါပေတဲ့ ဆေးလိပ်ရဲ့ တန်ဘိုးဖြစ်လာအောင် လုပ်ပေးတဲ့နေရာမှာ တစိတ်တဒေသပါဝင်ကြပါတယ်။

ရဲဘော်တို့။

ကုန်ဖြစ်အောင်လုပ်ခြင်းဆိုတဲ့ ပထမအဆင့်ကို ကျွန်တော်ရှင်းပြပြီးပါ

ပြီ။ အသုံးပြုခြင်းဆိုတဲ့ဒုတိယအဆင့်ကို ကျွန်တော်ရှင်းပြပါတော့မယ်။ ဒီဒုတိယ အဆင့်ကတော့ အရှင်းရ အင်မတန်လွယ်ပါတယ်၊

ရဲဘော်တို့။

ဆေးလိပ်ဖြစ်လာတဲ့အခါ ဆေးလိပ်သောက်ကြခြင်းဟာ အသုံးပြုခြင်း ပင်ဖြစ်ပါတယ်။

ရဲဘော်တို့။

ဒုတိယအဆင့်ကို ရှင်းပြီးတဲ့နောက် ဝေပုံချခြင်းဆိုတဲ့ တတိယအဆင့်ကို ကျွန်တော်ရှင်းပြချင်ပါတယ်။

ရဲဘော်တို့။

အခုပြောခဲ့တဲ့ အဆင့်သုံးဆင့်ထဲမှာ ဝေပုံချခြင်းဆိုတဲ့ တတိယအဆင့်ဟာ နားလည်ဖို့ အခက်အခဲဆုံး ဖြစ်ပါတယ်။ ဝေပုံချခြင်း ဆိုတာ တခြားမဟုတ်ပါဘူး ။ကုန်ဖြစ်အောင်လုပ်ရာမှ ဖြစ်ပေါ်လာတဲ့စီးပွားကို ဝေပုံချခြင်း ဖြစ်ပါတယ်။ ဒီစီးပွားကို အလုပ်မလုပ်ဘဲနဲ့လဲ မရနိုင်ဘူးလို့ တချို့ အိုကော်နောမစ်(စ်)(တ်) ပညာရှင်တို့က အဓိပ္ပါယ် ရှင်းခဲ့ ကြဘူးပါတယ်။ ရှမ်းဖက်၊ ဆေးရိုး၊ ဆေး၊ အစီခံ၊ ဆေးလိပ် အစ ရှိသည်တို့ဟာ စီးပွားဖြစ်နိုင်တဲ့ အရာများပင် ဖြစ်ကြပါတယ်။ သူတို့ရဲ့ စီးပွားဟာ ကြီးတယ်။ ငယ်တယ် ဆိုတာကို လူတို့နဲ့ လုပ်ထားရတဲ့ ဆေးလိပ်ရဲ့တန်ဘိုးအားဖြင့် ဆုံးဖြတ်နိုင်ပါတယ်၊

ဆေးလိပ်ရဲ့ တန်ဘိုးကိုဆေးလိပ်ဆိုင်ရှင်ရဲ့ လက်ထဲကို ထည့်လိုက်ရပေတဲ့လဲ အမှန်စင်စစ်ဆေးလိပ်ဘိုးကို ဆိုင်ရှင်တဦးထဲကရတာမဟုတ်ပါဘူး။ ရှမ်းဖက်စိုက်ဘို့ မြေကြီးရှင်းတဲ့လူကစပြီး ဆေးလိပ် ရောင်းတဲ့ ဆိုင်ရှင်အထိ တိုက်ရိုက်မဟုတ်ပေမဲ့ သွယ်ဝိုက်တဲ့နည်းများနဲ့ ဝေပုံချပြီး ယူကြရပါတယ်။ဘလော်လုပ်တဲ့ လူတွေ၊ ပုံနှိပ်ပေးတဲ့လူတွေပင် ပါကြပါတယ်။ ဒီလိုနည်းနဲ့ ဆေးလိပ်နဲ့ ပါတ်သက်တဲ့လူတွေအားလုံးဟာ ဆေးလိပ်ရောင်းလို့ရတဲ့ တန်ဘိုးကိုဝေပုံချပြီး ယူကြရပါတယ်။

ဒါပေမဲ့ ဝေပုံချပြီး ယူရမဲ့လူတွေကို တဦးစီ လိုက်ရှာနေဖို့ မဖြစ်နိုင်ဘူး။ ဒါကြောင့် ဝေပုံချပေးမဲ့ ဌာနကြီးတွေကိုရှာရပေလိမ့်မယ်။ ဒီဌာနကြီးတွေကတော့-

(၁) မြေကြီး။
(၂) အလုပ်။
(၃) ငွေရင်း။
(၄) စီမံအုပ်ချုပ်မှု။

ဆိုတဲ့ဌာနကြီး ၄-ခုဖြစ်ပါတယ်၊ ဒီဌာနကြီး ၄-ခုကတော့ အရင်းရှင် လူ့အဆောက်အဒုံကြီးထဲမှာ ဖြစ်ပေါ်နေတဲ့ ဌာနကြီးများ ဖြစ်ပါတယ်၊ အဲဒီဌာနကြီးလေးခုကို ကျွန်တော်တခုစီ ရှင်းပြချင်ပါသေးတယ်။

မြေကြီးဆိုတာ စီးပွားရေးရဲ့ ရေသောက်မြစ်ဖြစ်တယ်၊ ရှမ်းဖက်ဆေးလိပ်ရဲ့ ဥပမာကိုကြည့်ပါ၊ ရှမ်းဖက်ကို မြေကြီးမှာ စိုက်ရတယ်၊ ရှမ်းဖက်ကိုညှပ်ဘို့ ကတ်ကျေးနဲ့ တံဆိပ်တုံးတို့ ဘလောက်လုပ်တဲ့ ခဲတို့ တောင်မှ မြေကြီးကထွက်တဲ့ ကုန်ရိုင်းများနဲ့ လုပ်ကြတယ်၊ ကုန်ကုန်ပြောလိုက်မယ်၊ ဆေးလိပ်ချိုးပင် မြေကြီးပေါ်မှာ ဆောက်ရတယ်၊ အဲဒါကြောင့် စီးပွားတခုဖြစ်လာရင်ဒီစီးပွားကို ဝေပုံချတဲ့အခါမှာ မြေကြီးအတွက်လဲ ဝေပုံချပေးရတယ်၊ ဥပမာ ရှမ်းဖက်စိုက်ဘို့ မြေကွက်ကို လူတယောက်ကို ငှါးလိုက်ရင် မြေခရနိုင်တယ်၊ မြေရှင်ကိုယ်တိုင်စိုက်ယင်အမြတ်ပိုစာရင်းတွက်တဲ့အခါ ဒီမြေခကိုဖယ်ပြီးမှ အမြတ်တွက်နိုင်ပေလိမ့်မယ်။

အလုပ်ဆိုတာကလဲ အလုပ်သမားမရှိဘဲနဲ့ ဘယ်ကုန်ရိုင်းကုန်ချောကိုမှ မလုပ်နိုင်ဘူး၊ အလုပ်သမားဆိုတဲ့နေရာမှာ တူတစ်ဉ်ကိုကိုင်ပြီးလုပ်တဲ့အလုပ်သမားမဟုတ်ဘူး၊ ဦးနှောက်နဲ့အလုပ်လုပ်တဲ့ အလုပ်သမားတွေလဲ ပါဝင်ကြတယ်၊ စီးပွားကို ဝေပုံချပြီးယူတဲ့ နေရာမှာ ဒီအလုပ်သမားတွေ အတွက်လဲ ဝေပုံချပေးရမယ်။

အရင်းနဲ့ပတ်သက်လို့တော့ ဝါဒနှစ်မျိုး ထူးထူးခြားခြားကြီး ကွဲနေကြတယ်၊ အရင်းရှင်တွေဘက်ကဆိုရင် အရင်းဆိုတာ တခြားမဟုတ်ဘူး၊ အလုပ်ကို ကြိုးကြိုးပမ်းပမ်းလုပ်ပြီး ရသမျှကို မသုံးရက်၊မစားရက်ဘဲ စုဆောင်းလာခဲ့ရတဲ့ ပစ္စည်းဖြစ်တယ်လို့ဆိုကြတယ်၊ ဆိုရှယ်လစ်တွေဘက်ကဆိုရင် အရင်းဆိုတာတခြားမဟုတ်၊ အလုပ်သမားများ ရခွင့်ရထိုက်ရှိသော စီးပွားရေးက ခေါင်းပုံဖြတ်ထားသော ပစ္စည်းဖြစ်တယ်လို့ဆိုကြတယ်။ အရင်းဆိုတာငွေသက်သက်မဟုတ်ဘူး ကုန်လုပ်ကရိယာများ၊အဆောက်အဦများ၊ ကုန်ကြမ်းများလဲဖြစ်နိုင်ကြတယ်။

စီးပွားကို ဝေပုံချယူတဲ့ နေရာမှာ အရင်းရှင်တို့က အဘိုးအဖြစ်နဲ့ ယူ

ကြတယ်။ မြေကိုငှါးရင် မြေခပေးရသလို အရင်းရှင်တို့ရဲ့စက်ရုံများ၊တန်းဆာပလာများ၊ အဆောက်အဦးများ၊ ကုန်ကြမ်းများကို အသုံးပြုရင်လဲ အရင်းရှင်များကို အတိုးပေးရတယ်၊

စီမံအုပ်ချုပ်မှုဆိုတာလဲ စီးပွားကိုဝေပုံချတဲ့နေရာမှာ အရေးကြီးတဲ့အပိုင်းတပိုင်းဖြစ်တယ်၊ မြေကြီးအလုပ်သမားနဲ့ အရင်းတို့ရှိသည့်တိုင်အောင် အလုပ်ကို စီမံအုပ်ချုပ်တဲ့လူမရှိရင် အလုပ်ဟာ မအောင်မြင်နိုင်ပါဘူး၊ စီမံအုပ်ချုပ်သူတွေဟာ အလုပ်ရဲ့ကြီးပွါးကြောင်းအတွက် စိတ်ကူးရတယ်၊ မြေကြီးကိုရအောင်ရှာရတယ်၊ အလုပ်သမားတွေကိုရအောင် ငှါးရတယ်၊ လက်အောက်ငယ်သားတွေ စည်းကမ်းသေဝပ်အောင် ထိန်းသိမ်းရတယ်၊ အရင်းရအောင်စုရတယ်၊ အလုပ်အတွက်လဲ စွန့်စားရတယ်၊ စွန့်စားတယ်ဆိုတာကတော့ တခြားမဟုတ်ပါဘူး၊ မြတ်ရင်လဲ အမြတ်ကိုယူပြီး ရှုံးရင်လဲအရှုံးကို ခံမယ်လို့ စိတ်ပိုင်းဖြတ်ပြီး အလုပ်လုပ်တာဟာ စွန့်စားတာဘဲဖြစ်ပါတယ်။ စီးပွါးကို ဝေပုံချတဲ့နေရာမှာ စီမံအုပ်ချုပ်သူအတွက်လဲဝေပုံကျပေးရတယ်။

ရဲဘော်တို့

အခုပြောခဲ့တဲ့ အချက်တွေကတော့ မာ့(ခ်)(စ်)ရဲ့ စီးပွါးရေးပိုင်းကို နားလည်နိုင်အောင် နောက်ခံကားအနေနဲ့ ဖေါ်ပြလိုက်တဲ့ အချက်တွေဘဲဖြစ်ပါတယ်။ အဲဒီအချက်တွေကို ဖေါ်ပြပြီးတဲ့နောက် အီကော်နော်မစ်(စ်)(ထ်)ပညာရဲ့သမိုင်းကို အကျဉ်းချုပ်ဖေါ်ပြချင်ပါသေးတယ်၊ အဲဒီသမိုင်းကိုလဲ အကြမ်းအားဖြင့်လောက် နားလည်ထားမယ်ဆိုရင် မာ့(ခ်)(စ်)ရဲ့ စီးပွားရေးသမိုင်းကို ရဲဘော်တို့ လေ့လာတဲ့အခါမှာ အင်မတန် အထောက်အပံ့ရမယ်၊ အဲဒါကြောင့် ဒီသမိုင်းကိုဘဲ ရဲဘော်တို့အထူး ဂရုစိုက်ပြီး နားထောင်ကြစေချင်တယ်။

အီကောနော်မစ်(စ်)(ထ်)ပညာပေါ်လာတာ တယ်ပြီး မကြာသေးပါဘူး၊ အစောတကာ့အစောဆုံး ၁၆–ရာစုနဲ့ ၁၇–ရာစုအတွင်းလောက်က အစပြုပြီး ပေါ်ပေါက်လာခဲ့တယ်လို့ လေ့လာဘူးပါတယ်၊ အဲဒီပေါ်ခါစက ဒီပညာကို မာကင်တီလင်္ဂျင်း(မ်)လို့ ခေါ်ပါတယ်။ အဲဒီအခါက ဥရောပတိုက်မှာ ဖြူးဒ် (လ်) လူ့အဆောက်အအုံကြီးဟာ မကွယ်ပျောက် သေးပါဘူး၊ ဥပမာနိုင်ငံတနိုင်ငံမှာ နယ်တွေရှိပါတယ်၊ အဲဒီနယ်တွေမှာ ကြီးစိုးနေတဲ့ နယ်ရှင်တွေ ရှိပါတယ်။ အဲဒီနယ်ရှင်တွေရဲ့ အပေါ်မှာ ရှင်ဘုရင်ရှိပါတယ်၊ အဲဒီအခါက ရှင်ဘုရင်တွေဟာ သူတို့ကိုယ်ကို သူတို့ကမ္ဘာကြီးကို အုပ်စိုးဘို့အတွက် ထာဝရသခင်ရဲ့ကိုယ်စားလှယ်ကြီးတွေဖြစ်တယ်။ အဲဒါကြောင့် ကမ္ဘာကြီးကို သူတို့ကြိုက်သလို အုပ်စိုးနိုင်တယ်လို့ ယူဆကြတယ်၊ ဒီလိုယူဆတဲ့အတိုင်းတိုင်းသူပြည်သားတွေဟာ ဘယ်ဘက်မှာမှ လွတ်လပ်ခွင့် မရကြဘဲ အချုပ်အချယ်ခံနေကြရတယ်၊ နိုင်ငံရေးမှာသာမကဘူး၊ စီးပွားရေးမှာလဲ အချုပ်အချယ်ခံနေကြတယ်၊ စီးပွားခရေးမှာ လွတ်လပ်စွာချဲ့ထွင်ခွင့် မရဘူး၊ လွတ်လပ်စွာရောင်းချခွင့် မရဘူး၊ ဘုရင်အလိုတော်ကျ အတိုင်းသာ လိုက်ပြီး ရောင်းဝယ်ဖေါက်ကားနေကြရတယ်၊ အခုခေတ်အခါမှာ အရင်းရှင်စံနစ်ကို ခုခံကာကွယ်ရေးသားနေကြတဲ့လူများ ရှိသလို ဟိုခေတ် ဟိုအခါတုန်းကလဲ ထာဝရသခင်ရဲ့ကိုယ်စားလှယ်များဖြစ်ကြတယ်ဆိုတဲ့ ရှင်ဘုရင်တွေက စီးပွားရေးမှာ ဝင်ရောက်စွက်ဖက်နေခြင်းဟာ တရားတယ်၊ လမ်းမှန်တယ်လို့ ထောက်ခံရေးသားနေကြတဲ့လူတွေ ပေါ်ပေါက်ခဲ့ကြသေးတယ်၊ ဒီလူတွေကို မာကင်တီလစ်(ထ်)လို့ခေါ်ပြီး သူတို့ရဲ့ပညာကို မာကင်လင်္ဂျင်း(မ်)လို့ခေါ်ပါတယ်။ ဒီပညာရှင်တွေ တကယ့်စီးပွားဟာ ရွှေနဲ့ငွေနဲ့သာဖြစ်တယ်လို့ ယူဆခဲ့ကြပါတယ်။

၁၈–ရာစုလောက်ရောက်တော့ ဖိစိယိုကရက်တစ်(ခ်) ခေါ်တဲ့စီးပွားရေးပညာရှင်တွေ ပေါ်လာကြပြန်တယ်၊ သူတို့ရဲ့ပညာကို ဖီစီယိုကရေစီလို့ခေါ်တယ်၊ အခုခေတ်မှာ မာ့(ခ်)(စ်)ဝါဒသမားများဟာ အရင်းရှင်စံနစ်ကို တော်လှန်ပစ်ချင်ကြသလို ဖီစီယိုကရက်တစ်(ခ်) တွေကလဲ မာကင်တီလင်္ဂျင်း(မ်)ကို တော်လှန်ပစ်ချင်ကြတဲ့လူတွေဖြစ်တယ်။ သူတို့ရဲ့ကြွေးကြော်သံကြီးကတော့ "သင်လုပ်ချင်လျှင် ကြိုက်သလို လွတ်လပ်စွာ လုပ်ပေစေ၊သင်သွားချင်လျှင် ကြိုက်သလို လွတ်လပ်စွာ သွားပါစေ" ဆိုတဲ့ ကြွေးကြော်သံဘဲဖြစ်ပါတယ်။

ဖီစီယိုကရက်တစ်(ခ်)တို့က စီးပွားရေးမှာဘုရင့်အာဏာနဲ့ ချုပ်ချယ်တာကို မကြိုက်ဘူး၊ ဒီလိုချုပ်ချယ်တာဟာ သဘာဝမကျတဲ့အတွက် တိုင်းပြည်ရဲ့စီးပွါးရေးဟာ မဖွံ့ဖြိုးနိုင်လို့ ယူဆကြတယ်၊ တိုင်းပြည်ရဲ့စီးပွားရေးကိုဖွံ့ဖြိုးစေချင်ရင် ဒီစီးပွားရေးဟာ ချုပ်ချယ်မှုကင်းရမယ်လို့ ဒီပညာရှင်တွေက ယူဆကြတယ်၊ ဒီပညာရှင်တွေက တိုင်းသူပြည်သားတိုင်းတာ လွတ်လပ်စွာရောင်းဝယ်ဖေါက်ကားနိုင်တဲ့လူ့အခွင့်ကို အချုပ်အချယ်မရှိဘဲ သုံးနိုင်မှသာ စီးပွားရေးဟာ အချုပ်အချယ်မှုကင်းရှင်းတယ်လို့ယူဆတယ်။

ဒါပေမဲ့ ဒီဖီစီယို ကရက်(ခ်) တွေဟာ အရင်းရှင် စံနစ်ကို တိုက်ရိုက် အားပေး သွားကြတဲ့ လူတွေမဟုတ်ဘူး။ အရင်းရှင် စံနစ်က စက်ကရိယာ များအပေါ်မှာ အခြေတည်တယ်။ ဖီစီယိုကရက်(ခ်)တို့ကတော့ တိုင်းပြည်တပြည်ရဲ့ အရေးကြီးဆုံးစီးပွားရေး ရေသောက်မြစ်ကြီးဟာ လယ်သာလျှင်ဖြစ်တယ်လို့ ယူဆတယ်၊

ဒီဖီစီယိုကရက်(ခ်)တို့ရဲ့သြဇာလွှမ်းမိုးခြင်းကို အနဲနဲ့အများဆိုသလို ခံခဲ့ရတဲ့ပညာရှင်တွေထဲမှာနာမည်ကြီး ပုဂ္ဂိုလ်၂ဦးကတော့ အဒင်(မ်)စမစ်သစ်နဲ့ ရီကားဒိုးတို့ဖြစ်ပါတယ်၊

အဒင်(မ်)စမစ်(သ်) အပေါ်မှာ ဖီစီယိုကရေစီဝါဒဟာ အတော်အတန်သြဇာလွှမ်းမိုးခဲ့တယ်လို့ ဆိုသော်လဲ အဒင်(မ်)စမစ်(သ်)က လယ်သာလျှင်စီးပွားရေးရဲ့ရေသောက်မြစ်ဖြစ်တယ် ဆိုတာကိုတော့ သဘောမတူဘူး။ ဒါပေမဲ့ သဘောမတူရုံသာရှိတယ်။ စက်ရုံတွေကလဲဘယ်လို အမြတ်ရနိုင်သေးတယ်ဆိုတဲ့ အချက်ကိုတော့အဒင်(မ်) စမစ်(သ်) ဟာဆက်ပြီးရေးမသွားခဲ့ဘူး။

ရီကားဒိုးကလဲ ဖီစီယိုကရက်တို့နဲ့ သဘောတူတဲ့အချက်တွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ လယ်ခ၊ ဒါမှမဟုတ်ယင်လဲ လယ်ကရတဲ့အမြတ်နဲ့ ပတ်သက်ပြီးယူဆတဲ့နေရာမှာ ဖီစီယိုကရက်(ည်)(ခ်)တို့နဲ့ လုံးလုံးအယူအဆကွဲလဲတယ်။ ရီကားဒိုးကလယ်ခ၊ ဒါမှမဟုတ်ယင်လဲ လယ်ကရတဲ့ အမြတ်ဟာ အခြားမဟုတ်ဘူး။ ကျွန်သွားနဲ့ ဖက်ပြီးရုန်းခဲ့ရတဲ့ လယ်သမားတွေဆီက ဘာမှမလုပ်ဘဲအရိပ်ထဲမှာသာဇိမ်နဲ့ နေခဲ့ပြီးခေတ်နောက်ပြန် ဆွဲနေတဲ့မြေပိုင်ရှင်က မတရားညှစ်ယူတဲ့အခပင်ဖြစ်တယ်လို့ ယူဆတယ်၊ စက်ရုံများကရတဲ့ အမြတ်ကတော့စက်မှုလုပ်ငန်းကို တိုးချဲ့သွားတဲ့အတွက် အဲဒီအမြတ်သာ တိုင်းပြည်ရဲ့ တိုးတက်မှုကို အားပေးတဲ့ အမြတ်ဖြစ်တယ်လို့ ရီကာဒိုးက အတိအလင်း ယူဆခဲ့ပါတယ်။

မာ့(ခ်)(စ်)လက်ထက်ကိုရောက်တဲ့အခါမာ့(ခ်)(စ်)က ဒီလိုမယူဆဘူး။ လယ်မြေကသာမဟုတ်ဘူး။စက်ရုံများကရတဲ့ အမြတ်ဟာလဲ အလုပ်သမားတွေဆီကမတရားညှစ်ယူတဲ့အမြတ်တွေဖြစ်တယ်လို့ မာ့(ခ်)(စ်)ဟာ ရီကားဒိုးရဲ့ ယူဆပုံကိုထပ်ပြီးတိုးချဲ့လိုက်ပါတယ်။

မာ့(ခ်)(စ်)ရဲ့အယူအဆအရအရင်းရှင်တွေဟာအလုပ်သမားတွေဆီက အမြတ်တွေကိုဘယ်လိုညှစ်ယူသလဲ။အဲဒီအချက်ကို ခပ်ရှေရှေကလေးရှင်းပြဘို့လိုပါလိမ့်မယ်။

ရဲဘော်တို့

မာ့(ခ်)(စ်)ရဲ့ အလိုအရ ဆိုယင် ဒီလူ့အဆောက်အအုံကြီးထဲမှာ လူတွေဟာကိုယ်အလိုရှိတဲ့ပစ္စည်းများကိုတဦးနဲ့တဦး လဲလှယ်ပြီး အသုံးပြုနေကြပါတယ်။ ဥပမာ–ရှမ်းဖက် ဆေးလိပ်တလိပ်ဟာ တပြားတန်ဘိုးရှိတယ်။ အဲဒါကြောင့်ပိုက်ဆံတပြားနဲ့ ညီတူညီမျှလဲလိုက်ကြတယ်။ဆေးလိပ်ဝယ်တဲ့လူလဲ သူ့မှာရှိတဲ့ တပြားတန် သံပုရာသီးတလုံးကို ရောင်းပြီး ဒီပိုက်ဆံတပြားကိုရတယ်။ပိုက်ဆံတပြားနဲ့ ဆေးလိပ်နဲ့ လဲတဲ့ အချိန်အခါမှာ ဆေးလိပ်ပိုင်ရှင်ဟာ သံပုရာသီးကိုအလိုမရှိဘူး။ဆားတပြားဘိုးအလိုရှိတယ်။ ဆေးလိပ်ရှင် လိုချင်တဲ့ဆားကိုရနိုင်အောင်သံပုရာသီးပိုင်ရှင်ကသူ့သံပုရာသီးကိုတပြားနဲ့ လဲပြီး သူလိုချင်တဲ့ဆေးလိပ်ကိုအဲဒီပိုက်ဆံတပြားနဲ့ လာ လဲခြင်းပင် ဖြစ်တယ်။

အဲဒီလိုဘဲအလုပ်သမားတွေ လုပ်ပေးနေတဲ့အလုပ်ဟာလဲတန်ဘိုးရှိတဲ့ ကုန်ပစ္စည်းတခုဖြစ်တယ်။ဒီအလုပ်ကိုလုပ်နိုင်အောင် အလုပ်သမားတဦးမှာ ဉာဏအား၊ ကာယအားဆိုတဲ့ခွန်အားဗလရှိရမယ်။ ဒီခွန်အားဗလရှိအောင် ဒီအလုပ်သမားဟာစားရမယ်။ဝတ်ရမယ်၊နေစရာအိမ်ရှိရမယ်။မကျန်းမမာဖြစ်လာယင် ကျန်းမာအောင်စားဘို့ဆေးရှိရမယ်။အဲဒါကြောင့်ဆေးလိပ်တလိပ်လိပ်တဲ့နေရာမှာဘဲဖြစ်ဖြစ်၊ ထီးတလက်။ဘိနပ်တရံကစပြီး မော်တော်ကား၊ မီးရထားအစရှိသည်တို့အထိလုပ်တဲ့နေရာမှာဘဲဖြစ်ဖြစ်၊ အလုပ်တွေကိုလုပ်တဲ့အခါတိုင်းမှာ ငွေကုန်ကြေးကျခံပြီးလုပ်ရသလို အလုပ်သမားရဲ့ ခွန်အားဗလဖြစ်အောင် လုပ်တဲ့နေရာမှာလဲအလုပ်သမားဟာ ငွေကုန်ကြေးကျခံထားရတယ်၊ အလုပ်သမားရဲ့ ခွန်အားဗလဟာငွေမကုန်ရဘဲသူ့အလိုလို ဖြစ်ပေါ်လာတဲ့ ပစ္စည်းမဟုတ်ဘူး။

အရင်းရှင်ဟာ သူ့စက်ရုံတွေလည်နိုင်ဘို့အတွက် ဒီခွန်အားဗလပစ္စည်းကိုအလုပ်သမားဆီကလိုတယ်။ အလုပ်သမားက သူ့ရဲ့ခွန်အားဗလ ပစ္စည်းကို အရင်းရှင်ကိုပေးတယ်။အရင်းရှင်က အလုပ်သမားကိုလုပ်ခပေးတယ်။ အဲဒီလိုနည်းနဲ့ အရင်းရှင်နဲ့ အလုပ်သမားဟာ သူတို့မှာရှိတဲ့ ပစ္စည်းချင်း လဲလှယ်ကြတယ်။ ဒီလိုလဲလှယ်တဲ့အခါမှာအရင်းရှင်ဟာ အလုပ်သမားဆီကရတဲ့ ခွန်အားဗလပစ္စည်းနဲ့ တန်ဘိုးချင်းညီမျှအောင် လုပ်ခလို့ခေါ်တဲ့ သူ့ပစ္စည်းကိုအလုပ်သမားကို ပြန်မပေးဘူး။ဒါကြောင့်အရင်းရှင်ဟာသူပေးရတဲ့ လုပ်ခပစ္စည်းထက် ပိုပြီးတန်ဘိုးရှိတဲ့ ခွန်အားဗလပစ္စည်းကို အလုပ်သမားဆီကရလိုက်တယ်။ ဒီလိုပို

ပြီးရတဲ့တန်ဖိုးကို အင်္ဂလိပ်လို ဆာပလပ်(စ်) ဗဲလျူးလို့ ခေါ်တယ်။ ဆာပလပ်(စ်)က အပို။ ဗဲလျူးဟာတန်ဘိုး၊ ဆာပလပ်(စ်)နဲ့ ဗဲလျူးနှစ်ခုပေါင်းလိုက်ယင် အပိုတန်ဘိုးလို့ အဓိပ္ပါယ်ရတယ်။ အဲဒီဆာပလပ်(စ်) ဗဲလျူးဟာ အရင်းရှင်ရဲ့အမြတ် ဖြစ်တယ်။ ဥပမာအလုပ်သမားရဲ့ ခွန်အားဗလဟာ တကျပ်တန်တယ်။ အရင်းရှင်ကပြန်ပေးတဲ့အခါမှာ သုံးမတ်သာပေးတဲ့အတွက် အရင်းရှင်က အလုပ်သမားဆီကတန်ဘိုးတမတ်ပိုပြီးရလိုက်တယ်။

အရင်းရှင်ကတန်အောင်မပေးယင်အလုပ်သမားကသူ့ရဲ့ ခွန်အားဗလပစ္စည်းကိုဘာဖြစ်လို့ ပေးရသလဲ။ မပေးဘဲထားပါလားလို့ စောဒကတက်စရာရှိတယ်။ လူ့အဆောက်အအုံကြီးရဲ့အခုအဆင့်အတန်းမှာ အလုပ်သမားဟာသူ့အားခွန်ဗလပစ္စည်းကိုမတန်အတန်ဈေးနဲ့ မရောင်းဘဲမနေနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုယင် အလုပ်သမားမှာသူ့ရဲ့အားခွန်ဗလပစ္စည်းကိုတန်ရာတန်ဘိုးရမှရောင်းမယ်ဆိုတဲ့သဘောနဲ့ သိမ်းဆဲထားပြီး ထိုင်စားစရာဘာမှမရှိဘူး။ ဥပမာ လူတယောက်မှာ သက္ကလပ်အကျီတထည်ရှိတယ်။ ဒီအကျီဟာ ၂၅ကျပ် တန်တယ်၊ ဒါပေမဲ့ ဒီလူဟာအင်မတန်အတိဒုက္ခရောက်ပြီး ဒီသက္ကလပ်အကျီကို ရောင်းချင်ပဲအခါမျိုးမှာဝယ်တဲ့လူတွေက ၂၅ ကျပ်တန်ကိုတကျပ်နှစ်ကျပ်နဲ့ ရမှ ဝယ်မယ်။ အကျီရှင်ဟာထမင်းအင်မန်ဆာနေတဲ့အခါ သူ့အကျီရဲ့ တန်ဘိုး အတိအကျကိုရတဲ့ဟိုင်အောင် စောင့်မနေနိုင်ဘူး။ အငတ်မခံနိုင်တဲ့အတွက် သူ့သက္ကလပ်အကျီကိုရသမျှဈေးနဲ့ ဘဲရောင်းရတော့မယ်။ အဲဒီနည်းအတိုင်းဘဲ အလုပ်သမားတွေကလဲသူတို့ရဲ့ ခန်အားဗလတွေကိုရသမျှဈေးနဲ့ ဘဲရောင်းနေကြရတယ်။

အရင်းရှင်ကြီးတွေရဲ့ အရင်းတွေ ဆိုတာဟာလဲတခြား မဟုတ်ဘူး။ အလုပ်သမားတွေဆီကအခုလိုရထားကဲ့ ဆာပလပ်(စ်)ဗဲလျူးတွေကို စုပေါင်းထားတာသာဖြစ်တယ်။ ဒီလိုဆာပလပ်(စ်) ဗဲလျူးကို အလုပ်သမားတွေ ဆီကညစ်ယူတာကို လူအချင်းချင်း အနိုင်ကျင့်ခြင်း။ လူအချင်းချင်း လူညွန့်ခူးစားခြင်း။ လူအချင်းချင်းသွေးစုတ်ခြင်း အစရှိသဖြင့်ခေါ်ကြပါတယ်။ အဲဒီလို လူအချင်းချင်းလူညွန့်ခူးစားနေတဲ့ လူတန်းစားတို့နဲ့ ငရဲပဘူဖြစ်မှုဟာ တနေ့တခြားကြီးမားပြင်းထန်လာပါတယ်။ လူညွန့်ခူးစားနေတဲ့ အရင်းရှင်များကလဲ ဆားငံရေကိုသောက်မိတဲ့လူဟာပိုပြီး ရေငတ်လာသလို အမြတ်ရလေလေ၊ ပိုပြီးလိုချင်လာလေလေဘဲ၊ ပိုပြီးလိုချင်လာလေလေ၊ အမြတ်ရအောင် ပိုပြီး ကြိုးစားလာလေလေဘဲ၊ အရင်းရှင်တွေမှာ အမြတ်တွေပိုရလေလေ၊ အလုပ်သမားတွေဟာပိုပြီးဒုက္ခရောက်လေလေဘဲ၊ အဲဒီလိုအလုပ်သမားတွေပိုပြီး ဒုက္ခရောက်လေ့

လေ၊ သူတို့ဟာပိုပြီးစည်းရုံးလာလေလေဘဲ၊ ဟစ်(စ်)တော်ရီကယ်(လ်)မတီးရီးယယ်လဇွင်း(မ်) အရ နောက်ဆုံးတနေ့မှာ ဒီလိုစည်းရုံးလာတဲ့ အလုပ်သမားတွေရဲ့လက်ချက်နဲ့ ဘဲအရင်းရှင်လူ့ အဆောက်အအုံကြီးဟာ ဒီကမ္ဘာကြီးက ကွယ်ပျောက် ရတော့မှာဘဲ အစရှိသဖြင့် မာ့(ခ်)(စ်)က ဟောကိန်းထုတ်ခဲ့ပါတယ်။

မာ့(ခ်)(စ်)ဟာ ဆာပလ(စ်)ဗဲလျူးကနေပြီးအရင်းရှင်စံနစ် ဖြစ်ပေါ်လာပုံကို စတင်တွေ့ရှိသူဖြစ်ပါတယ်။

\+ \+ \+ \+ \+

ရှဲဘော်တို့

မာ့(ခ်)(စ်)ဝါဒကို မဝေဘန်ခင် မာ့(ခ်)(စ်)ဟာ ဘယ်လို လူစားမျိုးဖြစ်တယ်ဆိုတာကို ကျွန်တော် အနည်းငယ် ပြောပြချင်ပါတယ်။

ကား(လ်)မာ့ (ခ်)(စ်)ကို ဂျာမဏီနိုင်ငံ ရိုင်းလင်း(န်)နယ်ရှိ တရိုင်းဟားအရပ်မှာ ၁၈၁၈-ခုနှစ်က မွေးဘွားခဲ့ပါတယ်၊ သူ့ဖခင်ဟာ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတဲ့ ဂျူးလူမျိုး ရှေ့နေကြီးဖြစ်ပါတယ်၊ ဖခင်ကြီးဟာ သူ့သား ကား(လ်)မာ့(ခ်)(စ်)ကို သူ့လိုဘဲ နာမည်ကျော် ရှေ့နေကြီး တဦးဖြစ်လာစေချင်တဲ့ဆန္ဒရှိတယ်၊ ဒါပေမဲ့ ကား(လ်) မာ့(ခ်)(စ်)ရဲ့ ဆန္ဒကတော့တခြားဖြစ်နေတယ်၊ ကား(လ်)မာ့(ခ်)(စ်)ဟာကျောင်းသားဘဝကပင်ဉာဏ်အတော်ထက်မျက်တဲ့လူငယ်တဦးအဖြစ်နဲ့ ကျော်ကြားခဲ့ပါတယ်၊ ငယ်ရွယ်စဉ်ကဘဲ စီးပွားရေးနဲ့ နိုင်ငံရေးတို့မှာ အထူးစိတ်ဝင်စားခဲ့ပါတယ်။

သူ့ရဲ့ဝါဒကို လက်ခံတဲ့လူဖြစ်စေ၊ လက်မခံတဲ့လူဖြစ်စေ၊ ဘယ်သူဘဲဖြစ်ဖြစ် သူ့ရဲ့အရေးအသားတွေကို ဘတ်ကြည့်ရင် ကား(လ်)မာ့(ခ်)(စ်)ဟာ ဂျီးနီးယပ်(စ်)လို့ ခေါ်တဲ့ လူရည်ချွန် ပါရဂူတဦး ဖြစ်တယ် ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။

ဒီအချက်သာမကသေးဘူး! သူ့ဝါဒကို လက်ခံတဲ့လူဖြစ်စေ၊ ဘယ်သူဘဲဖြစ်ဖြစ် အလုပ်သမားတွေရဲ့ ဘဝလွတ်မြောက်ရေး အတွက် ကား(လ်) မာ့(ခ်)(စ်)ရဲ့ စေတနာဟာ အင်မတန်ကြီးမားတယ်။ ဖြူစင်တယ် ဆိုတာကိုလဲ ဘယ်သူမှ သံသယမဖြစ်နိုင်ပါဘူး။

သူ့ရဲ့ဝါဒကို လက်ခံတဲ့လူဖြစ်စေ၊ လက်မခံတဲ့လူဖြစ်စေ ဘယ်သူဘဲ

ဖြစ်ဖြစ် ကား(လ်)မာ့(ခ်)(စ်)ဟာ သတ္တိထူးရှိတဲ့ ခေါင်းဆောင်ကြီး ဖြစ်တယ်ဆိုတာကိုလဲ ဘယ်သူမှ ယုံမှားခြင်း မရှိနိုင်ပါဘူး။

ကား(လ်)မာ့(ခ်)(စ်)ဟာ ဂျီးနီးယပ်(စ်) ခေါ် လူရည်ချွန် ပါရဂူကြီးဖြစ်တယ်၊ အလုပ်သမားတွေရဲ့ ဘဝလွတ်မြောက်ရေးအတွက် သူ့မှာရှိတဲ့ စေတနာတွေဟာ အင်မတန် ကြီးမားတယ်။ ဖြူစင်ဖြောင့်တန်းတယ်။ သူဟာသတ္တိထူးနဲ့ ပြည့်စုံတဲ့ ခေါင်းဆောင်ကြီး ဖြစ်တယ်ဆိုတဲ့ အချက်တွေဟာ ထောက်ခံနိုင်တဲ့ သက်သေသကေတွေ မရှိဘဲ အရမ်းပြောတဲ့အချက်တွေမဟုတ်ပါဘူး၊ အင်မတန်အားကြီးတဲ့ အရင်းရှင်ကြီးတွေ၊ နယ်ချဲ့ သမားကြီးတွေဟာ တဆတ်ဆတ်နဲ့ ကြောက်ဒူးတွေတုန်လာအောင် လုပ်ပေးနိုင်တဲ့ ဝါဒကြီးကို တီထွင်သွားနိုင်တယ်ဆိုတာဟာ ဂျီးနီးယပ်(စ်)ဆိုတဲ့ လူရည်ချွန်ပါရဂူ မဖြစ်နိုင်ဘဲ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။

ကမ္ဘာကြီးရဲ့ ပစ္စည်းမဲ့ လူတန်းစား အတော်များများဟာ အားကိုးရာမဲ့ဖြစ်နေတဲ့ အခြေကနေပြီး သူတို့ရဲ့ ဘဝလွတ်မြောက်ရေးအတွက် သူတို့ရဲ့ အင်အားကို သူတို့ယုံကြည်အားကိုးလာတဲ့အခြေမျိုးကို ရောက်အောင် လုပ်ပေးနိုင်တဲ့ ဝါဒကို တီထွင်ပေးနိုင်တာဟာ ဂျီးနီးယပ်(စ်)ခေါ်တဲ့ လူရည်ချွန် ပါရဂူမဖြစ်ဘဲနဲ့ မဖြစ်နိုင်ပါဘူး။

ကား(လ်)မာ့(ခ်)(စ်)ဟာ သေတဲ့နေ့အထိ အတော်ဘဲ ဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်တွေ့ခဲ့ရပါတယ်၊ အကယ်၍ သူ့မှာ တကိုယ်ကောင်း စိတ်မျိုးသာရှိခဲ့ရင်ဒီလိုဒုက္ခမျိုးတွေနဲ့ တွေ့ရမှာ မဟုတ်ဘူး၊သူ့ကိုယ်တိုင်ကဉာဏ်ပညာထက်မြက်တဲ့ လူတယောက်ဆိုတော့ သူ့အဖေလိုဘဲထင်ရှားတဲ့ရှေ့နေကြီး တဦးဖြစ်ပြီး ချမ်းချမ်းသာသာ နေသွားရမှာဘဲ၊ ဒါပေမဲ့ ကား(လ်)မာ့(ခ်)(စ်)ဟာ ပစ္စည်းမဲ့ လူတန်းစားတွေရဲ့ အကျိုးကို ဆောင်ရွက်တဲ့အတွက် ရှေးဦးစွာဂျာမဏီက နှင်ထုတ်ခံခဲ့ရပါတယ်။

ပါရစ်မြို့တော်ကို ထွက်လာရပြီး နှစ်နှစ်ကြာတဲ့အခါ သူရဲ့နိုင်ငံရေးလှုပ်ရှားမှုတွေကြောင့် ပြင်သစ်မှ နှင်ထုတ်ခံရပြန်တယ်၊ ဘယ်(လ်)ဂျီယံနိုင်ငံ ဘရပ်ဆဲး(လ်) မြို့တော်မှာ ပြောင်းရွှေ့နေထိုင်ယင်း ၁၈၄၈–ခုနှစ် အတွင်း ဥရောပ တတိုက်လုံးမှာ နိုင်ငံရေးလှုပ်ရှားမှုကြီးတွေ ပေါ်လာတဲ့ အခါ ကား(လ်)မာ့(ခ်)(စ်)ဟာ တော်လှန်ရေးကို စီစဉ်ပေးဘို့အတွက် ဂျာမဏီကို လျှို့ဝှက်ပြီး ပြန်သွားပါတယ်၊ ဂျာမန်အစိုးရတို့ သိသွားတဲ့အတွက်၁၈၄၉–ခုနှစ်မှာ ကား(လ်)မာ့(ခ်)(စ်)ကို ဂျာမဏီက နှင်ထုတ်လိုက်ပြန်တယ်၊ ဒီအ

ချက်တွေကိုကြည့်ခြင်းအားဖြင့် ပစ္စည်းမဲ့ လူတန်းစားတွေအပေါ်မှာ ထားရှိတဲ့သူရဲ့ စေတနာနဲ့ ဒီလူတန်းစားတွေအတွက်ကိုတောင် မငဲ့ကွက်ဘဲ ဆောင်ရွက်တတ်တဲ့သူရဲ့ သတ္တိနဲ့စွန့်စားမှုတွေဟာ ဘယ်လောက်အထိ ကြီးမားတယ်ဆိုတာ ထင်ရှားပါတတ်။

အဲဒီတော့ ကျွန်တော်တို့ဟာ ကား(လ်)မာ့(ခ်)(စ်)ကို လူရည်ချွန် ပါရဂူတဦးအနေနဲ့၎င်း။ ပစ္စည်းမဲ့ လူတန်းစားတွေ အပေါ် ကြီးကျယ်တဲ့စေတနာတွေကို ထားရှိတဲ့ ပုဂ္ဂိုလ်ကြီးတဦးအနေနဲ့၎င်း၊ သတ္တိနဲ့ ပြည့်စုံတဲ့ ခေါင်းဆောင်ကြီး တဦးအနေနဲ့၎င်း၊ လိုက်လိုက်လှဲလှဲချီးကျူးပါတယ်၊ ဒါပေမဲ့ သူ့သဘောတရားတွေကို တထစ်ချ မှန်ကန်တဲ့ သဘောတရားတွေအဖြစ်နဲ့ ကျွန်တော်တို့ လက်မခံနိုင်ဘူး။

သူ့ဝါဒရဲ့အရင်းခံ သဘောတရားဟာ ဒိုင်ယာလက်တိကယ်(လ်) လဇ္ဇင်း(မ်) ဖြစ်တယ်ဆိုတာကို ကျွန်တော်ရှင်းပြပြီးပါပြီ မတီးရီးယယ်(လ်) လဇ္ဇင်း(မ်)သဘောတရားအတိုင်းဆိုရင် တကမ္ဘာလုံးမှာရှိတဲ့ သက်ရှိသက်မဲ့ အားလုံးကို ချေပစ်လိုက်ရင် နောက်ဆုံးအခြေမှာ အတွမ်း(မ်)ဆိုတဲ့ မြူမှုန်ကလေးတွေဖြစ်သွားမယ်။ ဒီမြူမှုန်တွေဟာ ဘယ်တော့မှ မဖေါက်ပြန်ဘူး၊ မပျက်စီးဘူး၊ မပျောက်ကွယ်ဘူး၊ ထာဝရတည်မြဲတယ်။

ကျွန်တော်တို့ယုံကြည်ချက်အရဆိုရင် တလောကလုံးမှာ အစိုင်အခဲဆိုတာ မရှိဘူး။ မဖေါက်ပြန်တာမရှိဘူး၊ မပျက်စီးတာ မရှိဘူး၊ ထာဝရတည်မြဲတာမရှိဘူး။

ကျွန်တော်ယုံကြည်တဲ့ သဘောအရားအရ တလောကလုံးမှာ....

(၁) အသင်္ခတဓါတ်နဲ့

(၂) သင်္ခတဓါတ်ဆိုပြီး–

ဓါတ်နှစ်ပါးသာရှိတယ်၊ အသင်္ခတဓါတ်ဆိုတာကပြုပြင်ပြောင်းလဲမှုမရှိတဲ့ဓါတ်ဖြစ်တယ်၊ အဲဒါကတော့ နိဗ္ဗာန်ကိုဆိုလိုတယ်၊ ဒီနိဗ္ဗာန်ကလွဲပြီး ၃၁–ဘုံမှာရှိရှိသမျှ သက်ရှိသက်မဲ့တွေကတော့ တခြားဟာတွေ မဟုတ်ဘူး၊ သင်္ခတဓါတ်တွေသာဖြစ်တယ်၊ သင်္ခတဓါတ်ဆိုတာက ပြုပြင်ပြောင်းလဲမှုရှိတဲ့ဓါတ်ဖြစ်တယ်။

ဓါတ်ဆိုတာဘာလဲ၊ အတ္တနော သဘာဝံ ဓါရေတီတိ ဓါတု၊ အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘောကို၊ ဓါရေတိ၊ ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ မိမိသဘောကို မိမိဆောင်တတ်သော သတ္တိကြောင့်။ ဓါတု ဓါတ်မည်၏။ ဒီအနက်အရ ဓါတ်ဆိုတာ သဘောပင်ဖြစ်တယ်လို့ မှတ်ရမယ်။

အဲဒီတော့ တကမ္ဘာလုံးမှာရှိတဲ့ သက်ရှိသက်မဲ့တွေကို ချေပစ်လိုက်ရင် နောက်ဆုံး အခြေအနေမှာ အဆိုင်အခဲဆိုတာမရှိတော့ဘူး၊ သဘောမျှသာရှိတော့တယ်။

ဒီအချက်ကို ပိုပြီးရှင်းစေချင်တဲ့အတွက် သက်ရှိသက်မဲ့တွေ အတွက် ထပ်ပြီး ခေါ်ခွဲပြချင်ပါသေးတယ်။

သက်မဲ့တွေကို ခေါ်ခွဲလိုက်ရင် နောက်ဆုံး အခြေမှာ တခြားဘာ ဆိုလို့ ဘာမှမတွေ့ရတော့ဘူး။

(၁) ခက်မာတဲ့ဓါတ်၊
(၂) ဖွဲ့စည်းတဲ့ဓါတ်၊
(၃) ပူအေးတဲ့ဓါတ်၊
(၄) လှုပ်ရှားတဲ့ဓါတ်၊
(၅) အာကာသဓါတ်ဆိုတဲ့ ဓါတ်ကြီးငါးပါးကိုသာ တွေ့ရမယ်။

သက်ရှိတွေကို ဓါတ်ခွဲကြည့်လိုက်ရင် နောက်ဆုံး အခြေမှာ တခြားဟာဆိုလို့ ဘာမှ မတွေ့ရတော့ဘူး၊ ခုတင်က ပြောခဲ့တဲ့ဓါတ်ကြီး ငါးပါးနဲ့ စိတ်ဓါတ်ကိုသာ တွေ့ရမယ်၊ ဒီစိတ်ဓါတ်ဆိုတာကလဲ တခြားဟာ မဟုတ်ပါဘူး။

(၁) ဝေဒနာခံစားတတ်တဲ့ သဘော၊
(၂) မှတ်တတ်တဲ့ သဘော။
(၃) တိုက်တွန်းတတ်တဲ့သဘော၊
(၄) သိတတ်တဲ့ သဘောဆိုပြီး သဘောမျှသာဖြစ်ပါတယ်။

အခုပြောခဲ့တဲ့ ဓါတ်ကြီး ၆–ပါးဆိုတာဟာ သခ်တဓါတ်တွေ ဖြစ်တဲ့ အကြောင်းကို ကျွန်တော်ပြောခဲ့ပြီးပါပြီ၊ သခ်တဓါတ်ဆိုတာကပြုပြင်ပြောင်းလဲမှုရှိတဲ့ ဓါတ် ဖြစ်တယ်ဆိုတာကိုလဲ ကျွန်တော်ပြောခဲ့ပြီးပါပြီ။

ပြုပြင်ပြောင်းလဲမှုရှိတဲ့ဓါတ်တွေမှန်သမျှဟာ ဘယ်ဟာမှမမြဲဘူးဖေါက်ပြန်တတ်တယ်၊ ပျက်စီးတတ်တယ်၊ အဲဒါကြောင့် တကမ္ဘာလုံးမှာ သက်မဲ့ဘဲဖြစ်ဖြစ်၊ သက်ရှိဘဲဘဲဖြစ်ဖြစ်၊ မတည်မြဲဘူး၊ ဖေါက်ပြန်ရမယ်၊ ပျက်စီးရမယ်၊ ဒီသက်ရှိသက်မဲ့တွေမှာ တည်မြဲတာဆိုလို့ မဖေါက်ပြန်တာဆိုလို့၊ မပျက်စီးတာဆိုလို့ ဘာမှမရှိဘူး။

အဲဒါဟာ ကျွန်တော်တို့ယုံကြည်တဲ့ သဘောတရားဘဲဖြစ်တယ်။

ရဲဘော်တို့

မတီးရီးယယ်(လ်)လဇ္ဇင်း(မ်)ကိုသူ့ဝါဒရဲ့ သဘောတရားသာ ဖြစ်မဲ့ မာ့(ခ်)(စ်)ကလက်ခံလိုက်တဲ့အချိန်အခါတုန်းကဥရောပတိုက်မှာ လောကဓါတ်ပညာဟာအထော်ကလေး ထွန်းကားနေပါပြီ။ အဲဒီထွန်းကားနေတဲ့ လောကဓါတ်ပညာအရသက်ရှိသက်မဲ့တွေဓါတ်ခွဲကြည့်လိုက်တဲ့တခါ အတွမ်း(မ်)ဆိုတဲ့ အနုမြူအထိခွဲခြမ်းလို့ရပါတယ်၊ အဲဒီလိုလောကဓါတ် ပညာကလဲ တိုက်ရိုက်ထောက်ခံနေတဲ့ အတွက် မတီးရီးယယ် (လ်) လဇ္ဇင်း(မ်) သဘောတရားကို လက်ခံတဲ့မာ့(ခ်)(စ်)အစရှိတဲ့လူတွေကသူတို့ရဲ့သဘောတရားဟာ အကြွင်းမဲ့ မှန်တဲ့သဘောတရားဖြစ်နေပြီ။ ဘယ်သူမှပြန်လှန်ပြီး ငြင်းချက် မထုတ်နိုင်တဲ့ သဘောတရားဖြစ်နေပြီဆိုပြီးလက်ပမ်းပေါက်ခတ်ကြတယ်။

ရဲဘော်တို့

မာ့(ခ်)(စ်)တို့လက်ထက်ကလောကဓါတ် ပညာနဲ့ စက်တွေကိုလဲတည်ဆောက်နိုင်တယ်၊တချို့ကိစ္စတွေကိုလဲလက်တွေ့ပြနိုင်တယ်ဆိုတော့ဒီလောကဓါတ်ပညာကထောက်ခံတဲ့ မတီးရီးယယ်(လ်) လဇ္ဇင်း(မ်) သဘောတရား အတွက် မာ့(မ်)တို့လူစုလက်ပန်းပေါက် ခတ်တာဟာ အံ့သြစရာမဟုတ်ဘူး။ ဒါပေမဲ့ မာ့(ခ်)(စ်)တို့လက်ထက်ကထွန်းကားခဲ့တဲ့လောကဓါတ် ပညာဟာ အများကြီး တိုးတက်ခဲ့ပါပြီ။ရှေ့ကိုလဲအများကြီး တိုးတက်လာဘို့ ရှိပါသေးတယ်။ ဒီလို လောကဓါတ်ပညာဟာအများကြီး တိုးတက်လာတဲ့အလျောက် လောကဓါတ်ပညာနဲ့ သက်ဆိုင်တဲ့ ကရိယာတန်ဆာပလာတွေဟာလဲအများကြီးတိုးတက်လာပါတယ်။အဲဒီလိုတိုးတက်လာတဲ့အတွက် မာ့(ခ်)(စ်)တို့ လက်ထက်က ယူဆခဲ့တဲ့ အယူအဆတွေမှာချွတ်ယွင်းချက်တွေရှိနေတာကို အများကြီး လက်တွေ့ပြလာနိုင်ခဲ့ပါတယ်။ ဘယ်လိုပြတယ် ဆိုတာကို အကျဉ်းချုပ်လောက် ကျွန်တော်တို့ ကြည့်လိုက်ရအောင်။

၁၈၉၅ခုနှစ်မှာဝီ(လ်)ဟင်(မ်)ကွန်ရက်ရွန့်ဂျင်ဆိုသူကအိပ်(က်)(စ်)ရေးကိုရှာတွေ့ပါတယ်။၁၈၉၆ခုနှစ်မှာ ဟင်(န်)ရီဘက်(ခ်)ကွားရယ်(လ်)ဟာ ယူရေးနီးယံသတ္တုရဲ့ရေဒီယိုအက်(ခ်)တိဗစ်ဘီးကိုရှာတွေ့တဲ့အတွက် ရေဒီယန်(မ်)ကိုတွေ့ဘို့ လမ်းဖွင့်ပေးသွားပါတယ်၊၁၈၉၇ခုနှစ်မှာ ဂျေဂျေသွန်မဆင် ဆိုသူက အီလက်(ခ်)ထရွန်ကိုရှာတွေ့ပါတယ်။

မာ့(ခ်)(စ်)တိုလက်ထက်မှာ ပေါ်တွန်းခဲ့တဲ့ လောကဓါတ် ပညာက အတွမ်(မ်)ထိသာရှာဖွေတွေ့ခဲ့ပါတယ်။အဲဒါကြောင့်အတွမ်(မ်)ဟာ တမ္ဘာပေါ် မှာအသေးတကာ့အသေးဆုံးမြူမှုံ (ဝါ) နောက်ထပ်ပြိုးခွဲမရတဲ့ မြူမှုံ့လို့ ယူဆသွားခဲ့ကြပါတယ်၊အတွမ်(မ်)ဆိုတာ ဂရိဘာသာစကား ဖြစ်ပါတယ်၊ နောက်ထပ်ရှဲခွဲမရသောလို့ အဓိပ္ပါယ်ပေါက်ပါတယ်။

၁၈၉၇ ခုနှစ်မှာဂျေဂျေ သွန်(မ်)မဆင်တွေ့တဲ့ အီလက်ထရွန် ကတော့ အတွမ်(မ်)တွေထဲမှာ အပေါ့ဆုံးလို့ဆိုတဲ့ ဟိုက်ဒရိုဂျင် အတွမ်(မ်)ထက် အဆ ပေါင်းနှစ်ထောင်လောက်ပေါ့နေဟာကိုတွေ့ရတယ်။ အဲဒီ အီလက်(ခ်) ထရွန် ကနေတဆင့်တက်ပြီး စမ်းသပ်ကြည့်တဲ့အခါ မတီးရီးယယ်(လ်) လင့်ရဲ(မ်)ကို အုတ်မြစ်ကနေပြီးချောက်ချားသွားစေလောက်တဲ့ အချက်တခုကို ဂျေဂျေသွန် မဆင်ကိုယ်တိုင်ထပ်ပြီး တွေ့ရှိရပြန်တယ်၊ အဲဒီအချက်ကို ကျွန်တော်ရှင်းပြချင် ပါတယ်။အရာတခုခုကို ရွေးဦးစွာ ချိန်ထားပါ။အဲဒီအရာဟာ ချိန်ကြည့်တဲ့ အခါတကျပ်သားရှိတယ်ဆိုကြပါစို့။ အဲဒီလိုချိန်ပြီးတဲ့နောက်ဒီအရာဝတ္ထုထဲကို လျှပ်စစ်ဓါတ်အားသွင်းလိုက်ပါ။ လျှပ်စစ်ဓါတ်အားသွင်းပြီးတဲ့အခါ ဒီအရာ ဝတ္ထုကိုချိန်ကြည့်ရင် မူလကတကျပ်သားထက် ပိုပြီးလေးနေတာကို တွေ့ရ လိမ့်မယ်။အဲဒီအချက်အရလျှပ်စစ်ဓါတ်အားမှာ အလေးချိန် ရှိတယ်ဆိုတာထင် ရှားနေပါတယ်၊ အဲဒါကြောင့်အီလက်(ခ်)ထရွန်ထဲမှာ လျှပ်စစ်ဓါတ်အားရဲ့ အလေးချိန်ရှိတယ်ဆိုတာ ထင်ရှားနေပါတယ်။ အဲဒါကြောင့် အီလက်(ခ်) ထရွန်ထဲမှာလျှပ်စစ်ဓါတ်အားရဲ့ အလေးချိန်ဟာ ဘယ်လောက် ပါသလဲလို့ သိဖို့အတွက်တဆင့်တက်ပြီး စမ်းသပ်ကြည့်ရှုပြန်တယ်။ ဒီလိုစမ်းသပ်ဖို့ဟာ မလွယ်ပါဘူး။ အီလက်ထရွန်ရဲ့ အစိုင်အခဲနဲ့ လျှပ်စစ်ဓါတ်ရဲ့ အစိုင်အခဲကို တခုစီခွဲပြီးချိန်မှဖြစ်နိုင်မယ်။ဒါပေမဲ့စမ်းသပ်ကြည့်လို့ နောက်ဆုံး အောင်မြင် တဲ့အခါမှာအီလက်(ခ်)ထရွန်မှာအစိုင်အခဲသတ်သတ်မရှိ၊လျှပ်စစ်ဓါတ်အား ကြောင့် ဖြစ်ပေါ်နေကြောင်းကို တွေ့ရတယ်။ အဲဒီတွေ့ရှိချက်ဟာ ဖက်တား (ဝါ)အစိုင်အခဲရှိတယ်လို့ယူဆချက်ကြီးကို အမြစ်မှနေပြီး တုန်လှုပ် သွားစေခဲ့ ပါတယ်၊

ဒီလောက်နဲ့မကျေနပ်သေးဘဲဆက်ပြီးတော့စမ်းသတ် ကြည့်ရှုတဲ့အခါ အတွမ်(မ်)ခေါ် အနုမြူထဲမှာအီလက်(ခ်)ထရွန်သာ မဟုတ်ဘဲ အခြားဓါတ် တခုရှိသေးတာကို ၁၈၈၆ခုနှစ်မှာ ဘာလင်ယူနီဗာစတီက ယူဂျင်းဂိုး(လ်)(ဒ်) စတိန်းဆိုသူကတွေ့ရှိပြန်တယ်။

ဒီအချိန် အတွင်းမှာဘဲ ကြိုရီဆိုတဲ့ ကမ္ဘာကျော် လောကဓါတ်ပညာ ပါရဂူဇနီးမောင်နှံ နှစ်ဦးတို့ကရေဒီယမ်ဆိုတဲ့ ပစ္စည်းတခုကို ရှာဖွေတွေ့ကြပါတယ်။ ဒီရေဒီယမ်ဟာသူ့အလိုလို မရပ်မနားဘဲ ရောင်ခြည်တွေ ထွက်နေပါတယ်။ ဒီရောင်ခြည်တွေကို(အေ)ရောင်ခြည်နဲ့ (ဘီ)ရောင်ခြည်ရယ်ဆိုပြီး ရောင်ခြည် နှစ်မျိုးခွဲလို့ရပါတယ်။ ဘီရောင်ခြည်ကအီလက်(ခ်)ထရွန်ဖြစ်ပြီးဓါတ်မဖြစ်ပါ တယ်။ အေရောင်ခြည်ကိုတော့ပရိုတွန်းလို့ အမည်မှည့်ကြပါတယ်။ ဒီရောင်ခြည် ပရိုတွန်းဟာဓါတ်ဖိုဖြစ်ပါတယ်။

ဒါပေမဲ့လောကဓါတ် ပညာကလဲ တစထက်တစ တိုးတက်လာတဲ့ အ တွက်ဒီအီလက်(ခ်)ထရွန်နဲ့ပရိုတွန်းဝါဒကိုယ်တိုင်ဘဲ ၁၉၂၅ ခုနှစ်လောက်က စပြီးအမြစ်ကနေတုန်လှုပ်လာပြန်ပါတယ်။ ဘာဖြစ်လို့ဆိုတော့ အဲဒီနှစ်မှာဘဲ ဘရော့(ဒ်)ဒလီဆိုတဲ့လောကဓါတ်ပညာရှင်တဦးကဝါဒတခုကိုထူထောင်လိုက် တာကြောင့်ဘဲဖြစ်ပါတယ်။သူ့ဝါဒအရ တလောကလုံးမှာ မက်တားဆိုတာ မရှိတော့ဘူး။မက်တား၊အီလက်(ခ်)ထရွန်၊ ပရိုတွန်းအစရှိသည်တို့ဟာ အစစ် အမှန်သဘောတရားတို့ရဲ့ဖညတ်ချက်များပင် ဖြစ်တော့တယ်။ဒီဝါဒကို တီထွင် စတုန်းကလောကဓါတ်ပညာပိုင်းမှာကောင်းကောင်း လက်မခံချင်ကြသေးဘူး ဒါပေမဲ့ဒီဘရော့(ဒ်)ဒလီဆိုတဲ့လောကဓါတ်ပညာရှင်ကကြိုတင်ဟောထားတဲ့ အရာတွေကိုလက်တွေ့စမ်းသပ်ကြည့်တဲ့အခါမှန်နေတဲ့အတွက် သူ့ဝါဒကို လော ကဓါတ်ပညာပိုင်းမှလက်ခံလာခဲ့ကြရတယ်။

ရဲဘော်တို့

မျောက်ဝံကလူဖြစ်လာတယ်ဆိုတဲ့အချက်ကိုကျွန်တော်တို့ အထူးဖေဖန် ဘို့မလိုပါဘူး။ဒီအချက်ဟာတခြားအချက်တွေလို လောကဓါတ် ပညာကသေ သေချာချာလက်တွေ့ပြနိုင်တဲ့အချက်မဟုတ်ပါဘူး။ ဒီအချက်ဟာဖြင့် ဒီလိုဒီလို အထောက်အထားတွေကြောင့် ဖြစ်တန်ကောင်းတယ်လို့ လောကဓါတ်ပညာ ရှင်တွေကယူဆထားတဲ့အကြောင်းဖြစ်တယ်။ သူတို့ရဲ့ အထောက်အထားတွေ ကလဲနေရာသုံးလေးခုနေရာလောက်ကတွေ့တဲ့အရိုးတွေ၊သွားတွေနဲ့ရှေးဟောင်း ပစ္စည်းတွေဘဲဖြစ်ပါတယ်။အဲဒီအထဲက ရှေးအင်မတန်ကျတဲ့ လူတယောက်ရဲ့ အရိုးလို့ လောကဓါတ်ပညာရှင်တွေကနှစ်ပေါင်း အတော်ကြာကြာ လက်ခံခဲ့ ပြီးတဲ့အရိုးတချို့ရဲ့ပိုင်ရှင်တဦးကဒီအရိုးတွေဟာလူ့ရိုးတွေမဟုတ်ဘူး။သူ့အက

သက်လိမ်ထားတာလို့ လူသိနတ်ကြားလွန်ခဲ့တဲ့နှစ်နှစ်လောက်ကကျေညာလိုက်တယ်။ အဲဒီလိုကျေညာလိုက်တဲ့အတွက် အစကတကအထောက်အထားမလုံမလောက်ဖြစ်နေတဲ့လူဟာမျောက်ဝံကဆင်းသက် လာတယ်ဆိုတဲ့ အချက်ဟာ ပိုပြီးမခိုင်လုံတဲ့အချက်တချက်ဖြစ်သွားလိမ့်မယ်လို့ ကျွန်တော်ယူဆတယ်။

\+ \+ \+ \+ \+

မာ့(ခ်)(စ်)၏ဒိုင်ယာလက်တစ်(စ်)

ရဲဘော်တို့

မတီးရီးယာယ်(လ်)လဇ္ဇင်း(မ်)နဲ့ပါတ်သက်ပြီးကျွန်တော် ဒီလောက်ဘဲဝေဘန်ချင်ပါတယ်။အခုမာ့(ခ်)(စ်)ရဲ့ဒိုင်ယာလက်တစ်(ခ်)ကို ကျွန်တော်ဆက်ပြီးဝေဘန်ချင်ပါတယ်။ဒီဒိုင်ယာလက်တစ်(ခ်)ဟာ တခြားဟာမဟုတ်ဘူး။သီးဆစ်(ခ်)၊အင်တီသီးဆစ်(စ်)။ဆင်းသီးဆစ်(စ်)နည်းအရတလောကလုံးပြောင်းလဲတိုးတက်နေတယ်ဆိုတဲ့သဘောတရားဘဲဖြစ်တယ်။

ဒီသဘောတရားအရဒီကမ္ဘာကြီးဟာ–

၁။ ကလင်း(န်) လူ့အဆောက်အအုံက အေရှတစ်(ခ်) သို့မဟုတ် ကလပ်တီကယ်(လ်)လူ့အဆောက်အအုံသို့တိုးတက်ရမယ်။

၂။ အေရှတစ်(ခ်)သို့မဟုတ်ကလပ်ဆီကယ်(လ်) လူ့အဆောက်အအုံကဖြူးဒဲ(လ်)လူ့အဆောက်အအုံကိုတိုးတက်ရမယ်။

၃။ ဒီဖြူးဒဲ(လ်)လူ့အဆောက်အအုံက အရင်းရှင် အဆောက်အအုံကိုတိုးတက်ရမယ်။

၄။ အရင်းရှင်လူ့အဆောက်အအုံကဆိုရှယ်လစ်လူ့အဆောက်အအုံကိုတိုးတက်ရမယ်၊

အထက်ပါ(၁)(၂)(၃)တွင်ပါတဲ့အတိုင်း လူ့အဆောက်အအုံကြီးဟာတဆင့်စီတိုးတက်နေတာကိုသူတွေ့ရတဲ့အတွက်၊(၄)မှာပါတဲ့အတိုင်း အရင်းရှင်လူ့အဆောက်အအုံက ဆိုရှယ်လစ် လူ့အဆောက်အအုံကိုတိုးတက်ရမယ်လို့မာ့(ခ်)(စ်)က ကြိုတင်ပြောသွားတယ်။ အဲဒီလိုတိုးတက်ပုံကို သီးဆစ်(ခ်)အင်တီသီးဆ(ခ်)၊ဆင်းသီးဆစ်(ခ်)နည်းနဲ့ကျွန်တော်ရှင်းပြချင်ပါသေးတယ်

ဥပမာ–အရင်းရှင် လူ့အလူအဆောက်အအုံကိုသီးဆစ်(ခ်)ဖြစ်နဲ့ယူရအောင်အဲဒီအရင်းရှင်လူ့အဆောက်အအုံကြီးထဲမှာ အင်တီသီးဆစ်(ခ်)ဖြစ်

တဲ့ဆန့်ကျင်ဘက်သဘောတရားကပ်ပြီးပါလာတယ်၊ အဲဒီ သဘောတရားကတော့တခြားဟာမဟုတ်ဘူး။အမြတ်ရလိုမှုဘဲဖြစ်တယ်။ အမြက်ကိုရှာတဲ့လူတွေဟာအမြတ်ရလေလေ၊ပိုပြီး လိုချင်လေလေဘဲ၊ အဲဒီတော့ အမြတ်တွေပိုပြီးရသထက်ရလာအောင် အလုပ်သမားတွေ အပေါ်မှာ တစထက်တစတိုးပြီးလူညွန့်ခူးစားလာတယ်။လူညွန့်ခူးစားတဲ့ နည်းတွေ ကတော့ အများကြီးဘဲ၊ အလုပ်သမားတွေရဲ့လုပ်ခကိုတန်အောင်မပေးတာကတော့ အဆိုးဆုံး လူညွန့်ခူးစားတာဘဲ။ဟယ်လိုတန်အောင်မပေးတယ်ဆိုတာကို စီးပွါးရေး အပိုင်းမှာဆာပလပ်(စ်)ဗဲလျူးကိုရှင်းပြတုန်းကဲကျွန်တော်ပြောပြခဲ့ပြီးပါပြီ။

အဲဒီလိုလူညွန့်ခူးစားတာအပြင် သူတို့အမြတ်များများ ရဘို့အတွက် အက်ပ်လုပ်သမားတွေကို နှိပ်စက်ညှင်းပမ်းတဲ့ အခြားနည်း တနည်းလဲ ရှိသေးတယ်။ အဲဒီနည်းကတော့အခြားဟာ မဟုတ်ဘူး။ အလုပ်သမားတွေအများကြီးနဲ့ လုပ်ရတဲ့ စက်တွေကိုဖျက်သိမ်းပြီး အလုပ်သမား နည်းနည်းနဲ့ လုပ်ရတဲ့ စက်တွေကို အသစ်ထွင်တာဘဲဖြစ်တယ်။ အဲဒီလို စက်သစ်တွေကို ထွင်တဲ့အတွက် အလုပ်သမား တွေမှာဘယ်လိုထိခိုက်တယ်ဆိုတာကို တကယ့်အဖြစ်အပျက်ကလေးနဲ့ ကျွန်တော်ရှင်းပြချင်ပါတယ်။

၁၉၄၀ခုနှစ်ကုန်ခါနီးလောက်က အမေရိကန်ပြည်မှာ ယီတင်ပို့ဖရီရီနေရှင်နယ်အဲကော်နော်မစ်(ခ်) ကော်မတီခေါ်တဲ့ စုံစမ်းရေးအဖွဲ့ တခုကို ဖွဲ့ပြီးအလုပ်သမားတွေရဲ့ အခြေအနေကို စုံစမ်းခဲ့ပါတယ်။ သက်သေတဦးရဲ့ထွက်ဆိုချက်အရ သံမဏိလုပ်တဲ့ စက်တလုံးဟာ အင်မတန် တိုးတက် လာပါတယ်။ အဲဒီလို တိုးတက်လာတဲ့အတွက် ရှေးတုန်းက စက်ရုံတရုံမှာ အလုပ်သမားပေါင်း ၄၅၁၂–ယောက်နဲ့လုပ်မှ ပီးတဲ့ အလုပ်ကို အလုပ်သမား ၁၂၆–ယောက် ထဲနဲ့ပြီးနိုင်တဲ့ အခြေအနေကို ရောက်လာတယ်။ အဲဒီ တိုးတက်မှုကြောင့် မကြာခင်ဘဲ ဒီကုမ္ပဏီပိုင်တဲ့ စက်ရုံစု တစုထဲမှာ အလုပ်သမားပေါင်း ၃၇၀၀၀–ကျော်အလုပ်လက်မဲ့ဖြစ်သွားတယ်။ ပင်စီ(လ်)ဗေးနီးယားနယ်အတွင်းက မြို့တမြို့မှာဒီလို တိုးတက်မှုကြောင့် မြို့လုံး ကျွန် လူဦးရေရဲ့ ၆၄ ရာခိုင်နှုန်း လောက် ဟာအလုပ်လက်မဲ့ဖြစ်သွားတာကို စုံမမ်းသိရှိခဲ့ရပါတယ်။ တမြို့ထဲမှာဘဲဒီလောက်ဖြစ်နေယင် စက်တွေရဲ့ တိုးတက်မှုကြောင့် တနိုင်ငံလုံးမှာ ဘယ်လောက်အထိအလုပ်လက်မဲ့ဖြစ်နေမယ်ဆိုတာ တွေးကြည့်နိုင်ပါတယ်။

လူတွေ လိုသလောက် ကုန်တွေကို ထုတ်ပေးနိုင်ဘို့ အတွက် တိုးတက်ကောင်းမွန်တဲ့စက်တွေကို အဆက်မပြတ် တီထွင်ပေး နေခြင်းဟာ မှန်တဲ့လုပ်

ငန်းဖြစ်တယ်။ ဒီလိုတိုးတက်ကောင်းမွန်လာတဲ့ စက်ကရိယာများ ပေါ်ပေါက်လာတဲ့အတွက် အလုပ်လက်မဲ့များ ပေါ်ပေါက်လာယင် ဒီပြဿနာကို စနစ်တကျ ဖြေရှင်းပေးရမယ်။ အရင်းရှင် လောကမှာတော့ အမြတ်ရဘို့ တခုထဲအတွက်သာ အဓိကထားပြီးလုပ်နေကြတဲ့အတွက် အလုပ်လက်မဲ့ပြဿနာကို စနစ်တကျ မဖြေရှင်းနိုင်ကြဘူး။ အဲဒီလိုမဖြေရှင်းနိုင်တဲ့အတွက် တိုးတက်ကောင်းမွန်တဲ့ စက်ကရိယာများကို တီထွင်ခြင်းဟာ အရင်းရှင်ဝါဒကို ချိုးဖဲ့ဖျက်ဆီးပစ်မဲ့ အလုပ်သမားလူတန်းစားတွေကို ပိုမိုစည်းရုံးမိအောင် လုပ်ပေးလိုက်သလိုဖြစ်သွားတယ်။

အရင်းရှင် တွေဟာ တဘက်က ဆာပလတ်(စ်) ဗဲလျူးတွေကို ရနိုင်သလောက်ရအောင်ယူပြီး အခြား တဘက်ကလဲ အလုပ်လက်မဲ့တွေ ဖြစ်ပေါ်လာအောင် တလုပ်ထဲလုပ်ပေးနေကြတာကြောင့် အလုပ်သမားတွေဟာ သူတို့ရဲ့ ဘဝလွတ်မြောက်ရေးအတွက် စည်းရုံးမိလာကြတယ်။ သူတို့ရဲ့အင်အားကို ပိုပြီးယုံကြည်လာကြတယ်။ အားကိုးလာကြတယ်။ အဲဒီလို တနေ့ တခြား တိုးတက်စည်းရုံးမိလာတဲ့ အလုပ်သမား တွေနဲ့ အရင်းရှင် တွေရဲ့ ပဋိပက္ခမှုဟာ တနေ့တခြားပိုမိုပြင်းထန်လာတယ်။ နောက်ဆုံးတနေ့မှာ ဒီအလုပ်သမားတွေရဲ့ လက်ချက်ကြောင့်ဘဲ အရင်းရှင်စနစ်ကြီးဟာ အနိစ္စရောက်ရှာတယ်။

အဲဒီအရင်းရှင်စနစ် အနိစ္စရောက်ပြီးမှ အလုပ်သမား တွေဟာ ဆိုရှယ်လစ် နိုင်ငံကို ထူထောင်ကြတယ်။ အဲဒီဆိုရှယ်လစ်နိုင်ငံဟာ ဆင်းသီးဆစ်(စ်) ဖြစ်တယ်။

အဲဒီတော့ အခုပြောခဲ့တဲ့အချက်တွေကို အတိုချုပ်ပြီး ပြန်ပြောရယင်—

၁။ အရင်းရှင် လူ့အဆောက်အအုံကြီးက သီးဆစ်(ခ်)ဖြစ်တယ်။

၂။ စည်းလုံးတဲ့အလုပ်သမားတွေ ဖြစ်ပေါ်လာအောင် ဖန်တီးပေးတဲ့ အမြတ်ရလိုမှု အင်တီသီးဆစ်(ခ်)ဖြစ်တယ်။

၃။ ဒီစည်းလုံးတဲ့အလုပ်သမားတွေရဲ့လက်ချက်ကြောင့် အနိစ္စရောက်ရှာတဲ့ အရင်းရှင် လူ့ အဆောက်အအုံကြီးနေရာမှ အသစ်ဖြစ်ပေါ်လာတဲ့ ဆိုရှယ်လစ် လူ့အဆောက်အအုံကတော့ ဆင်းသီးဆစ်(ခ်)ဖြစ်တယ်။

မာ့(ခ်)(စ်)က ကမ္ဘာကြီးဟာလဲ အဲဒီ ဒိုင်ယာလက်တစ်(ခ်)နည်းအရ။

(၁) ကလင်းကအေရှတစ်နဲ့ ကလပ်ဆီကယ်(လ်)သို့။

(၂) အေရှတစ်နဲ့ ကလပ်ဆီကယ်(လ်)မှ ဖြူးဒ်(လ်)သို့၊

(၃) ဖြူးဒ်(လ်)မှ အရင်းရှင်သို့။

(၄) အရင်းရှင်မှ ဆိုရှယ်လစ် လူ့အဆောက်အအုံသို့၊ တိုးတက်ရမယ်။

အဲဒီလို တိုးတက်တဲ့အခါမှာလဲ ဒီအဆင့်အတိုင်း ဒီအစီအစဉ်အတိုင်း တသွေမတိမ်း တိုးတက်ရမယ်လို့ ဟစ်(စ်)တော်ရီကယ်(လ်) မတီးရီးယယ်(လ်) လစ္စင်း(မ်) အပိုင်းမှာ အတိအလင်းဆိုထားတယ်။

တလောကလုံးဟာ မရပ်တန့်ဘဲ ပြုပြင်ပြောင်းလဲနေရမယ်ဆိုတဲ့အချက်ကိုတော့ ကျွန်တော်တို့ လက်ခံတယ်။ ဒါပေမဲ့ တလောက လုံးဟာ သူ့အစီအစဉ်နဲ့ သူ ဖေါက်ပြန်ခြင်းမရှိဘဲ တိုးတက်နေရယ်ဆိုတဲ့အချက်ကိုတော့ ကျွန်တော်တို့ လက်မခံဘူး၊

ကမ္ဘာကြီးဟာ ဒီလိုအစီအစဉ်နဲ့ တိုးတက်ရမယ်၊ အခြားနည်းနဲ့ မတိုးတက်ရဘူးလို့ မာ့(ခ်)(စ်)ဟာ ဘာကြောင့် ယူဆတယ် ဆိုတာကို ခပ်ကျယ်ကျယ်ကလေး ရှင်းပြမှ သဘော ပေါက် လိမ့်မယ်။ အဲဒါကြောင့် ရဲဘော်တို့ ဒီအချက်ကို ခပ်ကျယ်ကျယ်ကလေး ရှင်းပြပါရစေ။ သည်းခံပြီးနားထောင်ကြစေချင်တယ်။

မာ့(ခ်)(စ်) ဟာ သူ့ ခေတ် ဘုန်းက ထွန်း ကား နေတဲ့ လောကဓါတ်ပညာကိုအမှီပြုပြီးတော့မှ ဒီအယူကို ယူခဲ့တဲ့အတွက် သူ့ခေတ်က လောကဓါတ်ပညာဟာ ဘယ်လိုပညာမျိုးဆိုတာကို ရှင်းပြဘို့ လိုပါလိမ့်မယ်။ သူ့ခေတ်က ဓါတ် ပညာဟာဘယ်လိုပညာမျိုးဖြစ်တယ်ဆိုတာကိုသိချင်ယင် သူ့ခေတ်အထိ တစတစတိုးတက်လာတဲ့ လောကဓါတ် ပညာရဲ့ အပိုင်းကို ဖေါ်ပြဘို့လိုပါလိမ့်မယ်။ အဲဒါကြောင့် ရှေးဦးစွာ မာ့(ခ်)(စ်)ရဲ့ ခေတ်အထိ တိုးတက်လာတဲ့ လောကဓါတ်ပညာရဲ့သမိုင်းကို အကျဉ်းချုပ်ပြီး ကျွန်တော်ပြောပါရစေ။ ရှေးခေတ်တွေတုန်းက သဘာဝကြီးရဲ့အဖြစ်အပျက်ဟူသရွေ့ဟာ ကောင်းကင်ဘုံမှာရှိတဲ့ ထာဝရ သခင်ရဲ့ သဘောအတိုင်း ဖြစ်နေကြတယ်လို့ ယူဆခဲ့တယ်။ ၁၇–ရာစုလောက်ကိုရောက်တဲ့အခါ ဂဲလီလီယိုတို့ဆိုတဲ့ လောကဓါတ် ပညာရှင်ကြီးတွေ ပေါ်လာကြတယ်။ သူတို့လက်ထက်ကို ရောက်တဲ့အခါ သဘာဝကြီးရဲ့ အဖြစ်အပျက်မှန်သရွေ့ဟာ တခြားကြောင့်မဟုတ်ဘူး။ သူ့အကြောင်းကြောင့်သူ ဖြစ်ပေါ် နေတယ်ဆိုတဲ့ သဘောကို တွေ့ရှိ လာကြတယ်။ ဒီ သဘောရဲ့ အဓိပ္ပါယ်ကတော့ဒီလိုပါ။ အဖြစ်အပျက်တခု ဖြစ်ပျက်တယ်ဆိုပါတော့။ အဲဒီအခါ ဒီ အဖြစ်အပျက်ရဲ့ အ ကြောင်း ရင်း ကို တွေ့ အောင် ရှာ ပါ။ အဲဒီအကြောင်းကို တွေ့ရင် ဒီအကြောင်းဖြစ်ပေါ်တိုင်း ဒီအဖြစ်အပျက်ဖြစ်ရမယ်၊

အဲဒီအကြောင်းဟာ ဘယ်အချိန်မှာဘဲဖြစ်ဖြစ်၊ ဘယ်နေရာမှာဘဲ ဖြစ်ဖြစ်၊ ဘယ်သူကြောင့်ဘဲဖြစ်ဖြစ် ဒီအကြောင်းဖြစ်ရင် ဒီအဖြစ်အပျက်ဖြစ်ရမယ်၊ အဲဒီလို သူ့အကြောင်းနဲ့သူအကျိုးဆက်စပ်နေတဲ့ သဘောတရားကို ဂယ်လီလီယို နယူတန်တို့ လက်ထက်မှာ တွေ့လာကြတယ်။

ဒီဝါဒကို အမှီပြုပြီး တလောကလုံးကို စက်ကြီးတခုလို့ ယူဆတဲ့အယူအဆတွေ လောကဓါတ်ပညာပိုင်းမှာ ပေါ်လာတယ်၊ ဒီအယူအဆတွေကို ယူဆခဲ့တဲ့ လောကဓါတ်ပညာရှင်တွေထဲမှာ နာမည်ကြီး ပုဂ္ဂိုလ်တွေကတော့ ဟဲ(လ်)(မ်)ဟော(လ်)(ထ်)(ဇ)၊ ကဲ(လ်)ဗင်၊ ဝါတာစတာန်ပက်ဆဲ(လ်)တို့ပင်ဖြစ်ပါတယ်၊ ဒီလူတွေရဲ့ စက်သဘောဝါဒအရ၊ ကမ္ဘာကြီးရဲ့ တိုးတက်လာပုံဟာ မီးရထားတစင်းရဲ့ တိုးတက်လာပုံနဲ့တူတယ်။ ဥပမာမီးရထား တစင်းဟာ ရန်ကုန်က မန္တလေးကိုသွားရင် ရန်ကုန် မန္တလေး မီးရထားလမ်းကလွဲလို့တခြားလမ်းမရှိဘူး၊ရန်ကုန်ကထွက်ရင်ပဲခူးရောက်တယ်၊ပဲခူးပြီးတောင်ငူ တောင်ငူပြီး ပျဉ်းမနား၊ ပျဉ်းမနားပြီးရင်ရမည်းသင်း၊ ရမည်းသင်းကျောက်ဆည်၊ကျောက်ဆည်ပြီး မန္တလေးလို မီးရထား မထွက်ခင် ကထဲက လမ်းဆုံးအထိ ခရီးစဉ်ကြီးဟာ စီစဉ်ပြီးသားဖြစ်တယ်။ မီးရထားဟာ ပဲခူးကိုမရောက်ဘဲ တောင်ငူကိုမရောက်နိုင်ဘူး၊ ပျဉ်းမနားကို မရောက်ဘဲ ရမည်းသင်းကို မရောက်နိုင်ဘူး၊ ရမည်းသင်းကို မရောက်ဘဲ ကျောက်ဆည်ကို မရောက်နိုင်ဘူး၊ ကျောက်ဆည်ကို မရောက်ဘဲ မန္တလေးကို မရောက်နိုင်ဘူး။

ဒီနည်းအတိုင်းဘဲ စက်ဝါဒအရ ကမ္ဘာကြီး ဂေါ်စကစပြီး ပျက်တဲ့နေ့အထိ ကမ္ဘာကြီးရဲ့ အစီအစဉ်ဟာ စီစဉ်ပြီးသားဖြစ်တယ်၊ပြောင်းလို့မရဘူး၊ ဥပမာအဖြစ်အပျက်တခုဟာ သူမဖြစ်မီ သူ့ရှေ့တွင် ကပ်ပြီးဖြစ်တဲ့ သူ့အကြောင်းကြောင့်ဖြစ်တယ်။ အဲဒီအကြောင်းဟာလဲ အဲဒီနည်းအတိုင်းဘဲ သူ့ရှေ့နားတွင်ကပ်ပြီး ဖြစ်သွားတဲ့ အကြောင်းရဲ့ အကျိုးမျှသာ ဖြစ်တယ်၊ အခုဖြစ်ပျက်လိုက်တဲ့ အဖြစ်အပျက်တခုဟာ အကျိုးဖြစ်ရုံသာမက နောက်ထပ်ဖြစ်ပျက်မဲ့အဖြစ်အပျက်ရဲ့ အကြောင်းဘဲဖြစ်ပြန်သေးတယ်၊ ဒီနည်းအတိုင်း ကမ္ဘာကြီးဟာ တိုးတက်နေတယ်လို့ စက်သဘောဝါဒခေတ်က လောကဓါတ်ပညာရှိကြီးတွေဟာ ယူဆခဲ့ကြတယ်။

အမှန်စင်စစ် မာ့(ခ်)(စ်)ရဲ့ဟစ်(စ်) တော်ရီးကယ်(လ်) မတီးရီးယယ်(လ်)လဇ္ဇင်း(မ်)ဟာ အဲဒီ စက်သဘောဝါဒခေတ်က အတွေးအဆမျှသာ

ဖြစ်တယ်၊ ၁၉၀၀-ပြည့်နှစ်ကို ရောက်တဲ့အခါ ဘာလင်က ပရောဖက်ဆာ မက်(စ်)ပလင့်(ခ်)ဆိုသူကဝါဒသစ်တခုကိုရှာတွေ့လာတယ်၊ဒီဝါဒကို“ကွမ်တန်သီယူရီ”လို့ အမည်ပေးတယ်၊ဒီဝါဒပေါ်လာတာနဲ့ တပြိုင်နက်မာ့(ခ်)(စ်)တို့လက်ခံခဲ့တဲ့စက်သဘောဝါဒကြီးဟာ ပြိုကျသွားခဲ့ပါတယ်၊ကွမ်တန်သီယူရီအရဆိုရင် ကမ္ဘာကြီးရဲ့ တိုးတက်ပုံဟာမီးရထားသွားပုံမျိုးနဲ့ မတူဘူး၊ ပရွက်ဆိပ်တကောင်သွားပုံမျိုးနဲ့ တူတယ်၊ ပရွက်ဆိပ်တကောင်ကိုရန်ကုန်ကမန္တလေးကို လွှတ်လိုက်ရင်ပရွက်ဆိပ်ဟာ မီးရထားလမ်းအတိုင်း ပဲခူး တောင်ငူ၊ပျဉ်းမနား၊ ရမည်းသင်း၊ ကျောယ်ဆည်လမ်းအတိုင်း မန္တလေးကို သွားချင်ရင်လဲသွားမယ်၊ တခြားလမ်းနဲ့သွားချင်လဲ သွားမယ်၊ မန္တလေးကိုသွားချင်မှလဲသွားမယ်။

ကမ္ဘာကြီးရဲ့ တိုးတက်ပုံကလဲ ဟစ်(စ်)တော်ရိကယ်(လ်) မဘီးရီးယယ်(လ်) လဇ္ဇင်း(မ်)ထဲမှာ ဖေါ်ပြထားတဲ့အတိုင်း သူ့အစီအစဉ်နဲ့ သူ့အဆင့်ဆင့် တိုးတက်ခြင်းမျိုး မဟုတ်ဘဲ သူတိုးတက်ချင်သလို တိုးတက်ခြင်းမျိုးဘဲဖြစ်ပါတယ်။

ကွမ်တန်သီယူရီ အရ သဘာဝကြီးဟာ အတိအကျစည်းနဲ့ကမ်းနဲ့ဖြစ်ပျက်ခြင်းကို အလိုမရှိပါဘူး၊ ဖြစ်ပျက်ချင်သလို ဖြစ်ပျက်နေတာကို တွေ့ရတယ်။

ဆိုဗီယက်ရုရှားကိုပင်ကြည့်ပါ၊ ဟစ်(စ်)တော်ရိကယ်(လ်) မတီးရီးလဇ္ဇင်း(မ်)အရ....

(၁) ကလင်းလူ့အဆောက်အအုံကြီးမှ အေရှတစ်(ခ်) သို့မဟုတ် ကလပ်လီကယ်(လ်) လူ့အဆောက်အအုံကို ရောက်ရမယ်။

(၂) အေရှတစ်(ခ်) သို့မဟုတ် ကလပ်ဆိကယ်(လ်)ပြီးမှဖြူးဒဲ(လ်)ကို ရောက်ရမယ်။

(၃) ဖြူးဒဲ(လ်)ပြီးမှ အရင်း ရှင်ကို ရောက်ရမယ်။

(၄) အရင်းရှင်ပြီးမှ ဆိုရှယ်လစ်လူ့အဆောက်အအုံကြီးကိုရောက်ရမယ်လို့ မာ့(ခ်)(စ်)က ဆိုခဲ့ပါတယ်၊ ဒါပေမဲ့ ရုရှားမှာဆိုရင် အရင်းရှင်

လူ့အဆောက်အအုံကြီးတခုလုံးကို ကျော်ပြီး ဖြူးဒဲ(လ်)မှ ဆိုရှယ်လစ် လူ့အဆောက်အအုံကို တဆက်တည်း တည်ဆောက်နိုင်တယ်လို့ ယုံကြည်ပြီး သူတို့တည်ဆောက်နေကြတယ်၊ အဲဒါကြောင့် လူ့အဆောက်အအုံကြီးများ ရဲ့ တိုးတက်ရေးမှာပင် စက်သဘောဝါဒထက် ကွမ်တန်သီယိုရီက ပိုပြီးမှန် ကန်တာကို ဆိုဗီယက် ယူနီယံကိုယ်တိုင်က ထောက်ခံလျက်ရှိပါတယ်။

ကွမ်တန်သီယိုရီဟာ အခုခေတ် မီဆစ်(ခ်)လို့ခေါ်တဲ့ သောကဓါတ် ပညာရပ်မှာ မိုင်ငြမ်းကြီးများ အဖြစ်နဲ့ အသုံးပြုနေရတဲ့ ဝါဒကြီးတွေထဲမှာ တခုအပါင်ဖြစ်နေပါတယ်၊ ဒီဝါဒကိုမတ်(ခ်)(စ်,ပလင့်က စတင်ထူထောင် လိုက်တုန်းက တော်ရုံတန်ရုံဝါဒကလေးလို့သာ အမှတ်ထားလိုက်ကြပါတယ်၊ ၁၇–၁၈–၁၉ ရာစုတွေမှာလက်ကိုင်ပြုခဲ့တဲ့စက်သဘောဝါဒကြီးကိုတော်လှန်ပစ် လိုက်ပြီး လောကဓါတ်ပညာပိုင်းမှာ ခေတ်သစ်ထူထောင်မဲ့ဝါဒဖြစ်လာရမယ်၊ ဆိုတာကို အဲဒီအခါတုန်းက ဘယ်သူမှ သဘောမပေါက်ခဲ့ကြဘူး။

မာ့(ခ်)(စ်)ဟာ ဟီဂဲ(လ်)ရဲ့ အိုင်ဒီးလဇ္ဇင်း(မ်)ကို လက်ခံခဲ့ပြီး ဖြူး ရားဘတ်ခ်ရဲ့ မတီးရီးယယ်(လ်)လဇ္ဇင်း(မ်)ကို တွေ့ရတဲ့အခါ မူလလက်ခံ ခဲ့တဲ့ အိုင်ဒီး လဇ္ဇင်း(မ်)ကို စွန့်ပယ်လိုက်ပါတယ်၊ မတီးရီးယယ်(လ်) လဇ္ဇင်း(မ်)ကို လက်ခံပါတယ်၊ ဟစ်(စ်)တော်ရိကယ်(လ်)မတီးရီးယယ်(လ်) လဇ္ဇင်း(မ်) အပိုင်းမှာလဲ လူ့အဆောက်အအုံကြီးတွေဟာ....

(၁) အေရှတစ်(ခ်) လူ့အဆောက်အအုံ။

(၂) ကလပ်ဆီကယ်(လ်) လူ့အဆောက်အအုံ၊

(၃) ဖြူးဒဲ(လ်)လူ့အဆောက်အအုံ၊

(၄) အရင်းရှင် လူ့အဆောက်အအုံ၊

ဆိုပြီးတဆင့်စီတိုးတက်လာတယ်လို့မူလက ယူဆခဲ့ပါတယ်။ဒါပေမဲ့လူဝစ်(စ်) မော်ဂင်ရေးတဲ့ "ရှေးကျသော လူ့အဆောက်အအုံ" စာအုပ်ကိုမာ့(ခ်)(စ်) ဟာ ဘတ်ပြီးတဲ့အခါ ကမ္ဘာလောကကြီးဟာ....

(၁) ကလင်းလူ့အဆောက်အအုံ၊

(၂) အေရှတစ်(ခ်) သို့မဟုတ် ကလပ်ဆီကယ်(လ်) လူ့အဆောက် အအုံ။

(၃) ဖြူးဒဲ(လ်)လူ့အဆောက်အအုံ၊

(၄) အရင်းရှင် လူ့အဆောက်အအုံ ဆိုပြီး တဆင့်စီ တိုးတက်လာ တယ်လို့ မာ့(ခ်)(စ်)ကပြင်ဆင်ရေးသားခဲ့ပါတယ်၊အဲဒီအတိုင်းဘဲ မာ့(ခ်)(စ်) ဟာ သူ့ခေတ်က ပေါ်ထွန်းခဲ့တဲ့ စက်သဘောဝါဒကို လေ့လာပြီး ကမ္ဘာ လောကကြီးဟာလဲ ဟစ်(စ်)တော်ရိကယ်(လ်)မတီးရီးယယ်(လ်)လဇ္ဇင်း(မ်) ထဲမှာသူဖေါ်ပြထားတဲ့ အတိုင်းသူ့အစီအစဉ်နဲ့သူ တဆင့်စီ တိုးတက်ခဲ့တယ်၊ ရှေ့ကိုလဲဒီလိုဘဲတိုးဘက်ချမယ်လို့သူရေးသားထားခဲ့ခြင်း ဖြစ်တယ်၊အကယ်၍ သာမာ့(ခ်)(စ်)ဟာကွမ်တန်သီယိုရီကိုလေ့လာခွင့် ရခဲ့ရင်ကမ္ဘာ့လူ့အဆောက် အအုံကြီးရဲ့ တိုးတက်ရေးနဲ့ ပတ်သက်ပြီး သူ့အယူအဆတွေဟာ တမျိုးတဖုံ ပြောင်းလဲသွားနိုင်စရာ အကြောင်းရှိတယ်လို့ ကျွန်တော်ယူဆတယ်။

နေခဲ့ပြီးတော့လဲသီဒစ်(ခ်)တေးတားရှစ်(ပ်) အော့(ဖ်) သီပရိုလီတေးရီး ယက် (ဝါ) အလုပ်သမားအာဏာရှင်လမ်းစဉ်လို့ဆိုပြီးတပါတီအာဏာရှင်စံ နစ်ထူထောင်တာကိုလဲ ကျွန်တော်တို့ လက်မခံနိုင်ဘူး၊ အလုပ်သမား တွေက အရင်းရှင်လူ့လောကကြီးကို ဖျက်ဆီးပြီးတဲ့နောက် အလုပ်သမားအာဏာ ရှင်လမ်းစဉ်နဲ့ ဆိုရှယ်လစ်နိုင်ငံကို တည်ဆောက်ရမယ်လို့ ဆိုထားခဲ့ပါတယ်၊ ကျွန်တော်တို့ရဲ့ အယူအဆအရ ဒီအလုပ်သမား အာဏာရှင် လမ်းစဉ်ဟာ အင်မတန်ကြောက်စရာကောင်းတဲ့ ဘေးဥပဒ်အန္တရာယ်တွေနဲ့ ပြည့်နှက်နေပါ တယ်၊ ဘာဖြစ်လို့ ဒီလိုပြည့်နှက်နေတယ်ဆိုတာကိုတော့ကျွန်တော်အမျကြီး ရှင်းပြနေဘို့ မလိုပါဘူး၊ ရဲဘော်တွေလဲ ကောင်းကောင်းသိပြီးသားပါဘဲ။

နိုင်ငံတနိုင်ငံကို အုပ်ချုပ်ဘို့အတွက် လူတစုကိုတော့ အာဏာအပ်ရ မှာဘဲ၊ ဒါပေမဲ့အချုပ်အချယ်မရှိဘဲနဲ့ အာဏာကို လုံးပုံပြီးအပ်ဘို့ဆိုတာ တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး အာဏာကို မအပ်ရင် မဖြစ်တဲ့အတွက် လူ တစုကိုတဘက်ကအာဏာအပ်ပြီး တခြားတဘက်ကဒီလူစုဟာ ဒီအာဏာကိုအ သုံးစား မလုပ်နိုင်အောင် မဲတင်းပေးတဲ့ အစီအစဉ်တွေနဲ့ ဒီလူတွေကို ထိန်း ပေးရမယ်။ အဲဒီမဲတင်းပေးတဲ့အစီအစဉ်ကတော့ တခြားဟာမဟုတ်ဘူး။

(၁) လွတ်လပ်စွာ ပြောပြောခွင့်။

(၂) လွတ်လပ်စွာ ရေးသားခွင့်။

(၃) လွတ်လပ်စွာ စည်းရုံးခွင့်။

(၄) တရားရုံးတော်ရဲ့ လွတ်လပ်ခွင့်။

(၅) ပြည်သူလူထုက မိမိကြိုက်နှစ်သက်ရာ အစိုးရကို ဥပဒေအရ ရွေးကောက်တင်မြှောက်နိုင်ခွင့် အစရှိတဲ့ အစီအစဉ်တွေဘဲ ဖြစ်ပါတယ်။

"အာဏာဆိုတာလူကိုဖျက်ဆီးတတ်တယ်၊အကန့်အသတ်မရှိတဲ့အာဏာဆိုတာ လူကိုအသုံးမရှိ ဖျက်ဆီးတတ်တယ်" ဆိုတဲ့စကားပုံကိုရဲဘော်တို့ကြားဘူးကြမှာပေါ့၊ အဲဒီစကားပုံဟာ အာဏာနဲ့တွေ့တဲ့အခါ လူ့သဘောဟာ ဘယ်လိုဖြစ်တတ်တယ်ဆိုတာကို ဖေါ်ပြထားတဲ့ စကားပုံဘဲဖြစ်တယ်၊ အာဏာကို ရခါစတော့ လူတွေဟာ လူကောင်းတွေပါဘဲ ဒါပေမဲ့ အတော်ကလေးကြာလာတော့ ဒီလူတွေအာဏာရဲ့ အရသာကို တွေ့လာကြလိမ့်မယ်၊ အဲဒီလို အာဏာရဲ့ အရသာကို တွေ့လာတာနဲ့ တပြိုင်နက် အာဏာဟာ သူတို့ရဲ့လက်ထဲမှာ တည်တံ့ခိုင်မြဲအောင် နည်းမျိုးစုံကို အသုံး ပြုလာကြလိမ့်မယ်၊အဲဒီနည်းမျိုးစုံ တွေကိုအသုံးပြုတဲ့အတွက် တိုင်းသူပြည်သားတွေဟာ မူလအခွင့်အရေးတွေဆုံးရှုံးပြီး၊သူတို့ရဲ့နိုင်ငံဟာ ပုလိပ်နိုင်အဖြစ်ကို ပြောင်းလဲသွားလိမ့်မယ်၊အဲဒါနဲ့ အဆုံးမသတ်သေးပါဘူး၊ အဲဒီကတဆင့်တက်ပြီး အာဏာလုပွဲတွေ ဖြစ်ပေါ်လာကြလိမ့်မယ်၊ အာဏာလုပွဲဆိုတာတတော့ တခြားဟာမဟုတ်ပါဘူး၊ အာဏာလက်ကိုင်ထားတဲ့ လူအချင်းချင်းတွေဟာ ကိုယ့်ရန်ဘက်ကိုဖြစ်စေ၊ဒါမှမဟုတ်ယင်လဲ ရန်ဘက်ဖြစ်လာနိုင်စရာအကြောင်းရှိဘဲ့ လူတွေကိုဖြစ်စေလက်ဦးအောင် ဘမ်းဆီးချုပ်နှောင်သုတ်သင်ရှင်းလင်းတဲ့ပွဲဘဲ ဖြစ်ပါတယ်၊ဒီလိုအာဏာလက်ကိုင်ထားတဲ့လူအချင်းချင်းအာဏာလုကြတဲ့အာဏာလုပွဲတွေမှာလဲအဆုံးသတ်အုံးမှာမဟုတ်သေးဘူး။ ဒီလိုအာဏာလုပွဲတွေကို လုပ်တယ်ဆိုတာဟာလက်နက်ကိုင်တပ်ဘွေကိုကိုယ့်ဘက်ထိမ်းသွင်းပြီးလုပ်ရတဲ့ပွဲတွေဖြစ်တဲ့အတွက်လက်နက်ကိုင်တပ်တွေမှာလဲ စည်းကမ်းတွေပျက်ပြား လာလိမ့်မယ်။ အဲဒီလိုစည်းကမ်းတွေပျက်ပြားလာတဲ့အတွက်အာဏာ သိမ်းတဲ့အခါမှာအာဏာရှူးရဲ့ ခါးပိုက်ဆောင်တပ်အဖြစ်နဲ့ အာဏာသိမ်းပေးရတာထက်

သူ့တို့ကိုယ်တိုင်အာဏာသိမ်းလိုက်ရယင်ပိုပြီးကောင်းအုံးမယ်ဆိုတဲ့အယူအဆတွေဟာလက်နက်ကိုင်တပ်တွေထဲမှာပြန့်ပွားလာလိမ့်မယ်။ဒီအယူအဆတွေဟာ ပြင်းထန်လာတဲ့အခါ လက်နက်ကိုင်တပ်တွေဟာ သူတို့ကိုခါးပိုက်ဆောင် လုပ်ထားတဲ့နိုင်ငံရေးသမားတွေကိုကန်ချပြီး။ သူတို့ကိုယ်တိုင်အာဏာတက်သိမ်းကြလိမ့်မယ်။အဲဒီလိုနိုင်ငံတနိုင်ငံရဲ့ လက်နက်ကိုင် တပ်တွေဟာနိုင်ငံရေး နယ်နိမိတ်ကိုခြေစုံပစ်ပြီး ဝင်လာတဲ့နေ့ဟာ ဒီနိုင်ငံပျက်ဘို့အစပြုတဲ့နေ့ဘဲ ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုယင်လက်နယ်နဲ့အာဏာသိမ်းလို့ရမှန်း သိလာယင်၊ စစ်တပ်ထဲမှာကျန်ရစ်ခဲ့တဲ့လူတွေကလဲအားစုပြီးသူတို့အပေါ်ကလူတွေရဲ့ အာဏာကို ပြန်လုကြအုံးမှာဘဲ။

အဲဒီလိုဂျာသေ အမေရိက်ပါလို့မောင်မိက်မာခိုဆိုတဲ့ သီချင်း အတိုင်း အာဏာရှူးတွေဟာ အာဏာကို တလှဲစီလှဲပီးသိမ်းနေကြယင် အဲဒီနိုင်ငံဟာ ပျက်မှာဘဲ။တိုင်းသူပြည်သားတွေကိုယ်တိုင်ကလဲ ဘိနှိပ်ချုပ်ချယ်မှုတွေကြောင့် လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊လွတ်လပ်စွာ စည်းရုံးခွင့်၊ လွတ်လွပ်စွာ ကိုးကွယ်ခွင့်ဆိုတဲ့ မူလအခွင့်အရေးတွေမရှမလှ ဆုံးရှုံးလာကြတဲ့အတွက်မခံနိုင်ကြလွန်းလို့ အုံကြပြီးထချမဲ့ ဘေးအန္တရာယ်တွေကို အဲဒီအလုပ်သမားအာဏာရှင်လမ်းစဉ်မှာအများကြီး ရှိနိုင်သေးတယ်။
ရဲဘော်တို့

အခုကျွန်တော်ပြောခဲ့တာတွေဟာ စိတ်ကူးနဲ့ရှောက်ပြီး ပြောနေတာ မဟုတ်ဘူး။ကမ္ဘာ့ရာဇဝင်ကိုလေ့လာကြည့်မယ်ဆိုယင်။ ကျွန်တော်တို့မျက်စေ့အောက်မှာဒီအတိုင်း ဒီအတိုင်းဖြစ်နေတဲ့နိုင်ငံတွေဟာမမြင်ချင်အဆုံးဘဲမဟုတ်လား။

လူဆိုတာဗမာဘဲဖြစ်ဖြစ်၊တရုတ်ဘဲဖြစ်ဖြစ်၊ကုလားဘဲဖြစ်ဖြစ်။ အင်္ဂလိပ်ဘဲဖြစ်ဖြစ်၊အမေရိကန်ဘဲဖြစ်ဖြစ်။ရုပ်ရှာဘဲဖြစ်ဖြစ်၊ ဝို(လ်)လူမျိုးဘဲ ဖြစ်ဖြစ်၊ ပြင်သစ်ဘဲဖြစ်ဖြစ်၊ ဂျာပန်ဘဲဖြစ်ဖြစ်၊ တောင်အမေရိကန်တိုက်သား တွေဘဲ ဖြစ်ဖြစ်၊ဘယ်သူဘဲဖြစ်ဖြစ်၊လူမှန်ယင်အသေးစိတ်အချက်တွေမှာသာ ခြားနားသလောက်ခြားနားမယ်။ အာဏာနဲ့တွေ့ယင် အာဏာရူးတွေ ဖြစ်လာတဲ့ သဘောမှာတော့မကွဲပြားပါဘူး၊အတူတူကြီးပါဘဲ။ ဘာကြောင့် ချုပ်ချယ်တာဘဲပြန်ဖြစ်ဖြစ်။ဘိနှိပ်ချုပ်ချယ်မှုနဲ့တွေ့ယင်အုံကြထတယ်။ ကမ္ဘာ့ရာဇဝင်

တခုလုံးဟာဒီလိုသင်္ချိုးစာမျိုးတွေနဲ့ပြည့်နေတာဘဲဆိုတာကိုဘယ်သူ ငြင်းနိုင်မလဲ၊ဘယ်သူမှမငြင်းနိုင်ပါဘူး။

လူ့အဆောက်အအုံကြီးတခုလုံး ပြုပြင်ပြောင်းလဲရေး၊ အသစ်တည်ဆောက်ရေးဆိုတဲ့လူ့အရေးကြီးတွေကိုစဉ်းစားတဲ့အခါ အခုပြောခဲ့တဲ့ လူတွေမှာဖြစ်တတ်တဲ့သဘောတွေကိုလဲထည့်ပြီးစဉ်းစားရမယ်။ ဒီလူ့သဘောတွေကိုထည့်ပြီးမစဉ်းစားဘဲလူ့ပြ နာတွေရဲ့ အဖြေတွေကိုရွေးချယ်မယ်ဆိုယင် ဒီအဖြေတွေဟာလုံးလုံးမှားတဲ့အဖြေတွေသော်ရင်းဖြစ်ရမယ်။ တပိုင်းတစသာ မှန်တဲ့အဖြေတွေသော်ရင်းဖြစ်ရမယ်။

ရဲဘော်တို့

အလုပ်သမားအာဏာရှင်လမ်းစဉ်အရ—

(၁) အာဏာလုပ်ပွဲတွေဖြစ်လို့လဲတိုင်းပြည်ပျက်ရမယ်း

(၂) ဖိနှိပ်ချုပ်ချယ်မှုတွေ့တို မခံနိုင်တဲ့အတွက် ပြည်သူ လူထုကြီးကအုံကြွထလို့လဲတိုင်းပြည်ပျက်ရမယ်၊

အဲဒီအကြောင်းတွေကြောင့် အလုပ်သမားအာဏာရှင် လမ်းစဉ်သာမကဘယ်အာဏာရှင်စံနစ်ကိုမဆိုကျွန်တော်တို့လက်မခံနိုင်ဘူး။လုံးဝပယ်တယ်။

ရဲဘော်တို့

မာ့(ခ်)(စ်)ရဲ့ သဘောတရားနဲ့ သမိုင်းကို ဒီလောက် ဝေဘန်ယင်ဒီကနေ့အဘို့လုံလောက်ပြီလို့ကျွန်တော်ယူဆတယ်။

ရဲဘော်တို့

မာ့(ခ်)(စ်)လင္ဂင်း(မ်)ဟာ ချွင်းချက်မရှိ လုံးဝမှန်ကန်တဲ့ သဘောတရားဖြစ်တယ်လို့ဖဆပလကမယုံကြည်တဲ့အတွက်—

(၁) မာ့(ခ်)(စ်)ရဲ့စီးပွားရေး သဘောတရား အချို့ကိုသာ လက်ခံတယ်။

(၂) မာ့(ခ်)(စ်)ဆင့်င်း(မ်) (ဝါ)မာ့(ခ်)(စ်) ဝါဒကို ဖဆပလရဲ့ဝါဒအဖြစ်နဲ့လက်မခံဘူး၊

ရဲဘော်တို့

စီးပွားရေးပိုင်းမှာတော့ မာ့(ခ်)(စ်)ရဲ့ ယူဆချက် အချို့ကိုတော့ကျွန်တော်တို့လက်ခံတယ်။ကျွန်တော်တို့ရဲ့ယုံကြည်ချက်အရကုန်တွေကို အမြတ်အတွက် မလုပ်ရဘူး။လူသုံးဘို့အတွက်သာလုပ်ရမယ်၊ဖေါင်စီးယင်းရေးဝတ်ဆိုသလိုကမ္ဘာတောကကြီးမှာသဘာဝပစ္စည်းတွေ လုံလုံလောက်လောက် ရှိရဲ့သားနဲ့ အငတ်ပြဿနာတွေ၊ရောဂါထူပြောမှုတွေ၊ စာရိတ္တမကျ ိုင် ယ ိမ်းယိုင်ပျက်စီးမှုတွေ၊စစ်ပွဲကြီးတွေဖြစ်ပေါ်နေတဲ့ အကြောင်းကြီးတွေထဲမှာ ကုန်ဘွေကိုလူတွေသုံးဘို့အတွက်သက်သက်မဟုတ်ဘဲအမြတ်ရလိုမှုအတွက် လုပ်နေတဲ့ စံနစ်ဆိုးကြီးဟာလဲအကြောင်းကြီးတကြောင်းအဖြစ်နဲ့ပါဝင်တယ်။

ရဲဘော်တို့

ကုန်တွေကိုအမြတ်အတွက်သက်သက်မဟုတ်ဘဲ လူတွေသုံးဘို့ အတွက်သက်သက်လုပ်ပေးနိုင်တ်စံနစ်ကြီးအောင်မြင့်အောင်အကောင်အထည်ဖေါ်ဘို့ဆိုတာကလွယ်လှတဲ့ကိစ္စယော့မဟုတ်လှဘူး။ဒီစံနစ်ကို အကောင်အထည် ဖေါ်တဲ့နေ့ရာမှာလူတွေရဲ့စိတ်ထဲမှာအမြစ်တွယ်နေတဲ့လောဘ သောင်းကျန်း မှုကိုတိုက်ဖျက်ရန် လုပ်ငန်းဟာ အခက်ခဲဆုံးဖြစ်မှာဘဲ။ ဒီလုပ်ငန်း အောင်မြင်လလောက်ဒီစံနစ်ကြီးကိုအကောင်အထည် ဖေါ်တာလဲအောင်မြင်မှာဘဲ။ ဒါပေမဲ့ ဒီလောဘသောင်းကျန်းမှု တိုက်ဖျက်တဲ့ လုပ်ငန်းဟာ ဘယ်လောက်ဘဲခက်ခက်၊ဆိုရှယ်လစ်တွေအနေနဲ့တော့ ဒီစံနစ်ကြီးအောင်မြင်မှုကို ပန်းတိုင်အနေထားပြီးကြိုးပမ်းရမှာဘဲ။အဲဒီစံနစ်ကြီးကိုအကောင်အတည်ဖေါ်တဲ့နေ့ကို ကျွန်တော်တို့ရောက်ယင်ကျွန်တော်တို့ဟာ ပဒေသာပင်ခေတ်ကို ရောက်မှာဘဲ၊

အစိုးရဦးစီးသောစနစ်ရှင်ဝါဒ

ရဲဘော်တို့

အဲဒီစံနစ်ကြီးကိုအကောင်အထည်ဖေါ်တဲ့အခါမှာမမှန်တဲ့ ဝါဒကြီးနဲ့သွားပြီးအကောင်အထည်ဖေါ်မိမှာစိုးတဲ့ အတွက် "ကျွန်ုပ်တို့၏ပန်းတိုင်"ရဲ့ကျေညာချက်(ခ)အပိုဒ်မှာ–"ဤဆိုရှယ်လစ်နိုင်ငံကြီးကို ထူထောင်ရာ၌ ကျွန်ုပ်တို့ကျင့်သုံးရမည့်ဆိုရှယ်လစ်ဝါဒသည်၊ ကွန်မြူနစ်ဝါဒလည်းမဟုတ်။ အစိုးရဦးစီးသောစနစ်ရှင်ဝါဒလည်းမဟုတ်ဆိုသည့်အချက်ကို ကျွန်ုပ်တို့သည် မည်သည့်

အခါမှမျက်ခြေမပြတ်စေရ”လို့ ကျွန်တော်တို့အတိအလင်းကျေညာခဲ့ခြင်း ဖြစ်ပါတယ်၊

ဘာဖြစ်လို့ ကွန်မြူနစ်ဝါဒ(ဝါ)မာ့(ခ်)(စ်)ဝါဒ မဟုတ်ဘူး ဆိုတာကို တော့လဲအခြေ အမြစ်နဲ့ တကွ ကျွန်တော် ရှင်းပြပြီးတဲ့အတွက် ရဲဘော်တို့လဲ ရှင်းလောက်ပါပြီ၊

အဲဒါကြောင့်ဒီနေရာမှာကျွန်တော်တို့ကျင့်သုံးရမဲ့ ဆိုရှယ်လစ်ဝါဒဟာ အစိုးရဦးစီးတဲ့ဓနရှင်ဝါဒလဲဘာကြောင့်မဟုတ်ဘူးဆိုတာကို ကျွန်တော် ဆက်ပြီးရှင်းပြချင်ပါသေးတယ်။

အစိုးရဓနရှင်ဝါဒဆိုတာဟာတခြားမဟုတ်ဘူး။ ဟိဂဲ(လ်) လင်္ဂင်း(မ်) ခေါ်တဲ့ဟိဂဲ(လ်)ဝါဒကိုအခြေခံပြုထားတဲ့ဝါဒကြီးဘဲ ဖြစ်တယ်လို့ ကျွန်တော်ယူဆတယ်၊ ဟိဂဲ(လ်)လင်္ဂင်း(မ်)ခေါ်တဲ့ဟိဂဲ(လ်)ဝါဒဟာ ဘယ်လိုဟာမျိုးလဲဆိုတာကိုခပ်စောစောကကျွန်တော်ပြောခဲ့ပြီးပါပြီ။ ဒါပေမဲ့ ရဲဘော်တို့ပြန်ပြီး သတိရအောင်ဟိဂဲ(လ်)ပါဒရဲ့ အကျဉ်းချုပ်ကို ကျွန်တော်ဆပ်ပြီး ပြောပြပါအုံးမယ်။ဟိဂဲ(လ်)ဝါဒအရတိုင်းသူပြည်သားများအားလုံးဟာ အသက်ရှင်နေကြတာတိုင်းပြည်အတွက်သာဖြစ်တယ်။ အဲဒါကြောင့် အသက်အသေခံရရာရှိ ယင်လဲတိုင်းသူပြည်သားများဟာ တိုင်းပြည်အတွက်သာ ဖြစ်စေရမယ်။ တိုင်းပြည်အတွင်းမှာအစိုးရကိုဆန့်ကျင်ဘက်လုပ်နေတဲ့ အတိုက်အခံများလဲမရှိရဘူး၊ အဲဒီလိုအသက်ဦးဆံပိုင်အာဏာရှင်စံနစ်ကို ဟိဂဲ (လ်)ဝါဒတည့်တည့်လင်းလင်း ထောက်ခံထားပါတယ်။အစိုးရဦးစီးတဲ့ဓနရှင်ဝါဒ ဟာအခုပြောခဲ့တဲ့ အသက်ဦးဆံပိုင်အာဏာရှင်စနစ်ကို လက်ကိုင်ထားတဲ့အတွက် ဒီဝါဒအောက်မှာလူလူချင်း လူညှဉ်းပန်းစားမှုကြီးဟာ ရိုးရိုးအရင်းရှင်ဝါဒ လက်အောက်မှာ ထက် အဆပေါင်း များစွာပိုမိုပြင်းထန်လာနိုင်ပါတယ်။

အဲဒါကြောင့် “ကျွန်ုပ်တို့ရဲ့ ပန်းတိုင်“ ရဲ့ ကျေညာချက် (၇)ပုဒ်မှာ ကွန်မြူနစ်ဒါဒနဲ့ အစိုးရဦးစီးထောဓနရှင်ဝါဒတို့၏ လူသချင်းချင်း လူညှဉ်းစားမှုများ၊အဓမ္မအနိုင်ကျင့်မှုများ၊ ဘိနှိပ်ချုပ်ချယ် မှုများသာ ရှိကုန်သော ဆိုးညစ်ယုတ်ညံ့ သည့်စံနစ်များကိုကျွန်ုပ်တို့ထူထောင်မည့် ဆိုရှယ်လစ် လောကကြီးအတွင်းသို့ သွတ်သွင်း မလာမိစေရန် ကျွန်ုပ်တို့ အထူးသတိပြုရမည်လို့ ကျွန်တော်တို့အတည့်အလင်းကျေညာခဲ့ခြင်းဖြစ်ပါတယ်။

\+ + ÷ ÷ +

ဒီစံနစ်ကို အကောင်အထည်ဖေါ်တဲ့နေရာမှာ လူတွေရဲ့ စိတ်ထဲမှာ အမြစ်တွယ်

နေတဲ့ ခလာ့ဘာသောင်းကျန်းမှုကို တိုက်ဖျက်ရတဲ့ လုပ်ငန်းဟာ အခက်အခဲဆုံး ဖြစ်မှာဘဲ။ ဒီလုပ်ငန်းအောင်မြင်ဘာလောက် ဒီစံနစ်ကြီးကို အကောင်အထည် ဖေါ်တာလဲအောင်မြင်မှာဘဲ။ဒါပေမဲ့ ဒီလောဘ သောင်းကျန်းမှုတိုက်ဖျက်တဲ့ လုပ်ငန်းဟာ ဘယ်လောက်ဘဲ ခက်ခက်၊ ဆိုရှယ်လစ်တွေအဖနနဲ့ တော့ ဒီစံနစ်ကြီးအောင်မြင်မှုကို ပန်းတိုင်အနေနဲ့ ထားပြီး ကြိုးပမ်း ရမှာဘဲ။ အဲဒီစံနစ်ကြီးကို အကောင်အထည်ဖေါ်တဲ့နေ့ကို ကျွန်တော်တို့ရောက်ယင် ကျွန်တော်တို့ဟာ ပဒေသာပင်ခေတ်ကိုရောက်မှာဘဲ။

ပြင်ဆင်ဘတ်ရှုရန်

စာမျက်နှာ (၅၂) စာကြောင်းရေ (၁၀) တွင် ဂွင်းပိတ်အတွင်း ရေးသားထားသော စာသားများနေရာတွင် အောက်ပါပုံစံကို အစားဖြည့်၍ ဘတ်ရှုစေလိုပါသည်။

ဤစာအုပ်

ပထစ ခေါင်းဆောင် သခင်တင်သည် တော်လှန်ရေး အစိုးရ၏ အထိမ်းသိမ်းခံဘဝ တနှစ်ခွဲ ကာလအတွင်း ပြုစုရေးသားခဲ့သော "တိုးတက်သော ဆိုရှယ်လစ် စံနစ်" အမည်ရှိ စာတမ်းအပြင် ၁၉၅၉-ခုဂျူလိုင်လ ၁၉-ရက်နေ့၌ သန့်ရှင်း ဖဆပလမှ ဦးစီးကျင်းပသော အာဇာနည်နေ့တွင် မိန့်ကြားသော သခင်တင်၏ မိန့်ခွန်းမှ ကောက်နုတ်ချက် အချို့နှင့် ၁၉၅၈-ခု၊ ဇန္နဝါရီလ (၂၉)ရက်နေ့၌ ကျင်းပသော ဖဆပလ ညီလာခံတွင် ဝန်ကြီးချုပ် "ဦးနု"မိန့်ကြားသော မိန့်ခွန်းတို့ကို စုပေါင်း ပုံနှိပ်ထားသည်။

စစ်မှန်သော ဆိုရှယ်လစ်စံနစ်ကြီး ထွန်းကားပါစေ။

★★★

ပေါ်ပြူလာ စာပေ

ဖွဲ့စာပုံနှိပ်တိုက်
အမှတ်-၁၉၂ ၃၃-လမ်း၊ ရန်ကုန်မြို့။
(မြ မှတ်ပုံတင်အမှတ်-၀၀၄၅)